
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ချစ်ခြင်းဖြင့် အသက်ရှည်/ သျှင်မ၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၄။
၁၁၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချစ်ခြင်းဖြင့် အသက်ရှည်



## အခန်း (၁)

Bakery ထဲဝင်၍ မုန့်ဗန်းအလွတ်လေးနဲ့ ညှပ်ကိုယူကာ ရှိုးကေ့စ်ထဲမှာ ကြိုက်တဲ့မုန့်ကို ရွေးနေမိသည်။ ဒါပေမယ့် မုန့်တွေကို ကြည့်နေပြီး မြင်နေတာက မုန့်တွေ မဟုတ်...၊

"ကျွတ်!..."

ဆောင်းထားသည့် ဦးထုပ်ရဲ့လျှာထိုးက သူ့ဟာသူ ခေါင်းပေါ်မှာ ငြိမ်ငြိမ်သက်သက် နေတာတောင် ဗန်းကိုင်ထားသည့်လက်ကို ပင့်၍ လျှာထိုး ရွှဲ့စောင်းသွားအောင် တိုက်ပစ်လိုက်သေးသည်။

ဒီနေ့ ဘာလုပ်လို့မှ အဆင်မပြေပါလား ...၊

မင်းသမီး နွဲ့ပန်းချီ ကို အင်တာဗျူးဖို့ သေချာချိန်းထားသည်။ ကိုယ်က အထူး ဂရုစိုက်ပြီး လာခဲ့ပေမယ့် သေချာပျက်၏။

လမ်းမှာ ကားတွေ ပိတ်နေလို့ နီးလည်း နီးနေပြီမို့လို့ ဖုန်းဆက်ပြီး ဆောင်းပန်လိုက်သေးသည်။

ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



"ခုတောင် ဆယ်မိနစ်ကျော်နေပြီ .. ကားကျပ်နေလို့ ထပ်နော

ကျရင် အနည်းဆုံး မိနစ်နှစ်ဆယ်ကျော်သွားမှာ .. ကျွန်မ အဲလော

အချိန်မပေးနိုင်ဘူး ဒေါ်ကောင်းကင်လင်း .. ဆောရီးပါ .."

"ဒေါက် .."

တားပွဲနံပါတ်တုံးလေးကို အသံမြည်အောင် ချလိုက်ပြီး ခုံမှာ စိ

ပျက်လက်ပျက် ထိုင်ချလိုက်မိသည်။

ဆောရီးပါ တဲ့ ..၊

လူတစ်ယောက် ထမ်းပိုး ပြေးလွှားလာရတဲ့ တာဝန်တွေ .. ထမ်

ပြီး ပြန်လှည့်သွားရတဲ့ ဒီလူရင်ထဲက ဆုံးရှုံးသွားရတာတွေ .. အား

ကို ဆောရီး တစ်ခွန်းတည်းနဲ့ ပြန်လည် အေးချမ်းသွားစေနိုင်သလာ

ဒီမှာ ပူလောင်နေလိုက်တာမှ ပြစရာတောင် မရှိ ..၊

မုန့်နဲ့ ကော်ဖီအေးတွေ ရောက်လာတော့ ဆာနေတာကို မုန့်

မကိုင်ဖြစ်ဘဲ ကော်ဖီအေးကို ကောက်မော့ပစ်လိုက်သည်။

ဟင်.. ဟိုမှာ ဘာလဲ ..၊

"အဟွတ် .. အဟွတ် .."

ဆိုင်ထဲက နံ့ မှန်ချပ်ကို ထွင်းဖောက်၍ ဟိုဘက်လမ်းက ခြေ

ထပ်တိုက်ကြီးဆီ မျက်လုံးရောက်သွား၏။

လူတွေ စုရုံးနေကြတာ ဘာလဲ ..၊

"အဟွတ် .. အဟွတ် ..."

စားသောက်ဆိုင်း အာရုံများကာ တဟွတ်ဟွတ် ချောင်းဆိုးနေ

ကို ရင်ဘတ်ထုရင်း ထရပ်ကြည့်မိသည်။

ဟုတ်ပြီ ..၊ တိုက်ခေါင်မိုးပေါ်မှာ လူတစ်ယောက် ..။

ဒီလူ ခုန်ချတော့မည် ..၊





လမ်းပေါ်က မော့ကြည့်နေကြသည့် သိပ်မများသေးသော လူအုပ်ကို အကဲခတ်လိုက်ခြင်း ..၊

ကျောပိုးအိတ်လေးကို ပခုံးပေါ် ဖြစ်သလို ပြန်ဆွဲချိတ်၍ မုန့်တစ်ခုကို နှစ်ကိုက်လောက် ကိုက်လိုက်သည်။

ကော်ဖီအေးကို နှစ်ကျိုက်လောက် ထပ်မော့ပြီး ပြေးထွက်လာခဲ့၏။

မျက်လုံးက မရောက်ပေမယ့် ဆိုင်ထဲက လူတချို့ သူမကို လှမ်းကြည့်နေကြတာ သိနေသည်။

စပ်စုလိုက်တာလို့ ထင်ကြမှာ သေချာပါသည်။ မစပ်စုလို့ မရတာ သူမက ဂျာနယ်သတင်းထောက် တစ်ယောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

BURMESE CLASSIC

ဟိုမှာ ရိုက် ပါလား ..၊

ရိုက် ကို တွေ့လိုက်တာနှင့် စိတ်ကူးက တစ်မျိုးပြောင်းသွားသ ရိုကော်ဒါကို ကိုင်ရင်း တိုက်ထဲပဲ ပြေးဝင်ခဲ့၏။

ပြေးထားစမ်း ကောင်း ..၊

တကယ် သေချင်တဲ့လူက လမ်းပေါ်မှာ လူတွေ များပြားလာ အထိ စောင့်နေမှာ မဟုတ်ဘူး ..။ ဒီလူ့မှာ တစ်ခုခု ပြောချင်တာ ရှိ တယ် ..၊ အဲဒါကိုလည်း နင်ပဲ သိရမှာ .. ပြေးထား ..။

တိုက်ခန်းလေးတွေမို့ လှေကားအတိုင်း တစ်ဆစ်ပြီး တစ်ဆ ချိုးကွေ့တက်နေရတာ ခြောက်ထပ်ထိ နည်းတာ မဟုတ် ..၊

"အား!..."

"အမေ့ ရေ .."

"ဆောရီး .. ဆောရီးပါ မမ .."

လှေကားထိပ်ရောက်မှ တိုက်မိခိုက်မိတွေ ဖြစ်ကုန်သည်။

ဆောရီးလုပ်နေရင်း ကိုယ့်စကားသံကို နားမလည်တော့မှ စက တောင် မပီသနိုင်အောင် မောနေပါလားလို့ ကိုယ့်ဘာသာ သိသည်





ဒီလူ ခေါင်းမိုးပေါ်ထိ ဘယ်က တက်သလဲ ..၊

ရှေ့နောက် ပြေးလွှားရှာရင်း ဗျာများနေကာ ပိတ်ထားတဲ့ တံခါး ရှေ့ကို ပြန်ရောက်တော့မှ သော့က ပွင့်လျက်သား ဖြစ်နေတာကို သတိ ထားမိသွားသည်။

"သေစမ်း ..၊ ငါ့နှယ် .."

သော့ကို လှုပ်သည် ..၊ ဘဲလ်ကိုလည်း နှိပ်ကြည့်သည်။ အထဲက ဘာသံမှ မကြားသဖြင့် ကိုယ့်ဘာသာ ဖွင့်ဝင်လိုက်သည်။ ဒီအချိန်မှာသာ သူမမှာ အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ခဲ့လျှင် ကောင်း တို့ သေပြီ..။

ဒါပေမယ့် ကြောက်ရလန့်ရမှန်းလည်း မသိဘဲ အပေါ်ကို တက် သွားသည့် ဟိုလူ့လမ်းကြောင်းကို ပြေးလွှားရှာ၍ .. သူမအတွက်တော့ ဒီနေ့ တိုက်ကြီး ဖဝါးအောက် ..။

ဟိုမှာ ..၊

ခေါင်မိုးပေါ်မှာ အပန်းဖြေဆောင်ကို သေချာ လုပ်ထားတာ ဖြစ် သည်။

ခုန်ချမလို ဟန်ပြင်နေသူက တိုက်မျက်နှာစာထပ် မြင့်ထားသည့် တံတောင်လောက် အုတ်ဘောင်ပေါ်မှာ ခြေချ၍ မားမားကြီး ရပ်နေ သည်။ ထို့ပြင် သူ့လက်ထဲမှာ ကြောင်လေးတစ်ကောင်ကို ပိုက်ထား၏။

"ဒီမှာ .. ဒီမှာ .."

ကိုယ် ရောက်လာမှ ဖျတ်ခနဲ ခုန်ချသွားမှာ စိုးကာ အသံပေးရင်း ကောင်း အမြန်ဆုံး ပြေးသွားမိသည်။

"ဒီမှာ .. ရှင် ဘာဖြစ်လို့ ခုန်ချမှာလဲ ..၊ ဘယ်လို အဆင်မပြေတာ တွေ ရှိနေလို့လဲ ဟင် .. ဒီမှာ .. ရှင် ဒါလေးတော့ ဖြေပေးခဲ့ပါ .."

ဒီလူ့ ခြေထောက်နားကို ရောက်နေကာမှ လူက ဖတ်ဖတ်မောနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ စကားပြောတော့လည်း သူ့မျက်နှာကို မော့ကြည့်ပြီး အသေအော်နေရ၏။ အပေါ်မှာ လေကလည်း တိုက်နေသည်မို့ ရိုကော်ဒါမှာ အသံဝင်မှာစိုးကာ မြှောက်ထားရသည်။

လက်တစ်ဖက်က သံတုတ်လို ဖြစ်နေမှာ သေချာနေပြီ ...၊

"ဒီမှာရှင့် .. ကျွန်မက 'တန်ခိုး'ဂျာနယ်က သတင်းထောက်ပါ.."

ကောင်း အများကြီး အော်ပြောနေကာမှ ပြန်ငုံ့ကြည့်သည်။ မျက်နှာခပ်ပြားပြားနှင့် အသက်လေးဆယ်ဝန်းကျင်လောက် လူတစ်ယောက်..၊

"ကျွန်မကို ရှင် ရင်ဖွင့်လို့ ရပါတယ် .. ကျွန်မက ရှင့် ခံစားချက်တွေကို ဂျာနယ်ကတစ်ဆင့် တစ်နိုင်ငံလုံးသိအောင် ဖြန့်ဝေပေးနိုင်တဲ့ သတင်းထောက်ပါ ..၊ မသိစေချင်တာတွေကို ဖယ်ထားပေးပါ့မယ် .. ရှင် ပြောပြချင်တာလေးလောက်ပဲ ပြောလို့ ရပါတယ် .. လုပ်ပါရှင်.."

သူမကို နောက်ထပ် ပြန်ငုံ့ကြည့်တော့ မျှော်လင့်ခြင်းက ဟုန်းခနဲ ခုန်ထ၏။ ကောင်း က ခေါင်းညိတ်ပြရင်း တောင်းပန် ဖျောင်းဖျမှုတွေ အဆက်မပြတ် ပို့လွှတ်နေ၍ ...

"ကျွန်မ ရှင့်လိုလူမျိုးတွေ ကြုံခဲ့ဖူးပါတယ် .. သူတို့မှာ နစ်နာမှုတွေ ရှိတယ် .. ပေးဆပ်နေရတဲ့ မျိုသိပ်မှုတွေ .. ချစ်လို့ အမျက်ကြီးရတာတွေ အများကြီးပါပဲ .."

အော်ပြောရင်း လည်ချောင်းနာလာတာကို တံတွေးမျို၍ ရှင်းနေရသေးသည်။

"ပြောချင်တာက .. ဒီလိုလုပ်ရဖို့ ဖြစ်လာတဲ့အကြောင်းတွေကို ပေးဆပ် နစ်နာမှုတွေပါပဲ .. ဒီလိုလူတွေက လူကောင်းတွေပါရှင် .. အရာရာကို ဆုံးရှုံးနေရတဲ့ လူစားမျိုးတွေပါ ..၊ ဒါတွေကို ရှင် ပြောမပြချင်ဘူးလား ဟင် .."





ထိုသူက မျက်မှောင်ကုတ် စဉ်းစားနေ၏။

"ပြန်ဆင်းခဲ့ပါရှင် .. ရှင် ရင်ဖွင့်ချင်တယ်မို့လား .. ကျွန်မတို့ စကားပြောလို့ ရပါတယ် .. အဲ့ဒီ ကြောင်လေးကို ကျွန်မကို အရင်ပေးလိုက် နော် .."

"မပေးဘူး .."

"အမလေး .. မလှုပ်လိုက်နဲ့ .. မလှုပ်လိုက်နဲ့ နော် .. ပြုတ်ကျသွားလိမ့်မယ် .."

"ငါ သေချင်လို့ .."

"ဟုတ်ပါတယ် .. အဲဒါတွေကို ရှင် ပြောချင်နေမှာပါ .. ဒါပေမယ့် အဲ့ဒီလိုကြီး ပြန်ငုံ့ကြည့်နေတော့ ရှင် မူးမိုက်ခြေချော်ပြီး ပြုတ်ကျသွားမှာပေါ့ .."

"သေချင်လို့ပါ ဆို .."

"မသေပါနဲ့ဦး ရှင် .. ကျွန်မကိုတော့ ရှင် သေချင်ရတဲ့အကြောင်းလေး ပြောသွားခဲ့ပါ .. လူတစ်ယောက်လုံး ကိုယ့်ကိုယ်ကိုယ် သေစေချင်ရတာ အကြောင်းရင်းတော့ ရှိရမှာပေါ့ .. ဘာဖြစ်လို့ တိတ်တိတ်ဆိတ်ဆိတ် အသေခံရမှာလဲ .."

"ဟုတ်တယ် .. ဒါပေမယ့် ငါ ခုန်ချလိုက်ရင် အားလုံး တွေ့ကြမှာပဲ .."

"ရှင့်အလောင်းကြီးပဲ တွေ့မှာလေ ..၊ ရှင် ဘာလို့ သေရတာလဲဆိုတာတွေ .. သူတို့ ထင်သလို ဝေဖန်ကြမှာပေါ့ .. ရှင် နစ်နာခဲ့တာတွေ ဘယ်သူက သိတော့မှာလဲ .."

"မင်းကို ပြောခဲ့မယ် .."

"ဟုတ်တယ် .. ဟုတ်တယ် .. အဟွတ် .. အဟွတ် ..."

www.burmeseclassic.com



ချောင်းတွေဆိုးရင်း အသံလည်း မထွက်ချင်တော့ပေ ..။

"ပေး .. ပေး .. ကြောင်လေး ကျွန်မကို ပေး .."

ကြောင်ကို ကမ်းပေးဖော် ရလာသဖြင့် အောက်က မော့ကြည့်နေကြသည့်လူတွေ တစ်ယောက်နဲ့တစ်ယောက် လက်ညှိုးထိုးပြကာ တအံ့တသြတွေ ဖြစ်ကုန်ကြသည်။

မှတ်ထား ..၊ အဲ့ဒါ ကောင်းကင်လင်း ..။

ခါတ်ပုံတွေပါ ရိုက်ယူထားလိုက်ကာ ကြောင်လေးကို ဘေးမှာ ချပေးလိုက်၏။ ကြောင်ကလည်း သခင်မင်ပုံ ရ၏။ သူမ ခြေထောက်နားကနေ ဘယ်ကိုမှ ထွက်မသွားသေး ..။

"ရှင် ဆင်းခဲ့လေ .. ကျွန်မလက်ကို ကိုင် .."

"မကိုင်ဘူး .."

"ရှင် ပြုတ်ကျလိမ့်မယ် .. အဟွတ် .. အဟွတ် ..."

"ပေး .."

ကောင်း လက်တစ်ဖက် ဆန့်မြှောက်ထားရင်း ချောင်းတွေ ဆိုးနေသဖြင့် သူမလက်ထဲက ရီကော်ဒါကို ထိုပုဂ္ဂိုလ်က ယူသွား၏။ ပြီးတော့ ...

"အဟမ်း .. အဟမ်း ..."

ခြေထောက်ကို ပိုချဲ့လိုက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်တော့မည့်လူဆိုတာ တိုက်ခေါင်မိုးပေါ်ကနေ ကြေညာတော့မလိုလို ..။

"ငါ့ဘဝက ဆိုးပါတယ် .. တော်တော်ကို ဆိုးတဲ့ဘဝပါ .. ဆိုးတာမှ တော်တော်ကြီး ဆိုးခဲ့တာပါ .."

"ဟုတ်တယ်လေ .. ဆိုးတာတွေကို ရှင် ပြောပြလိုက်ပေါ့ .. ရှင်ဘာတွေ ဖြစ်ခဲ့သလဲ .. ရှင့်နာမည်ကရော .."

"ငါက မိုက်ကယ်လင်ကွန်း ပရီဇင်ဘရိတ်(ခ်)မှာ ငါ မသေခဲ့ပေ





မယ့် ဖိုင်နယ်လ်ဒစ်စတီနေးရှင်းလို ငါ ဒီနေ့ သေကို သေရတော့မှာ.."

နိုင်ငံခြား ဇာတ်လမ်းတွဲတွေ ရှုတ်ပြနေတော့ ကောင်း စိတ်ဆင်းရဲသွား၏။

"ဒါကြောင့် .. ငါ ခုန်ချတော့မယ် .."

"အား .. မချနဲ့ .. မချလိုက်ပါနဲ့ .. ဖိုင်နယ်လ်ဒစ်စတီနေးရှင်းမှာလည်း အလှည့်ကျော်သွားရင် သေဘေးက လွတ်တယ်လေ .."

"ဟင် .. နင် သိတယ် .."

"သိတာပေါ့ .. ရှင့်အလှည့် ကျော်သွားပြီ .. ပြန်ဆင်းခဲ့ပါ .."

"မဟုတ်ဘူး .."

"ဟာ!... မလုပ်နဲ့လေ .. ဦး .. အဲ .. မိုက်ကယ်လင်ကွန်း .. ခြေထောက်ကို နေရာပြင်မနေနဲ့ .. မလှုပ်နဲ့ .."

"လုပ်မယ် .. ငါက ပရီဇင်ဘရိတ်(ခ်)မှာတည်းက သေရမှာ .. အခုတစ်ခါ ဘယ်လိုမှ မလွတ်နိုင်ဘူး .."

"ကဲပါရှင် .. ကျွန်မ ရီကော်ဒါလေးတော့ ပြန်ပေးခဲ့ပါ .."

"အောက်ကျရင် ဆက်ပြောရဦးမှာကို .."

"အို .. ကျွန်မ ရီကော်ဒါ ကွဲသွားမှာပေါ့ .. အဲ့ဒီထဲမှာ အရေးကြီးတဲ့ အင်တာဗျူးတွေ ပါတယ် .. ပေးပါ .. ပြန်ပေးခဲ့ပါ .."

"မပေးဘူး ဆိုမှ .."

ကောင်း က လှမ်းဆွဲတော့မလို လုပ်နေသဖြင့် မိုက်ကယ်လင်ကွန်းဆိုသူက ရီကော်ဒါကို လက်လွှဲရှောင်လျှင် ...

"အား!..."

"အမလေး!... သေပြီ .."

"ဘုန်း .."



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ကျသွားပြီ ထင်ပေမယ့် ပြုတ်ကျသံက ကိုယ့်ခြေထောက်နားမှာမို့ မှိတ်ပစ်လိုက်မိသည့် မျက်လုံးကို ဖွင့်ကြည့်လိုက်လျှင်…

"ဟင်!… ရိုက် .."

"ဟုတ်တယ် ..၊ အား!… သေပြီ .. ကျောကွဲပြီ .."

ရိုက် သည် ကိုယ်လုံး ခပ်ဖိုင့်ဖိုင့်နှင့် မိုက်ကယ်လင်ကွန်း ရဲ့ အောက်မှာ လူကောင်သေးသေး ပက်လက်လေး ရှိနေကာ …

"ဆွဲထူလိုက်စမ်းပါ .. ဒီလူ ဘာဖြစ်သွားတာလဲ မသိဘူး .."

"သတိလစ်နေပြီ .. နေဦး .."

ကောင်း က ပြေးတော့ ပြေးကပ်လာပေမယ့် လင်ကွန်း လက်ထဲက ရိုကော်ဒါကို ကမန်းကတန်း ဖြုတ်ယူကာ ဘာဖြစ်သွားလဲ ပြူးပြဲကြည့်၏။ ပြီးတော့ …

"တော်ပါသေးရဲ့ .. ငါ့ဟာလေး မကွဲလို့ .."

"တောက်!… ကောင်းကင်လင်း .."

"ဘာတုံး .."

"မင်း တော်တော် ဥစ္စာခြောက်ပါလား .."

"ဟယ်!… ဆောရီး .. ဆောရီးပါ ရိုက် ရယ် .. ဖယ်ပေးမယ်နော် .."

ရိုက် မျက်နှာ ရှုံ့မဲ့ ညည်းညူနေလျက် …

ကောင်စုတ်မလေး ..၊ ဒါနဲ့များ ကောင်းကင်လင်း တဲ့ ..။

ငရဲပွက်ပွက်ဆူ လို့ ပေးခဲ့ပါလား ..။







အခန်း (၃)

'ပေါကြောင်ကြောင် သေကြောင်းကြံစည်သူအား ခြောက်ထပ်တိုက်ပေါ်ကနေ သတင်းထောက် ကောင်းကင်လင်း က ကယ်တင်နိုင်ခဲ့ ..'

ခေါင်းစဉ်နဲ့တကွ ပါလာသည့် ဓာတ်ပုံထဲမှာလည်း ရိုက်ချက်ကကောင်းနေ၏။

"ဟား .. ဟား .. ဟား .. ဟား …"

"ဘာရယ်တာလဲ .. ကိုကြီးက .."

"ဟား .. ဟား .. ဟား … ရယ်ချင်လို့ပေါ့ ရိုက် ရာ .. မင်းမှာ နောက်စေ့မှာ ဘုဖြစ်တယ် .. ကျောအောင့်လို့ အိပ်ရာထဲက မထနိုင်သေးဘူး .. ပါလာတော့ ကောင်းကင်လင်း တဲ့ .. ဟား .. ဟား .. ဟား…"

တမင် စနောက်နေတာ မဟုတ်ဘဲ အားပါးတရကြီး ရယ်နေတော့ အခြင်ကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး အသက်သုံးဆယ် ပြည့်နေကာမှ သွားပေါက်ချင်နေတာ ထင်တယ် .."

"ဟား .. ဟား .. ဟား ..."

ပြောလေ ရယ်လေနှင့် ကင်း က ရိုက် ရဲ့ဘေးမှာ ထိုင်လိုက်၏။

"ငါက ခုမှ သွားပေါက်တာ မဟုတ်ဘူး .. မင်းကမှ ကလေးလိုလို ပွေးလိုလိုနဲ့ .."

"သတင်းထောက်လုပ်တာ ကလေးလိုလို .. ပွေးလိုလိုလား ..၊ ကိုကြီး နော် .. ကိုယ် ဝါသနာပါတာ ကိုယ် လုပ်ကြေးလို့ ပြောခဲ့ပြီး သား .."

"အေးပါ ..၊ ဟား .. ဟား .. ဟား ..."

ရယ်နေတာကိုပဲ ရိုက် က မျက်စောင်းရှယ်နေမိကာ ...

"ကျွန်တော်က အထဲကနေ ဆွဲချလိုက်တော့ လူတွေက ဘယ်မြင်မလဲ .. သူကတော့ ပြောမနေနဲ့ .. သတင်းသာ ရမယ်ဆိုရင် အဲဒီလူနဲ့ အတူ လိုက်ခုန်ချရင်တောင် ခုန်ချဦးမှာ .."

"ဟုတ်တယ်လေ .. မင်းတို့အလုပ်က စိုက်ထုတ်မှုတွေ များပြီး ပြန်ရတာကျတော့ ဘာများ ပြစရာ ရှိလို့လဲ .."

"ရင်းနှီး စိုက်ထုတ်မှုတိုင်းပဲ အကျိုးအမြတ်တွေ တစ်လုံးတစ်ဝ ပြန်ရနေကြရင် ငွေရှိတဲ့လူတိုင်း စီးပွားရေးလုပ်ငန်းရှင်တွေချည်း လိုက်ဖြစ်နေကြမှာပေါ့ ကိုကြီးရ .. လုပ်ငန်းသေးတာ ကြီးတာတွေလည်း ရှိမှာ မဟုတ်တော့ဘူး .. အားလုံး အပြိုင်အဆိုင်တွေ ကြီးပွားပြီးရင်း ကြီးပွားကုန်မှာပဲ .."

"ဟုတ်တယ်လေ .. ခုလည်း လူငယ်တွေ တော်တော်များများမှာ ဒီနေ့ခေတ် စီးပွားရေးအမြင်တွေ ရှိနေကြတာပဲ .. အဲ .. ငါ့ညီက လွဲ





င်ပေါ့ .."

ပြုံးစစနှင့် မျက်နှာကို ကြည့်၍ ရိုက် ကတော့ ရှုံ့မဲ့နေ၏။ အမေ ပေးခဲ့တာ ညီအစ်ကိုလေး နှစ်ယောက်ပဲ ရှိသည်။

ဝါသနာကျတော့ တစ်ယောက် တစ်မျိုးစီ ..၊

ပြီးတော့ ကင်း က ရိုက် ထက် ခုနစ်နှစ် ပိုကြီးသည်မို့ မိဘမဲ့လာ သည့်နောက်ပိုင်းမှာ ညီအစ်ကိုလို တစ်မျိုး .. မိဘလိုတစ်မျိုး ဂရုစိုက် င့်ရှောက်ခဲ့၏။

ရိုက် ကို အလိုလိုက်ကာ ဝါသနာပါတာကို လုပ်ခွင့်ပြုထားပေ ခုလိုမျိုး ကြုံကြိုက်လာတိုင်း ကဲ့ရဲ့ လှောင်ပြောင်တတ်တာက ာ့ ...

"အေးပေါ့လေ .. ငါ့ညီ မင်းသားဖြစ်ပြီ ဖြစ်ပြီနဲ့ .. ပြေးကြည့်လိုက် ဘျာက်တုံးအကွယ်ကနေ ခေါင်းမြီးခြုံပြီး ဝေလေလေ အော်ပေးရတဲ့ ာမှာ နေရှာတာ သိရတော့လည်း .."

"ကိုကြီး နော် .. ကျွန်တော့်ကို .."

"ဟား .. ဟား .. ဟား ..."

ကင်း က ရယ်ပြန်ကာ နေရာမှ ပြန်ထရပ်၏။

"မင်းပဲ နဖူးကွဲ .. ဒူးကွဲနဲ့ ..၊ ဂျာနယ်မှာ နာမည်ကျော်တော့ မဟုတ်ဘဲကွ .. သူများပြောတာ ခံရပြီဆိုရင် ခံရစရာအကြောင်း ပဲဆိုတာ တွေးပြီး ဖြေစမ်းပါ .."

"ခံစရာလား ..၊ ဒီကိစ္စကို အခု ကျွန်တော် သွားရင် ရှင်းမှာ .."

ကိုယ်ပေါ်က စောင်ကို စိတ်လိုက်မာန်ပါ ဖယ်ချ၍ အိပ်ရာပေါ်က ို့ ခါးနွဲ့ပြီး လှည့်လိုက်ကာမှ ...

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



"ညီ!... ဟာ .. ဘယ်လိုဖြစ်တာတုံး .."

ပျာခနဲ စိတ်ပူသွားတာက စတ္တန့်ဝက်လောက် ..၊

အနားကပ်ပြီး တွဲထူပေးလာတော့ မျက်နှာက ရယ်ဟဟနှင့်

"ဘာလဲ .. တိုက်ကိုပြေးပြီး ကောင်းကင်လင်း နဲ့ ခေါင်းချင်း ပြေးတိုက်မလို့လား .."

"တိုက်သင့်ရင် တိုက် .. အ!... တိုက်ရမှာပဲ .."

"ဟား .. ဟား .. ဟား .. ဟား ..."

"ကိုကြီး မရယ်ရင် မိန်းမ ရှာပေးမယ်ဗျာ .. တိတ်တိတ်နေစမ်းပါ ..၊ အား!... ကျွတ် .. ကျွတ် .. နာရတဲ့ထဲ .."

"ခွေးသူခိုးလေး .. အစ်ကိုကို မိန်းမပေးစားဖို့များ နှုတ်ပိတ်ချင် သတိရရသလား .."

"သိပ်မလိုချင်ဘူး ထင်တယ် .."

"လိုချင်တာပေါ့ကွ .. အလုပ်မသွားခင် အိပ်ရာက နိုးပြီး ဘ ဖက်စ် ပြင်ဆင်ပေးမယ့် ချောချောလှလှ သိမ်သိမ်မွေ့မွေ့လေး .."

"ပျင်းစရာကြီး ဗျာ .."

"အလုပ်က ပြန်လာရင်တော့ သနပ်ခါးရေကျဲလေး ပါးပေါ် ပြိုးပြိုးပြက်ပြက်နဲ့ မြန်မာဆန်ဆန် ဖွံ့ဖွံ့ထွားထွား ဖြူဖြူနဲ့နဲ့ .."

"နောက်တစ်ယောက်လား .."

"အင်း .."

"နံတယ် .."

အဲဒီလို နောက်နေပြီဆို လေးစားရကောင်းလည်း မသိကြ ..၊

"ည အိပ်ရာဝင်ချိန် ဆိုရင်တော့ အရမ်း မြန်မာဆန်နေရင် သိ မမိုက်ဘူးကွ .."





"ဩော် .. ဒီအတွက်က နောက်တစ်ယောက် .."

"အေးလေ .. အရမ်းရိုးလွန်းတော့ ညဝတ်အင်္ကျီတောင် မဝတ်ရဲ တာတွေ ကြားဖူးတယ် .. ပြီးတော့ .. အဲ့ .. ဟိုဟာ .."

"ဘယ်ဟာလဲ .."

"အဲ့ဒါလေ .. ဒါပါပဲကွာ .."

"ဟား .. ဟား .. ဟား ..."

"ဒီတစ်ခါ မင်း ရယ်တာ နော် .."

ရိုက် က အင်္ကျီလဲနေရင်း လှည့်မကြည့်ဘဲ ခေါင်းညိတ်၍ ...

"ဟုတ်တယ် .. ဒါပေမယ့် ကျွန်တော်ကတော့ မိန်းမဆို မေမေ့ကို င် လွမ်းဖို့ မေ့နေပြီ .."

"မရဘူး .. မင်းကိုတော့ ပေးကို ပေးစားတော့မှာ .."

"ကိုကြီးပဲ အရင်ယူစမ်းပါ.. ရှေ့ကားကို နောက်ကား ကျော်တက် ရင် ကိုကြီးပဲ သိက္ခာကျမှာ .."

"ကျပါစေကွာ .. ဒီမှာ .."

ကင်း က ရိုက် ရဲ့နောက်မှာ တိုးတိုး စကားပြောတော့မှာလို း အသာကပ်၍ ...

"ရယ်စရာ မဟုတ်ဘူး .. တကယ် အတည် .."

"ဟမ် .."

"ဟား .. ဟား .. ဟား ..."

ဂျည့်ကြည့်ပြီး အတည်လို့ မှတ်ရမှာလား ..၊ လိုက်ရောပြီး ရယ်ရ ား ..။

ရိုက် က မျက်ခုံးကြီး တွန့်နေအောင် စိုက်ကြည့်လျက် ...

"ကိုကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး လုပ်မနေနဲ့ အတည်ပြောတာ .. ပိုပြီး တည်ဖို့ သေချာ က ဒီလထဲမှာပဲ လေးလေးထွန်း လာလိမ့်မယ် .. အဲဒါ မင်းရဲ့ မင်္ဂ ကိစ္စအတွက် .."

"ဟာ!... ဘာမှလည်း မက်ဆေ့ချ် ပို့မထားဘဲနဲ့ ရမလား .. ဒါ လေးလေးထွန်း က ဘာဖြစ်တာလဲ ..၊ သူနဲ့ ကျွန်တော် ခေါ်လို့လား"

"ရိုက် ရာ .. မင်း မေးပုံက ပုခက်ထဲက ကလေး ကျနေတာ ခေါင်းကို နောက်စိကနေ ရိုက်ပစ်လိုက်ပြီး လှည့်ထွက်သွားသ ရိုက် ရှေ့ကို စိုက်ခနဲ ဖြစ်သွားသည်။

"အဲ့ဒါတွေကြောင့် မင်းကို လေးလေးထွန်း က စိတ်မချတာ

"ဘာဆိုင်လို့လဲ .. အဲဒီ ပုခက်မှာတည်းက မတည့်ခဲ့ ကလေးစကား ပြောနေရတာ ..၊ သူပဲ မင်းတို့ ညီအစ်ကိုနဲ့ ဝေး နေတော့မယ်ဆိုပြီး ထွက်သွားတာ .."

"ဒါပေမယ့် ငါတို့အတွက် အလုပ်သမား လိုတာကအစ ဗာဟီရ အားလုံး ထောင့်စေ့အောင် လေးလေးထွန်း ပဲ .."

"ဒါကတော့ .."

"ဘာကြောင့်ဖြစ်ဖြစ်လေ .. မင်းပဲ အပြောမတတ်လို့ လေး ထွန်း ဒေါကန်သွားတာ .. မင်းက လမ်းတွေ့တာတောင် မခေါ်ပေမ လေးလေးထွန်း က ကင်းကင်း နေခဲ့လို့လား .."

"မခေါ်ချင်လို့ မခေါ်တာ မဟုတ်ဘူး .. ဒီလို အရေးအခင်း လုပ်လာမှာစိုးလို့ ကင်းကင်း နေခဲ့တာ .."

"လုပ်မနေနဲ့ ကင်းလို့ မရဘူး .. မင်းရဲ့အလုပ်နဲ့ ပတ်သက် တော့လည်း ဆူဦးမှာပဲ ..၊ ညီ နော် .. ကိုကြီး ပြောထားမယ် .. အခု ကလေး မဟုတ်တော့ဘူး .. လေးလေးထွန်း ကို မိုက်မိုက်ရိုင်းရိုင်း





တာ .. အပြုအမူတွေနဲ့ ဆန့်ပြတာ ဘာမှ မလုပ်မိစေနဲ့ .. ငယ်တုန်းက ပြဿနာမရှိပေမယ့် ခုဆို ကိုကြီး ခွင့်လွှတ်မှာ မဟုတ်ဘူး .."

တစ်ခုခု ဆွဲဆောင်ဖို့ ရှိပြီဆို ကိုကြီးတို့က ပြောတာဆိုတာတွေက အကန့်တွေနဲ့ ဖြစ်သွားတတ်၏။

"ကိုကြီးတို့ ညီအစ်ကိုမှာ မိဘဘိုးဘွားရဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ခံတယ်ဆိုပေမယ့် ပညာတွေ မစုံကြသေးဘဲ မိဘမဲ့ခဲ့ရတာ .. လေး ထွန်း ရဲ့ ထိန်းကျောင်းပဲ့ပြင်မှုတွေသာ မရှိခဲ့ရင် ကိုကြီးတို့ လူဆိုး မိုက်ကားလေးတွေ ဖြစ်သွားနိုင်သလို .. ပျက်စီးတစ်ခုခုနဲ့လည်း ဘဝ နိုင်တာပဲ .."

"ကျွန်တော် သိပါတယ် ကိုကြီးရာ .. လေးလေးထွန်း စည်းကမ်း တင်းလွန်းလို့ ငယ်ငယ်က ခံအော် ခံပြော လုပ်ခဲ့တာပါ .. မုန်းလို့ တာ .. ဒါပေမယ့် အိမ်ထောင်ပြုဖို့ကိစ္စကြီးက လွယ်လွယ်လေး .."

"မလွယ်လို့ သူကိုယ်တိုင် လာရမှာလေ .. မင်းတောင် လူငယ်ဖြစ် ကင်းကင်းနေသေးတာ .. လေးလေးထွန်း ကလည်း သူ့စီးပွားနဲ့ ခြေအနေနဲ့ နေနိုင်တဲ့သူပဲ .. လူကြီးက ပိုတောင် ကင်းလို့ ရသေး .. အခု ငါတို့အပူက သူ့အပူလို သဘောထားပြီး လာရမှာ .."

"ဘယ်သူတွေက ပူနေလို့လဲ .. ကိုကြီးက ဘာတွေ ပူပြလိုက်လို့

"မပြပါဘူး .. ငါ မပူချင်လို့တောင် မင်း ကင်မရာတစ်လုံးနဲ့ တ်မောတဲ့အလုပ် လုပ်နေတာကို မကြိုက်ဘဲနဲ့ ကြည့်နေတာ .."

"ပါလာပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ် .. လေးလေးထွန်း လာလည်း ပါလာဦးမှာပဲ .. သည် နေဖို့သာ စဉ်းစားထား .."

"အတင်းအကျပ်ကြီး ဆိုရင်တော့ .."

"ညီ နော် .."

အခန်းပြင် ထွက်သွားပြီးမှ ကင်း က ပြန်လှည့်ပြီး သတိပေး… သေးသည်။ ပြီးတော့ ပြန်လှည့်လာပြီး ရိုက် ဘောင်းဘီလဲဖို့ ခက်…သည်။ တာကို ဝင်ကူပေးရင်း ...

"မင်း ကလေးလေး မဟုတ်တော့ဘူး .."

"ဟာ!... ဘာလဲ .."

"ကလေးမဆန်ဖို့ သတိပေးတာ .."

ပြောပုံက ရယ်ချင်ပက်ကျိ မျက်နှာနှင့် ...

"ပြောရရင် မကောင်းဘူး .. ကိုယ့်ကိုယ်ကိုယ်လည်း .."

"ကဲ .. သွားပါတော့ ကိုကြီးရာ .."

မျက်နှာတစ်ပြင်လုံး နီလာသည့် ရိုက် မျက်နှာကို ကြည့်ပြီး … က ၁ွားတွေပေါ်အောင် ရယ်၏။

"ဆင်ခြင်ဖို့ ပြောမလို့ကွ .. ပြောတာဆိုတာ ဒေါသထွက်… လွှတ်ခနဲ အော်ချင်တာ .."

"လာလုပ်မနေပါနဲ့ .. သံပရာသီး တစ်ဖက်တစ်ခြမ်း ထည့်… ထားတဲ့ မျက်နှာကြီးနဲ့ .."

"ဟုတ်တယ် .. မင်းကို ကြည့်ပြီး သဘောပေါက်နေလို့ .."

"ကိုကြီး .."

"ဘာတုံးကွာ .. ကိုယ့်ဘာသာလည်း အဆင်မပြေဘဲနဲ့ .. … ခါးပတ် .."





"ရတယ် .. ကိုကြီး ထွက်သွားပေးရင် ရပြီ .."

"ဖြစ်တတ်ပါတယ် .. လူတွေက အကြောင်းသိ ဓာတ်သိဆိုရင် …ါင်းရမှာ ကြောက်ကြတယ် .."

အထွက်မှာ ပြောသွားသေးသည်။

ကျောက အောင့် .. ခါးက နာနှင့် အဆင်မပြေပေမယ့် ရယ်လိုက်

ကိုကြီးဆိုတဲ့ပုဂ္ဂိုလ် ခုချိန်ထိ လူကို ထိပ်ပုတ်ခေါင်းပုတ် စချင်နေ …န်း ...၊

အဲဒါကို ကလေးဆန်တော့ရော ဘယ်သူ့အပြစ်လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဘယ်သူ့အပြစ်မှ မဟုတ်ဘူး .. ညည်း အပြစ် .."

"သမီး အပြစ် .."

မိုးမြေ မျက်လုံးလေး ဝိုင်းသွား၏။

"ဟုတ်တယ်လေ .. ညည်းတို့ ညီအစ်မနှစ်ယောက် အမြဲ အတူ ရှိနေကြတာပဲ .. ဒီကောင်မလေး သူ့ကိုယ်သူ အယ်ဒီတာဆိုပြီး သတ ထောက် လုပ်နေတဲ့အထိ ညည်း ဘာမှ မသိခဲ့တာ ပြန်တွေးကြည့်

"အဘွားကလည်း.. သတင်းထောက်ဆိုတာ သိပေမယ့် သမီး ဖူးတာက နာမည်ကြီးပုဂ္ဂိုလ်တွေ .. မင်းသား မင်းသမီးတွေကို လိုက် အင်တာဗျူးတာလောက်ပဲ သိတာကို .."

"ဟဲ့.. အခု ဂျာနယ်ခေတ် ရောက်ပြီလေ.. သတင်းတွေကို သတ စာထဲမှာ မရှာကြတော့ဘူး .. တီဗွီသတင်း စောင့်ကြည့်တဲ့ကာလလည်း မရှိတော့ဘူး .. ခေတ်လူငယ်ဖြစ်ပြီး ညည်း ဘယ်မှာ သွားအိပ်ပျော်နေ ဟင် .. အောင်မယ်လေး နော် .. ငါ အသက်ခုနစ်ဆယ် အဘွားကြီး ဂျာနယ်ကြော်ငြာ ဝင်နေရတယ်လို့ .."





ဒေါ်မြသစ် စိတ်ပျက်လက်ပျက် ညည်းညူနေသဖြင့် ခပ်တွဲတွဲ နားမှာ စိန်နားကပ်ကြီးက တဖျပ်ဖျပ် လွှဲခါနေ၏။ ဘီးဆံထုံးမြင့်မြင့်ကြီးမှာ စိုက်ဘီးနဲ့ စိန်ဆံထိုးနဲ့ အမြဲ ရှိနေတတ်ကာ ရှေးခေတ်က သူကြွယ်တွေလို ရင်ဖုံးအင်္ကျီပွပွ .. လက်ရှည် လက်ဖျားကျယ် ပွပွကြီးနှင့် ...

"ခက်တယ် .. ခက်တယ် .."

ကိုင်ထားသည့် ရှူဘူးကို နှာခေါင်းထဲ ဝင်မတတ် တော့ရှူရင်း...

"မိန်းကလေး မွေးထားပြီး ယောက်ျားလေးလို မျိုးစုံအောင် ဆော့နိုင်းလာခဲ့မှတော့ သင်းကို ငါတို့က ဘယ်လို ဆုံးမရတော့မှာလဲ .. သေသွားတဲ့လူတွေကိုပဲ မြေကြီးထဲက ပြန်ဆွဲထုတ်ပြီး ခေါင်းခေါက်ချင်တော့တယ် .."

"မီးသဂြိုဟ်စက်ထဲက ပြာပဲ ထွက်လာတာ ဘွားရဲ့ .. ခေါင်း ဘယ်လိုလုပ် ခေါက်မလဲ .."

"ဩော် .. ဒါတော့ ပူရှာသား .."

မိုးမြေ ဇက်လေး ပြန်ပုသွားသည်။ ကိုယ့်ဘက် ပြန်လှည့်လာပြီဆိုတာကိုလည်း သိလိုက်ကာ ...

"သေတဲ့လူတွေကို ခေါင်းခေါက်လို့ မရတော့ .. ရှိတဲ့လူကိုပဲ ခေါက်ရမှာပေါ့အေ .. အဲဒီတော့ ညည်း မကောင်းခဲ့တဲ့ ညည်းအပြစ်ကို ဝန်ခံပြီလား .."

"အဘွားရယ် .. ညီမလေးက အခု နာမည်တောင် ပိုကြီးနေပြီ .. ဘာမှလည်း ဖြစ်တာ မဟုတ် .."

"ဘာ!... ဘာပြောတယ် မြမိုးမြေ .."

ကနုတ်ပန်းပွင့်တွေနှင့် ကျွန်းဆက်တီကြီးပေါ်မှာ ဒေါ်မြသစ် ဆတ်ခနဲ ကိုယ်ကြီး မတ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ကြည့်စမ်းပါဦး .. အဲဒီ ဂျာနယ်မှာ .."

ယူတော့ မကြည့်ဖြစ်ပေမယ့် ဖြန့်လျက်သား ရှိသေးသည့် ဂျာနယ်ဆီ မိုးမြေ မျက်လုံး ရောက်သွားသည်။

"ခြောက်ထပ်တိုက် ခေါင်မိုးပေါ်ကို ရောက်သွားပြီး အရူးကို သွားကယ်တယ် တဲ့ .."

"သွားကယ်တာ မဟုတ်ပါဘူး ဘွားရယ် .."

ပြောရင်းဆိုရင်း ကောင်း က အိပ်ရာထကာစ မှုန်အစ်အစ် မျက်နှာလေးနှင့် ပန်းသီးကို ဒီတိုင်း ကိုက်စားရင်း ရောက်လာသည်။ ပြီးတော့ မိုးမြေ ရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး ...

"ဒီတိုင်းပဲ သတင်းထူးရအောင် ပြေးတက်သွားတာပါ .. ပြီးတော့ ဘွားကလည်း ခြောက်ထပ်တိုက်ဖြစ်ဖြစ် .. အထပ်ခြောက်ဆယ်ဖြစ်ဖြစ် ဘယ်ပေါ်တက်တက် တက်လို့ရတာပဲလေ .. သရဲခိုတို့ .. မလွယ်ပေါက်တို့ဆိုတာ ရှိတာပဲ .."

"ဩော် .. ဒါဆို ညည်းလေးက အပေါက်ကြို အပေါက်ကြားက တွယ်တက်သွားတာပေါ့ ..၊ ကြည့်စမ်း .. စကားထဲက ဇာတိပြနေပြီ.."

"ဘွားရယ် .. ကုပ်တွယ်တက်ရအောင် ကောင်း က စပိုက်ဒါမန်းမှ မဟုတ်တာ .. လှေကားကပဲ တက်တာပါ .."

"အေးလေ .. အပေါ်ရောက်အောင် တက်သွားတော့ရော .. အပေါ်မှာက ရူးနေတဲ့ ယောကျ်ား .."

"ဘွားကလည်း .. အစကနေ ပြန်ရှင်းပြရမလို ဖြစ်နေပြီ .. အခု ဘာမှ မဟုတ်တော့ဘူး .. ပြီးသွားပြီလေ ..၊ သူလည်း မသေဘူး .. ကောင်း လည်း နာမည်ကောင်း ရတယ် .."

ကိုယ် ကယ်လိုက်နိုင်တာ မဟုတ်မှန်းတော့ မပြောပြနိုင်ပါ ..။





မျက်လုံးထဲမှာ မိုက်ကယ်လင်ကွန်း ဆိုသည့် အရူးအောက်မှာ ပက်လက်ကြီး ပိပြားကာ ရှုံ့မဲ့နေသော ရိုက် ရဲ့မျက်နှာကို မြင်ယောင်သွားမိသည်။ မိုက်ကယ့် ကို ဆွဲချ ကယ်လိုက်တာက သူ ..၊

လူတွေ သိကြတာက ကိုယ် ..၊

"အဟွန်း .."

"အံမယ် .. သူက ပြုံးလို့ .."

"ဘာမှမဟုတ်ပါဘူး ဘွားရဲ့ .. ဟို အရူးပြောတာတွေကို ပြန်တွေးမိလို့ပါ .."

"အေး .. အားရအောင် တွေးထား .. ညည်းလေးကို ယောကျ်ား ပေးစားမှပဲ စိတ်အေးရတော့မှာ .."

"ဟင်!... ဘွား ဘယ်လို .."

ကောင်း လန့်သွားသည်။ မမမိုး ကို ကြည့်လိုက်တော့လည်း သူမလည်း ခုမှ သိရတာကို ရှင်းမပြဘဲ သိသာနေသော မျက်လုံးတွေက ပြုံးပြ အဖြေပေးနေကြ၏။

တစ်ခုခု အံ့ဩ ထူးဆန်းပြီဆို မျက်လုံးနဲ့ နှုတ်ခမ်းက တစ်ပြေတည်း ပြုံးပြသွားတတ်တာ မမမိုး ရဲ့ ငယ်ကျင့်တစ်ခုလို ဖြစ်သည်။

သူမ ဖုံးဖိ ဟန်ဆောင်မကားနိုင်ခြင်းတွေက မျက်လုံးတွေ ပြုံးနေလို့လားတော့ မဆိုနိုင် ..၊

"ဘာတွေ ဖြစ်သွားကြတာလဲ .. နှစ်ယောက်စလုံး .."

"အဘွားက .."

"ပြော .. ဘာဖြစ်လဲ .."

မိုးမြေ မရဲတရဲနှင့် မျက်တောင်လေး တဖျပ်ဖျပ် ခတ်ရင်း ...

"သမီးကို ကျော်ပြီး .. ညီမလေးကို .."

www.burmeseclassic.com



"ကျော်ရ ခွရတာက .. ညည်းကို ကျုပ်က စိတ်ပူစရာ မလိုဘူး လေ .. ကောင်းကင်လင်း ကိုပဲ မနိုင်တာ .."

"ဩော် ..."

ခေါင်းလေးညိတ်ကာ 'စိတ်ပူစရာ မလိုအောင် နေမိတဲ့ ငါ့အပြစ်' လို့ တီးတိုး ရေရွတ်ရှာ၏။

"ဘာလဲ .. ညည်းက ယောက်ျားလိုချင်နေတာလား .."

"ဘွားကလည်း ဘယ်လိုကြီး မေးမှန်းလည်း မသိဘူး .."

တည့်တည့်မေးလိုက်တော့ မိုးမြေ ခေါင်းလေးကုတ်ရင်း ရှုံ့မဲ့နေ၏။ ဆံပင်ပုံက ဖြောင့်ထားကြသည့် ဒီခေတ်စတိုင်လ်ပါ ..၊ ဒါပေမယ့် သွက်သွက်လျှင်လျှင်ပုံမျိုး မဟုတ်မှန်း မိုးမြေ ရဲ့ပုံစံကိုက သိသာနေတာ ဖြစ်၏။

လန့်သွားပြီဆို ပြူးဝိုင်းသွားသည့် မျက်လုံးက တော်တော်နဲ့ နေရာ ပြန်မကျတတ်ဘဲ .. အံ့ဩဖွယ် ကြုံရ ကြားရပြီဆိုရင်တော့ ငေးမောနေ ပါလိမ့်မည် တမေ့တမော ..၊

ဒီမိန်းကလေး ခုချိန်ထိ အိမ်ထောင်မပြောနဲ့ ချစ်သူတောင် မရှိခဲ့ ရှာတာ ရိုးသားလို့ စိတ်ချမ်းသာခဲ့ရပေမယ့် ...

"ငါက နောက်ကား ကျော်ခိုင်းရတာ ကိုယ့်အကြောင်းနဲ့ ကိုယ် ပါ .. ညည်းကလည်း အိမ်ထောင်ပြုချင်နေပြီ ဆိုရင်တော့ .."

"မဟုတ်ပါဘူး ဘွားရယ် .. ဟို .. အိမ်ထောင်ပြုချင်လို့ ဆိုတာကြီး က ရှက်စရာကြီး .."

"ရှက်ရအောင် ဒီအိမ်ထဲမှာ ဘယ်သူစိမ်းမှ မရှိပါဘူးအေ .. ဘယ် သူမဆို အရွယ်လွန်တော့မယ်ဆိုရင် အထီးကျန်မှာကို ကြောက်လာကြ တာပဲ .. ဒါပေမယ့် ညည်းက ကောင်း ရဲ့ အစ်မပေမယ့် ခုမှ အသက်





အစိတ်ပဲ ရှိသေးတာ ငယ်ပါသေးတယ် .."

"ဒါပေမယ့် ကောင်း အိမ်ထောင်ကျသွားရင် သမီးက အရွယ်လွန် အပျိုဟိုင်းကြီး အလိုလို ဖြစ်သွားမှာပေါ့ .."

"မမိုး ကလည်း မဆိုင်တာတွေ ပြောနေပြန်ပြီ .. အဲ့ဒါကို မမိုး က ပူရမှာ မဟုတ်ဘူး .. အကြီးကို ထားပြီး အငယ်မကို လက်ထပ်ပေး လိုက်ရတယ် ဆိုတည်းက ဒီကောင်မလေး ဘယ်လောက်ဆိုးလဲလို့ လူ တိုင်း တွေးပြီ .."

"မှန်တာပေါ့ .."

ဒေါ်မြသစ် က အပီအပြင် ထောက်ခံ၏။

"ဒါဆို ဘွားက ကောင်း ကို သူများ အထင်သေးခံရမှာ သိသိနဲ့ စီစဉ်မှာပေါ့ ဟုတ်လား .."

"အထင်မြင်သေး ခံရအောင် ဖြစ်တာက ဘယ်သူမပြု မိမိမှုပဲ ကောင်း .. ငါ စီစဉ်ပေးရဖို့ ဖြစ်လာတာလည်း ဒါကြောင့်ပဲဆိုတာ မှန်ရာကို ဆို .. နာလိုခံခက် အမျက်မထွက်နဲ့ပေါ့ .."

"ဘွား .. တကယ်ချည်းလား .."

"နောက်ပြောင်ရအောင် ကျုပ်က ညည်းတို့နဲ့ အိုးပုတ်ချိုးရပ် ထိုင် စားတဲ့ အရွယ်လား .."

"မဟုတ်သေးပါဘူး .. ခု ပြောတာက ဘွားရဲ့စိတ်ကူးပဲ ရှိသေး တာပါ .. ဘယ်တုန်းကမှဖြင့် မပြောခဲ့ဘူးပဲနဲ့ .."

"မပြောခဲ့ဖူးပေမယ့် မိန်းကလေးတွေ မွေးထားတည်းက ညည်း တို့ အရွယ်မရောက်ခင်ကနေ အိမ်ထောင်ရေး ပလန်နိုက် ခင်းထားခဲ့တာ ပေါ့ .. အကောင်းအထည်ဖော်ဖို့က လက်ဖျစ်တစ်ခတ်တောင် မကြာပါ ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ နေရာမှ ထကာ ခုံခုံညားညားကြီး ထွက်ခွာသွားတော့ ပြောစရာရှိတာတွေလည်း မပြောဖြစ်တော့ပါ ..။

"ဘွားတို့က တကယ်ပဲ .. ပြောကို မပြောချင်တော့ဘူး .."

"မပြောနဲ့တော့ပေါ့ .. အဲ့ဒါ နင့်ကြောင့်ပဲ .."

"မမမိုး နော် .."

"ဟုတ်တယ်လေ .. ခုတော့ နင် ယောကျ်ားယူလိုက်တာနဲ့ ငါက ဂေါ်မစ္စံ အပျိုဟိုင်းကြီးရာထူး အော်တိုမစ်တစ် ရသွားပြီ .."

"မမမိုး စွံချင်ရင် မမမိုး နဲ့ ကောင်း လွှဲပေးမယ်လေ .."

"အံမာ .. ငါက ယောကျ်ားလိုချင်လွန်းလို့ ပြောနေတယ် မှတ်လို့လား .."

အားပါးတရ လက်သီးလက်မောင်းတန်းမလို ပြင်နေပြီးမှ မိုးမြေ မျက်နှာလေး ညှိုးသွားသည်။ ပြီးမှ ...

"အပျိုကြီး အခေါ်ခံရမှာတော့ ကြောက်တာပေါ့ .. အပျိုဟိုင်းကြီး ဆိုရင် သွားပြီ .."

ညီအစ်မနှစ်ယောက် စိတ်ညစ်ခြင်း ကိုယ်စီနှင့် ...။





## အခန်း (၅)

"ဒီမှာ .."

ဖျတ်ခနဲ လှည့်ကြည့်လိုက်တဲ့ မျက်နှာက အကောင်း ...၊

ကောင်း ကို မြင်လိုက်ကာမှ မကောင်းခြင်း အဖြာဖြာ ဖြစ်ထွန်းသွားခဲ့လျက် ...

"မင်းသမီး 'ဖြူနှင်းခ' နဲ့ ရှင် အဆင်ပြေလား .."

"ပြေပြေ မပြေပြေ မင်းအလုပ် မဟုတ်ပါဘူး .."

"သတင်းသမားချင်း သတင်းမေးကာပဲ .. စပ်စပ်စုစု လုပ်နေကြရတာချင်း အတူတူ .."

ပြောရင်း ဘေးအစွန်တစ်ဖက်မှာ ထိုင်ချလိုက်တော့ ရိုက် ရဲ့ မှုန်ဘုပ်ဘုပ် မျက်နှာရှေ့မှာ သူ့မပုံစံက အချိုးမပြေ ...၊

ရှပ်အကျႌလက်ရှည် အညိုကွက်ပေါ်မှာ သားရေဂျက်ကက်အနက် ဆေး တိုနံ့နံ့နှင့် ...

ပြီးတော့ ဂျင်းဘောင်းဘီရှည် နက်ပြာရယ် .. အော်လ[illegible] ဖိနပ်ကလည်း နက်ပြာစင်းနဲ့ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသာ ဖြစ်တာ ပြေးရလွှားရပြီဆို မြန်မှ မြန် ...၊

သူ့ဒွေးက တာဝန်တွေ ပြောပြတုန်းကတော့ ...

"ကောင်း တို့ကလည်း မင်းလိုပဲကွ .. ဝါသနာပါလို့ လာလုပ်တာ .. သူ့အဘွားကလည်း ဒါ လုပ်တာ လုံးဝ မကြိုက်ဘူး .. ငါတိုက်မှာ လုပ်တာမို့လို့လည်း ခွင့်ပြုထားတာပါ .. သူ သိပ်ကြာကြာလုပ်နိုင်မှာ မဟုတ်ပါဘူး"တဲ့ ..။

လုပ်နိုင်လွန်းလို့ ...၊ မယ်မင်းကြီးမက ဝေါ်ဇီလာနဲ့ အနိုင်တိုက်ရ မယ်ဆိုရင်တောင် နောက်ဆုတ်မည့်ပုံ မပေါ် ...၊

"ဖြူနှင်းခ က မာနမကြီးပါဘူး .. သူက တစ်ယူသန်စိတ် ကြီးတာ .."

"မင်း စိတ်ဝင်စားရင် သွားဗျူးပါလား .."

"ဖုန်းဆက်တာ နှစ်ခါတောင်မှ .."

"အဲဒီတော့ ဘာပြောလဲ .."

"ခု ရှင့်ကို ပြောသလိုပဲပေါ့ .."

"ငါ ဘာမှ ကွန်တက်(တ်) မလုပ်ဘူး .."

"ဟင် .. ဟုတ်လား .."

ပီကေတစ်ခု ထုတ်ဖြေရင်း မျက်ခုံးလေး ပင့်မေးသည်။ ပခုံးထောက်ဆံပင် ရွှေရောင်လေးတွေနှင့် ခပ်သွက်သွက် မျက်နှာလေးက တော်တော် လှပါသည်။

ဒါပေမယ့် အကျင့်က မကောင်း ...၊

စိုက်ကြည့်မိပြီးမှ ရိုက် မျက်နှာ မသိမသာ မဲ့၏။

ဆံပင်ကို ထိပ်အလယ်ကနေ ခွဲထားဖြင့် သူမရဲ့ ရွှေရောင်ဆံပင်တွေက ပါးရိုးလေးတွေနဲ့ အမြဲတမ်း ထိကပ် ပွတ်တိုက်နေတတ်သည်။





နှုတ်ခမ်းနီ ကြိုက်တတ်သည့် သူမနှုတ်ခမ်းက အမြဲတမ်း နီမြန်း
တ်လျက် နှုတ်ခမ်းသားလေးတွေက အထူအပါး ညီ၏။

နောက်ထပ် ကြည့်မိပြီးမှ မျက်နှာလွှဲလိုက်မိ၏။ ရုပ်လေး သနား
နှင့် မိန်းကလေးနဲ့ မတွေ့တာက စိတ်ပျက်ဖွယ် ...၊

"ဒီမှာ .. ရှင်က ကောင်း ကို စိတ်ခုနေတာလား .."

ဘာပြောပြော စကားကောင်း မပြောသဖြင့် ကောင်း က ပေါ်တင်
ိုက်ကာ ...

"ရှင့်ကို ခြောက်ထပ်ကိစ္စအတွက် တောင်းပန်ပြီးပြီနော် .."

"ဘာကို တောင်းပန်တာလဲ .."

မကျေနပ်သေးသည့် မျက်နှာက ဘယ်တုန်းတည်းက ပြောဆိုဖို့
စုဆောင်းထားသည် မသိ ...၊

"မင်း မဟုတ်တာတွေ လျှောက်လုပ်သွားတယ် .. ပြီးတော့ မင်းပဲ
ောင်း ...၊ တော်တော်ပြောင်တဲ့ မျက်နှာ .."

"ရှင်က အကောင်းဆုံး မဖြစ်လိုက်ရလို့လား .. ဒါဆို ရှင်လည်း
င်ပြောင်ပဲ လာပြောပါလား .."

ပြောချိန် ရလိုက်လို့လား .. ဒီမှာ အိပ်ရာထဲက မထနိုင် .. မကြွနိုင်
ရှတဲ့အထဲ ကိုကြီးက တစ်ချိန်လုံး ထိုင်ကြည့်နေတာ ဘာမှ လုပ်
ရ ...။

"ငါက မင်း ညစ်ပတ်တာကို တင်းနေတာ ကောင်းကင်လင်း...၊
ပြင်ချင်တာကို မသမာတဲ့နည်းနဲ့ ယူရလား .."

"ဘာ မသမာတာလဲ .. ကောင်း က ရှင့်ထက် ဦးအောင် သွားနိုင်
.. ချက်ချင်း ခန့်ချဖို့ ဆုံးဖြတ်ထားတဲ့လူကို ခန့်မချဖြစ်အောင်
င်း ပဲ ကြိုးစားနေရတာ .. မဟုတ်ရင် ရှင် ရောက်လာတဲ့အထိ

www.burmeseclassic.com



ဒီလူက ရပ်စောင့်နေမှာလား .."

ရိုက် မျက်နှာတင်းတင်းနဲ့ပဲ ငြိမ်ကျသွားတော့ ကောင်း က

ကာ ...

"အရူးစိတ်က ပြောလို့ ရသလား .. သူ လုပ်ချင်ရာ လုပ်

အချိန်မရွေး အဆင်သင့် ဖြစ်နေတာ .."

ဒါလည်း မှန်တော့ မှန်တာပဲ ...၊

ဒါပေမယ့် ရိုက် ဘယ်လိုမှ မကျေနပ်နိုင်ပေ ...၊

ကျသွားတာနဲ့ အရိုးတခြား အသားတခြား ဖြစ်သွားနိုင်တဲ့

ကနေ ရီကော်ဒါ ပြန်ရဖို့ သူမ အသည်းအသန် ကြိုးစားနေခဲ့သ

သူသာ ရောက်မသွားခဲ့ရင် ဘာတွေ ဖြစ်ကုန်မလဲ ...။

ဒါလည်း ဒီလူ မသေထိုက်သေးဘူးလို့ပဲ ထားလိုက်နိုင်သည်

ဆွဲချပြီးတာတောင် အောက်မှာ ပိပြားနေတဲ့လူကို သေသလား

သလား မကြည့် ...၊

ရီကော်ဒါကို ပြုံးတူးပြဲတဲ လုယူပြီး စိုးရိမ်တကြီး ပွတ်သပ်

တွယ်ကြည့်နေတာ အနားမှာ ဘယ်သူမှ ဘာမှ ဖြစ်မနေတဲ့အတိုင်း

တော်တော်ကို တစ်ကိုယ်ကောင်းဆန်တဲ့ ကောင်မလေး

"ကဲပါရှင် .. ပြီးခဲ့တာတွေကို ထားလိုက်စမ်းပါ .. နောက်

အခန်းနှစ်ကို ဆက်ကြည့်ရအောင် .."

"ဘာ!..."

"ဟိုလေ .. ရှင် ခါးကျိုးပြီး ကျောကွဲ .. ခေါင်းဘုသွားတော

"ကောင်း ကင် လင်း .."

"ဘာလဲ .."

"မင်း အဲ့ဒါတွေလည်း သိရဲ့သားနဲ့ နော် .."



"သိတော့ .."

"မင်း ငါ့ကို လူနာ လာမေးဖော် ရသလား .."

"လူနာ မေးရအောင် ရှင်နဲ့ ကျွန်မ ခင်လို့လား .."

"ဘာ!..."

မှတ်တိုင်ထဲမှာ ဘေးလူ မြင်ရင်တော့ သူ့မျက်နှာ စပရင်တွန့် ဖြစ်နေမှာပါ ...၊ ကိုယ့်မျက်နှာ ပုံဆိုးပန်းဆိုး မဖြစ်ဖို့ ကိုယ့်ဘာသာပဲ ဒေါသကို တစ်ထစ်လျှော့ ရသည်။

"ရှင် အဲဒီလို ဒဏ်ရာတွေ ရသွားပြီး ဘာမှလည်း ဖြစ်မလာတော့ ရှင့်အိမ်က ကွိုင်ပူရောမို့လား .. အဲဒါကြောင့် ရှင် ဒီမှာ လာဖောင်းနေတာ .."

"လာဖောင်းနေတာ မဟုတ်ဘူး .. မင်း လာလို့ ဖောင်းပွလာရတာ.. အဲဒီတော့ မြန်မြန်ကြွ .."

"ကားလာမှ ကြွလို့ ရမှာပေါ့ .. ကားမှတ်တိုင်မှာ ကိုယ့်ဘာသာ ထိုင်တာ ဘာဖြစ်လို့လဲ .."

မပြောချင်နေသည့် အကြည့်တစ်ချက် စူးခနဲ ဖြစ်သွားကာ ရိုက် က တစ်ဖက်လှည့်သွား၏။

ကောင်း က ပြုံးလိုက်ကာ ...

"အိမ်မှာလည်း အဘွားက အရမ်းပွားတာပဲ သိလား .. အဲ့ဒါကြောင့် စဉ်းစားမိတာပါ .. ကောင်း အောင်မြင်သားနဲ့တောင် ဘွားက ဆူနေတာ .. ရှင့်လို ဒဏ်ရာများစွာနဲ့ အရှုံးသမားဆိုရင်တော့ .."

သူမ စကားမဆုံးခင် ရိုက် က နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ခွေကျနေသည့် အညိုရောင်အိတ်လေးရဲ့ ကြိုးရှည်ကို ပခုံးပေါ် ထပ်မြှောက် တင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုးရပ်လာသည့် ကားပေါ်ကို အားပါးတရကြီး တက်ခဲ့ပြီး သူ ဘယ်လိုဖြစ်ကျန်ရစ်မည်ကို သိချင်သေးကာ တံခါးပေါက်ကနေ လှမ်း ကြည့်မိ၏။

ထိုစဉ် သူ့ပခုံးကို တစ်စုံတစ်ယောက်က တွန်းပစ်လိုက်ခြင်း ခံ ကာ ...

"ဘာလုပ်နေတာလဲ ရှင်.. ရှေ့ဆက်တိုးစမ်းပါ.. အထဲမှာ အချော ကြီးကို .."

သေစမ်း ...၊

ကောင်းကင်လင်း ရဲ့အသံ ကြားလိုက်ရခြင်းသည် တစ်ကိုယ်လုံး ကို ရေတုံးရည်တွေ လောင်းချခံလိုက်ရသလိုမျိုး ...၊

နောက်ဆိုရင် ထသွား ပြန်မကြည့်နဲ့ ...၊



အခန်း (၆)

"နင်က ဘယ်က ဆက်နေတာလဲ သဒ္ဒါ .."

"... ... ... ..."

"ဟုတ်လား .. နင် သေချာတယ် နော် .."

"... ... ... ..."

"ငါတို့ အခု အတူတူ ရှိနေတယ် .. သူဌေးရဲ့သမီးလေး မွေးနေ့ သ .. ယုဇနဂါးဒင်းမှာ .."

"... ... ... ..."

"အေး .. ဒီလိုတော့ ဘယ်အဖြစ်ခံမလဲ .."

ဖုန်းကို ပြန်ထည့်ထားလိုက်ကာ ကောင်း ရဲ့ မျက်လုံးတွေ ရိုက် ခိုင်မယ့် စားပွဲအစွန်နေရာကို စူးစိုက် ငြိမ်သက်နေခဲ့၏။

ကိုယ့်လူနဲ့ ကိုယ် အလုပ်ကိစ္စတွေ ပြောကြ .. ရယ်မောစရာတွေ ပြောက်ကြနှင့် တစ်စားပွဲတည်း အတူရှိနေကြသည့် တချို့ကလည်း သူ့ကို အမှတ်တမဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရောက်နေပြီးသည့်အချဉ်တွေ .. ဆော့တွေကို မျက်လုံး ကစားရင်း အသံတိတ် ဟိုရွှေ့ဒီရွှေ့ လုပ်ကြည့်နေခဲ့တာလည်း မျက်လုံး နဲ့ပဲ ဖြစ်၏။

ပြီးတော့ ခေါင်းခါလိုက်ရင်း သူမ ကစားနည်းအသစ်တွေ စဉ်းစား ဖို့ အချိန်မရှိတော့တာကို သတိရသွားသည်။

"ဘယ်သူ့ဖုန်းလဲ ကောင်း .."

"ဟင် .."

"ဒီအချိန်လေးမှာတော့ ပျာယာမခတ်နဲ့နော် .. သူဌေး စိတ်ဆိုး သွားလိမ့်မယ် .."

ကေစီ က ဘေးမှာ ဝင်ထိုင်လိုက်ကာမှ ကောင်း က နေရာပြောင် လိုက်လျှင် ...

"ဘယ်လိုဖြစ်တာလဲ .. ငါက သူ့နားကို ထိုင်ချင်လို့ဥစ္စာ .."

"လာလေ .. လူမှ မစုံတာ .. ကြိုက်သလို ထိုင်လို့ ရတယ် .."

ဒီကိုလာဖြစ်တိုင်း ဒီနေရာ ဒီထောင့်မှာပဲ ရိုက် ထိုင်တတ်တ သူများတွေက အမှတ်တမဲ့ပေမယ့် သူမ သတိထားမိနေခဲ့၏။ အကျအ ထိုင်ပြီးမှ ပြန်ထရပ်ကာ ...

"ငါ့နှယ် .. နေရာဦးပြီးမှ ဗိုက်က နာလာပြန်ပြီ .."

"ဟောတော့ ဖြစ်ရပြန်ပြီ .."

ရွှေ့ထိုင်လိုက် .. ပြန်ထလိုက်နှင့် သူမကို ကေစီ တအံ့တသြ ကြ နေရင်း ခေါင်းခါ၏။

"ကဲ .. သူဌေးတို့ မလာခင် သွားစရာရှိတာ သွားရှင်းထားေ ကောင်း ရယ် .. နင့်ကို မြင်လိုက်ရရင် ဘယ်တော့မှ ထူးခြေရရ ထိုင်ေ တယ် .. သွားနေတယ် မရှိဘူး .. စားသောက်ရင်ထောင်မှ မြန်မြန်



မြန်ထလို့ ရေရွတ်ပြီး စားတဲ့ မိန်းမ .."

"ဟုတ်တယ် ကေစီ ရေ .. အဲ့ဒါ ကောင်းကင်လင်း ရဲ့ အထာတွေ .. သတင်းထောက်တွေ အဲဒီလောက် ပျာယာခတ်နေကြသလားလို့ ဆိုလူတွေကိုယ် ပြန်မေးတော့လည်း .."

"အားလုံးထဲမှာ ကောင်း က အလုပ်ရှုပ်ဆုံးပဲ .."

"ဟုတ်လား .. ဘယ်သူကလဲ .."

"ရိုက် က ပြောတာ .."

"သူတို့နှစ်ယောက်လည်း ရွယ်တူ ချောချောလေးတွေ နော် .. နည်းမှလည်း မတည့်ကြဘူး .."

ပြောချင်ရာ ပြောနေကြတုန်း ရိုက် တို့ ပြန်ရောက်လာကြသည်။

"သတင်းသမားတွေ အတင်းမပြောရဘူးဆိုတာ စည်းကမ်း နော်.."

ရိုက် က ပြုံး၍ ပြောရင်း နေရာမှာ ဝင်ထိုင်လိုက်သည်။

သူဌေးနဲ့ သူ့အတွင်းရေးမှူးကတော့ ပြန်ဝင်လာပေမယ့် ဖုန်းပြော း ဟိုလျှောက်ဒီလျှောက် ဖြစ်နေကြတုန်း ...၊

"အတင်းမပြောပါဘူး ရိုက် ရယ် .. ငါတို့ အချင်းချင်း အကြောင်း ပြောတာပါ .."

သူတို့ ဆက်မပြောရသေးခင် စားသောက်ဖွယ်တွေ လာချပေးသွား စုံစုံလင်လင် ...၊

"အင်း .. သူဌေးကလည်း အလုပ်ရှုပ် .. ငါ့ဗိုက်ကလည်း တကြုတ် ကြုတ် .."

အားလုံးထဲမှာ ပျော်တတ်သည့် ဦးအောင် က ဗိုက်ကိုပွတ်ရင်း သောက်ဖွယ်တွေဆီကို ကြည့်လိုက် .. သူဌေးကို ကြည့်လိုက်နှင့်...

"ဘယ်လိုလဲ .. အအေးတွေ ပူကုန်တော့မယ်လို့ သူဌေးကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား ..”

“မလုပ်နဲ့ .. မလုပ်နဲ့ .. သိပ်ဝတ်တာပဲလို့တော့ အပြောမခံနိုင်ဘ
နည်းနည်း ထိန်းထားဦးမှ ..”

သူတို့ဖြစ်နေတာတွေကို ကြည့်၍ နေရာလွတ်တွေဆီ ရိုက် မျ
လုံး ရောက်ကာ ...

“မလာကြသေးတာ ဘယ်သူတွေလဲ ..၊ သူဌေးက သူတို့ မ
သေးတာ သိလို့ အေးဆေးလုပ်နေလားမှ မသိတာ ..”

“မလာသေးတာက ကိုတူး တို့အဖွဲ့ရယ် .. အဲ .. ကောင်း က
လာပြီးမှ ပြန်ထသွားတာ ..”

“ဟုတ်မှာပေါ့ .. သူများ ကျွေးတာမွေးတာ စားရတော့မှာဆို
ဝမ်းနုတ်လာခဲ့သလားမှ မသိဘဲ ..”

ရိုက် ရဲ့ စကားကြောင့် အားလုံး ရယ်ကုန်ကြကာ ...

“ကြည့်စမ်း ..၊ တည့်တာ မတည့်ကြတာ .. သူ့အကြောင်း သိ
ချေလား ..”

“ဟုတ်တယ် .. ဝမ်းနုတ်ဆေးတွေ သူပဲ ဝယ်ပေးရတာ နေမှာ

“ကိုမျိုးကြီး နော် .. ခင်ဗျား ..”

ဖုန်းလာလို့ ထုတ်ကိုင်လိုက်ရင်း မျိုးကြီး မျက်နှာကို ဖုန်းနဲ့ ပေ
မလို ရွယ်လိုက်၏။

“ဟေ့ .. ဟေ့ .. ဖုန်းပြောမှာ ပြော .. တော်ကြာ သွေးတက်သ
တွေ ဖြစ်ကုန်ရင် ငါတို့က မကြည့်ရဲဘူး ..”

“တို့ကတော့ ကြည့်ရဲတယ် .. ဒါပေမယ့် ပွဲပျက်သွားရင် ဒီစာ
ပေါ်က စားစရာတွေကို ထားခဲ့ရမှာဆိုတော့ ရန်ဖြစ်ဖို့ရှိရင် တားရ
ပဲ ..”





စားဖို့ တာဆူနေတဲ့လူကလည်း စားစရာတွေကိုပဲ မျက်ခြည်ပျက် မခံဘဲ ရှိနေကြ၏။

ရိုက် က ဖုန်းကိုင်ပြီး ထလျှောက်လာ၍ ...

“ဟလို ..”

“... ... ... ...”

“ဟင်!... ဟုတ်လား .. ငါက အဲဒါကို မရနိုင်လောက်ဘူးထင်ပြီး နည်းနည်းမှကို မမျှော်လင့်တော့တာ ..”

“... ... ... ...”

“ဘာ!... ဘယ်မှာ ..”

“... ... ... ...”

“ဟာ .. ပြင်ဦးလွင်ထိတော့ ဘယ်လိုက်နိုင်မလဲ .. ပြောပါ ..၊ အခု ဘယ်မှာလဲ .. မရောက်ရောက်အောင် သွားမယ်ကွာ ..”

“... ... ... ...”

“ဟုတ်လား .. ဖြူနှင်းဝေ နဲ့ ညီအစ်မ တော်သလား .. ပိုကောင်းတာပေါ့ကွ ..၊ ဘာ .. ‘မြကျွန်းသာ’ ထဲမှာ .. အိုခေ .. ဟ ..”

နောက်ကနေ တစ်စုံတစ်ယောက် တိုက်ချလိုက်သဖြင့် ဖုန်းပြောရင်း ကံကောင်းလို့ လဲမသွားခဲ့တာ ..၊

“ဆောရီး .. ဆောရီး .. ကျွတ်!...”

ဗိုက်လေးနှိပ်၍ သူ့နောက်က ဖြတ်သွားသည့် ကောင်းကင်လင်း..၊

ဒီလောက်တောင် မမြင်ရကောင်းလားဆိုပြီး စိတ်တိုသွားပေမယ့် သူမကို မြင်လိုက်တော့ ခပ်မဲ့မဲ့ကြည့်၍ မျက်နှာလွှဲမိ၏။

ဘယ်လောက်ထိ ဗိုက်အခြေအနေ ဆိုးနေသလဲဆိုတာ လူတွေရှေ့မှာတောင် မရှောင်နိုင်ဘဲ ဗိုက်နှိပ် ရှုံ့မဲ့လို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နေရာကိုယ် ခပ်သုတ်သုတ် ပြန်လာခဲ့တော့ သူမက ကိုယ့်ရဲ့ဘေးမှာ ထိုင်လို့ ...၊

"မင်း ဘယ်တုန်းက ဒီမှာ ထိုင်ဖူးလို့လဲ .."

သူများတွေရှေ့မှာပဲ မေးချလိုက်မိသည်။ ကောင်း က ညှိုးနေသည့် မျက်နှာလေးနှင့် ...

"ဒုက္ခပါပဲ.. ဒီမှာ အဆင်မပြေရတဲ့အထဲ သူက သဟောက်သဟမ်းနဲ့ .."

"ဟုတ်ပ ရိုက် ကလည်း ..၊ ကဲ .. လောလောဆယ် ဗိုက်နာသက်သာအောင် အအေးလေး နည်းနည်း မျိုချလိုက်ပါ ..၊ ဂတ်စ်ပြင်းတော့ သက်သာသွားနိုင်တယ် .."

"ဟုတ် .."

ကောင်း က ချထားခဲ့သည့် ကိုယ့်ပစ္စည်းလေးကို သေချာ ယူပြီး ပခုံးမှာ ကောက်ချိတ်ကာ ...

"ကိုမျိုးကြီး .. သူ့ဒွေး ကျွန်တော့်ကို မေးရင် အရေးကြီးလို့ ပြန်ထွက်သွားတယ်လို့ ပြောပေး နော် .."

"ဟ .. ခုနကပဲ ပြောသေးတယ် .. မင်းကလည်း ဘာလဲကွ ..၊ ဒီမှာ ဝါးကြောကို .."

"ဒီမှာ ဝါးကြောထက် အရေးကြီးတယ်ဗျ .."

"အား!... မရတော့ဘူး ဗိုက်နာလာပြီ .."

ရိုက် က ပြုံးရယ်နှုတ်ဆက်ပြီး လှည့်အထွက်မှာ ကောင်း ကလည်း အအေးဖန်ခွက်ကို ပြန်ချ၍ ဂါမန်းကတန်း အထ ..၊

"ဟာ!... သွားပြီ .."

"ကုန်ပြီ .. ကုန်ပြီ .. အအေးတွေ .."





နစ်ယောက် ထရပ်တာတွေ ရှုပ်ကုန်ကာ ရိုက် ရဲ့ ညာဘက် ခြေထောက်သည် ဒူးအထက်ကနေ ရှူးဖိနပ်ပေါ်ထိ အအေးတွေ စိုရွှဲသွား၏။

"သိပ်တောင် မသောက်ရသေးဘူးဟယ် .. ကုန်ပါပြီ .."

"ကောင်းကင်လင်း .."

"ဘာလဲ .. ရှင် ဒီလောက်တောင် အလျင်စလို ဖြစ်နေရလား .."

"အဲမာ .."

"ဒီက ပြန်လာရင် သောက်ဦးမယ့်ဟာ .."

"ကောင်းကင်လင်း .. မင်း .. မင်းတော့ နော် .."

"ဟဲ့ .. ဟဲ့ .. မဖြစ်ရဘူးလေ .."

ရိုက် လက်သီးဆုပ်ကြီးနဲ့ မျက်နှာလေးမှာ ဖိကပ်ဖို့ လုပ်တော့ ဆါစိုးရီ က ကမန်းကတန်း ထဆွဲရှာ၏။

"ကြည့်ဦး .. ကျွန်တော့်ဘောင်းဘီအဖြူ သွားပြီ .."

ရိုက် က အဖြူပေါ်မှာ စွန်းကွက်ကုန်သည့် အနီရောင်တွေကို အားလုံး မြင်အောင် နောက်ဆုတ်ပြ၏။

"လွှန်သွားရင်လည်း ဆောရီးပဲ .. အား!... နာတယ် .."

"တောက်!..."

ကောင်း အပြေးတစ်ပိုင်း လျှောက်ထွက်သွားတာကို လှမ်းကြည့်နေကြတော့ သနားစဖွယ် မျက်လုံးတွေနှင့် ..၊ စိတ်တိုရသည့်အထဲ ထိုမျက်လုံးတွေကြောင့် ပိုဆိုး၏။

"ဒီမှာ ဒုက္ခရောက်သွားတာကို လူကို ဗျာပျာသလဲ မတောင်းပန်ဘဲနဲ့ ကုန်ပါပြီတဲ့ ..၊ ဖြစ်သွားတဲ့ပုံကို ခင်ဗျားတို့ မတွေ့ဘူးလား .."

"တွေ့တယ်လေ .."

"အေးလေဟယ် .. ကောင်း က ကလေးဆန်တယ်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း .. သူ့မှာ ဒုက္ခကြီး လွယ်ထားရတာကို .."

ဟုတ်တယ် ..၊ သူမှပဲ သနားစရာ ကောင်းနေတာပါ ..။

"သူ ဒီလောက် ဖြစ်နေတာ ပြန်ခိုင်းလိုက်ပါဟယ် .."

"ဟုတ်တယ် .. ကေစီ လိုက်ပို့မလား .."

"ဟာ!... ကောင်း က ကားနဲ့လာတဲ့ဥစ္စာ .."

ကြည့်စမ်း ..၊ ဒီမှာ ပေကျံကုန်လို့ ဘာလုပ်ရမှန်း မသိတော့တာကို ဘယ်သူမှ လှည့်မကြည့်ကြဘဲနဲ့ ..၊

ရိုက် ကိုယ့်ဒေါသနဲ့ ကိုယ် မျက်နှာကြီး ငုံ့ပြီး ကားဆီ ပြန်လာခဲ့သည်။ အရေးကြီးဆုံး လုပ်ရမှာက ဘောင်းဘီနဲ့ ဖိနပ်ကို အမြန်ဆုံး ပြေးလဲရမည် ..။

ဒါမှ အင်တာဗျူးဖို့ အချိန်မီမှာ ဖြစ်၏။

"တောက်!..."

ဒေါသဖြစ်တိုင်း တက်ခေါက်နေရတာ ကြာရင် လျှာပါ လိပ်သွားနိုင်၏။

မုန်းဖို့ကောင်းလိုက်တဲ့ မယ်ပျာယာ ..၊

ဘယ်လောက် မုန်းသလဲဆိုရင် ပြစရာတောင် မရှိ ..။





## အခန်း (၇)

"ဒီနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲနဲ့ ပတ်သက်ပြီးတော့ရော မမခတ္တာ ရဲ့ အမြင်လေးကို ပြောပြပါဦး .."

"ထင်တာ မြင်တာတွေက သိပ်မှ အရေးမပါတာ .. ပရိသတ်ရဲ့ အမြင်နဲ့ ပြောရတာလည်း ခက်တယ်လေ .. ဘာတွေ ထင်ကြေးပေးပေး ဆုံးဖြတ်ချက်က ထွက်ချင်သလို ထွက်သွားတာပဲ .. အဲဒါတွေက သူ့ဘာသာ ဆုံးဖြတ်ခွင့်ရှိတဲ့သူတွေပဲ ဆုံးဖြတ်ကြမှာပါ .."

"ဟုတ်ကဲ့ မမ.. မမက မြန်မာဇာတ်လမ်းတွဲတွေအတွက် အကောင်းဆုံးဖြစ်ဖို့ ပြင်ဆင်ထားတယ်ဆိုတော့ ဘယ်တော့လောက်များ စပြီး အကောင်အထည်ဖော်ဖြစ်မလဲ မသိဘူး နော် .."

မေးခွန်းတိုင်းက ကောင်းပါသည်။ ဖြေနိုင်သလောက်လည်း ဖြေသွားတာမို့ လူငယ်ဒါရိုက်တာ ဒေါက်တာ ခတ္တာယဉ် နဲ့ ကောင်းကင်ညင်း တို့ရဲ့ အင်တာဗျူးက အဆင်ပြေ ချောမွေ့စွာ ပြီးဆုံးခဲ့၏။

ဒါပေမယ့် ပြုံးပြုံးလေး ပြန်လာခဲ့သည့် ကောင်း ရဲ့ရှေ့မှာ ကားတစ်စီးက ဘက်ခ်ဆုတ်လာရင်း ...

"တီ .."

www.burmeseclassic.com

www.burmeseclassic.com



"အမေ့!..."

ကောင်း လန့်ဖျပ်ကာ အပျော်လေးတွေပါ ရပ်တန့်သွားခဲ့၏။ သူမ ဘေးထိ ကားက ထပ်ဆုတ်လာကာ မှန်တံခါး လျှောကျသွားခဲ့လျက် ..၊ ရိုက် မျက်နှာက ခပ်မှုံမှုံ ...

"တော်တော် အဆင်ပြေလာခဲ့ရဲ့လား .."

"ဟင် .. အဲ .. ဟွန်း .. မဆိုးပါဘူး .."

ကိုယ်က မရိုးသားခဲ့သူမို့ နည်းနည်းတော့ မျက်နှာပူ၏။ ဒါပေမယ့် 'အကြံတူ ရန်သူ' တဲ့ ..၊

ပြိုင်လာပြီဆို နိုင်ဖို့သာ အဓိက ..။

ကိုယ့်ဘာသာ စိတ်တင်း၍ တည်ငြိမ်ဖို့ ကြိုးစားလိုက်ကာ ...

"ငါက ဟိုမှာ ဆက်မနေနိုင်တော့လို့ ပြန်လာတာပါ .. သူငယ်ချင်းက ဖုန်းဆက် သတင်းပေးတာနဲ့လေ .."

"ဟွန့် .."

"ဒေါက်တာ ခတ္တာယဉ် ကတော့ ရှင်နဲ့ ချိန်းထားတာလို့ ပြောပါတယ် .. ဒါပေမယ့် တို့က အတူတူပဲဟာ .. ဂျာနယ်တစ်တိုက်တည်းပဲလေ .."

တတ်လည်း တတ်နိုင်ပါ့ မယ်မင်းကြီးမ ..၊

ရွှေရောင်ဆံပင် လက်လက်လေးတွေ .. နားဆွဲလေး တခါခါနဲ့ မဟုတ်တာတွေ မျက်နှာပြောင်ပြောင်နဲ့ ပြောရဖို့ဆို အလိမ်ဖော်မယ့် သူက ပြန်အားနာလောက်အောင် ပြောင်ပဲ ပြောင်နိုင်လွန်းပါ၏။

ဒါသတွေ ဆထက်ထမ်းပိုး ဖြစ်နေပေမယ့် သူမ လျှာစောင်းထက်သမျှ သူ့ပဲ ငုတ်တုတ်မေ့ရတာ ..၊ ထုံးစံအတိုင်း ကိုယ့်ဒေါသကို ထမ်းပိုး၍ သူ့ပဲ လီဗာပြန်ချိန်းရကာ ...



"ပြိုင်မယ်ဆိုလည်း စည်းနဲ့ ကမ်းနဲ့ ပြိုင်စမ်းပါ .."

"ဘာ!..."

ကောင်း မျက်နှာလေး တင်းသွားတော့ ရိုက် က ရယ်သည်။

"ကျော်ခွ ဖြတ်စားလုပ်တဲ့နေရာမှာတော့ ခင်ဗျားက ဆရာကြီးပဲ.."

"ဟုတ်လား .. ကျေးဇူးပဲ .. ဒါပေမယ့် ပြိုင်ပြီဆို အရှုံးနဲ့အနိုင် နှစ်မျိုးပဲ ရှိတာ မဟုတ်ဘူးလား .. ကောင်း အဲလို အနိုင်ယူတယ်ထင်ရင် ရှင်လည်း အဲလိုလုပ်ပေါ့ .."

ကောင်း က ဂရုမစိုက်တာတွေ ပြဖို့ ခါးလေးညွတ်၍ သူ့မျက်နှာကိုတောင် သေချာကြည့်လိုက်သေးသည်။

"ဒီမှာ .. ကိုယ့်ဘာသာ ရှုံးရင်လည်း နိုင်သွားတဲ့လူကို ပုတ်ခတ်အတင်းမပြောရဘူး .. တကယ်ပဲ ရှုံးလိုက်ရတိုင်း ရှင့်လောက် ဒေါသကြီးတတ်တာ ရှင်ပဲ .. ကလေးကျနေတာပဲ .."

"ဘာ!... ဘာပြောတယ် ..၊ ဟေ့ .. ကောင်းကင်လင်း .."

ကိုယ့်ဒေါသနဲ့ ကိုယ် စတီယာရင်ကို ထုပစ်လိုက်မိသည်။

'ကလေးမဆန်နဲ့တော့ .. မင်း ကလေး မဟုတ်တော့ဘူး ..' လို့ ပြောတတ်တဲ့ ကိုကြီးရဲ့ စကားတွေကြောင့် အောင့်သက်သက် ရှိနေခဲ့တဲ့ ရင်ထဲမှာ ကောင်း ရဲ့စကားက အနာပေါ် တုတ်ကျသွားသလိုပင် ..၊

မင်းပဲ သွားသွားရိုက်ာ ..၊ ခံလိုက်တော့ ရိုက် ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

"ဒါရိုက်တာ ဒေါက်တာခတ္တာယဉ် က မြန်မာပေမယ့် နိုင်ငံခြားမှာ ကြီးပြင်းခဲ့သလို ဖြစ်နေတာ .. သူ မြန်မာပြည် ပြန်လာပြီး အနုပညာလုပ်ငန်းနဲ့ အခြေချတော့မယ့်အချိန်မှာ သူနဲ့ ပထမဆုံး အင်တာဗျူးလုပ်နိုင်ခဲ့တာ ကောင်း အရမ်းတော်တယ်ကွာ .."

"ဟုတ်တယ် .. ဒီအပတ် ရောင်းအား ထိုးတက်သွားတာ ကောင်း ရဲ့ကျေးဇူးပဲ .."

အားလုံးရဲ့ချီးမွမ်းသံတွေကို နားထောင်ရင်း မျက်လုံးကို ဟိုဇေ့ဒီဇေ့ အလုပ်ပေးလိုက်မိသည်။ ရိုက် က အေးဆေးထိုင်လျက် ကိုမျိုးကြီး တို့နဲ့ ပြုံးပြုံးရယ်ရယ်ပင် ..၊

ဟိုနေ့က နှိပ်ကွပ်လိုက်တာကို တရားကျသွားတာလား .. ဟန်ဆောင်နေတာလား ..။

ဒီနေ့ကျမှ ကောင်း ရင်ထဲက ဂရုမစိုက်တတ်ခြင်းတွေ ပျောက်ဆုံးနေခဲ့၏။ ပြီးတော့ အားနာသလိုလို .. စိတ်မကောင်းသလိုလိုနှင့် ...

"ဒီမှာ .."





တိုက်ထဲက ထွက်ခဲ့ကြတော့ ရိုက် ကို နောက်က အမီလိုက်လာ

"ရိုက် .."

"ဘာလဲ .."

ပထမခေါ်တည်းက ကြားနေမှန်း သိသာသည့် ရိုက် ရဲ့မျက်နှာက
ည့်ကြည့်တော့ မကြည်မလင် ..၊

"ဒီည ဒင်နာကို ရှင် လာမှာလား .."

"မလာဘူး .."

"ကောင်း လုပ်မယ့် ဒင်နာကို ရှင် မလာရင် ရှင် သဝန်တိုတာ
ွ သိကုန်မှာ နော် .."

ရိုက် မျက်နှာ တင်းသွားသည်။

လယ်သာဂျာကင်အနက် တီရှပ်အနီရဲရဲနှင့် ဖြူဝင်းသည့် ကောင်း
ာ်နှာက ဒေါသဖြစ်သွားတိုင်း သိသာ၏။

"ရှင့်ကို ကောင်း က လာစေချင်လို့ ဖိတ်တာပါ .. ဘာပဲဖြစ်ဖြစ်..
င်း ရဲ့ အောင်မြင်မှုက ရှင့်ဆီက ဖဲ့ယူထားတာပဲလေ .."

"ဟွန်း .."

"ဒါပေမယ့် ရှင် ဒါကို ငြိုးမယ်ဖွဲ့ မနေသင့်ပါဘူး .."

"ဘယ်သူက ဖွဲ့နေလို့လဲ .. မင်း ကလိန်ကျတိုင်းသာ ငြိုးနေရရင်
က်ဆို မင်း ခေါင်းနဲ့ကိုယ် အိုးစားကွဲနေပြီ .."

"ဖြစ်နိုင်တယ် .."

ဘာလဲ .. ငေါ့တာလား ..၊ အတည်လား ..။

ည့်ကြည့်လိုက်တော့ ကောင်း က ခေါင်းလေး ဆတ်ခနဲ့ညိတ်



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ခါ ဖြစ်သွားတိုင်း ရှင် ဘယ်လောက် ဒေါသ ထွက်သွားတယ်ဆိုတာ တွေးမိလို့ပါ .. ဒါပေမယ့် မျိုသိပ်ထားရ တွေ မနည်းမနော ရှိနေမှာပါ .."

"ရှိတော့ .."

"အခု ကောင်း က အဲဒါတွေကို တောင်းပန်တာလေ .."

"မတောင်းပန်နဲ့ .."

"ရှင်ကလည်း မာလှချေလား .."

"မာတယ် .."

"ရိုက် .."

"ဘာလဲ .."

"ရှင်က ကောင်း မိတ်ဆွေဖွဲ့နေတာကို တရားဝင် ငြင်းနေ လား .."

"စာချုပ်ပါရင် လက်မှတ်ပါ ထိုးပေးဦးမယ် .."

"ပြီးတာပဲ .."

ကောင်း က ဆက်မလိုက်တော့ဘဲ ချာခနဲ ပြန်လှည့်၏။ သို့

"အား!..."

"ဟာ!..."

ခဲလုံးနဲ့ ဒေါက်ဖိနပ် ထိပ်တိုက်တွေ့သွားသဖြင့် ရိုက် ရဲ့ပခုံး ကောင်း ပခုံးနဲ့ပဲ ဘေးတိုက် ပစ်ကျသွား၏။

ရိုက် လည်း တောင့်မထားနိုင်ခဲ့ဘဲ အထပ်လိုက် ပြိုလဲကျ ကားကလည်း အနီးကပ်မှာ မဟုတ်...၊

"အ!... သေပြီ .."

ကားနောက်မြီးပေါ်ကို ရိုက် က အရင်ပစ်ဆောင့်ကျ၏။ သူ



ပြီး ခံနေသဖြင့် ကောင်း က သက်သာရာရကာ နောက်ထပ်မလဲအောင် ရှုကို ဖက်လိုက်သေးသည်။

"ဟိုမှာ .. ဟိုမှာ လဲကုန်ပြီ .."

"ကောင်း .."

"ကောင်း တို့ ဘာဖြစ်တာလဲ .."

အောက်မှာ ပိပြားရတဲ့အဖြစ်တောင်မှ ကိုယ့်နာမည်ကို စိုးရိမ်ပူပန် ခေါ်မည့်သူ မရှိ ..၊

"အောင့်သွားတယ် .."

"ဟုတ်လား .. ဘယ်နားကလဲ ကောင်း .."

"ဒီ .."

ကောင်း ကိုယ့်ရင်ဘတ်လေးကို ညွှန်လိုက်ပြီးမှ လက်က ဟိုရောက် ရောက် ..၊

"အောင့်တော့ အောင့်နေတယ် .."

"အေးလေ .. ဘယ်နား ဘာဖြစ်သွားလဲဆို .."

"ဘယ်နားကလဲ မသိတော့ဘူး .."

ပြေး၍ ထူ 'မ' ပေးကြသည့်လူတွေ ကောင်း မျက်နှာလေးကို ကြည့် သဘောပေါက်သွားကြသည်။ မိန်းကလေးဆိုတာက ယောက်ျား လို နေရာတကာ ပြားပြားကပ်ကပ်မှ မဟုတ်ဘဲ ..၊

"ရှင့် တံတောင်ဆစ်ကြီးကြောင့် .."

"ဘာ!..."

ရိုက် အသံကလည်း ဆောင့်ကန်ထွက်လာသဖြင့် ကျယ်ချယ် ာင်လောင် ..၊ သူ့မှာ ကျောကအောင့်သည့်ဒဏ်ရာ ပျောက်သွားတာ တ်ပိုင်းပဲ ရှိသေးသည်။ နံကြားမှာ ဒဏ်ရာ ဖြစ်ရပြန်ပြီ ..၊

www.burmeseclassic.com

www.burmeseclassic.com



နံ့ရှိုးတွေများ ကျိုးကုန်ပြီလား မသိ ..၊

"ရိုက် ကိုလည်း ကြည့်ကြပါဦး .."

"ရိုက် .. ဘယ်လိုလဲ .. အသက်ရှူကျပ်နေတာလား ..၊ မင်း
ဘာဖြစ်ကြတာလဲ ဟင် .. ဖက်သတ်ကြတာတော့ မဟုတ်ပါဘူးနော်

"အေးလေဟယ် .. ဒီနှစ်ယောက်ကိုတော့ ဘယ်လို တွေးရမှန်း
မသိတော့ပါဘူး .."

"မင်းတို့က နေပါဦးကွ .. ကျောင်းနေဘက်တွေလား ..၊ ငါ
သိတဲ့အချိန်က စပြီး တစ်ခါမှ ပြုံးရယ် နှုတ်ဆက်ကြတာ မတွေ့ဖူးဘူ
ကျောင်းတော်က ရန်စတွေလား .."

မေးနေကြတာကို မဖြေချင်တာ မဟုတ်ဘဲ ဘယ်သူမှ မဖြေနိုင်
ပေ ..။

ကောင်း က လက်လေး ဘယ်ဘက်ရင်အုံပေါ်မှာ တဝဲဝဲနှင့် ပြ
လိုက် .. မဲ့ခနဲ ဖြစ်သွားလိုက် ..၊ ရိုက် ကတော့ နံကြားလက်ယောက်
မတ်မတ် ပြန်ရပ်နိုင်ခဲ့သည်။

ဒါပေမယ့် အသက်ရှူလိုက်တိုင်း လှုက ဆတ်ခနဲ ဆတ်ခနဲ တု
သွားလျက် ..၊

သွားလေရာ .. လာလေရာ အဲဒီ မယ်ပျာယာနဲ့ မဆုံရပါစေနဲ့

ဂု





## အခန်း (၉)

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .. ပါးစပ်ကြီးတွေ ဖြဲပြီးတော့ .."

ဟန်ထွန်း နဲ့ သုတ တို့က ကော်ဖီ ပါးစပ်ထဲ ထည့်မော့ရင်းနဲ့
ည်း ရယ်နိုင်ကြ၏။ ပြီးတော့ ပန်းကန်တွေ ပြန်ချကာ ...

"ပါးစပ်ဖြဲ မရယ်လို့ ငါတို့က အပျိုကြီးဖင် ပုရွက်ပျံကိုက်ခံရ
လို ပါးစပ်ပိတ်ပြီး စပရင်တွန့်နဲ့ ရယ်ရမှာလား .."

"အေးလေ .. ဟား .. ဟား .. ဟား .. ငါတော့ မင်း ဒီလောက်
လန်နေတဲ့ ကောင်းကင်လင်း ဆိုတာကို မြေးကြည့်ချင်စိတ်တောင်
က်လာပြီ .."

"သွားကြည့်ပါလား .. ညဆို မီးသီး မလိုဘူး .."

"ဘာဖြစ်လို့လဲ ..၊ ချွေးပြန်တတ်လို့လား .."

"မျက်နှာပြောင်လွန်းလို့ .."

"ဒါကတော့ သွက်လက်တာလို့ မြင်စမ်းပါကွာ .. မင်းကို ကျေ
တယ်.. ဖြတ်စားလုပ်တယ်.. ပြီးတော့ မင်းကို ခင်မင်ပျက်လို့လား.."

"ဘယ်သူက ခင်ချင်လွန်းလို့လဲ .."

www.burmeseclassic.com



"မင်းက ရှုံးမဲ မဲနေတာ .."

"ဟန်ထွန်း .."

"မဟုတ်လို့လား .. မင်းပဲ ပြောတာလေ .. သူလည်း မင်းလိုပဲ ကိုယ့်ကားနဲ့ကိုယ် တိုက်ကို လာတာဆို .."

"ဘာဆိုင်လဲ .."

"ဝါသနာအရလေကွာ .. မင်းလိုပဲ အိမ်ကတောင် ခွင့်ပြုထားရေ တယ်ဆိုတော့ သူ့ရဲ့ တားဆီးဖို့မလွယ်တဲ့ ဝါသနာကို တွက်ကြည့်လိုက် တော့ ..၊ မင်းတို့လိုကောင်တွေက ငွေမက်လို့ စားဝတ်နေရေးအတွက် ရုန်းကန်နေတာမှ မဟုတ်တာ .. ဝါသနာပါတာကို လုပ်နေရရင် ပျော် နေကြတာပဲလေ .. သူလည်း မင်းကို အနိုင်ယူနေတာ .."

"ဘာလဲ ပျော်လို့လား .."

"ထင်တာပဲ .."

သုတ က အကြီးကြီး ပြောလာပြီးမှ အဖျားကျုမှ လျှောချ၏။

"ထားလိုက်ပါ ရိုက် ရာ .. မင်းတို့ အိုးရွဲ့ စလောင်းရွဲ့ချင်းပဲ .. ခု ဖတည့်ပေမယ့် ကြာလာရင် .."

"တော်တော် .. မင်း ပါးစပ်ကြီးထဲကို ပန်းကန် အလုံးလိုက် ကောက်ထည့်မိတော့မယ် .. လိမ်လိမ်မာမာ နေလိုက်တော့ .."

"ပါးစပ်ထဲ ထည့်မှာများ ဆေါက်စီတစ်လုံးလောက်ကို စဉ်းစားပါ လား .."

"ဟား .. ဟား .. ဟား ..."

"ကြည့်ပါဦးကွာ .. အကြိမ်ကြိမ်အခါခါ ခံနေရတဲ့ ရုပ်ကြီးနဲ့.."

"အေးလေ .. ကျောင်းမှာတော့ တော်မှ တော်ပဲ .. ကောင်းကင် လင်း နဲ့ ကျမှ .."





ဘစ်ယောက်တစ်ခွန်း ပြောနေကြပုံက နှစ်ယောက်တည်းနှင့် ရေ ဝင်အောင်ပင် ..၊

"မင်း နံရံ ကျိုးမသွားဘူးမို့လား .."

ရိုက် မျက်လုံးကြီး ဝင်းခနဲ တက်လာတော့ ဟန်ထွန်း က ခေါင်း —

"နောက်နေတာ မဟုတ်ဘူး .. အကောင်း မေးတာ .."

"မမေးနဲ့ ဘာကျိုးကျိုး .."

"မဟုတ်ပါဘူး .. နောက်ထပ် ကျိုးစရာ ချန်ထားပါဦး .. မင်းက ရာ ရှိနေသရွေ့ ဂျာနယ်တိုက်ကိုတော့ သွားနေဦးမှာပဲမို့လား .."

"ဝါသနာမှ ဟုတ်ရဲ့လား မသိဘူးနော် ဟန်ထွန်း .. မုန်းတယ် .. ယ်နဲ့ .."

"ဘာ တိုတာလဲကွ .."

"စိတ်လေ .. ကြည့်ရတာ ကောင်းကင်လင်း က တော်တော်ချော .."

"မင်းတို့နှစ်ယောက် ငါ့ကို ကော်ဖီဆိုင် ခေါ်ပြီး ပြောကြတာတွေ တော့ ကောင်းကင်လင်း ချည်းပဲ မိုးမွှန်လို့ပါလား .."

"မင်းကို ခေါ်ပြီး မင်းမျက်နှာကို ထိုင်ကြည့်နေရအောင် မင်းက င်မလေးမှ မဟုတ်ဘဲကွ .."

ရိုက် ဘာပြောပြော ဒေါသလည်း မထွက်ကြပေ ..၊ ကျောင်းတုန်း တိုင်း မျက်နှာချင်းဆိုင် ဖြစ်ကြတာနဲ့ ပြောဆိုဖြစ်သမျှ ရှေ့ရေး က်ရေး ဘာမှ မပါ ..။

"မင်းတို့ရော .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ခါလီတွေချည်းပဲလား .."

"ဘာလဲ ခါလီ .."

"စေ့စပ်ပြီးပြီ .. လက်ထပ်မယ့်သူ ရှိတယ် ဘာညာပေါ့ ..၊ မိဘ အားကိုးရှိကြတဲ့သူတွေဆိုတော့ အဲဒီလို ဒုက္ခလေးတွေများ ထုတ်ညည် ကြမှာလားလို့ .."

"သြော် .. သြော် ... ကြားချင်နေရာတာ .."

"ဟွန်း .. အဲဒီလို စိတ်ကောင်းမရှိတဲ့လူတွေပေါ့ကွ .. နံ့ရိုးကျိုး ကျောကွဲရနဲ့ သိပ်မကြာခင် လူကြီးတွေ သဘောတူတာလေးနဲ့ လက် ထပ်လိုက်ရဖို့ သေချာပြီးသား ဖြစ်နေတတ်တာ .."

ဟန်ထွန်း က အပိုင်အနိုင် ပြောချလိုက်တော့ ရိုက် မျက်နှာပျ ၏။ ပြီးတော့ အံ့သြသွားသည့်အကြည့်နှင့် ...

"မင်းတို့ကို ဘယ်သူ ပြောတာလဲ .."

"ဘယ်သူ ပြောပြောပေါ့ .."

ကိုကြီး ..၊

သူတို့ မပြောလည်း ဒါ ကိုကြီး လက်ချက်ပဲဆိုတာ သူ သိလို သည်။ ဟန်ထွန်း တို့နှစ်ယောက်က ဟိုတုန်းတည်းက အိမ်မှာလိုင ချည်းပဲ နေလာခဲ့ကြတာဖြစ်ကာ ကိုကြီးနဲ့ ရင်းနှီးကြပြီးသား ..၊

ခုမှ တစ်နေရာရာမှာ ပြန်ဆုံလို့ ..၊ ဒီကောင်တွေကလည်း တစ်ချ မေးမြန်း စနောက်တာရှိလို့ ပြောလိုက်တာပဲ ဖြစ်နိုင်၏။

"ကိုကြီး ပြောတာပဲဆိုပြီး တွေးနေပြီ .. တွေးနေပြီ .."

"ဖောင်းပွနှုန်းတွေလည်း မြင့်တက်နေပြီ .. တစ်ဆယ် .. နှစ်ဆယ် နှစ်ရာ .."

ရိုက် ပြုံးစိစိ ဖြစ်သွား၏။ ပြီးတော့ ရယ်ကာ ...





"ကိုယ် လိုချင်မှ ဖြစ်တာ .."

ကိုယ့်အလှည့်ကျတော့ ပြဿနာရှာဖို့က ဝိတ်တာဆီကို ဦးတည် ၍ ...

"ညီလေး .. ရေနွေးအသစ် လဲပေးစမ်းပါ .. အေးကုန်လို့ .."

ကော်ဖီထုပ်ကို ကိုင်၍ ရေနွေး စောင့်နေစဉ် ...

"ဟော .."

ဖုန်းသံ ကြားလိုက်တာနှင့် ရိုက် က ဘာမှမဖြစ်ဘဲ ဟန်ထွန်း တို့ မျက်လုံးပြူးကုန်ကာ သုတ က နာရီကြည့်၏။

"သေချာတယ် .. ကိုကြီးဆီကပဲ .."

"ရိုက် .. ကိုင်လိုက်လေကွာ .. မင်း ငါတို့ ဒီဆိုင်မှာ ထိုင်နေကြတာ လုံးဝ မဟလိုက်နဲ့နော် .. တော်ကြာ မင်း ကိုကြီး ပွမ်လိမ့်မယ် .."

ခုလိုမျိုး လမ်းဘေးက လက်ဖက်ရည် ကော်ဖီဆိုင်တွေမှာ ထိုင်ရင် ဘင်း က ဥပမာ ဥပမေယျတွေနဲ့ ပြောလို့ မဆုံးတော့ပေ ..။

ညီကို ဘယ်လိုပဲချစ်ချစ် .. နေရာတကာတော့ အလိုမလိုက်တတ်..၊

"ကိုကြီး .."

"ညီလေး .. မင်း ဘယ်မှာလဲ .."

"ကျွန်တော် အပြင်မှာ မုန့်စားနေတာ .."

"မင်းကလည်း ညနေစာ စားခါနီးမှကွာ .. အဆာပြေ စားတာ ထမင်းချိန် ဟင်းချိန်နဲ့ ကပ်မစားရဘူးကွ .."

"တစ်နေ့လယ်လုံး သွားလာနေရတာ ဘာမှ မစားရသေးဘူး ကိုကြီး ရ .."

"အေး .. မင်းကလည်း ဆာနေတာပဲ .. ဒီမှာလည်း လေးလေးထွန်း က သူ ဗိုက်ဆာလေ .. ငါ့ကို လိမ့်ကောလေပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... လေးလေးထွန်း လာပြီ .."

ဖုန်းပြောရင်း ရိုက် မျက်လုံးပြူးသွားတော့ ကျန်တဲ့နှစ်ယောက်ပါ ညီညွတ်စွာ လိုက်ပြူးကြ၏။

"ပြဿနာပဲ .. ဘာလာလုပ်တာလဲ ကိုကြီးရာ .. ဒီလောက် မြန်မြန်ကြီး .."

"မင့်ကိစ္စပဲပေါ့ကွ .. ငါလည်း ဒီလောက်မြန်မြန် ရောက်လာမယ်လို့ မထင်ဘူး ..၊ ကဲ .. ကဲ .. မင်း စားစရာ မှာပြီးရင်လည်း လျှော့ပေါ့စားလာခဲ့ .. လေးလေးထွန်း က ဗိုက်ဆာနေတာကို မင်း မလာသေးလို့ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး စောင့်နေတာ .."

"ကိုကြီး .. စိပ်ပုတီးလေး သူ့လက်ထဲ ထည့်ပေးထားလိုက်ပါ ..၊ ဒေါသတွေ ထိမ်းပိုးပြီး လျှောက်နေမယ့်အစား ပုတီးစိပ်ပြီး တရားမှတ်နေလိုက်လို့ .."

ကိုကြီး ရယ်ပြီး ဖုန်းချသွားသည်။

"တကယ့်ကွိုင် .."

အားလုံးပဲ ကြားလိုက်ကြတာမို့ ထောက်ခံမဲတို့နှင့်ခေါင်းညိတ်ပြ၏။

"သေချာတယ် .. ဟန်ထွန်း သဘော်ပြန်မတက်ခင် ငါတို့ လာလည်ကြမလို့ဟာ .. ခု မလာရဲတော့ဘူး .."

လမ်းဘေး လက်ဖက်ရည်ဆိုင် ထိုင်ခြင်းနှင့် ပတ်သက်၍ ကဲ့ရဲ့ရှုံ့ချခြင်းက ကိုကြီးကို လေးလေးထွန်း လက်ဆင့်ကမ်းခဲ့တာ ဖြစ်သည်။

"ကားပေါ်ကများ လှမ်းကြည့်လိုက်ရင် အံမယ်မင်း .. လမ်းဘေးက လက်ဖက်ရည်ဆိုင်တွေမှာ စားပွဲလွတ်ဖို့ မပြောနဲ့ ခုံလွတ် တစ်လုံးမှ မရှိအောင်ကို ကြိတ်ကြိတ်တိုးပဲဟေ့ .. အဲဒါ တချို့တလေ မဟုတ်ပါဘူး .. လက်ဖက်ရည်ဆိုင်တိုင်းပဲ မောင် .."





လေးလေးထွန်း တို့ ပြောလိုက်ပြီဆို ပြတိုက်ထဲက ထွက်လာသည့် လေသံတွေနဲ့ပါ ..၊ ပြီးတော့ အသက်အားဖြင့် ငါးဆယ်တောင် ပြည့်သေးတာမဟုတ်ဘဲ ဘောင်းဘီရှည်ဆိုရင် သူ့ကို ထဘီဝတ်ခိုင်းတာလောက်ကို ဒေါသတွေ ဖြစ်နေတတ်၏။

"ဟိုတုန်းက မင်းညီမင်းသားဟန်တွေ မမြင်ဖူးဘူးလား .."

"မမြင်ဖူးပါဘူး .."

သူ ဘာပြောပြော ရိုက် က မကြားတကြား အမြဲတမ်း ခွန်းတုံ့ပြန်သည်။ အငယ်မို့ ခွင့်လွှတ်တာရော .. ရိုက် ကိုက ဆူပူခံရတာကို ဂျစ်တိဂျစ်ကန် တုံ့ပြန်တတ်တဲ့အကျင့် ရှိတာရော ..၊

လေးလေးထွန်း က ရိုက် ကိုတော့ တော်ရုံဆို ကြားလိုက်လည်း မကြားသလို နေသည်။ သိထားရင်လည်း မသိသလို နေလိုက်တာတွေပဲ များကာ ...

"ခေတ်အခါဆိုတာကို လူတွေကိုက တပေါင်ဖော်ပြီး နိမိတ်ဆောင်နေကြတာ .. ဟိုတုန်းကဆို ဘောင်းဘီရှည် ဝတ်ထားရင် အဲဒါ လမ်းသရဲပဲ ..၊ လမ်းသရဲအလုပ်က ဘာလဲ သိလား .. ခိုး ဆိုး ခါးပိုက်နှိုက် .. ဆေးရှူ ဒါပဲလေ .. သူတို့ အခွင့်မသင့်ရင် ပြေးလွှားသတ်ပုတ်ရလွယ်အောင် ဘောင်းဘီရှည်တွေ ဝတ်ထားကြတာ" တဲ့ ..။

ဟိုတုန်းက လေးလေးထွန်း ကို သတိရကာ ခု ရောက်လာတဲ့ လေးလေးထွန်း မှာ တစ်စုံတစ်ရာ ပြောင်းလဲလာမလားလို့ မျှော်လင့်ဆိုက်မိသည်။

မဟုတ်ရင်တော့ ဒီကိစ္စကို ပေါ့လို့ မဖြစ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"အိမ်ထောင်ရေးကိစ္စကို အရေးမကြီးသေးဘူးဆိုပြီး ပေါ့ပေါ့ထား လို့ ဖြစ်မလားကွ .. မင်းကလည်း မင်းညီအကြိုက် ဒီလေသံပဲ ထွက် လာတယ် .. ဟုတ်လား .."

"မဟုတ်ပါဘူး .. သူ့ကို ခုပဲ အသိပေး .. ခု စီစဉ်မယ်ဆိုတော့ ကျွန်တော်တို့ဘက်ကို ပြန်ထောက်စရာ အကွက် ဖြစ်သွားမှာ စိုးလို့ ပါ.."

"ထောက်လာရင်လည်း ပြန်ဖြုတ်ချရုံပဲ ကင်း .. ရိုက် က မင်းလို မဟုတ်ဘူးကွ .. ငါ ပြုစုပျိုးထောင်လာခဲ့တာ ငါ သိတယ် .. သူက ဆူဆူပူပူ လုပ်တာကို မကြိုက်ဘူး .. ဖိအားတစ်ခုခုကို မုန်းတယ် .. ဒါပေမယ့် စိတ်ပျော့တယ် .. သူများဘက်ကို ကြည့်လွန်းတယ် .. လူ့ လောက သဘာဝတွေထဲမှာ ပေးဆပ်တတ်တဲ့အကျင့် ရှိနေရင် အဲဒီလူ သူ့အတွက် ဘာမှ ပြန်ရတော့မှာ မဟုတ်ဘူး .."

ရိုက် ကို စောင့်နေကြရင်း နားပူရတာက ကင်း ပဲ ဖြစ်နေသည်။





ထမင်းစားချိန်ဆို မနက် ဘရေ့ဖတ်စ်နဲ့ ညစာကိုတော့ မိသားစု စုံမှ စားရမည်လို့ သတ်မှတ်ထားခဲ့သလို လေးလေးထွန်း က သူက စဖောက်ပြီးတော့လည်း ဘယ်တော့မှ မစားပေ ..။

အလုပ်အကိုင်ကြောင့် .. တခြား အဲကျိုးအကြောင်း တစ်ခုခု ခိုင်ခိုင် လုံလုံ ရှိနေတာကြောင့် .. ဒါတွေမှ မဟုတ်လျှင် စားသောက်ချိန်မှာ ရှိ မနေတဲ့ လူအတွက် နားပူပြီ တစ်ညလုံး ..၊

"မင်းတို့ကို ငါ့မူဝါဒအတိုင်း ချမှတ် မွေးမြူလာခဲ့တယ် .. ဒါပေ မယ့် ငါ မင်းတို့ နားက ထွက်သွားတာနဲ့ ဒီမူဝါဒ စည်းမျဉ်းစည်းကမ်း တွေကို ငါ ပြန်ယူသွားတာ မဟုတ်ဘူးလေ .. ဘာဖြစ်လို့ ငါ ကွယ်တာနဲ့ ထင်သလို နေနေကြတာလဲ .."

"ထင်သလို မနေပါဘူး လေးလေးထွန်း ရယ် .. ရိုက် က လူငယ် မို့လား .."

"အေးလေ .. အဲဒါကြောင့် ငါ ပြောနေတာပဲ .. ပြီးတော့ ရိုက် က သဘောကောင်းလွန်းတယ် .. ဒီကလေးကို ဒီတိုင်း လွှတ်ထားလိုက် ရင် အစတည်းကလည်း ဆင်းရဲဒုက္ခကို သူ ကြုံဖူးခဲ့တာ မဟုတ်ဘူး .. ဘဝရဲ့ ရုန်းကန်ခြင်းကို သူ ဘယ်လိုလုပ် သိတော့မှာလဲ .."

"သိအောင် ပြထားဖို့လည်း မလိုဘူးမို့လား လေးလေးထွန်း .. ညီလေးအတွက် ရှိပြီးသားတွေအပြင် ကျွန်တော် ရှာဖွေ စုဆောင်းပေးနေ တာနဲ့ပဲ .."

"ကင်း .."

"ဗျာ .."

"မင်း သူ့ကို တစ်သက်လုံး ရှာဖွေ ဖြည့်ဆည်းသွားနိုင်မှာလား.. မင်းကရော အိမ်ထောင် ဘယ်တော့မှ မပြုတော့ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ပြုရင်လည်း ကျွန်တော့်ညီနဲ့ အဆင်မပြေနိုင်မယ့်သူကို ကျွန်တော် မရွေးဘူး .."

"ဒါဆိုရင်တော့ မပူနဲ့ .. ရိုက် နဲ့ အဆင်မပြေမယ့်သူဆိုတာ ရှိမှာ မဟုတ်ဘူး .. ရိုက် ရဲ့သဘောက လောဘသဏ္ဌာယ နည်းတယ် .. အေးအေးဆေးဆေး နေချင်တယ် .."

"အဲဒါလည်း လောဘနည်းတော့ အမှား နည်းတာပေါ့ လေးလေးရာ .. ကျွန်တော်ကတော့ ညီလေးနဲ့ ပတ်သက်တာ အားလုံးကို ခပ်ဖော့ဖော့ ထားချင်တယ် .. ကျွန်တော့်မှာ သွေးသားရင်းချာဆိုလို့ ဒီညီလေး တစ်ယောက်ပဲ ရှိတာ .. သူက အိမ့်ဆည်းလည်းလေးပဲ .. သူ ကျေနပ်ပျော်ရွှင်နေတာကိုပဲ မြင်ချင်တာ .."

"ဒုက္ခကို သိမှ သုခချမ်းသာကို တန်ဖိုးထားတတ်တာ ကင်း .. မင်းတို့တွေ စာတတ်လာပါပြီ .. ဟိုတုန်းက အလယ်တန်းကျောင်းသားလေးတွေလို လက်ပိုက်ခိုင်းပြီး ဆူရမာန်ရမယ့် အရွယ်တွေလည်း မဟုတ်တော့ဘူး .. ဒါပေမယ့် လူရယ်လို့ ဖြစ်လာရင် စားဝတ်နေရေး ပြည့်စုံချမ်းသာဖို့ တစ်ခုတည်းပဲ လိုအပ်တာ မဟုတ်ဘူးဆိုတာ မင်း သိရဲ့လား ..၊ မင်းတောင် ဒါကို သေချာ နားမလည်ဘဲနဲ့ ရိုက် က နားလည်မလား .."

"ဟုတ်ပါတယ် .. ဒါပေမယ့် လေးလေးထွန်း က စေတနာတွေထားလွန်းပြီး လောဘကြီးနေတာ .."

"ဘာ!..."

ဦးထွန်း မျက်လုံးကြီး ပိုပြူးသွားသလိုပင် ..၊ နဂိုတည်းက လေးထောင့်ဆန်ဆန် မျက်နှာပြည့်ပြည့် .. မျက်လုံးပြူး၍ နှာခေါင်းခပ်ပွပွနှင့် ဦးထွန်း ရဲ့ ဥပမိရုပ်ကိုက စိတ်ဆတ် အပြောဆိုးသောမျက်နှာမျိုး ဖြစ်



နေရာ ...

"ငါက လောဘကြီးတယ် ဟုတ်လား .."

"ဟုတ်တယ် .. လေးလေးထွန်း တတ်သိနားလည်နေတာတွေကို တစ်ထိုင်တည်းနဲ့ ကျွန်တော်တို့ကို သိမြင်သွားစေချင်တဲ့ စေတနာ လောဘတွေပါ .."

တမင် အလျှောက်ကောင်းတာလား .. ပြောလိုက်တည်းက ဒီသဘောပဲလားဆိုတာ မသိပေ ..၊ အထောင်းသက်သာသွားတာတော့ အမှန်ပင် ..။

"ကျွန်တော့် စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ .. နောက်ပြီး လေးလေးထွန်း က ရောက်လာတဲ့အခိုက်လေးမှာပဲ ကျွန်တော်တို့ ညီအစ်ကိုရဲ့ အမြင်မတော်သမျှတွေကို အားလုံး တန်းစီပြီး အကောင်းအတိုင်း ဖြစ်သွားအောင် ပြုပြင်ချင်တယ် ..၊ နည်းနည်းလေးပဲ လွဲနေတာပါ .. အဲဒါက ညီလေးကတော့ လေးလေးထွန်း ကို ကျွန်တော့်လို နားလည်ချင်မှ နားလည်မှာ .."

ကင်း က သူကိုယ်တိုင် ထသွားကာ ရေခဲသေတ္တာထဲက ရယ်ဒီ သစ်သီးဘူးလေးတွေ ထုတ်ယူသည်။

ပြီးတော့ ပလတ်စတစ်ဖွင့်၍ ပန်းကန်ထဲ ထည့်ယူလာပြီး ဦးထွန်း ရှေ့မှာ တရိုတသေ လာချပေးလိုက်၏။

"ပန်းသစ်တော်လေးတွေ ချိုတယ် လေးလေးထွန်း .."

ဦးထွန်း က တစ်ချက်ပဲကြည့်ပြီး သစ်သီးစိတ်တွေကို စိတ်မပါစွာ စား ...၊

"အခု ငါတို့ ပြောနေကြတာက ရိုက် ရဲ့ အိမ်ထောင်ရေးလား ..၊ ရိုက် ကို ပြုပြင်ပြောင်းလဲရေးလား .. မင်းပဲ ပြောပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးထွန်း ကလည်း .."

ကင်း က ရယ်လိုက်ရင်း နံရံကပ်မီးတွေကို ခပ်လှုပ်လှုပ် လျှောက်ဖွင့်နေကာ ...

"အဲဒါတွေကို ရောထွေးပြောနေတာက လေးလေးထွန်း ပဲ .. ကျွန်တော်မှ မဟုတ်တာ .."

"မင်းဆိုရင် ဘာကို အစီက ပြောမလဲ .."

"လေးလေးထွန်း ရောက်လာခဲ့တဲ့ ညီလေးရဲ့ အိမ်ထောင်ရေးပဲလေ .."

"ပြောတော့လည်း မင်း ထွက်လာတဲ့လေသံက ငါနဲ့အတူ အစီအစဉ်ဖြစ်မြောက်ရေးအတွက် တစ်လေသံတည်း ဟုတ်လို့လား .."

"တစ်လေသံတည်းပါပဲ .. ချက်ချင်းကြီး အင်တိုက်အားတိုက် မစီစဉ်သင့်ဘူးဆိုတာပဲ ပြောချင်တာပါ .."

"ငါက တစ်ခါတည်း စီစဉ်ပေးသွားဖို့ လာတာကွ .."

ဦးထွန်း က သူ့အကျင့်အတိုင်း ဒါဆို ဒါပဲ ဇွတ်တိုးပြောနေကာ...

"ဟိုဘက်က မိန်းကလေးရှင်ကို ငါက ပြောဆို ကြောင်းလမ်းခဲ့ပြီးပြီ .."

ကင်း က လက်မနဲ့ မျက်ခုံးခြစ်ရင်း ပင့်သက်တစ်ချက် ခိုးရှိုက်၏။

"မင်းကို ငါ ရှစ်ရက်တိတိ ကြိုအကြောင်းကြားလိုက်တယ်လေ.. မရင်းနှီးတဲ့သူကို လက်ထပ်ရမှာချင်း အတူတူပဲ .. မိန်းကလေးဘက်က တောင် လက်ခံ သဘောတူခဲ့တာ .. ငါတို့ဘက်က ဘာဖြစ်လို့ အချိန်ဆွဲနေရမှာလဲ .. အချိန်ဆွဲနေတာကို တစ်ဖက်က သိသွားရင်ရော ကောင်းမလား..."

ပြောပြနေရတာက ကိုယ်က လူငယ်ဖြစ်နေသည်။ လူကြီးက





တာနာအရင်းခံနှင့် ဒါရိုက်ရှင်တစ်ခုကိုပဲ မသွေမဖယ် တည့်တည့်နေသည့်အတွက် သူ ပြောနေရတာက ဘေးကျပ်နံကျပ် ...။

"ဒီကောင်လေးကို အိမ်ထောင်ချပေးလိုက်မှ ဘဝဆိုတာ ဘာမှန်းသိလာမှာ ... ချမ်းသာစည်းစိမ်အပြင် နောက်ထပ် တောင့်တင်းပြည့်စုံဘာတွေ လိုသေးသလဲဆိုတာ .."

"အဲဒါတွေ သိရဖို့ အလျင်စလို လိုအပ်နေတယ်ဆိုရင်တောင် အိမ်ောင်ပြုဖို့ မြန်မြန်ဆန်ဆန်ကြီး မလိုအပ်ပါဘူး လေးလေးထွန်း ရာ..တော် လေးလေးထွန်း နဲ့ အတိုက်အခံပြောချင်လို့ ပြောနေတာတ်ပါဘူး .. ညီလေးနဲ့ လေးလေးထွန်း တို့ တွေ့ကြရင် ဒီကိစ္စကြောင့်ားပြော အဆင်ပြေကြမှာ မဟုတ်ဘူး .."

"ဘယ်တုန်းကရော အဆင်ပြေခဲ့လို့လဲ ကင်း .. ငါ ပြောတိုင်းယ်ဟာကို အလွယ်တကူ ခေါင်းညိတ် နာခံခဲ့တာ ရှိလို့လဲ .."

အဲ့ဒါလည်း သိရဲ့သားနဲ့လို့ စိတ်ထဲက ပြောလိုက်မိသည်။ ထိုစဉ်န်း က နာရီ ငုံ့ကြည့်၍ ...

"ခု ကြည့် .. မင်း ဖုန်းဆက်ထားတာ တစ်နာရီ ကျော်နေပြီ .."

"မြို့ထဲလမ်းတွေက ညနေပိုင်းဆို ကားအရမ်းကျပ်တာ .."

"ငါ ခုမှ ရန်ကုန်ရောက်ဖူးတာ မဟုတ်ဘူး .."

"ခုမှ ဒီလိုတွေ ဖြစ်လာတာကို ပြောတာပါ .. ဟိုတုန်းကလည်းတာပဲဆိုရင်တောင် .. အခု ကားကျပ်တာက လမ်းပေါ်မှာ လေးဘီး ရပ်ထားရပြီဆို .. ရွှေ့ကို မရွှေ့တော့တာ .."

ရှင်းပြနေမိပေမယ့် ရိုက် လွန်လွန်းလာပြီကိုတော့ သိနေသည်ထုံးစံအတိုင်း ဒီကောင်လေး ရပ်ကွက်ကြိုကြားက လက်ဖက်ရည်တစ်ဆိုင်ဆိုင်မှာလား .. ဒါမှမဟုတ် ကားလမ်းဘေးက စားပွဲခုံ



www.burmeseclassic.com

www.burmeseclassic.com



ရေမခြောက်တဲ့ ကြိတ်ကြိတ်တိုး လက်ဖက်ရည်ဆိုင်တွေမှာလား ..၊

ဒီစားပွဲက ပြန်သိမ်းတဲ့ မုန့် .. ဟိုဘက်စားပွဲမှာ သွားချပေးသည်

ရှေ့လူ ထသွားအောင် မတ်တတ်ရပ်စောင့်ပြီး ပိုးလိုးပက်လက် စားကြွင်းစားကျန်တွေကို ဝိတ်တာ လာသိမ်းသွားတာနဲ့ ပေကျံစိုစွ နေဆဲလက်စနှင့် စားပွဲပေါ်မှာပဲ ဝင်ထိုင်၍ ကိုယ့်ဘာသာ တစ်သ ဆုတ်ယူပြီး ကိုယ့်ရှေ့ကိုယ် ပွတ်တိုက် သန့်စင် ..၊

မျက်လုံးထဲမှာ မြင်ယောင်တာနဲ့တောင် ကင်း ရဲ့မျက်နှာ ရှုံ့တွ ဖြစ်သွားခဲ့သည်။

ရိုက် ဘာဖြစ်လို့ အဲဒီလို ကြုံသလို ကျသလို ဝင်ထိုင် စားသော နိုင်တဲ့အကျင့်တွေ ရှိလာခဲ့တာလဲ ..၊

ထိုစဉ် ဖုန်းမြည်သံကြောင့် သူတို့နှစ်ယောက်စလုံး မျက်လုံးချ ဆုံသွားကြသည်။

"ရိုက် .. ပြောလေ .. မင်း ခုထိ ပြန်မရောက်ပါလား .."

"ကားတွေ ပိတ်နေလို့ ကိုကြီး .. နောက် ဆယ့်ငါးမိနစ်ဆို ရော ပြီ .."

"ဒါဆို ခုနစ်နာရီ ထိုးပြီပေါ့ကွ .."

သူ ဖုန်းပြောနေတာကို ကြားနေရသဖြင့် ဦးထွန်း မျက်နှာ ညိုမှောင်နေလျက် ခေါင်းတခါခါ ..၊

"လေးလေးထွန်း က ဘယ်တုန်းက အဲလိုစားဖူးလို့လဲ ရိုက် ရ

နောက်ထပ် ရိုက် ပြန်ပြောသည့် စကားတွေကြောင့် ကင်း မျ ရယ်ချင်ပက်ကျိ ဖြစ်သွားသည်။ လွတ်လွတ်လပ်လပ် ရယ်ခွင့်ရမေ လို့ ခိုးကြည့်မိပေမယ့် သူ့မျက်နှာကိုပဲ စိုက်ကြည့်နေသည့် မျက်လုံး ကြောင့် ပါးကုပ်နားကုပ်နဲ့ပဲ မျက်နှာပြန်လွှဲရ၏။



ပြီးတော့ သေချာ ကျော့ပေးပြီးမှ ရယ်လိုက်မိကာ ...

"ခွေးကောင် .. မင်း ပြောတာ ကြားသွားရင် နံရံနဲ့ ခေါင်းနဲ့ ပြေးဆောင့်လိမ့်မယ် .. မြန်မြန်သာ ပြန်ခဲ့ .."

နှုတ်ခမ်းနဲ့ ကပ်ကြိမ်းလိုက်ရင်း ဖုန်းပြန်ချမိ၏။

ပြောသွားလိုက်တာ ..၊

"လေးလေးထွန်း က လွဲနေတာ .. သူ့ဘာသာ ခမည်းလိုနေတာကို များတွေကိုပဲ မိန်းမ လိုက်ပေးစားနေတာ .. သူငယ်ပြန်လာရင်တော့ ားပြီ .." တဲ့ ..၊ ပြီးတော့ ...

"သူ့ဘာသာ မိသားစု လိုချင်နေတိုင်း .."လို့ ပြောပြီး ပွစိပွစိ ာတွေ ရေရွတ်နေမှန်း မသိ ..၊

တွေ့တော့ တွေ့ကြဦးမှာပါ ..၊

ကျ

www.burmeseclassic.com

## အခန်း (၁၁)

"ဘယ်လို ဘွား .. သူတို့က မိန်းကလေးနှစ်ယောက်ကို ရွေး… ဟုတ်လား .."

"ဟုတ်တယ် .."

"ကြိုးကျယ်လိုက်တာ ဘွားရာ .. သူတို့က ဘာတွေမို့လို့လဲ …"

"အရမ်းချမ်းသာလို့ပေါ့အေ .. ရွေးချယ်ခွင့်ဆိုတာ ချမ်းသာတဲ့… တွေမှာပဲ ရှိတာ .."

"ဒါပေမယ့် ကောင်း တို့ကရော ဆင်းရဲနေလို့လား .."

"ဟုတ်တယ် .. ဒီနားပတ်ဝန်းကျင် နဲ့ဆီခွက်လေးထဲမှာ… မဆင်းရဲဘူး .. သူတို့နဲ့ ယှဉ်ရင်တော့ ဆင်းရဲတယ်လို့ ပြောနိုင်… တယ် .."

မခံချင်စိတ်က ထောင်းခနဲ ဖြစ်သွားသည်။

ဒီမင်္ဂလာကိစ္စကြောင့် အကြီးအကျယ် ထိခိုက်ခံစားတာ မရှိ… ပေမယ့် ဒီသတင်း ကြားရကာမှ တစ်ဇွေ့ နှစ်ဇွေ့လောက် ထခုန်… ချင်၏။





"ဟဲ့ .. ပျော်သွားတာလား .."

"ဟာ .. မမမိုး နော် .."

"အမလေးဟယ် .. လန့်သွားတာပဲ .."

မိုးမြေ လန့်သွားသလို ဒေါ်မြသစ် ကပါ လှမ်းကြည့်လိုက်သဖြင့် …ဘာသာ အော်လိုက်ပြီးမှ ခေါင်းငုံ့ထားလိုက်မိသည်။

"အရမ်းချမ်းသာတယ် .. အရမ်းလည်း အလိုလိုက် ခံထားရတဲ့ …လေး .. ပြီးတော့ ကလေးဆန်ဆန် နေတတ်လို့ မိန်းကလေးကိုတော့ …တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့လေးပဲ သူတို့က လိုချင်တာ .."

"အဲဒါများ ကလေးထိန်း ငှားလိုက် .. ပြီးတာပဲ .."

"အေးလေ .."

"အံမယ် .. ကြည့်စမ်း .. ကြည့်စမ်း ..၊ ညီအစ်မနှစ်ယောက် …ကို ရွေ့ထားပြီးတော့ အတိုင်အဖောက် ညီနေကြတာ .."

မိုးမြေ က ဖက်လေးပုပြီး ရယ်ကာ ကောင်း မျက်နှာ ရှုံ့မဲ့နေ၏။

"ဘွားပဲ စဉ်းစားကြည့်ပါဦး .. သူတို့က ကလေးဆန်တဲ့ သားကို …ကျောင်းနိုင်မယ့်မိန်းမ လိုချင်တယ် .. မိန်းကလေးရှင်ဘက်က …လိုယောက်ျားမျိုးကို လိုချင်မလဲဆိုတာက မရှိရတော့ဘူးလား .."

"ဒါတွေက နောက် တဖြည်းဖြည်း ပြည့်စုံလာမှာပေါ့အေ .. လော…ဆယ်တော့ .."

"လောလောဆယ် ကောင်း ကပဲ တုတ်တစ်ချောင်းကိုင်ပြီး သိုး…ကျောင်း .. နွားကျောင်းသလို .."

"ဟဲ့!... ဟဲ့ .. အောင်မယ်လေးဟယ် .. မိန်းကလေး ပါးစပ်တဲ့ ..၊ …သားသမီးကို ပြောနေလိုက်တာ .. အဲဒါ ကိုယ့်ရဲ့ အိမ်ထောင်ဦးစီး …လာမယ့် ယောက်ျား .."



www.burmeseclassic.com

www.burmeseclassic.com



ကောင်း က ရှုံ့မဲ့ ခေါင်းကုတ်ရင်း ...

"မထင်ပါဘူး .. အဲဒီလိုလူက ဘယ်လိုလုပ် အိမ်ထောင်ဦးစီး ဖြ
လာမှာလဲ ..၊ တော်ကြာ ရလာတဲ့ကလေးနဲ့ ရောပြီး ထမင်းခွံ့နေရရင်

"ဘုရား!... ဘုရား .."

ဒေါ်မြသစ် ရင်ဘတ်ဖိသည်။ ပြီးတော့ မျက်နှာကြီး နီမြန်းလာ
ကာ ...

"ဒီလောက် ဆုံးမနေတဲ့ကြားက ပါးစပ်ပေါ့တာ .. လာခဲ့စမ်း

"ဟင်!..."

"အယ်!... အဘွား .."

ဒေါ်မြသစ် ဆက်တီပေါ်က ထသွားပြီဆိုတာနဲ့ ကြိမ်လုံးယူပြီ
သိလိုက်ကာ ကောင်း နဲ့ မိုးဖြေ ထိုင်ရာကနေ ရုတ်ခနဲ ထရပ်ကြ
သည်။

ဒါပေမယ့် ထုံးစံအတိုင်း ဒေါ်မြသစ် တရှုယ်ရှုယ်နှင့် လိုက်ရိုက်
က ကောင်း ပဲ ဖြစ်ကာ ...

"ဘွား .. ဘွားကလည်း .. ကောင်း ဘာပြောလို့လဲ .."

"လာခဲ့ .. ငါ့ရှေ့ကို လာခဲ့ နော် .. ငါ တုတ်ကိုင်ရင် ပြေး
လုံးဝ မကြိုက်ဘူးဆိုတာ နင်တို့ သိတယ် .."

"အဟွန့် .. ဘွားက ရိုက်မှာကို .."

"ဟုတ်တယ် .. လာခဲ့ .. မှတ်အောင် ရိုက်ရမယ် ..၊ ဒီအရွယ်
ရောက်နေကာမှ ငါက ကြီးတောင့်ကြီးမားနဲ့ တုတ်ကိုင်နေရတယ်

"မကိုင်တော့နဲ့ပေါ့ .."

"ဘာ!... ပြောတယ် .."

"ဘုန်း .."





"အား!... ဘွား .."

ရိုက်မိတာက ဆိုဖာပေါ် ..၊

ကောင်း က ခုန်ရှောင်ပြီး ငယ်သံပါအောင် အော်၏။

"လာခဲ့ဆို လာခဲ့ နော် .. ကောင်းကင်လင်း .."

"ဘွား နော် .. ကိုယ့်မြေးမ အငယ်လေးကို ကြိမ်လုံးပြပြီး
ကျိုးပေးစားတယ်ဆိုတာ ဂျာနယ်ပေါ် ပါသွားရင် ကျော်မကောင်း
မကောင်း .."

"ကြည့်စမ်း .. ဒီလောက်တောင် မျက်နှာကြောမသေတာ .."

"ရွှမ်း .. ဘုန်း .."

"အား!... ဟား .. အ .. ဘွား နော် .. ဘွား .. အား!..."

"အောင်မယ်လေး .. အဘွား .. သမီးကို ထိမိကုန်ပြီ .. အား!..."

"မထိမိစေချင်ရင် ဖယ်နေပါလား .. ညည်း .."

"အဘွားက တော်ပြီလေ .. ညီမလေးကိုလည်း ရိုက်မိတာပဲကို.."

"မတော်ဘူး .. ပြေးနေလို့ ပိုရိုက်မှာ .. လာခဲ့ .."

"မပြေးပါဘူး .. ဆိုဖာလေးကိုပဲ ပတ်ရှောင်နေတာ .. ဘွားကို
အသက်သာကြီးတာ .. ဒီလောက် လိုက်ရိုက်နေတာကို မမောနိုင်
.."

ခုန်ရင်း ပေါက်ရင်း ပြောချသွားလိုက်တာ အဆက်မပြတ် ..၊
မြသစ် တကယ်တော့ မောနေပါပြီ ..၊ ဒါပေမယ့် အသက်သာကြီး
သည် စိတ်ကတော့ တိုစရာရှိရင် တိုတတ်နေတုန်း ..၊

"ဘွား .. ဘွားကို နောက် ဘယ်တော့မှ အမောလုံခေး မတိုက်
ဘူး .."

"ကောင်း နော် .. အဘွားကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. အမောပျောက်ဆေး ရှိရင် ပြီးတာပဲ .."

တုတ်ဖျားနဲ့ ခတ်မိသမျှ လက်မောင်းလေးတွေ .. လက်ခုံလေးတွေ .. နီရဲနေသဖြင့် ထိုနေရာလေးတွေကို ပွတ်ကာ ကောင်း က လည်း ငိုသည်။

နောက်ကိုလည်း ထပ်ဆုတ်သွားကာ ...

"ဘွား အရမ်းကို ရက်စက်တာပဲ .. ကိုယ့်သမီးလေးက မွေးခဲ့တာ မဟုတ်တာ ကျနေတာပဲ .."

"ဟေ့ .. ငါ့သမီးက မွေးခဲ့လို့ စောင့်ရှောက်နေရတာ .. ဒီ မျောက်မူးလဲတစ်ကောင် ပါမယ်မှန်းသိရင် .. ဝမ်းက ကျွတ်တည်း ငါလိုချင်တဲ့ပုံစံကို ပန်းပုဆစ်သလို ဆစ်ထားခဲ့မှာ ..၊ ဘယ့်နှယ် ဘ နေရာမှာမှ မိန်းကလေးနဲ့ မတူဘူး .."

ဒေါ်မြသစ် ကလည်း တုတ်မချသေး ..၊

ကောင်း ကလည်း ဝေးသထက် ဝေးအောင် ဆုတ်ရင်း နံရံ ကျောကပ်နေပြီဖြစ်ကာ ...

"အဲ့ဒါတောင်မှ ဘွားက သူငယ်နာမစင်တဲ့လူနဲ့ ပေးစားဖို့ လု တယ် .. ဘယ်သူ့ကို ဘယ်လို ထိန်းရမှာလဲ ..၊ ကဲ .."

"ညည်းကို ဟိုက မထိန်းဘူး .. ညည်းက ထိန်းနိုင်ရမှာ .. အဲ ကြောင့် ခုကစပြီး မြန်မာဆန်ဆန် ဝတ်ရမယ် .. သိမ်သိမ်မွေ့မွေ့ နေ မယ် .."

"အဲ့ဒါဆို မမမိုး နဲ့ ပေးစားပါလားလို့ .."

"သံမာ .. လူကြီးကို သူက ရေခင်းပြစကား ပြောနေသေးတယ် ငါ တယ် .. လေ .."

အဒေးကြီးက တုတ်ရွယ်တာတောင် ကောင်း တွန့်ခနဲ ဖြစ်





ပြီးတော့ နာကျင်နေသည့် အသားစိုင်လေးတွေကို ပွတ်ရင်း မျက်ရည်စက်တွေ စည်ပိုင်းလုံးလောက် ကျလေသည်။

ဒါပေမယ့် ကြောက်လို့သာ တုန်နေရမည် ..၊ ကောင်း ရဲ့ပါးစပ်က ဆိမန်းမန်းနေတဲ့ ပွစိပွစိကတော့ ဘယ်တော့မှ ရပ်မှာ မဟုတ်ပေ ..။

ဘွား ဝင်သွားကာမှ မိုးမြေ ညီမလေးကို ပြေးတွဲ ခေါ်လာခဲ့ရကာ ...

"ကဲ .. တိတ်ပါ ညီမလေးရယ် .. နင်ကလည်း နင် ငိုရင် ငါပါ ငိုချင်တာ သိရဲ့လား .."

"ငိုချင်မှာပေါ့ .. မမမိုး က ယောကျ်ားလိုချင်တာ ရမှ မရတာ.."

"ကောင်း နော် .. နင် .."

"သူများကို ပျော်သွားပြီလားလို့ မေးတာက ရှိသေး .."

"အဲ့ဒါက အရမ်းချမ်းသာတယ် ဆိုလို့လေ ..၊ ငါ ခုချိန်ထိ အိမ်ထောင်မပြုဘဲ နေခဲ့တာက .."

"ရည်းစားမှ မရှိတာကိုး .."

"ငါက မထားတာ နော် .. ခါချနေရသေးတယ် .."

"ဖွန်တွေ .."

"အောင်မယ်လေး .. မျက်ရည်တောက်တောက်ကျနေတာတောင် အစ်မအရင်းကြီးကို ပြစ်မှား စော်ကားအားသေးတယ် .."

မွေ့ရာစပ်မှာ အတူတွဲထိုင်ရင်း လက်မောင်းသားလေးတွေ ရဲနေတာကို ကြပ်ထုပ်ထိုးပေးနေမိသည်။ ပြီးတော့ အားမရနိုင်ဘဲ ရေနွေးဓာတ်လေး ထလုပ်ပြီး ကပ်ပေးမိ၏။

"အဘွားက ခုချိန်ထိ လက်သံပြောင်နေတုန်းပဲ နော်.."

"ဟုတ်ပ .."



www.burmeseclassic.com

www.burmeseclassic.com



အဘွား တစ်ယောက်တည်းကို တစ်ယောက်က ဘွားလို့ပဲ ခေါ်ကာ မိုးမြေ ကတော့ 'ဘွား ခေါ်လိုက် .. အဘွား' ဖြစ်သွားလိုက်ပင်..။

"အဘွား.. နင့်ကို အရင် အိမ်ထောင်ချပေးဖို့ စီစဉ်တာ နင် ကံဆိုးသွားတာပဲ .."

"ကံဆိုးရုံမကဘူး .. အကုသိုလ်ပါ အတုံးလိုက် ပါလာတာ .."

"တကယ်လို့ ငါ အရင် အိမ်ထောင်ကျခဲ့ရင် အဘွားနဲ့ မနေချင်.. ငါနဲ့ လာနေရုံပဲ .."

"ဒါဆို .. ဒီလူကို မမမိုး ယူပါလား ဟင် .."

"အောင်မယ် .."

"သူ့ကျတော့ .."

"မဟုတ်ဘူးလေ .. လူကြီးချင်း သဘောတူကြတာက ငါနဲ့မှ မဟုတ်တာ .. ငါကလည်း လိုချင်လို့ ဖျပ်ဖျပ်လူးနေတာ မဟုတ်ဘူး .. ကိုယ့်ဘာသာ မလိုချင်လို့ မယူတာတောင်မှ မရလို့လို့တော့ အထင်မခံချင်ပါဘူး .. ပြီးတော့ ငါ ဝတ်စားနေထိုင်ပုံက ဒီပုံစံ .."

ရင်စေ့လက်စက ခါးတင်လေးနှင့် ကျောလောက် ဆံပင်ရှည်နက်နက်တို့ကို မိုးမြေ က လက်နဲ့ ဆွဲကိုင်ပြ၍ ...

"နင်က အရင်ယူသွားရင် ငါ့ရဲ့ ဒီပုံစံနဲ့ မစွံတဲ့ အပျိုကြီးပါလို့ မပြောတဲ့လူ ရှိမလား .."

ငိုနေတဲ့လူတောင် သူမကို သနားဖို့ သူမရဲ့ စကားထဲမှာ မျောရပါ၏။

"ကိုယ့်အစ်မကို ထင်သလို ပြောဖို့ပဲ သိတဲ့ ညီမ .."

"ကောင်း က အဲလိုကြီး ပြောချင်တာ မဟုတ်ပါဘူး .. မမမိုး စိတ်ကို သိပါတယ် .. ဒါပေမယ့် .."





"ဒါပေမယ့် .. ဘာဖြစ်လဲ .."

"မမမိုး နဲ့ပဲ အဲဒါကြီးကို ဖြစ်စေချင်လို့ .. တမင် စကားအောက်ကြည့်တာ .."

"ဖြစ်ရလေ ကောင်း ရယ် .."

ရေရွှေးဇလုံလေး ချထားလိုက်ကာ မိုးမြေ က သူမ မျက်နှာက ဝါးဖောင်းဖောင်းလေးတွေ မို့တက်သွားတဲ့အထိ နှုတ်ခမ်းပိတ်၍ သက်ပြင်းချ၏။

"အဘွားက ငါနဲ့လုည့်ပြီး စီစဉ်ဦးတော့ အဲ့ဒီကလေးစိတ်နဲ့ တစ်ယောက်ကို ငါ ဘယ်လို ကိုးကွယ်ရမှာလဲ .. ယောကျ်ားဆိုတာ အထင်ကြီး ကိုးကွယ်လောက်စရာ ရှိမှ အိမ်ဦးနတ် ဖြစ်မှာပေါ့ .."

"ကောင်း ကျတော့ ဘယ်လိုယောကျ်ားဖြစ်ဖြစ် ယူရမှာပဲပေါ့ .. ဟုတ်လား .. ဘွားနဲ့ မမမိုး တို့က .."

"မဟုတ်ဘူးလေ .. တချို့ဆို ချမ်းသာတာကို လက်လွှတ်မခံချင်တာနဲ့ အသက်ကြီးကြီး မုဆိုးဖို တစ်ခုလပ်တွေနဲ့တောင် လူကြီးတွေက အတင်းပေးစားကြတာ .. အခု ကိုယ်နဲ့ရွယ်တူ .. ချမ်းလည်း ချမ်းသာဆယ် .."

"မမမိုး ရာ .. ပြောလိုက်သမျှ ချမ်းသာတာကြီးက မပါ မပြီးအဲ .."

"ဘယ်ပြီးမလဲ .. ငါကတော့ .. ခုနစကား ပြန်ဆက်ရရင် ခုချိန်ထိ အိမ်ထောင်မပြုဘဲ နေခဲ့တာ ငါ လိုချင်တဲ့ပုံစံ မရလို့ပဲ .. အခိကက ငါ့ထက် အဆပေါင်းများစွာ ချမ်းသာရမယ် .. သူက သိပ်ချောတဲ့လူ မဖြစ်ရဘူး .. ငါ့ကို အလိုလိုက်ရုံတင်မဘူး .. ငါ့ညီမလေး ဆိုးနွဲ့သမျှ စိတ်အကြိုက် အိတ်နှိုက်သုံးခွင့် ပေးနိုင်တဲ့သူ ဖြစ်ရမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးတွေကတော့ လန်းနေတာပဲ .."

"တကယ် အကောင်အထည် မဖော်နိုင်တော့ဘူးဆိုရင်တော့ ဒီတစ်သက် မရရင်လည်း နေပါစေတော့ .. နင်သာ အိမ်ထောင်ပြုဖို့ဖြစ်မလာရင် အပျိုကြီးလုပ်နေရတာ ဘယ်လောက် အေးချမ်းလဲ သိလား.."

"အပျိုကြီး လုပ်ရတာကို ဒီလောက် သဘောကျနေရင်လည်း လူတွေ အတင်းအဖျင်းပြောတာ ဘာဖြစ်လို့ ဂရုစိုက်နေတာလဲ .. လိုချင်ရင် ယူမယ် .. မလိုချင် မယူဘူး .. ဒါပဲပေါ့ .."

"နင်က ဂရုမစိုက်ပေမယ့် ငါက စိုက်လို့ပေါ့ ညီမလေးရယ် .. နင်က နင် .. ငါက ငါပဲ .. စိတ်ချင်း တူနိုင်ပါ့မလား .."

"မမမိုး .."

"ဟင် .."

"ဟိုလေ .."

"ဘာလဲ .."

သွယ်သည် ဝိုင်းသည့် မမည်ဘဲ ပါးလေးတွေ သိသာစွာ ဖောင်းနေသည့် မိုးမြေ ရဲ့ မျက်နှာလေးကို ကောင်း က သေချာကြည့်သည်။

သူမ ပြောချင်တာကို သေချာအောင် စဉ်းစားလိုက်ပြီးမှ ခပ်ဖြည်းဖြည်း ခေါင်းခါ၍ ...

"ပြီးမှပဲ ပြောတော့မယ် .."

"ဘာပြီးမှလဲ .. ပြောစမ်းပါ ..၊ ငါ့ကို အဲ့လို အစလုပ်ထားရင် အရမ်း သိချင်တာ .."

"ပြောမှာပါ မမမိုး ရယ် .. ဒါပေမယ့် ပြီးမှပဲ .."

"အေးလေ .. ဘယ်ဟာ ပြီးမှလဲ .."

"ပြီးမှပါ ဆို .."





ကောင်း နေရာမှ ထထွက်လာရင်း မျက်ရည်စိုလက်စတွေကို ပွတ်သုတ်ပစ်သည်။

ပြီးတော့ ဘွား ပြောတဲ့ စကားတွေကို ပြန်စဉ်းစားမိကာ ...

"ချမ်းသာပေါ့ .. ချမ်းသာတိုင်းပဲ သူတို့ ပန်းကုံးစွပ်ခံဖို့ ငါက ပြိုင်ပွဲဝင်ရမှာလား .. သေလိုက် .."

တစ်ယောက်တည်း ပြောနေရင်း အားပါလာကာ မဲ့မဲ့ရွဲ့ရွဲ့တွေ ဖြစ်ကုန်၏။ သူမနောက်ကို ထက်ကြပ်မကွာ ပါလာသည့် မိုးမြေ က ညီမမျက်နှာကို သေချာကြည့်၍ ဘေးတိုက်ကနေ တအံ့တဩ ..၊

"ပြီးတော့ သူတို့လူက ကျပ်မပြည့်တဲ့ အရူး .."

ဘုရားရေ!...

အကျယ်ကြီး ပြောချလိုက်သဖြင့် အဘွား ကြားသွားမှာ စိုးကာ ရင်ဘတ်လေး ဖိရင်း ဘုရား'တ'မိ၏။

အဘွားနဲ့ ကောင်း နဲ့တော့ တကယ် မလွယ်ပါလား ..၊

ကု



www.burmeseclassic.com

## အခန်း (၁၂)

မိုးဖွဲလေးတွေ ကျနေသည့်ကြားထဲ ကားက ထိုးရပ်သွားသည်။

"တောက်!..."

ဘယ်လို ပြန်နှိုးကြည့်လို့မှ မရတော့သဖြင့် စိတ်တိုသွားကာ စတီယာရင်ကို ထုလိုက် .. ခေါင်းကုတ်မိလိုက် ...၊

"တီ .. တီ .."

သေလိုက် ...၊

ကားပျက်နေပါတယ်ဆိုမှ ကိုယ့်ဘာသာ ရှောင်သွားပါလား ...၊

"တီ .. .."

ဟွန်းသံရှည်ကြီးတွေနှင့် နောက်ကားတွေ ပွတ်ကပ် တိမ်းရှောင်သွားကြ၏။

ပြီးတော့ ကားထဲကနေ လူကို လှမ်းကြည့်သွားကြသေး၏။

ရှက်လည်း ရှက် .. စိတ်တွေလည်း တိုကာ ဒီကားကို မီးပုံရှို့ခဲ့ရကောင်းမလားလို့ တွေးလိုက်မိသည်အထိ ...၊



"ကားအကောင်းစား ဘာလုပ်ဖို့လဲ ကောင်း .. ခုခေတ်မှာ ငါးဆယ်တစ်ရာ ရှိရင် ကားအသစ် စီးလို့ ရတယ် .. ကိုယ်ပိုင်ကား စီးနိုင်တဲ့လူတန်းစား .. မစီးနိုင်တဲ့လူတန်းစားဆိုတာလည်း မရှိတော့ဘူး .. ကားဟောင်းစီးနေရင် အဲဒါ အမြဲတမ်းတည်းက ကိုယ်ပိုင်ကား စီးလာခဲ့တဲ့လူ .. ဒါပဲ"တဲ့ ...။

ခုတော့ ကားဟောင်းကြီး စီးရတာ ဂုဏ်ရှိသေးရဲ့လား ...၊

လမ်းမလယ်ကောင်မှာ ကားက ပျက်နေသည်။ ဘေးချရပ်လို့တောင်မှ စက်က ပြန်နှိုးလို့ မရတော့ပေ ...၊

ထို့ပြင် ဖုန်းဆက်ဖို့ ကောက်လိုက်တော့လည်း ခေါ်နေကာမှ Low Battery ဆိုပြီး ပြတ်ကျသွား၏။

ဘာလုပ်ရမှန်း မသိတော့ဘဲ ကားပေါ်က ဆင်းလို့လည်း မဖြစ်...၊

ဒီအဖြစ်ကြီးနဲ့ ယာဉ်ထိန်းရဲတွေ ရောက်လာမှ ကားကို ကြိုးနဲ့ဆွဲရတော့မှာလား ...၊

"ကျွတ်!..."

ရှက်သည့်စိတ်တွေ တစ်စခန်း ပြန်ထလာကြ၏။

ခုနေ တံခါးဖွင့်ပြီး လမ်းပေါ် ခုန်ချလိုက်လို့ကတော့ နောက်ကားတက်ကြိတ်ပြီး ပွဲချင်းပြီးသွားမှာ သေချာသည်။

သူမ တကယ်ကို သေချင်စိတ် ပေါက်လာတာ ဖြစ်သည်။ ထိုစဉ်...

"ဟေး .."

ဘေးမှာ ကားမှန်ကို လာပုတ်မှ လှည့်ကြည့်မိ၏။

"ဟင် .. ရိုက် .."

ချက်ချင်း မျှော်လင့်ချက်တွေနဲ့ ဝမ်းပမ်းတသာထဖြစ်ကာ မှန်နားချလိုက်၍ ...

www.burmeseclassic.com



“ကားပျက်နေတယ် .. ဘာလုပ်ရမှန်း မသိတော့ဘူး ..”

“တံခါးဖွင့်လေ ..”

“အင်း .. အင်း ..”

နောက်ကားတွေကို လက်ကာပြရင်း ရိုက် က တံခါးဖွင့် ဝင်လိုက်၏

“ဘာဖြစ်တာလဲ ..”

“မသိပါဘူးဆိုမှ .. ဒီတိုင်း ထိုးရပ်သွားတာ ..”

“မသိရင်လည်း ဝပ်ခ်ရှော့လေးဘာလေး ဖုန်းဆက်လေ .. လမ်းမလယ်ကောင်မှာ ..”

“ဖုန်းက ဘက်ထရီခေါင်းနေတယ် .. လုံးဝ ပိတ်ကျသွားပြီ ..”

“ဒုက္ခပဲ .. ငါ့ဖုန်းကလည်း ပိုက်ဆံမထည့်မိလို့ ခေါ်လို့ မရဘူး..”

“ရှင်ကလည်း တစ်မျိုး ..”

“ဩော် .. မင်းကပဲ ပြောရတယ် ရှိသေးတယ် ..”

“ပိုက်ဆံဖြည့်ဖို့ မေ့တာက အပြစ် ပိုမကြီးဘူးလား ..”

“ဘက်ထရီသွင်းရမှာလေးကို မသွင်းတာကရော ..”

“အဲဒါက အိမ်မှာ လုပ်ရတဲ့ကိစ္စလေ .. သွားလာနေရတာတွေပဲ များနေတဲ့သူက ပြန်ရောက်သွားတာနဲ့ ပင်ပန်းတော့ အိပ်ချင်တာပေါ့.. အိတ်ကို ပစ်ချပြီး အိပ်ရာ တန်းဝင်မိရင် အိတ်ထဲက ဖုန်းကို အားသွင်းဖို့ သတိမရတာ အပြစ်ရှိလား ..”

ကြည့်စမ်း ..။

ရန်တွေ့နေလိုက်တာ မျက်တောင်ဖျားတွေ မေးစင်းနေကာ နှုတ်ခမ်းကပါ ဝလုံးလေး ဖြစ်နေတော့သည်။

“ရှင်က အပြင်မှာ သွားလာနေတာ ‘ငွေဖြည့်ကတ် ရပြီ’ ဆိုပြီး





ဆိုင်းဘုတ်ကပ်ထားတဲ့ဆိုင်တွေများ နေရာတိုင်းမှာ ရှိတယ် .. ဘယ်သူ့ ပိုပေါ့ဆတာလဲ ..”

“ကောင်းကင်လင်း ..”

“ဘာလဲ ..”

“မင်းကားထဲထိ လာပြီး ငါက အပြစ်ချင်း တိုင်းပြနေတာလား..”

“ရှင် ကူညီဖို့ လာပြီဆိုပြီး ဝမ်းသာနေတာလေ .. အခု ..”

“ဝမ်းမသာနဲ့တော့ မကူညီတော့ဘူး ..”

“ဟင်!... ရိုက် ..”

တံခါးဖွင့်ဆင်းဖို့ တကယ်လှည့်လိုက်တော့ ကောင်း ကမန်းကတန်း ပြန်ဆွဲထားမိကာ ...

“ရှင် စိတ်ပုတ်လှချေလား ..”

“ဘာ!...”

“ကောင်း ဒီမှာ ဒုက္ခရောက်နေတာကို ရှင် တမင်လာကြည့်ပြီး လက်ခုပ်တီးချင်ရုံလား ..”

“ဟုတ်တယ် .. အပြင်ထွက်ပြီးမှ အားလုံးကို အော်ပြီး တီးမလို့..”

“ရိုက် ..”

လက်မောင်းအင်္ကျီစကို ဆွဲထားသဖြင့် လွှဲမြှောက် ခါချပစ်လည်း မရ ..။

ကောင်း က အသေ ဆုပ်ဆွဲထားကာ ...

“ရှင် ယောက်ျားကြီးဖြစ်ပြီး သည်းခံစိတ်လည်း မရှိပါလား ..”

လာပြန်ပြီ တစ်မှု ..။

“ဘယ်သူမဆို စိတ်ညစ်နေရင် ထင်ရာပြောမိ .. စကားမှားမိ ဖြစ်တတ်တာပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မင်းစိတ် ပြောင်းလဲမယ့် အခြေအနေ အချိန်အ ကိုပါ ငါက အလွတ်ကျက်ပြီး သည်းခံ ပေါင်းသင်းရဦးမယ် .."

ကောင်းကင်လင်း ဆိုသည့် မျက်နှာလှလှလေးက သူ့အတွက် တော့ မြင်လိုက်ရတိုင်း အေးချမ်းတာ ဘာမှလည်း မမြင် ..၊

ခုလိုမျိုး ကိုယ့်ဘက်က စေတနာထားပြီး တစ်ခုခု ပတ်သက်မိ မျိုး ရှိလာတိုင်းလည်း ကျေးဇူးတင်ခံရဖို့ မပြောနဲ့ ရုပ်ကွက်ထဲ ပြောသလို ပြောရလျှင် 'ကျေးဇူးမတင် ဘာလုန်ပြ' လဲ ..၊

"ရိုက် .."

"ဘာလဲ .."

"တော်ကြာ ကောင်း ရဲ့ကားကို ယာဉ်ထိန်းရဲတွေ လာဆွဲ မှာ .. အဲဒါ လုပ်ပါဦး .."

ရိုက် စိတ်တိုတာကို ဘေးဖယ်ထားလိုက်ရကာ ...

"ငါ့ကား ဟိုဘက်ကြားထဲမှာ ထိုးထားခဲ့တယ် .. အဲဒါ လမ်း ထဲဝင်ပြီး ပြန်မောင်းခဲ့မယ် .. ပြီးရင် ရှေ့က ကြိုးနဲ့ဆွဲသွားပေးမယ်

"ကြိုးကြီးနဲ့ .."

"မင်းကားက လုံးဝ မနိုးတော့ဘူး ဆို .."

နောက်ဆုံးတော့ ယာဉ်ထိန်းရဲ လာဆွဲတာထက်စာရင် အကော ဆုံးပဲလို့ တွေးပြီး ဒီနည်းအတိုင်းပဲ လုပ်လိုက်ရင်း ဝပ်ခ်ရှော့ရောက် ညနေစောင်းနေပါပြီ ..၊

"ကဲ .. မင့်ကားက ကြာဦးမှာ တဲ့ .. ဘယ်လိုလုပ်မှာလဲ .."

"ပြန်မှာပေါ့ .. ရှင် ကောင်း ကို ပြန်ပို့ပေးပါလား .."

"မပို့ပေးနိုင်ဘူး .."

"ဘာ!..."





ရိုက် က ထပ်မပြောတော့ဘဲ ကားဆီ လျှောက်သွားသဖြင့် နောက် လိုက်သွားမိကာ ...

"ရိုက် .. ရှင်က ကောင်း ကို ဒီတိုင်း တကယ် ထားခဲ့မလို့လား.."

"မထားလို့ ငါက ဘာလုပ်ပေးရဦးမှာလဲ ..၊ ဒီမှာ .."

ရိုက် က ကားတံခါးဖွင့်ပြီးမှ ပြန်ဆောင့်ပိတ်ပြီး လှည့်ကြည့် ည်။

"မင်းလို မိန်းကလေးနဲ့က မပတ်သက်အောင် နေလေ အန္တရာယ် လေ.. ငါသာ အမှတ်မရှိလို့ ခဏ ခဏ ပတ်သက်မိ.. ခဏ ခဏ ဆိုးလဲ .. မင်းပဲ ကောင်းတာ .. မင်းပဲ တော်တာ .."

"အောင်မလေး .. ရန်တွေ့ကောင်းလိုက်တာလည်း မပြောပါနဲ့ ..."

ဒီစကားကြောင့် ဒေါသစိတ် နည်းနည်းက အများကြီး တိုးပွား၍ င့်ခုန်တက်လျက် ...

"မင်းက ငါ့ကို မိန်းမလို မိန်းမရလို့ ပြောတယ် .. ဟုတ်လား.."

"အဲလို မဟုတ်ပါဘူး .. ရှင် စကားတတ်တာကိုပဲ ပြောချင်တာ.."

လောလောဆယ် အားကိုးမဲ့နေပြီမို့ ကောင်း ကလည်း အမှားတွေ ပဲ ဝန်ခံနေရှာလျက် ...

"ဒီနားမှာ တက္ကစီ ရှားလို့ပါ .. ရွှေဂုံတိုင်ထိပ်ထိတော့ ပို့ပေး.."

သူများအပေါ် ကြာကြာ စိတ်ဆင်းရဲမှု မပေးတတ်ခဲ့သည့်အကျင့် ကောင်း ပြောသမျှကို အောင်မြင်စေခဲ့တာ ထင်သည်။

ကောင်း က ကားကို သေချာ ပြေးမှာပြီး သူ့ကားပေါ် တက်ထိုင် ာ ...

"ရှင် သွားစရာရှိတာ သွားလေ .. ကောင်း က ဖြစ်သေးတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဖြစ်သေးတာလဲ .."

သူ ဂျစ်ကန်ကန်ကြည့်တာကို ကောင်း က အမှတ်မထ
မျက်ဝန်းလေးတွေနှင့် ...

"ကောင်း က ကားကပ်စီးရတာလေ .. အဲ့ဒါကြောင့် ပြော
ရှင့်ကိစ္စ လမ်းကြောင်းတွေ သွားပြီးမှ ကောင်း ကို ပြန်ပို့လည်း
လို့ .."

"ဘယ်မှ သွားဖို့ မရှိဘူး .."

သူ ဘုဆတ်ဆတ်ပြောပြီး ကားမောင်းထွက်လိုက်လျှင်
မချင့်မရဲ ဖြစ်ကျန်ခဲ့၏။ သူမ အိမ်ကို တန်းမပြန်ချင်သေးပေ

ထွက်လာရတဲ့ ရည်ရွယ်ချက်ကိုက ...

"ရိုက် .."

ကားမောင်းနေရင်း ရိုက် က လှည့်ကြည့်သည်။

"တကယ် ဘယ်မှ သွားစရာ မရှိဘူးလား .."

"မရှိပါဘူး ဆို .. မင်းက ဘာဖြစ်နေတာလဲ .."

"မဖြစ်ပါဘူး .."

သူမ မရိုးမရွ မငြိမ်မသက် ဖြစ်နေတာကို မျက်လုံးတွေ
သေပြနေ၏။ ကားမောင်းနေရင်း နောက်ကြည့်မှန်ကနေ သူမ
ကို စူးစိုက်ကြည့်မိသည်။

ကောင်း က တစ်ယောက်တည်း မျက်မှောင်ကုတ် စဉ်းစာ
နားထင်ကို လက်ညှိုးနဲ့ ခြစ်လိုက်နှင့် တစ်ခုခုကို အပြင်းအထ
ထုတ်နေတာကတော့ သေချာပါပြီ ..။

ဒီအကြံထဲမှာ သူပါ ပါနေသလား ..။

"ရိုက် .."





မရမက စဉ်းစားနေတုန်း ကောင်း အသံ ထွက်လာပြီး ...

မကွေ့နဲ့ .. မကွေ့နဲ့ဦး .."

ဘာဖြစ်လို့လဲ .."

တည့်တည့်ပဲ သွားလိုက်ပါ .."

ကောင်းကင်လင်း.. မင်း အိမ်ပြန်မှာဆို .. အိမ်ကိုပဲနော် .. သွား
ရာတွေ လိုက်ပို့ရအောင် ငါက မင်းရဲ့ ဒရိုင်ဘာ မဟုတ်ဘူး.."

မဟုတ်ပါဘူး .. ကုက္ကိုင်းဘုံကျောင်းရှေ့မှာပဲ ဆင်းတော့မလို့.."

ဘာ!... ကုက္ကိုင်း .."

မေ့နေတာပါ ..။

ကုက္ကိုင်းဆိုမှ သတိရသည်။ နာရီကြည့်လိုက်တော့ သူ့အတွက်
ရှိတော့ပေ ..။

သို့သော် တစ်ဆက်တည်း ခေါင်းထဲမှာ လက်ခနဲ ဖြစ်သွားကာ
ရဲ့မျက်နှာကို လှည့်ကြည့်လိုက်မိ၏။

သူမက ခုနကလို နေမထိ ထိုင်မသာ ပူလောင်နေပုံမျိုး မဟုတ်
ပေါင်ပေါ်တင်ထားသော အိတ်အညိုရောင်လေးပေါ်မှာ လက်
ပ်လေးတွေနဲ့ တောက်ဆော့ရင်း အပြင်ဘက်ကို လည်ပင်းလိမ်
တမင်တကာ ကြည့်နေတာ သိသာစွာ ..။

နဲ့ .. ကောင်းကင်လင်း ..။

ားက လမ်းဘေးမှာ စိုက်ခနဲ ထိုးရပ်သွား၏။

ဟင် .. ကား ဘာဖြစ်သွားတာလဲ .."

ရပ်သွားတာလေ .. ကဲ .. မင်း ဆင်းတော့ .."

ဘယ်လို!..."

ဒီမှာ ကောင်းကင်လင်း .."

www.burmeseclassic.com

www.burmeseclassic.com



ရိုက် က စတီယာရင်မှာ လက်တင်ထားလိုက်ပြီး သူမဘက်
ကိုယ်တစ်ခြမ်းစောင်း လှည့်ကာ ...

"ကုက္ကိုင်းဘုံကျောင်းမှာ ကွန်စထရပ်ရှင် ဘုရင် ဦးချမ်းမြေ့
လူစုနဲ့ ငါ ချိန်းထားတာကို မင်း သိနေတယ် မို့လား .."

"ဟင့်အင်း .. မသိပါဘူး .."

"ဟွန့် .."

ရိုးနေပြီဆိုသည့် မဲ့ပြုံးနှင့် ရိုက် က ဂီယာပေါ် လက်တင်လို
သည်။ ကိုယ်နဲ့ ချိန်းထားပြီးမှ သူမ ဘာတတ်နိုင်မှာမို့လဲ ..၊ ထို့ကြော
နေရာမှ ဆက်ထွက်လာခဲ့ရင်း ...

"မင်းရဲ့ ဖြတ်ခုတ်ကျော်တက်တတ်တဲ့ ဉာဉ်အတိုင်း ငါ မေ့
တာကို မပြောဘဲ နေလိုက်ရင် ပြီးပြီ ..၊ ခုဟော့ မင်း ဘာမှ လုပ်မရတော
ဘူး .. စိတ်မကောင်းစရာပဲ .."

ကောင်း က နှုတ်ခမ်းကွေကို ဖိကပ်စေ့ပိတ်ထားပေမယ့် ရယ်ဖြ
ရိပ် ထင်သွားသည့် မျက်ဝန်းတို့နှင့် ...

"ဒီနေ့က ဆန်းအေးဆိုတော့ အလုပ်ကိစ္စတွေ ပြောချင်ပါ့မလာ
ရိုက် ရဲ့ .. ဆန်းအေးဆိုတာ မိသားစုတွေ အပြင်ထွက်ကြ .. လည်ပတ
စားသောက်ကြနဲ့လေ .. ရှင်တောင်မှ မေ့နေသေးတာ သူတို့လည်း ..

"မင်း ပါးစပ်ကို ပိတ်ပြီး အေးဆေးလိုက်ခဲ့ ကောင်းကင်လင်း
အေး .. မင့်ဘာသာ ဖြစ်တယ်ဆိုပြီး လိုက်လာတာနော် .. ဘယ်လော
ကြာကြာ မင်း နေရတော့မှာ .."

ကောင်း က မတတ်နိုင်ဘူးဆိုသည့် မျက်နှာလေးနှင့် ပခုံးတွန့်
သည်။ ကားက သိပ်မကြာခင် ဘုံကျောင်းထဲကို ချိုးကွေ့ဝင်လိုက်၏

"ဟား .. ကားတွေ များလှချေလား .."





ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း ပါကင်ယူစရာမရှိသည့်အဖြစ်
ကြောင့် စိတ်ပျက်သွားမိသည်။

ခြံဝင်းထဲ ကွေ့ဝင်လိုက်ပြီးမှ ဒီတိုင်းရပ်ထားရစဉ် ဝန်ထမ်းကောင်
တစ်ယောက် ရောက်လာကာ ...

"အစ်ကိုက ဒီက ဖိတ်ထားတဲ့ ဧည့်သည်လား .."

"ဘာဧည့်သည်လဲ .. စားသောက်ဆိုင်ကို စားသောက်ဖို့ လာတာ

"မဟုတ်ဘူး ခင်ဗျ .. ဒီမှာ ဒင်နာအတွက် အော်ဒါ လက်ခံထားလို့
"

"ဒီမှာ .. ဒီမှာ .."

ကောင်း က ဟိုဘက်ကနေ တံခါးဖွင့် ထွက်သွားကာ ကောင်လေး
ခေါ်လိုက်၏။

"ငါတို့က ဒင်နာဖိတ်ထားတဲ့ ဧည့်သည်တွေပဲ .. ကားထိုးဖို့
င်ပြပေးလိုက် .."

"ဟုတ် .. ဟုတ် .."

ကောင်လေးက 'ခုနက ဒီလိုပြောပါလား'ဆိုသည့် အကြည့်နှင့်
ကိုလည်း လှမ်းကြည့်သည်။ ပြီးမှ လက်ပြရင်း ရှေ့က ထွက်သွား

ကောင်း က သူ့ကို ပြုံးပြပြီး နောက်က လိုက်မောင်းသွားဖို့ လက်
ပြ၏။

ရိုက် မျက်မှောင်ကုတ်သွားသည်။ သူမကတော့ ဆလင်းဘက်ခ်
ခုံးပေါ် ထပ်ဆွဲတင်ကာ သူ့ရှေ့မှာပဲ ကြော့ကြော့မော့မော့လျှော
င်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း .. ကောင်းကင်လင်း ..၊

သည်းခံတတ်ပေမယ့် ဒေါသဖြစ်လွယ်သည့် အားနည်းချက်က လည်း ရှိနေပြန်ကာ ရိုက် တက်ခေါက်လိုက်မိသည်။

သူ့မှာတော့ ပါကင်ထိုးစရာ ရှာရင်း တရွေ့ရွေ့ ပတ်မောင်းနေရ ကာ ကားထားလို့ ရတော့လည်း ဘယ်ကနေဘယ်လို ပြန်လျှောက်သွား ရမှန်း မသိသေး ..၊

"ဒီတည့်တည့်က ဖြတ်ဝင်သွား အစ်ကို .. စားသောက်ဆိုင်နဲ့ အတည့်ပဲ .."

သူ ရောက်ရှိသွားချိန်မှာတော့ ကောင်း က တော်တော်လေး အဖွဲ့ ကျနေပြီဖြစ်ကာ ...

"လာ ထိုင်လေ ရိုက် .. အဟွန်း .. ကျွန်မတို့က အတူတူ တစ်ဖွဲ့ တည်းပဲလေ .. တစ်ခါတလေ အရေးကြီးမှ တစ်ယောက် တစ်နေရာ လူခွဲပြေးကြတာ .." တဲ့ ..။

လျော်ကန် သင့်မြတ်လှပါသည်။

အသုံးချလိုက်စမ်းပါ .. ခင်ဗျား လိုတဲ့အတိုင်း ..၊





အခန်း (၁၃)

"ကောင်း ရယ် .. နေရာတကာ အဲ့ဒီလို လိုက်ပြီး အနိုင်ယူနေတာ [illegible] မကောင်းဘူးနော် .. မုန်းရာကနေ ငြိုးသွားလိမ့်မယ် .. သတိလည်း [illegible]ဦး .."

သူငယ်ချင်းကောင်းလေး တစ်ယောက်ပဲ ရှိသည်။ သူ့ကိုပဲ ဘာဖြစ် [illegible] ပြောပြခဲ့ပေမယ့် နားထောင်ပြီးတိုင်းလည်း ဘယ်တော့မှ အားပါး [illegible] ထောက်ခံတယ်ဆိုတာ မရှိ ..၊

'နင် မှန်တယ်'လို့ ပြောဖို့ဆိုတာ အဝေးကြီးပင် ..၊

"ငါ ကြားနေရတာကတော့ ရိုက် က အရမ်းသဘောကောင်းတာ [illegible] - သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ညှာတာတယ်ဆို .. သူက [illegible]ချေးဆိုတော့ ဒါ ဖြစ်နိုင်တာပဲ .."

"အေးလေ .. သူ ချမ်းသာလို့ သူ့ပိုက်ဆံနဲ့သူ ထင်ရာ လုပ်နေတာ.. [illegible] သိရင် ဘာလို့ ချီးမွမ်းနေလဲ .."

"ပိုက်ဆံပေါတိုင်း ညှာတာစိတ် ရှိတာ မဟုတ်ပါဘူး ကောင်း [illegible] - ချမ်းသာလေ ပိုလိုချင်လေ .. လောဘစိတ်က ကြီးမားသောရင် [illegible]တာမသတ်တော့ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူ့ကို ငါကချည်းပဲ အနိုင်ယူနေတယ် .. ငါ ပြန်လျှော့ရမယ်ပေါ့ .. ဟုတ်လား .."

"ဟုတ်တယ် .. နင် နိုင်နေတာတွေ များနေပြီ .. ပြီးတော့ တရားသောနည်းနဲ့ နိုင်တာလည်း မဟုတ်ဘူး .."

"သဥ္ဇာ .. နင်ပဲ ငါ့ကို ဖုန်းဆက်ပြောလို့ ငါက အဲ့ဒါကို ကျေးဇူးတင်နေတာ .."

"ဟုတ်ပါတယ် .. ငါလည်း ရချင်းရရင် ကိုယ့်သူငယ်ချင်းပဲ ရစေချင်လို့ပါ .. ဒါပေမယ့် နင့်မှာ အဲ့ဒါမျိုးတွေ တော်တော်များနေပြီ .."

ကောင်း က ပခုံးလေးတွန့်၍ ရယ်နေသည်။

သဥ္ဇာ ကလည်း မဂ္ဂဇင်းတိုက်မှာ အယ်ဒီတာ ဖြစ်သည်။ သူ့အစ်ကိုကတော့ ရုပ်ရှင်ထုတ်လုပ်ရေးက အမျိုးသမီးနဲ့ လက်ထပ်လိုက်သဖြင့် ရုပ်ရှင် ဗီဒီယိုလောကနှင့်လည်း အဆက်အသွယ်မပြတ် ရှိနေသူ ဖြစ်သည်။

နှစ်ယောက်သား စိတ်အပန်းဖြေလို့ သတ်မှတ်ပြီး အင်းလျားကန်ဘောင်မှာ မကြာခဏ ဆုံဖြစ်ကြ၏။

ဆုံကြတိုင်းလည်း မုန့်ဆိုင်တွေ .. ခုံတန်းလျားတွေမှာ ဘယ်တော့မှ မထိုင်ပေ ..။

သဥ္ဇာ ကပဲ မုန့်ပဲသရေစာတွေ .. ရေဘူးနဲ့ ကော်ဖောတွေ ယူလာတတ်ကာ အစွန်အကျဆုံး စည်ကားတဲ့နေရာတွေနဲ့ ဝေးရာမှာသာ ထိုင်ဖြစ်ကြ၏။

သဥ္ဇာ က အာလူးကြော်ထုပ်ကို သူပဲ ဖောက်ပေးကာ ...

"နေဦး .. အာလူးကြော် မစားနဲ့ .. အာလူးဆိုတာ ဓာတ်ယတြာတွေမှာ အညံ့ဓာတ် ဆောင်တယ်တဲ့ .."





"ပေးပါဟာ .. ငါ အဲဒါတွေ အယူမရှိပါဘူး .."

"မစားပါနဲ့ဆို ကောင်း ရယ် .. ငါကလည်း ဘာလို့ ဝယ်လာမိလဲ သေိဘူး ..၊ မစားနဲ့ .. မစားနဲ့ .."

ပြောပြီး ခြင်းလေးထဲ ပြန်ထည့်လိုက်၏။

"ဒါ စား .."

"ငါးမုန့်ကြီး .. ညှီက ညှီနဲ့ .."

"သြော် .. ညှီမှ ကောင်းတဲ့ဟာကို .."

လက်ထဲ အတင်းထည့်ပေးကာ ကုတ်ဒ်တစ်ဘူးပါ ချပေး၍ ...

"ငါ အဲဒါကို အံ့သြနေတာ .. နင်နဲ့ကျမှ ဒီလူနဲ့ အပြိုင်အဆိုင် ဖြတ်ကျော်ရိုက်စားတွေ ဖြစ်လာတယ်ဆိုတော့ .."

"သူ တစ်ခါမှ ဖြတ်မကျော်ရှာပါဘူး .. အလကား တော့ .."

"အေး .. ဟုတ်တယ် .. လူကောင်းနဲ့ လူဆိုးဆိုတာ ကောင်းတဲ့လူက လူဆိုးက နှာတဖျား အမြဲတမ်း သာတာပဲ .. ဂုဏ်ယူမနေနဲ့ .."

"ဂုဏ်ယူရတာပေါ့ .. ငါက လူဆိုးမဟုတ်သလို သူကလည်း လူကောင်း ဟုတ်လို့လား ..၊ အလုပ်သဘောအရ ပြိုင်စရာရှိလို့ ပြိုင်ကြတာ .."

"ဟိုက မပြိုင်ပါဘူး .. နင်ချည်းပဲ အကွက်ရှေ့ပြီး ဖြတ်စားလုပ်နေတာ .."

"ပျော်ရတယ်ဟ .. ပြီးတော့ နင်ပဲ စဉ်းစားကြည့် .."

"မစဉ်းစားနိုင်ပါဘူး .. သူများမကောင်းကြောင်း ကိုယ့်ကောင်းကြောင်းတွေ .."

သဥ္ဇာ ကလည်း တည့်တည့်ကြည့်ပြီး နှုတ်ခမ်းမဲ့သည်။ ကောင်း က ရယ်ရင်းနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက အလုပ်ချိန်မှာပဲ ပြေးလွှား လှုပ်ရှားချိန် ရတာ .. သူတို့ ယောက်ျားလေးတွေလို လက်ဖက်ရည်ဆိုင် ထိုင်ချိန် .. ဘီယာသောက်ချိန်တွေ ဘာမှ ရှိတာ မဟုတ်ဘူး .."

"သောက်များ သောက်ချင်သေးလား မသိဘူး .. တကယ်ပါပဲ.."

"ပြောပြတာလေ .. ယောက်ျားလေးချင်း ပြောဆိုကောင်းတဲ့နေရာတွေကျတော့ သူက ငါ့ထက် အများကြီး သာတာ .. အဲ့ဒါကို ငါမှ ကိုယ်တိုင်မလိုက်နိုင်တာကို .. သူ့လက်ထဲက မယူရင် ဘယ်လိုလုပ်ရမှာလဲ .."

"မယူနဲ့ပေါ့ဟ .. ဒီအလုပ်နဲ့ နင် အံမဝင်နိုင်ဘူးဆိုတာ အဲ့ဒီနေရာတွေမှာ သတိထားမိဖို့ ကောင်းနေပြီ .. ဒီ့ထက် ဝင်ငွေကောင်းတဲ့အလုပ်တွေလည်း ရနိုင်ရဲ့သားနဲ့ .. ငွေလည်း အရေးတကြီး လိုအပ်နေတာမျိုး မဟုတ်ဘူး .. ဒီလောက် ဖက်ဖက်မောရတဲ့ အလုပ်ကိုမှ နင် ဘာဖြစ်လို့ ဝါသနာကြီးနေရတာလဲ .."

"စပ်စုချင်တဲ့ဝါသနာ နေမှာပေါ့ .."

"တွေ့လား .."

"ငါ အကောင်းပြောတာ .. သူများတွေ လျှို့ဝှက်ထားတာကို ဖော်ထုတ်ချင်တဲ့စိတ်တွေပါ ပေါက်ပေါက်လာသေးတယ် .."

"ဖြစ်ရလေ .."

"ဟုတ်တယ် .. အထူးအေးဂျင့်တွေကို ငါ အရမ်း အားကျတာပဲ.. မေမေက ငါ့ကို မွေးပြီးတာနဲ့ သားအိမ်ရောဂါ ဖြစ်တယ် .. နောက်ထပ် ကလေးမရနိုင်တော့ဘူးဆိုတာ သိရတော့ ဖေဖေက ငါ့ကို သားလေးလို လေ့ကျင့်ပေးပြီး သူ သွားလေရာ ခေါ်တာတဲ့ ..၊ ငါက အဖေချစ်သမီးတဲ့ .. ဒါပေမယ့်ဟာ သားလို မွေးရင်လည်း ကိုယ်ခံပညာတွေဘာတွေ





သင်ပေးပြီး တကယ် ကျားကျားလျားလျား နေနိုင်းခဲ့ပါလား .."

"ဪ .. မရှိတော့တဲ့ မိဘကိုတောင် အပြစ်တင်နေသေးတယ် နော် .."

"မဟုတ်ပါဘူးဟာ .. ငါ မချင့်မရဲ ဖြစ်ရတာကို ပြောပြတာပါ.. ခုကျတော့ ငါ စိတ်ရှိတိုင်းလည်း မလွတ်လပ်ဘဲနဲ့ အိမ်မှာ ဘွား ဆူတာပဲ အမြဲ ခံရနေရတယ် .. 'ဟိုမရောက် ဒီမရောက်နဲ့ နင် ပျက်စီးလိမ့်မယ်'လို့ ကျိတ်ပြီး လိမ်ဆွဲတာက ရှိသေးတယ် .."

"ဒီလောက် ဆုံးမခဲ့တာတောင် နင်က အချိုးမပြေခဲ့တာပဲ .."

"အားလုံး ပြောတယ် သဇ္ဇာ .. ဒီအလုပ်ကို ငါ ဘယ်လောက် ဝါသနာ ပါသလဲဆိုတာ နင် သိအောင် ပြောပြတာ .. နောက်ပြီး ရိုက်နဲ့ ငါ ဖြစ်ရတဲ့ ပြဿနာလေးတွေက အသေးအဖွဲလေးတွေပဲ .."

"အသေးအဖွဲလေးတွေ များလာတော့လည်း ကြီးမားကျယ်ပြန့်လာတာပေါ့ ကောင်း ရယ် .. အခု နင်က သူ့ရှေ့မှာပဲ .. သူ ကူညီခဲ့တာလည်း ပူပူနွေးနွေးကြီးကို ပေါ်တင် ဖြတ်စားလုပ်ခဲ့တာ .."

"သူနဲ့ ငါက ဒီတိုင်းပဲ မဆန်းတော့ဘူး .."

"အပြန်အလှန်တွေ လုတတ်နေကြရင်တော့ ဟုတ်တာပေါ့ . ခုဟာက နင်ချည်းပဲ အနိုင် .."

သဇ္ဇာ ကလည်း ကောင်း ချထားလိုက်သော ငါးမုန့်ကြော်ထုပ်ကို လှမ်းနှိုက်စားကာ ...

"နေကြာစေ့ စားပါလား .."

"စားမယ် .."

ကောင်း က နေကြာစေ့ကိုတော့ အထုပ်ထဲကနေ အားတက်သရော ရှာဖွေယူ၏။



www.burmeseclassic.com

"သဋ္ဌာ .. နင် စေ့စပ်တော့မှာ ဆို .."

"အေးလေဟာ .. ငါလည်း ငြင်းလာခဲ့တာ များပြီဆိုတော့ .."

"များပေမယ့် ငြင်းခွင့်ရှိသေးရင် ငြင်းလိုက်ပါဟာ .. ငါက နင့်ကို လင်နဲ့ သားနဲ့ တို့လို့တွဲလောင်း မမြင်ချင်ဘူး .."

"ငါ့ကိုပဲ ပြောနေ .. နင်ကရော .."

"ဟုတ်တယ် .. အဲ့ဒါကို ပြောပြချင်နေတာ .. ဘွား လုပ်တာလေ.. မပြောချင်ပါဘူး သဋ္ဌာ ရယ် .. မမိုး ကိုတော့ မပေးစားဘဲနဲ့ အကြီးကို ကျော်ပြီးတော့ .."

"အကြီးက စိတ်ပူစရာ မလိုဘဲ နင့်ကို ပူနေရလို့ပေါ့ .. အသိသာကြီး .."

"အဲ့ဒီတော့ .. ငါက ဘေးလူတွေအမြင်မှာ တော်တော်ဆိုးတဲ့ ကောင်မလေး ဖြစ်ပြီပေါ့ .."

"ဒါကတော့ ကိုယ့်သမိုင်းနဲ့ ကိုယ်ပဲ ခံပေါ့ .."

"ကောင်းကင်လင်း တို့မှာ မကောင်းခဲ့တဲ့သမိုင်းကြောင်း ဘာမှ မရှိဘူးနော် .. အေးဆေးပဲ သိလား .. မမိုး ခမျာ သနားပါတယ် .."

"ဘာဆိုင်လို့လဲ .."

"ငါက အိမ်ထောင်ပြုတော့ သူ ကျန်ခဲ့ကာ သိသာသွားပြီပေါ့ .. အပျိုဟိုင်းကြီး ဖြစ်ပါပြီဆိုပြီး ညည်းသလား မမေးနဲ့ .."

သဋ္ဌာ က သူ ပြောသမျှကို နားထောင်နေကာ ...

"အဲ့ဒါကတော့ ဖြစ်နိုင်တယ် .. အပျိုကြီး လုပ်ချင်ပေမယ့် မစွံလို့ ကျန်ခဲ့တာမျိုးလည်း တချို့က အပြောမခံချင်ဘူးဟ .. အတင်းအဖျင်း ဆိုတာလည်း ကိုယ့်ကို ပခုံးတို့ပြီး လာပြောတာ မဟုတ်တော့ 'ကိုယ့် ဘာသာ အကြိုက်မတွေ့လို့ မယူဘဲနေတာ' လို့ ဖြေရှင်းဖို့လည်း မဖြစ်



နိုင် ..၊ ငါ့အခေါ် အပျိုကြီးဆို အဲ့ဒီအတိုင်းပဲ .."

"ဟုတ်လား .."

"အေးလေ .. သူ့အကြောင်း အတင်းအဖျင်းပြောသံ နားစွန်နားဖျား ကြားလာပြီလားဆို .. အိမ်မှာ ဘယ်သူမှ အေးဆေးမနေနိုင်အောင် လျှောက်မဲနေတော့တာပဲ .. 'ဂေါ်မစွံ အပျိုကြီး' လို့များတော့ နောက် ပြောင်ပြီး သွားမခေါ်လိုက်နဲ့ .."

"အေးလေ .. စနောက် မခံမှတော့ ကွယ်ရာမှာပဲ ပြောကြမှာ ပေါ့ .."

"မမိုး ကို စာနာလို့ ပြောတာပါ ..၊ အင်း .. နင့်ကို ပေးစားမယ့်လူ ကလည်း အသက်ကြီးကြီးဆို ကောင်းသား .."

"ဘာ!... ဘာပြောတယ် .."

"ဟဲ့ .. အသက်ကြီးတဲ့လူ ဆိုတော့ နင့်အဘွား မသိလိုက်ဘဲ နင်တို့ ညီအစ်မ ကြိတ်လှုပ်ရှားလိုက်လို့ ရတာပေါ့ .."

ကောင်း စိတ်ဝင်တစား ဖြစ်သွား၏။

"အဲဒီတော့ အတက်ကားက ကျော်တက်သွားတဲ့ ဂေါ်မစွံ အပျိုကြီးလည်း မဖြစ်တော့ဘူး .. အဘွားက ဆူရင်လည်း သူက နင့်ကို ကြိုက်ဘဲ မမိုး ကိုပဲ ရွေးထုတ်သွားတာ ဘာတတ်နိုင်မှာလဲလို့ ပြောရုံ ပဲ .."

"အင်း .. ဟုတ်တယ် .."

"ဒါပေမယ့် ဖုန်းထဲမှာ နင် ငါ့ကို ပြောတုန်းက ငယ်ငယ်ရွယ်ရွယ် .. ကျပ်မပြည့်တဲ့လူမျိုး ဆို .."

"ရှို့ပြောတာ .."

"ငယ်တော့ ငယ်တယ်မို့သား .."

www.burmeseclassic.com



"ဟုတ်တယ်လို့ ပြောတာပဲ .."

"ခက်နေတာက အဲဒါပဲလေ .."

"မခက်ဘူး သဉ္ဇာ .. နင်နဲ့ ငါ စိတ်ကူးချင်း တူတယ် .. ငါလည်း အဲ့ဒီလို တွေးမိထားတယ်ဟ .. ဒါပေမယ့် နင့်လို မမမိုး နဲ့ အသက် တာကို အမိက ငါ ပူတာ မဟုတ်ဘူး .."

"ဘာကို ပူတာလဲ .."

"မမမိုး က လန့်ဖျပ် အံ့ဩသွားရင် ပြူးတူးပြဲတဲရယ် .. ငါ့ လိုက်မှ သဘောမတူရင် အေးဆေး ခေါင်းမခါဘဲနဲ့ အကြီးကြီး ထ သွားရင် ငါ သေပြီ .."

ပြောရင်းနဲ့ လက်မောင်းက ကြိမ်ဒဏ်ချက်တွေကို စမ်းကြည့် ၏။

ပြေးလေ ပိုလိုက် .. ပိုရိုက်လေပေမယ့် မပြေးလည်း ဘွားရဲ့ ဆ က အလျှော့ပေါ့ဆုံး နှစ်ချက် ...၊

အတိအကျ ပြင်းထန်ပြီဆို သုံးချက်ကနေ လေးချက် ငါးချ ဖြစ်သွားနိုင်၏။

ကောင်း ကလည်း ပြေးပြေးလွှားလွှား .. ထိထိ မထိထိ အော် ငိုရင်းနဲ့ပဲ ရင်ဆိုင်လာခဲ့တာ ဒီအရွယ်ထိ ...၊

ပြန်စဉ်းစားရင်း ကောင်း က ခေါင်းညိတ်၍ ...

"အဲ့ဒါကို အကောင်အထည် ဖော်ကြည့်ရမယ် .."

"မိန်းမ နော် .. ငါက အကြံပေးရတာ .. အဲ့ဒါ မအောင်မြင် လည်း ငါ့နောက်ကျမှ မယူနဲ့ .. အောင်မြင်သွားရင်လည်း ငါယော ယူကာမှ ဂူဂျီဂွမ်ဂျီ လာမလုပ်နဲ့ .."

"မလုပ်နဲ့ချည်းပဲ .."





"ဟုတ်တယ် .. ယောကျ်ားလည်း မလိုချင်ဘဲ ယူရသေးတယ် .. ပ် မျက်နှာကြီးကို မြင်တိုင်း ရှင် ခလုတ်တိုက်နေတော့ ကျောလည်း နားလည်း ပူ .."

"တိုက်သင့်ရင် တိုက်ရမှာပဲ .."

"မိန်းမ နော် .. ကျောပူ ခံချင်တယ် .. နားပူ မခံနိုင်ဘူး .."

"ဘာ .. ဘာ .. ဘာကို ခံချင်တယ် .. ပြန်ပြော .."

"သေလိုက်ပါလား .. ကောင်စုတ် .."

"ဟား .. ဟား .. ဟား ..."

ပခုံးချင်းတိုက် ရယ်မိကြသည်။ အနီးအနားမှာ ဘယ်သူမှ မရှိ ာ့ လွတ်လပ်ဆုံး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ကိုယ့်အာရုံနဲ့ ကိုယ် မျက်နှာချင်းဆိုင် လာနေမိကြတာကို သ[illegible] မထားမိလိုက်ပေ ...၊ မန်နေဂျာရုံးခန်းကို ကတိုက်ကရိုက် ဝင်လိုက်က[illegible] နှစ်ယောက်သား ရင်ဘောင်တန်းသလို ဖြစ်သွား၏။

ထိုအခါကျမှ ငုံကြည့်မိကြကာ ကိုယ်သာ အရင်ရောက်မှဖြစ်မှ[illegible] ပြိုင်တူ လုဝင်လိုက်ကြလျှင် ပခုံးချင်း တိုက်ပြီး အဝမှာ တစ်နေကြ[illegible]

တိုးဝင်ဖို့ ကြိုးစားလေ တစ်နေလေ ဖြစ်လျက် ...၊ ဘယ်သူက[illegible] လည်း အလျှော့မပေး ...၊

"ဟော့ .. မင်းတို့နှစ်ယောက် နောက်မှာ ဝန်လေးကြီး ဆွဲလာ[illegible] တာလား .."

အကြိတ်အနယ် ရုန်းကန်နေကြတာကို မန်နေဂျာက လှမ်းမြင်[illegible] မျက်မှန်ကြီး ပင့်၍ ဘာအံ့တသြ မေးလေသည်။

ယောကျ်ားလေးဖြစ်သော ရိုက် က ပို၍ မျက်နှာပူ ရှက်ရွံ့သွား[illegible] ဖွတ်တိုးပစ်လိုက်တော့ ရှေ့ရောက်သွား၏။

သူ့ကိုယ်ကြီး ရှေ့ကို ကျုံ့သွားတာနှင့် ကောင်း ရဲ့ တစ်ကိုယ်[illegible] ကလည်း သူ့ကျောပေါ် ပစ်ကျလာကာ ...





"အ!.."

"အား!..."

"ဘုန်း .."

နောက်ကနေ အရှိန်နဲ့ ဆောင့်တွန်းခံလိုက်ရသလိုဖြစ်ကာ ရိုက် [illegible]ကိုယ်လုံး စားပွဲပေါ် မှောက်လျက်သား ကျသွားခဲ့၏။

[illegible]မြဲစွာ ကိုင်ထားခဲ့သည့် ဖိုင်သည် စားပွဲပေါ်ကိုတော့ ရောက်ပေ[illegible] အရှိန်လွန်ကာ မန်နေဂျာ ရင်ခွင်ထဲထိ တိုက်ရိုက် သက်ဆင်း၏။

"အား!... ဆ .. ဆရာ ..."

"ဟော .."

"ကျ .. ကျွန်တော့်ဟာ .. အား!..."

"အေးပါ .. အေးပါ .. နာမှာပေါ့ .. စားပွဲစွန်းနဲ့ ပြေးဆောင့်တာ [illegible]ဘာမှ မဟုတ်ဘဲ .."

"ဟာ!... မ .. မဟုတ် .."

[illegible]းပွဲပေါ်မှာ မှောက်လျက်ကြီးကနေ ရိုက် တော်တော်နဲ့ မထနိုင် [illegible]တ်တကာကာနှင့် ...

"မဟုတ်ဘူး .. ကျွန်တော် ပြောတာက .. အဲ့ဒီမှာ ဖိုင် .."

"ဟုတ်ပါတယ် .. ရှင့်ဖိုင် အရင်ရောက်သွားပါပြီ .. ဟိုမှာ ရင်ခွင် [illegible]င် ရောက်နေပြီ .. ဥစ္စာခြောက် မနေနဲ့ .."

[illegible]ခါးဝမှာတည်း ပြုတ်ကျကျန်ရစ်သည့်ဖိုင်ကို ပြန်လှည့်ကောက် [illegible]ာင်း က ရှုံ့မဲ့နေကာ ...

"ဘွန်း.. ယောကျ်ားကြီး မတန်မဲ့ အတင်းလုဝင်တာကိုး .. ကောင်း [illegible] - အဲ့ဒီမှာ စားပွဲက အကျယ်ကြီးပဲ .. တစ်နေကုန် မှောက်နေ [illegible] .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဟော့ .. ဒီလို မပြောရဘူးလေ ကောင်းကင်လင်း .."

"ဆောရီးပါ ဆရာ .. သူ့ကို ပြောချင်လွန်းလို့ပါ ဆောရီး .."

ခေါင်းလေးငုံ့၍ တောင်းပန်ရင်း ရိုက် ကိုတော့ မျက်စောင်းထိုး သွားတာ တစ်ပတ်လည်၏။

"ဟော့ .. ဟော့ .. အပြင်က ဝင်ခဲ့ကြစမ်း .."

မန်နေဂျာ အသံပြကြီးနဲ့ လှမ်းခေါ်မှ အပြင်ကနေ ပြေးလွှားဝင်လာကြ၏။ ရင်ဘတ်အောင့်သွားပြန်ပြီဖြစ်သော ရိုက် ခမျာ စားပွဲပေါ်က ပြန်ထနိုင်ပေမယ့် တော်တော်နဲ့ မတ်မတ်စန့်စန့် ပြန်မဖြစ်ခဲ့ဘဲ ..

"မင်းတို့ကလည်း ဒီလောက်တောင်ကွာ .."

"အေးလေဟယ် .. ဒီရှေ့ကျမှ နှစ်ယောက် ဆုံကြရတယ်လို့ .."

"နင်ကလည်း မောင်လေးရယ် .. အတူဆုံကာမှတော့ ကိုယ်က ယောက်ျားလေးပဲ .. လျှော့လိုက်တော့ပေါ့ .."

"ဒီလိုတော့ မပြောနဲ့လေ .. ကောင်း ကချည်းပဲ .. သတင်း လက်ဦးမှုရအောင် ယူသွားတာ များပြီ .."

"ဟုတ်တယ် .. ရိုက် က အမြဲတမ်း နောက်ကျခဲ့ရတာ .."

"ဒါကတော့ .. သူ တော်လို့ပဲဟာ .."

"တော်တာက နည်းနည်း .. ကျောတတ်တာက များများ နော် .. ငါတို့ သိတယ် .."

"ဟုတ်တယ် .. ငါတို့ သိတယ် .."

"အောင်မလေး ကိုမျိုး တို့ကလည်း .. ယောက်ျားထုဘက်က တိုက်ပွဲဝင်ကြဦးမလို့လား မသိဘူး .."

"လုပ်စမ်းပါစေဟယ် .. ငါတို့ကလည်း မိန်းမသားထုဘက်က ဝင်လိုက်တာပေါ့ .. ဟွန်း .. ကောင်း ကို ထိကြည့်ပါလား .."





"ကဲ .. ဟော့ .. တိတ်ကြတော့ .."

ရုံးသူရုံးသားတွေ စုရုံးလာကြပြီးမှ နှစ်ဖက် နှစ်ခြမ်းကွဲသွားကြ၏။ မန်နေဂျာအသံကြားမှ ပြေပြေပြစ်ပြစ်တွေ ပြန်ဖြစ်ကုန်ကာ ...

"ဟုတ်ကဲ့ ဆရာ .."

"ရိုက် ကို ခေါ်သွားကြ .. ဆေးခန်း ပြပေးလိုက် .."

"ကျွတ်!... ကျွတ် .. ရ .. ရတယ် .."

လက်ကာ ရှုံ့မဲ့နေလျက် .. ရပါတယ် ဆိုတာကိုတောင် ပြည့်စုံအောင် မပြောနိုင် ..။

"လာပါ ရိုက် ရာ မင်းကလည်း .. အသက်ရှူလို့ရော ရရဲ့လား.."

"အဲဒါ ဟိုကောင်မလေးကြောင့် .. သူ့ကို ဆေးကုနိုင်းရမှာ .."

"ဟိုကောင်မလေးကြောင့်ပဲ ဖြစ်ရဦးမယ်ရှင် .. ကိုယ့်လောဘနဲ့ ဖြစ်တာများ .."

"ဟော့ .. နင်တို့ကို တော်ပြီလို့ ငါ ပြောနေတယ် နော် .."

မန်နေဂျာ ခပ်တည်တည်မျက်နှာကြီးနှင့် ဟိန်းဟောက်နေရပေ သူ့လည်း ခုထိ လန့်နေတုန်း ..။

စားပွဲဆီကို ထပ်လျှက်သားကြီး ပြေးတိုက်တာရော .. ရိုက် လက်ခတ် ပစ်ဆောင့်တာကိုရော မျက်လုံးထဲမှာ ခုထိ မြင်နေမိ

စိတ်သာ မလန့်သာပါလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဘယ်လိုဖြစ်လို့ .. မင်းရဲ့ ကျောနဲ့ ရင်က ပြဿဒါး ဖြစ်နေ
လဲ ရိုက် .."

"ဟုတ်တယ် .. ဖြစ်လိုက်ရတိုင်း .."

'သင်းကြောင့် ..'လို့ အသံတိတ် ဆက်ပြောမိကာ တက်ခေါ
တော့ ကျယ်လောင်စွာ ...၊

"မတော်တဆ တိုက်မိကြတာကို ဘယ်သူ့ကို ဒီလောက်ဒေ
ဒေါသထွက်နေတာလဲ .."

"ကိုကြီးကလည်း တစ်မျိုး .."

မဖြေနိုင်တာတွေချည်း မေးနေသည့် ကင်း ကို ရှုမ္ဘမ္ဘမျက်နှာ
ကြည့်မိ၏။ ထိုစဉ် ဦးကျော်ထွန်း ဝင်လာကာ ...

"အဲဒီ မတော်တဆကို မင်းက ဘယ်လိုထင်လို့လဲ ကင်း ..
ကတော့ သိတယ် .. သတင်းနောက် လိုက်ရင်းနဲ့ ရတာ .."

ပြောချလိုက်တာ တန်းခနဲ ...၊





"နောက်ဆို ဓာတ်လမ်းတွေထဲကလို မလိုက်သင့်တဲ့သတင်းတွေ
လိုက်မိ .. မရိုက်သင့်တဲ့ဓာတ်ပုံတွေ ရိုက်မိနဲ့ .. ခေါင်းနဲ့ကိုယ်ပါ အိုးစား
ကွဲဦးမယ် .."

အနားရောက်လာပြီး မကြည်မလင် မျက်နှာရှေ့မှာပဲ ခုံဆွဲ၍ တည့်
တည့်ထိုင်၏။ ပြီးတော့ ...

"မင်းကိုတော့ မတည့်ရာ မတည့်ကြောင်းက စပြောရတော့မှာ
ပဲ .."

ဦးကျော်ထွန်း က ရိုက် ကို ဟိုတုန်းကလိုပဲ မြင်ကာ အရင်
အတိုင်း အဆူအပြောမပျက် ရှိနေဆဲပေမယ့် ရိုက် ကတော့ ချာတိတ်
အားတုန်းကလို ပက်ခနဲ ပက်ခနဲ ပြန်ခံပြောတာမျိုး သိပ်မရှိတော့ပါ...။

လူက အရွယ်ရောက်လာပြီဖြစ်သလို အသိပညာလေးနဲ့ ယှဉ်ကာ
ချင့်ချက်သင့်သလောက်တော့ ရင့်ကျက်လာခဲ့ပြီမို့ ...

"မင်း ဒီအလုပ်ကို ဝါသနာကြီးနေရခြင်းအကြောင်းက ဘာလဲ.."

ရိုက် က မဖြေဘဲ ငူငူငေါင်ငေါင်ကြီး နေ၏။ ဆေးမှာရှိနေသည့်
ကင်း ကတော့ ကိုယ့်ညီ ရင်ထဲကို မြင်နေပါပြီ...၊ ရိုက် ပါးစပ်က ပြော
ထွက်လာပြီဆို ပြေပြေပြစ်ပြစ် ရှိမှာ မဟုတ် ...။

"မင်း ဒါကိုမှ မဖြတ်နိုင်ဘူးဆိုရင် မင်းကိုယ်တိုင် တဖားဖား
လိုက်နေဖို့ မလိုဘူး .. သတင်းပေါင်းစုံ သိရအောင် ငါ ဖန်တီးပေးလို့
ရတယ် ...၊ ဘယ်လိုလဲ .."

"လေးလေးထွန်း ကျွန်တော့်ကို စော်ကားနေတာပဲ .."

"ချီးမွမ်းဖို့မှ မရှိဘဲကွ .."

"ကျွန်တော်ကရော ချီးမွမ်းခံချင်လို့ လုပ်နေတာလား .."

"ဟုတ်တယ်လေ .. မင်းက ခေါင်းစဉ်မည်းကြီးနဲ့ အထင်ကရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာပဲမို့လား ..”

မျက်ခုံးတန်းတို့ ထိစပ်မတတ် ကုတ်ကျနေကာ မျက်နှာလွှဲ
သည့် ရိုက် ရဲ့ပုံစံက ဘာမှ မိုက်မိုက်ရိုင်းရိုင်း ပြန်မပြောသည့်တိုင်
ယဉ်ကျေးမှု မရှိတာတော့ သေချာ၏။

“စီးပွားရှာနေကြတဲ့လူတွေ .. ပညာတတ်တွေ .. ဝန်ထမ်းတွေ
နောက်ဆုံးကျွာ ဘုရားရိပ်သာ သွားနေကြတဲ့လူကြီးတွေကအစ နော
ကြောင်း စိတ်ချရလို့ ဓမ္မရိပ်သာကို ရောက်လာတယ် .. လောက
ရိုက်ပုတ်တာ မခံနိုင်တော့လို့ ဆင်းရဲကြီးစွာ ပြေးလာပြီး ဓမ္မရိပ်မှ
ခိုလှုံတယ် .. အဲ့ဒါတွေအားလုံးက ငွေကြောင့် ဖြစ်လာတာတွေပဲ ရိုက်
ဒါကို နားလည်ရဲ့လား ..”

“ကျွန်တော်ကလည်း ငွေကြောင့် ဖြစ်လာသမျှ ဘာကိုမှ စိတ်ဝ
စားလို့ မရဘူး ..”

“ဟုတ်တယ် .. စိတ်ဝင်စားရမှန်း မသိလို့ မဝင်စားတာ ..၊ မဝ
စားတာကလည်း မင်းအတွက် ငွေက လိုအပ်ချက်တစ်ခုအဖြစ် ဘ
တုန်းကမှ မရှိခဲ့ဘူးလေ ..”

“ဒါဆို .. ငွေကို လိုအပ်မှန်း သိသွားအောင် ကျွန်တော့်ကို အ
ဖြတ် စွန့်လွှတ်ကြည့်လိုက်ပါ ..”

“ဟွန်း ..”

ဦးကျော်ထွန်း က အလွန်အမင်း စိတ်ဆိုးသွားသင့်သည့်စကား
စိတ်ဆိုးပုံ မပြဘဲ မဲ့လိုက်ပြီး ...

“ဒါက တစ်ယောက်တည်း လုပ်လို့ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ -
ကိုကြီး ရှိနေတဲ့အတွက် ကိုကြီးနဲ့ ဆက်သွယ်မှာပဲလို့ ပြောချ
တာလား ..၊



မျက်လုံးချင်း ဆုံသွားတော့ ကင်း က စကားအမှတ်မထားဖို့ အမူ
အရာတွေနဲ့ လုပ်ပြနေ၏။

ဒီလိုပြောနေတာကို အမှတ်မထားဘဲ ဘယ်လိုလုပ် နေရမလဲ ..၊

ရိုက် ရဲ့မျက်နှာတစ်ပြင်လုံးက ဒဏ်ရာနာလို့ ရှုံ့မဲ့နေတုန်းကထက်
ဆိုးနေသည်။

“မင်းကို ငါလည်း စောင့်ကြည့်မနေနိုင်ဘူး .. စောင့်ကြည့်နေမယ့်
သူကလည်း မင်း ဒုက္ခရောက်နေရင် လက်ပိုက်ကြည့်နေမှာ မဟုတ်
တော့ စိတ်ကူးယဉ်ဆန်ဆန်တွေ ပြောမနေဘဲ ငါတို့ လက်တွေ့ကိုပဲ
ပြောရအောင် .. နံပါတ်တစ်က လောဘနည်းတော့ မွဲတတ်တယ် ..”

“လောဘကြီးတော့ အီးလောက်ရ တဲ့ ..”

“မစ္ဆိမပဋိပဒါလေ .. မင်းကို လောဘကြီးဖို့ သင်ပေးနေတာ
မဟုတ်ဘူး ..”

ရိုက် ဘယ်လိုပြန်ပြောနေနေ ဦးကျော်ထွန်း ကလည်း ပြင်းထန်စွာ
တုံ့ပြန်မှု မရှိခဲ့ဘဲ ...

“ငါ့အမြင် ပြောရရင်တော့ မင်းရဲ့ဝါသနာက စပ်စုချင်တဲ့ အရင်း
အမြစ်ကနေ လာတာပဲ ..”

ရိုက် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဦးကျော်ထွန်း က ဂရုမစိုက်..၊

“စုံထောက် ဝါသနာမှာ စပ်စုတတ်တာ ပါပါတယ် .. ဒါပေမယ့်
မင်းအလုပ်အတွက်ကတော့ ..”

“လေးလေးထွန်း ..”

“မင်း ဒီလောက် ပင်ပန်းဆင်းရဲရခြင်းအကြောင်းကို ပြောချင်လို့
ပါ .. ဒီနေ့ခေတ်မှာ သတင်းထူး သတင်းဦး သိရဖို့အတွက် သတင်း
ရှာနယ်တွေ ပြေးမလှန်ကြတော့ဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



"လှန်တဲ့လူတွေ ရှိနေသေးသမျှ ကျွန်တော်တို့ကတော့ ကြိုးစားနေရမှာပဲ .. 'နှုတ်တစ်ရာ စာတစ်လုံး'ဆိုတာ ရှိတယ် .. စာရွက်ပေါ်က စာတွေ .. ကျောက်ထက်အက္ခရာတွေကို ဖတ်ဖို့ ကွန်နရှင်ကောင်းဖို့လည်း မလိုဘူး .. လျှပ်စစ်ဘက်ထရီ ရှိနေမှ ဖြစ်တာလည်း မဟုတ်ဘူး .. စာတစ်လုံးရဲ့တန်ဖိုးကို 'ခေတ်'ဆိုတဲ့ ခြေဖဝါးတစ်ဖက်အောက်မှာ နင်းချေ မပစ်ချင်ပါနဲ့ .."

ဦးကျော်ထွန်း မျက်နှာပျက်သွားလေသည်။ ရိုက် က မှုန်ကုတ်ကုတ် စိုက်ကြည့်ရင်း ...

"မြန်မာနိုင်ငံမှာ ဖြစ်ဖြစ် .. ကမ္ဘာပေါ်မှာဖြစ်ဖြစ် .. တိုးတက်မှုအပေါင်းကို စာဆေကပဲ ဖန်ဆင်းခဲ့တာ မဟုတ်ဘူးလား .. လေးလေးထွန်း ဘယ်လောက်ပဲ တော်နေ တတ်နေနေ .. နောက်ဆုံး လေးလေးထွန်း ရေးတဲ့ ပရိဂရမ်ကနေ လူတွေ ဂေါ်ဇီလာတွေ ဖန်ဆင်းနိုင်တဲ့အထိ တိုးတက်နေပါစေ လေးလေးထွန်း ကို မွေးခဲ့တဲ့ အမေကို မေ့လို့ ရသလား.."

"မရပါဘူး .. မင်း အရမ်းကို တော်နေပြီ ရိုက် .. ဟိုတုန်းက ရိုက် ဆိုတဲ့ ချာတိတ်လေးနဲ့ တခြားစီပဲ .. ဒါပေမယ့် မင်းကို ငါက အဲလောက် အများကြီး သိနေစေချင်တာ မဟုတ်ဘူး .."

"သိချင်တတ်ချင်စိတ်ကို တစ်စုံတစ်ယောက်က ထည့်ပေးလို့ မရဘူး ထင်တယ် .."

"ဒါလည်း ဟုတ်တယ် .."

"အခု ကျွန်တော် လေးလေးထွန်း သိထားသင့်တယ် ထင်တာတွေထက် အများကြီး ပိုသိနေပြီ .."

"နွားနှစ်ကောင်ရှိတိုင်း ဝန်တင်လှည်းတစ်စီးကို ဆွဲလို့ မရဘူးကွ-ဘက်မညီရင် လှည်းမှောက်သွားမှာပဲ .. လူတစ်ယောက်ရဲ့ အသိစိတ်က





တစ်ဖက်စောင်း အားကောင်းနေရင်လည်း အဲဒီ ကောင်း[illegible] အလကားပဲ .."

"လူတိုင်းမှာ လိုအပ်ချက်တွေ ရှိနေကြတာပဲ .."

"ညီ .. တော်ပြီ .."

လေးလေးထွန်း ဝုန်းဒိုင်းပေါက်ကွဲလာလျှင် ရိုက် ကိုလည်း ထိန်းချုပ်ခက်မှာမို့ ဒီစကားတွေ အဆုံးစွန်ထိ မရောက်ခင် ကင်း က အချိန်မီ တားဆီးလိုက်၏။

"လူကြီးကို တစ်ခွန်းမကျန် ပြန်ခံပြောနေတာ မကောင်းဘူး.. မင်းလည်း နေမကောင်းသေးဘူးဆိုတော့ နားလိုက်ဦး .."

"ကျွန်တော် နေကောင်းပါတယ် .. တော်ကြာ တိုက်ကို သွားရဦးမှာ .."

ကျောက အောင့် .. ရင်ဘတ်က နာနှင့် ခဏခဏ ထိချက်ပြင်းနေရသဖြင့် ကင်း က ညီဖြစ်သူအတွက် စိုးရိမ်နေပြီ ဖြစ်သည်။

လေးလေးထွန်း ပြောတာတွေက နည်းနည်းတော့ လွန်ကဲမှုရှိပေမယ့် မှားလည်း မမှားပါ ..၊ သူလည်း ရိုက် ကို ဒီလို လုပ်ကိုင်သွားလာနေတာ နည်းနည်းလေးမှ ကြိုက်ခဲ့တာ မဟုတ် ..၊

"လေးလေးထွန်း ကို မင်း သံဃာ့ဆေးရုံကို လိုက်ပို့ရဦးမှာနော်.."

မွေ့ရာပေါ်က ဆင်းလိုက်ပြီးမှ ရိုက် က ပြန်ကြည့်လျှင် ...

"ဆေးရုံမှာ လေးလေးထွန်း က ဓိဝိတဒါနအတွက် အလှူငွေ ထည့်ဝင်ထားတယ်လေ .. အဲဒါ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ တက်ရမယ် .."

"ခုနကတော့ နားလိုက်ဦး ဆို .."

"ဟုတ်တယ် .. နားလို့ ရတယ် .. နေ့လယ် တစ်နာရီခွဲမှ .."

www.burmeseclassic.com

www.burmeseclassic.com



ကင်း က ထိုင်ရာက မထသေးဘဲ ရှိနေသည့် ဦးကျော်ထွန်း ကို တစ်ချက် လှမ်းကြည့်ကာ ...

"မင်း အပြင်ထွက်ဖို့ ရှိရင်လည်း အချိန်မီ ပြန်ခဲ့ဖို့ ပြောတာ .."

"မလိုဘူး ကင်း .. ကား အိမ်မှာမရှိရင်လည်း ငါ့ဟာငါ ရှူပါ ကက်စတန်ပဲ မောင်းသွားလိုက်မယ် .. "

"ဟာ .. ရှူပါကက်စတန်ကြီးနဲ့ မတော်ပါဘူး လေးလေးထွန်း ရာ .. ပြီးတော့ လေးလေးထွန်း ကိုယ်တိုင် မောင်းသွားဖို့လည်း မလိုဘူး.. ကိုကြီး ပြောတာ ကြားတယ်နော် ညီ .. အချိန်မီ ပြန်ခဲ့ .."

နာရီ ငုံ့ကြည့်လိုက်ပြီး ရိုက် က ပခုံးတွန့်၏။

ဒါကို ဝီရိယထားပြီး ပြန်ပြေးလာရအောင် ချစ်သူနဲ့ တွေ့ဖို့လည်း မဟုတ် ...၊ ဘာလည်း မဟုတ် ...၊





## အခန်း(၁၆)

ဒီနေရာတွေမှာ လည်လည်ပတ်ပတ် မသွားတတ်ပါဘူးဆိုမှ ကောင်း တော့ လုပ်ချလိုက်ပြန်ပါပြီ ...၊

"မမမိုး .. ဒီမှာ ခဏလေး နေခဲ့ဦးနော် .." ဆိုပြီး ဘာတွေ့လို့မှန်း မသိဘဲ အပြေးတစ်ပိုင်း ထွက်သွားသည်။ သူမ မျက်ခြည်မပျက် လိုက် ကြည့်နေတုန်းမှာပဲ ဖုန်းထုတ်ပြော၏။

ပြီးတော့ စက်လှေကားအတိုင်း ဆင်းသွားတာတောင် ဆင်းနေ သည့် လှေကားကို အားမရနိုင်ဘဲ ပြေးလွှား ဆင်းသွားသေးသည်။

ခုတော့ ဘယ်ကိုကြည့်ကြည့် ကောင်း ရဲ့အရိပ်ကိုတောင် မမြင်ရ ဆေ..၊ ဖုန်းဆက်တော့လည်း မကိုင် ...၊ ဆက်တိုင်းလည်း လိုင်းက မမိ...။

ကိုယ့်အကြောင်း ကိုယ် သိလို့ ဘယ်တော့မှ မမေ့ထုတ်အောင် မှတ်ထားတာက ကားပါကင်နေရာ ...၊

"ကဲ .. နင့်ဘာသာ ကြိုက်တဲ့အချိန်ကျမှပဲ ပြန်လာခဲ့တော့ ကောင်း ရေ .. တကယ့်ကို မျောက်မူးလဲ ပါပဲ .."

တစ်ယောက်တည်း ရေရွတ်ရင်း ကိုယ့်ကားဘွန်နက်ပေါ်မှာ ဝယ် လာသည့် ပစ္စည်းထုပ်တွေကို တင်လိုက်သည်။ ကားသော့ပါလာရင် လည်း ကားထဲ ဝင်ထိုင်နေလိုက်ရုံ ...၊ ခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် .. ဒုတ် ..."

"ဟဲ့ .. ဩော် .. ဒုက္ခပါပဲ .."

ကောင်း ဆီကို ဖုန်းခေါ်မလို့ဘဲ ရှိသေးသည်။ ထောင်လျက် တင်လိုက်သည့် အစွန်အိတ်က လဲကျသွားကာ အထဲက ရော်ဘာလုံးလေး ခုန်ဆင်းထွက်သွား၏။

ကိုင်ပေါက်လိုက်လျှင် မီးလင်းသည့် ကစားစရာလေးပါ ...၊

ကောင်း က ကြဲကြဲဖန်ဖန် ဒါမျိုးလေးတွေနဲ့ ဆော့နေတတ်သည့် အကျင့်လည်း ရှိပြန်၏။

"ဘယ်အောက်ထဲ ရောက်သွားပြီလဲ မသိဘူး .."

ကြဲကြဲဖန်ဖန်တွေ လျှောက်ဝယ်တတ်လွန်းသည်လို့ မတွေးအားနိုင် ...၊ 'ငါ့ညီမလေး မက်မောတဲ့ ပစ္စည်း'ဆိုသည့်အသိနှင့် ခုန်အုပ်မတတ် လှည့်လိုက်ပေမယ့် မမီလိုက်ပေ ...၊ လိမ့်တတ်သည့်ပစ္စည်း ပီသစွာ တခြားကားတစ်စီးအောက်ကို တိုးဝင် မျောက်ကွယ်သွား၏။

ဒီအရှိန်နဲ့ဆို ဟိုဘက်ကို ထွက်သွားနိုင်သည်လို့ တွက်မိကာ ကားတစ်စီး ကျော်၍ ဟိုဘက်ကို သွားကြည့်မိသည်။

ဘယ်မှာလဲ ...၊

ကားတွေ ညီညာစွာ တန်းစီရပ်ထားသည့်ကြားထဲမှာ ကုန်းကွရှာဖွေနေရတာ သူများ တစ်မျိုးထင်ရင် ဒုက္ခ...၊ ဝှာနှေ့ရရလိုက်ကြည့်လို့ မမြင်သည်နှင့် အမြင်မတော်မှာကိုတော့ တွေးလိုက်မိသေးသည်။ သို့သော်...

ပါကင် ဟစ်ထပ်လုံးမှာ လူသူကင်းရှင်းနေသည်မို့ ကားတွေ ကြားထဲက ကမန်းကတန်း ဝင်လိုက်သည်။

ပြီးတော့ ကိုယ်ထင်သည့် ကားအောက်လောက်ကို လှလှပပလေး ငုံ့ကြည့်မိ၏။ ဒါပေမယ့် ကားတွေရဲ့ ဗိုက်အောက်ကို သေချာ မမြင်





သည်ဖြစ်ရာ လက်နှစ်ဖက်ထောက်၍ ဖင်ထောင်အောင် ကုန်းရခြင်းသို့ ဆောက်လျက် ...

"ဟင် .. ဟိုဘက်အစပ်မှာ .."

"ဟိတ် .. ဘာလုပ်တာလဲ .. ထစမ်း .. အခု ထ .."

ဟင်!...

သံမံတလင်းနဲ့ ထိမတတ် စိုက်နေသည့် ခေါင်းနဲ့ မိုးမျှော်အောင် ထောင်နေသည့် ဖင်ပိုင်းက ဒိုင်းခနဲ ဂျူတီချိန်းသွား၏။

သူမ ငုတ်တုတ်လေး ဖြစ်သွားသည်နှင့် ...

"ထ .. အခု ထလိုက်စမ်း .."

"ကျွန်မ .."

"ဟော့ .. ထဆို ထ ...၊ မိန်းမဖြစ်ဖြစ် .. ယောကျ်ားဖြစ်ဖြစ် မကောင်းတာလုပ်ရင် အပြစ်ပေးရမှာပဲ .. ငါ့ကားမှာ ဘာခိုးမလို့လဲ ပြော .."

မတ်တတ်ရပ်ဖို့အရေး တုန်တုန်ယင်ယင် ဖြစ်နေသဖြင့် သူမ ဝတ်ထားသည့် ရှပ်အင်္ကျီအကွက်၏ ကုပ်ပိုးစကို ဆုပ်ဆွဲခံလိုက်ရလျှင်...

"အား!... မ .. မလုပ်ပါနဲ့ .."

ကျစ်ဆံမြီးနှစ်ဖက် ကျစ်ချထားကာ ရှပ်အင်္ကျီ အကွက်စိပ်လေးနှင့် ဖောင်းသည့် ပါးလေးနှစ်ဖက်ပေါ်မှာ ပါးကွက်လေးတွေလည်း ရှိနေသေးသည်။

"လွှတ် .. လွှတ်ပါ .. ကျွန်မ .. သူခိုး မဟုတ်ပါဘူး .."

"ဟွန်း .. ဘာရမလဲ .. တောဂိုက်လေး ဖမ်းလိုက်တာနဲ့ မင်းကိုယ်မင်း ရိုးသားပုံ ပေါက်သွားပြီ ထင်နေသလား .."

"ရှင်!..."

သူ ဆွဲ'မ'လိုက်တဲ့အတိုင်း မိုးမြေ ကုပ်ကုပ်ကွကွလေး ပါသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်ထားသည့် လက်ပိုင်ရှင်ကိုလည်း မဖြစ်မနေ ကြည့်လိုက်မိသေးသည် ...။

"လှည့်မကြည့်နဲ့ .. မင်းကို ငါ လုံခြုံရေးလက်ထဲ အပ်ခဲ့မယ် .."

"မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ အစ်ကိုရယ် .. ကျွန်မ ရှိခိုးပါတယ်.."

"မခိုးနဲ့ .. ငါ့ကားကြားထဲမှာ မင်း နှိုက်မလို့ လုပ်နေတာ .. ဒါ သေချာမြင်ပြီးသား .."

"ကားအောက်မှာ ကျွန်မ ပစ္စည်း .."

"ဘာ!... ပြောတယ် .."

သူ ဒေါသနဲ့ အော်လိုက်တာနှင့် မိုးမြေ ကိုယ်လေး တုန်သွားသည်။ ပြောမည့်စကားတွေလည်း ပျောက်ရှကုန်ကာ ...

"ကျွန်မ သူခိုး မဟုတ်ဘူး .."

ဆိုတာသာ တွင်တွင် ပြောနေမိသည်။

"လွှတ်ပေးပါနော် .. ကျွန်မ .. ကျွန်မ မခိုးပါဘူး .. ကားအောက်မှာရော .. ခိုးစရာ ဘာရှိမှာမို့လို့လဲရှင် .."

"ဟ .. ခိုးစရာ မရှိပေမယ့် မင်းကို ဘယ်သူက ငွေပေးပြီး ဘာတွေ လာကြံစည်သလဲ သိနိုင်မလား .."

"ဘုရား!... ဘုရား .."

သူမကပဲ ဘုရား'တ'နေပြီး ပြူးဝိုင်းနေသည့် မျက်လုံးက အကြော များ ကပ်သွားပြီလား မသိ ...၊ သူမရဲ့ ကုပ်ပိုးအကျီစကို လွှတ်၍ မေး ထောက်ပြင်လိုက်မိလျှင် ...

"ဟ!..."

တစ်စုံတစ်ခုကို နင်းမိလိုက်ပြီမှန်း သိကာ ခြေဖော့၍ ကမန်း ကတန်း ရှောင်ပြီး ငုံ့ကြည့်လိုက်မိလျှင် ...





"ဖုန်း .. အဲဒါ ခုန လန့်ပြီး လွတ်ကျသွားတာ .. ကျွန်မဖုန်းပါ.."

"မင်း ခိုးထားတာ မို့လား .."

"မဟုတ်ရပါဘူးရှင် .. ဒုက္ခပါပဲ .. အဟင့် .."

ကြည့်နေတုန်းမှာပဲ ဟီးခနဲ ငိုချလိုက်သဖြင့် ကင်း ဘာလုပ်ရမှန်း ဖြစ်သွားသည်။

"အဲ့ဒါ ကျွန်မ ဖုန်းပါ .. တကယ်ပါ မလိမ်ပါဘူး .. မွေးတည်းက ငါးပါးသီလ တစ်ပါးမှ မလုံခြုံခဲ့ပါဘူး ..၊"

"ဘာ!..."

"ဒါပေမယ့် .."

ငါးကွက်လေးတွေလည်း ပျက်ရှာပါပြီ ...၊ ကင်း ရဲ့စိတ်တွေလည်း မစွပ်စွဲလိုတော့သည့်ဘက်မှာ တိမ်းစောင်းခဲ့ပြီမို့ ...

"နံပါတ် ပြော .."

ည်းနည်းတော့ ရစ်ဖို့ စိတ်ကူးလိုက်၏။ သူမ ပြောသည့် နံပါတ် တော့ ဖုန်းက ထမြည်လာသည်။

"ဟုတ်တယ်မို့လား .. ရှင် ယုံပြီဆိုရင် ကျွန်မဖုန်း ပြန်ပေး .."

သူမက လက်လှမ်းလျှင် ကင်း က လက်ကို လွှဲပစ်လိုက်၍ ...

"ဒီကားအောက်မှာ ဘာလာလုပ်နေတာလဲ.. သေချာတာကိုပြော.."

"ဘောလုံး လိုက်ကောက်တာ .."

"ဘာကွ!..."

"မယုံရင် ရှင့်ကို ကျွန်မ ပြမယ် .. ကုန်းလိုက် .."

"ဟာ!... မင်း .."

ဘုရား!...

ပြူးခနဲ ဖြစ်သွားသည့် မျက်လုံးက စောစောကထက် တင်းသပို၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူနေသည့်မျက်နှာပြင်လေးမှာ ပန်းနုရောင်ကမ္ဘလာ လင်းလက်သွားက...

"မဟုတ်ဘူး .. ဒီအောက်ထဲ ဝင်သွားတာ ..၊ ဒီမှာလေ .. ကု...ကြည့်မှ မြင်ရမှာ .. ဒီထဲမှာ .."

သူမ ဖြစ်ပျက်သွားပုံကို ကြည့်ကာ ကင်း မျက်နှာ မချိုမချဉ်...သွားသည်။ မျက်လုံး ပြူးပြူးဝိုင်းဝိုင်း .. နှုတ်ခမ်းလုံးလုံးလေးနှင့် သူမ...လည်း ဘာသံသယမှ မရှိတော့သည့်ပြင် သူ မှားသွားပြီဆိုတာပါ ...တောင်းပန်ရတော့မှာ ဖြစ်၏။ ဒါပေမယ့် ...

"ဘောလုံးက မင့်ကလေး ဆော့ဖို့လား .."

"ဟုတ်တယ် .."

စိုက်ခနဲ ခေါင်းညိတ်၏။ ပြီးတော့ ချက်ချင်း ပြူးတူးပြတဲ ...လာကာ ...

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကျွန်မ ညီမလေး ဆော့တာပါ ..."

မျက်လုံးတို့သည် သူမကို စိုက်ခနဲ ကြည့်ပြီးမှ ပြုံးသည်။ ပြီး...ဖုန်း ပြန်ပေး၍ ...

"မင်းဖုန်း စခရင်နဲ နည်းနည်း ထိသွားတယ် .. ဆောရီးပဲ ..."

"ထိသွားတယ် ဟုတ်လား .. ခုနက ရှင် ခေါ်တာ ဝင်သားပဲ ..."

"ဟုတ်တယ် .. အပေါ်ယံ ခိုက်မိသွားတာ .."

ဖုန်းကို ပြန်ယူ၍ ခေါင်းတော့ ညိတ်ပေမယ့် နှမြောတသနေသ...မျက်ဝန်းတို့က ဖုန်းဆီက မခွာ ..၊

"မင်းရဲ့ဖုန်း ကိုယ့်ကြောင့် ပျက်စီးသွားတာဆိုရင် .. ဟန်း...တစ်လုံး ကိုယ် ပြန်ဝယ်ပေးပါ့မယ် .."

"ဟင့်အင်း .. မဝယ်ပေးပါနဲ့ .. ရ .. ရပါတယ် .. ကျွန်မ သွား...ရပြီလား ဟင် .."





"မင်း ဘောလုံး မကောက်တော့ဘူးလား .."

"ရှင်!..."

နဂိုတည်းက အရှက်ကြောက်ကြီးတတ်သူမို့ သူမ ဘောလုံးရှာရင်း...င်ထောင်နေပုံကို သတိရကာ နေရာမှာပဲ ဘုန်းခနဲ လဲသေချင်အောင်...ဖြစ်သွားခဲ့၏။ ထိုလူ့မျက်နှာကိုလည်း မော့မကြည့်ရဲတော့ဘဲ ...

"မကောက်တော့ဘူး .."

ကမူးရှူးထိုး ထွက်ပြေးဖို့ ပြင်၏။ ကင်း က သူမရှေ့က တားထား...ိုက်ကာ ...

"မင်းက ပါကင်မှာဆိုတော့ ကားပါလာတာလား .."

"ကျွန်မ .."

မိုးမြေ ဘာမှ မဖြေရသေးခင် ဖုန်းက ဖျတ်ခနဲ ထမြည်လာသဖြင့်...

"ညီမလေး .."

ဝမ်းသာအားရ ဖွင့်လိုက်မိ၏။

"ညီမလေး .. နင် ဘယ်လျှောက်သွားနေတာလဲ .. ငါ မျက်စိလည်...စိုးတာနဲ့ ကားပါကင်ကိုပဲ ပြန်လာခဲ့တာလေ .. အဲ့ဒါ .."

"... ... ... ..."

"ဟင်!... ဘယ်လို .."

"... ... ... ..."

"ငါမှ အဲဒါတွေ မလုပ်တတ်တာ .. ဘာဖြစ်လို့လဲ ကြာဦးမှာလား...မြန် ပြန်လာခဲ့ပါ ညီမလေးရယ် .. ငါ ဒီမှာ .."

"... ... ... ..."

"ဟာလို .. ဟာလို .."

"ဘာအခက်အခဲ ဖြစ်နေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

သူမ ဘာဖြစ်လို့ ဒီနေရာမှာပဲ ပြောနေမိတာလဲ ...၊

သူ အနားရောက်လာတာကို မော့ကြည့်မိပြီးမှ မျက်လုံးချင်း မဆုံ ခင် ပြန်လွှဲလိုက်မိကာ ...

"ဒီဖုန်းနဲ့ ကားတံခါးသော့ခ်တွေ ဖြုတ်လို့ ရတယ်တဲ့ .. အဲဒါတွေ ကျွန်မက မရှာတတ်ဘူး .."

"ကိုယ့်ကို ဖုန်းပေး .."

"ရော့ .."

ဖုန်းကို ကမန်းကတန်း လှမ်းပေးကာ ...

"ကားက ဒီကနေ နှစ်စီးကျော်မှာ .. ဟိုနား နည်းနည်း တိုးသွား လိုက်ပါလား .."

"အင်းပါ .. ရတယ် .."

သူ ဖုန်းယူပြီး လျှောက်ထွက်သွားတာနှင့် မိုးမြေ ကားဟိုဘက် အပြေးတစ်ပိုင်း ပတ်၏။ ပြီးတော့ ဟိုဘက်ကြားကနေ ပြန်ကုန်းကြည့် လိုက်လျှင် ဒီတစ်ခါ ဖင်မြှောက်စရာမလိုဘဲ ဘောလုံးလေးကို တွေ့ လိုက်၏။

"ရပြီ .. တော်သေးတယ် .."

ဆူးလေးတွေနဲ့ ပျော့စိစိ ရော်ဘာဘောလုံးလေးကို ကောက်၍ ဖျတ်ခနဲ ထရပ်လိုက်ကာ စိတ်တိုသလောက် ဖိညှစ်ပစ်မိ၏။ ပြီးတော့-

"ကိုင်ကြည့်တော့ ပျော့စိစိ သေးသေးလေးနဲ့ မာမာချာချာသား နင် ငါ့ကို ဘယ်လောက်ထိ ဒုက္ခပေးမလဲ မသိဘူး နော် .. ညီမလေး ကြောင့်ပေါ့ .. မဟုတ်ရင် နင့်ကို ငါ ကိုင်ပေါက် လွှင့်ပစ်ခဲ့မှာ .. ဟွန်း- ကောင်စုတ်လေး .."





ရင်ဆိုင်လိုက်ရသမျှ ဒုက္ခသုက္ခတွေကို ရေရွတ် မြည်တမ်းရင်း နောက်ပြန်လှည့်လိုက်လျှင် ...

"ဟင်!... ရှင် .."

ကိုယ့်နောက်မှာ နီးကပ်စွာရှိနေသဖြင့် ကိုယ့်အရှိန်နဲ့ ကိုယ် ပြန် လှည့်လိုက်တော့ သူသာ ခြေတစ်လှမ်း ပြန်ဆုတ်မသွားလျှင် ရင်ဘတ်ချင်း ပစ်တိုက်မိမှာ သေချာ၏။

ဒါနဲ့တောင် ဖုန်းပြန်ပေး၍ ပြုံးယောင်သမ်းနေသော မျက်နှာကို ကြာကြာ ရင်မဆိုင်ရဲခဲ့ဘဲ ...

"ကျေးဇူးပဲ နော် .."

"အပွန်း .."

သူက ဘာကို ပြုံးနေမှန်း မသိပေမယ့် မသိတာကိုဘဲ ရှက်နေမိ၏။ ကိုယ့်ရဲ့ ပုံဆိုးပန်းဆိုးအဖြစ်ကို ထပ်တွေ့သွားပြန်ပြီလား ..၊ မဟုတ်ပါဘူး ..၊ ငါ သိပ်မှ မကုန်းရဘဲနဲ့ ဘောလုံးကို ပြန်ရလိုက် တာပဲ ..။

ဒါဆို .. သူ ပြုံးနေတာ ဘာဖြစ်လို့လဲ ..။

ကားထဲ ဝင်ထိုင်မိတဲ့အထိ ပြန်လည် လှည့်မကြည့်ရဲတော့ပေ ..၊ စက်နှိုးသံ ကြားနေရသည်။ ပြီးတော့ ထွက်သွားသံ ကြားရ၏။

ဘယ်သူ့ကားဖြစ်ဖြစ် မကြည့်နဲ့ .. လုံးဝ မကြည့်နဲ့ ..၊

အဲ့ဒါ နင် ကောင်ချင်ဦး .. ဒီဘောလုံးကို ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဟင် .. ဩော် ဒီလိုလား .. အဲဒါလည်း ကောင်းတာပဲ မောင်ကျော် ထွန်း ရယ် .. မင်း မဆိုးဘူး .. မိဘနေရာမှာပေမယ့် လူငယ်တွေအပေါ် နားလည်ပေးနိုင်သားပဲ .."

"... ... ... ... ..."

ညီအစ်မနှစ်ယောက်သား ပန်းတွေရှုပြီး စကားတပြောပြောနှင့် ခြံထဲက တက်လာကြရင်း ဖုန်းပြောနေသည့် ဘွား မျက်နှာ ပြုံးအိနေတာ ကို သတိထားမိလိုက်ကြ၏။

"ကောင်း ရေ .. ငါ့ညီမလေးအတွက် အဘွား ခြေလှမ်းစနေပြီ.."

မိုးမြေ က ကပ်ပြောလိုက်ပြီး အိမ်ထဲကို ခပ်သုတ်သုတ်ဝင်၏။ ကောင်း ကတော့ ကိုင်ထားသည့် ပန်းခြင်းလေးကို စားပွဲပေါ်မှာပဲ လိုက်ကာ ဧည့်ခန်းမှာပဲ ထိုင်လိုက်၏။

"ဟုတ်တယ် .. ဟုတ်တယ် .. အကယ်၍ လူငယ်ချင်း အဆင် မပြေကြရင်တောင် ငါတို့ချင်း ဆက်ဆံရေး မပျက်တော့ဘူးပေါ့ .."





"... ... ... ..."

"လူလေး အဆင်ပြေမယ့်အချိန် ဖုန်းဆက်လိုက်လေကွယ် .. သူ ကိုယ်တိုင် စိတ်လိုလက်ရ ရှိကြဖို့လည်း လိုသေးတယ်လေ .."

"... ... ... ..."

"အေး .. အေး .. ဟုတ်တယ် .."

ဒေါ်မြသစ် က သူမ ပြောသမျှကို ကောင်း အားလုံး ကြားနေမှန်း ဘာ ဖုန်းချပြီးတာနှင့် ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး ...

"မနက်ဖြန် .. မြေးတို့ လူငယ်ချင်း တွေ့ရမယ် .."

"ဘယ်မှာလဲ ဘွား .. မြင်တောင် မမြင်ဖူးဘဲနဲ့ .."

"အပြန်အလှန် ထမင်းဖိတ်ကြ .. ဓာတ်ပုံတွေ လဲကြနဲ့ ဒါတွေကို ပ်ကြည့်ရင် အဆင်မပြေဖြစ်ကြတာဘဲ များတာလေ .. နောက် ချက်က ညည်းကလည်း ကျုပ် ရှေ့မှာ မခုတ်တတ်တဲ့ ကြောင်လို ဘာ .. ကွယ်ရာ ရောက်တာနဲ့ .."

"ကောင်း .. အဲ့လောက် မဆိုးပါဘူး ဘွားကလည်း .."

"ခုပဲ ဆိုးနေတာလေ .. လူကြီးစကား မဆုံးသေးဘဲ ဖြတ်ပြော .. 'ဘွားကလည်း' ဆိုပြီး အမြဲတမ်း စာဒက တက်ခဲ့တာတွေ .."

တစ်ခုခု ပြောမလို့ ပါးစပ်ပြင်လိုက်မိသေးသည်။ ဒါပေမယ့် အရှိန် ရိတ်အုပ်လိုက်နိုင်၏။

သူမ အတိုက်အခံ လုပ်နေလို့ မဖြစ်ပေ ..။ အခြေအနေက လမ်းခွဲ ခု၏ အလယ်ဗဟိုမှာ ..။

"ညည်းကြောင့် ကျုပ်လည်း မျက်နှာငယ် အရှက်ရ မခံနိုင်ဘူး.. ကောင်လေးကလည်း မိန်းကလေးနှစ်ယောက်ထဲက သူ ကြိုက်တာ မှာ .. ဒါကြောင့် သားရှင်ဘက်ကလည်း ရွေးချယ်မခံရတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဘက်ကို မျက်နှာမပျက်ရအောင် ..”

“ဘွား ..”

“ကြည့် .. လုပ်ပြန်ပြီ ..”

“ဆောရီး .. အဲ .. ကန်တော့ပါ ဘွားရယ် .. အဲဒါကို အရမ်း
ချင်လို့ပါ ..၊ ဘွားက ကိုယ့်မြေးကို တကယ်ပဲ အဲဒီပန်းကုံးစွပ်ပွဲ တ
နိုင်းမှာလားဟင် ..”

“ဟုတ်တယ် .. တက်ရမယ် ..”

“ဘွားရယ် .. အဲဒါကြီးကတော့ မမိုက်ပါဘူး ..”

ပန်းတွေကို တစ်ခက်ချင်း ကောက်စီနေရင်းကနေ ပလတ်စ
ခြင်းလေးကို နှုတ်ခမ်းက ကိုင်၍ စားပွဲပေါ် ဒီတိုင်း သွန်ချလိုက်၏

ဒေါ်မြသစ် ပါးစပ်အဟောင်းသား ဖြစ်သွားပေမယ့် စကား
ထိုဆီ မရောက်လိုက်ဘဲ ...

“ဘွား ခေတ်ပုံတောင် မပြရပုံထောက်ရင် တော်တော် ပုံဆိုး
စိတ်ပျက်ဖို့ ကောင်းနေတာ သေချာပါပြီ ..”

“ချောချောလှလှ ဖြစ်နေရင်ရော ညည်းက ချက်ချင်း ခေါင်းညိ
မှာမို့လို့လား .. သူ့ခေတ်ပုံ မပြသလို ဒီကလည်း ဘာခေတ်ပုံမှ ပေးမထ
ဘူး .. ဟောဒီ တစ်မြို့တည်းမှာ ညည်းတို့ချင်း သိနှင့်ပြီးသားတော
ဖြစ်ရင် ဖြစ်နေမှာ ..”

“ဘွား ..”

“ဘာတုံး ..”

“သူတို့က ချမ်းသာတယ်ဆိုပြီး သူတို့ရဲ့သား ကလေးဆန်တ
ဦးမဆောင်နိုင်တာတွေတောင် တစ်ခါတည်း ဖွင့်ကြေညာခဲ့တယ်.. ဘွ
ကရော ကောင်း ဂျာနယ်သတင်းထောက် လုပ်နေတာကို ပြောရဲ့ခဲ့လား





“ပြောရဲ့စရာလား ကောင်းကင်လင်း ရယ်.. ဒီအလုပ်မျိုး လုပ်ကြ
တဲ့ မိန်းကလေးတွေ ရှိရင်တောင် ခြောက်ထပ်တိုက်ပေါ် တက်လို
တက် .. မီးလောင်နေတဲ့ ခုနစ်လွှာထဲ ပြေးဝင်လို ဝင် .. ညည်းလို မိန်းမ
မျိုး ညည်းပဲ ရှိတာ ..”

“အဲဒါကို မပြောဘဲနဲ့ ညာလိုက်တော့ရော နောက် မသိမှာမို့လို့
လား ဘွား ရဲ့ ..”

“ညည်း ငါ့ကို ဘာမှ မေးခွန်းထုတ်မနေနဲ့ ကောင်း .. ဒီအလုပ်ကို
တစ်သက်လုံး ညည်း လုပ်ခွင့်ရနေမယ်လို့လည်း မထင်နဲ့ .. နေ့ရှိသရွေ့
ဒီအကြောင်းချည်းပဲ ပြောနေရလွန်းလို့ .. နောက်ထပ် ပြောမယ့်ပါးစပ်
တွေ တိုးလာအောင် ငါ လုပ်လိုက်တာ ..”

ဖြစ်ရလေ ..၊

“မျက်နှာလွှဲ ခဲပစ် လုပ်သလို ဖြစ်သွားလည်း မတတ်နိုင်ဘူး ..
ငါတို့ထက်ပိုပြီး ညည်း ရှက်ကြောက် ရှိသေရမယ့်လူတွေ တိုးလာမှပဲ
ဒီပုံစံကို ညည်း ပြင်မှာ ..”

ဘယ်သူက ပြင်မယ် ပြောလို့လဲ ..၊

စိတ်ထဲမှာ ပက်ခနဲ ခံပြောမိကာ ...

“အား!...”

နှင်းဆီရိုးတံကို သတိလက်လွှတ် ဆုပ်ကိုင်မိ၏။ လက်ချောင်း
ထိပ်ထဲကို နှင်းဆီဆူး စူးသွားခဲ့တာ ဖောက်ခနဲတောင် မြည်သွားသလား
မသိ ..။

အသည်းခိုက်အောင် နာသွားကာ ပန်းကိုင်းကို လွှတ်ချလိုက်မိ၏။
ကြည့်လိုက်တော့ သွေးပေါက်ကြီး ပြူးပြဲထွက်လာကာ ခါချလိုက်သည့်
အရှိန်နှင့် စားပွဲမှန်ချပ်ပေါ် စဉ်ကျသွား၏။

www.burmeseclassic.com



"တွေ့လား .. လူကြီးက ပြောနေရင် ရွဲ့ဖို့ ချိတ်ဖို့ပဲ စဉ်းစားနေတာကိုး .. စိတ်က အလုပ်မှာမှ မရှိတာ .. ဖြစ်ပြီပေါ့ .."

လူကြီးပီပီ ပြောချလိုက်တာ တန်းခနဲ ..၊

"သွား .. သွား .. ဆူးက အဆိပ်ကုန်အောင် ညှစ်ချပစ်ပြီး ဆေးထည့် .. ပလတ်စတာ အုပ်ထားလိုက် .."

"ဟုတ် .."

ကောင်း နေရာမှ ထရပ်လိုက်သည်။ ဒါပေမယ့် ထွက်မသွားသေးဘဲ ခဏ စဉ်းစားကာ ...

"ဘွား .. ဟိုလေ လူငယ်ချင်း လွတ်လွတ်လပ်လပ် တွေ့ပေးမယ်ဆိုတော့ ကောင်း တို့ချင်း သဘောမကျရင် .."

"ညည်းက ဘယ်လိုနည်းနဲ့မှ ငြင်းခွင့်မရှိဘူး .. ဟိုက ငြင်းမယ်ဆိုရင် နောက်ဆုတ်နေလိုက်ရုံပဲ .."

ကြည့်စမ်း ..၊

မခံချင်စိတ်တွေ တဖွားဖွား ဖြစ်သွားခဲ့၏။ ပြီးတော့ ဒါသ ..၊

တွေ့မယ် ..၊ သင်းနဲ့ ငါ ..၊

လူကို တစ်သက်လုံး ဆလံသသွားစေရမယ် ..။





## အခန်း (၁၈)

"ဘယ်လို!... နာမည်က 'စကြာအလင်း' ဟုတ်လား .. တော်ပြီသားလို့ .."

"ဘာလဲ တော်ပြီလား ဆိုတာက .."

"စကြာဝဠာကိုလည်း ယူထားသေးတယ် .. လင်း ကလည်း လင်းချင်သေးတယ် .."

"မင်းကလည်း နာမည်ကြားတာနဲ့တင် သဘောမကျတာတွေ့စတာပြီ .."

"ဟုတ်တယ် .. 'လင်း'ဆိုတဲ့ ခတ်တူနံတူ ကြားလိုက်တာနဲ့တင် အတွေ့ပျက်နေပြီ .."

ကားမောင်းလာနေရင်း ဂဂျီဂချောင် ထဖြစ်လာသဖြင့် ကင်းက ရှိမ်မကင်း လှည့်ကြည့်သည်။

ပြီးတော့ တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေးစားမယ့် သတို့သမီးလောင်း နာမည်ကို နှစ်ယောက် သွားတွေ့ကြမယ်ဆိုမှ ပြောလိုက်သည့် လေးလေးထွန်း ကိုက အလုပ်မဟုတ်တာ ..။

မိန်းမယူရဖို့အရေးကို ရရာလက်နက်နဲ့ တော်လှန်ဆန့်ကျင်ဖို့ ဆုံးဖြတ်ထားသည့် ရိုက် ရဲ့ ပါးစပ်ကနေ တစ်လောကလုံး မကောင်းဘူးဖြစ်နေတာ သူ မသိလို့လား ..၊

"ညီရာ မင်းကလည်း .. လင်း ဆိုတဲ့နာမည်ကိုမှ ဘာဖြစ်လို့ ဒီလောက်တောင် မုန်းနေရတာလဲ ..၊ အဲဒီကောင်မလေးက ဘာလဲ .. မင်းနဲ့ တစ်ချိန်လုံး ရန်ချည်းဖြစ်နေတာလား .. ဘယ်လိုမှကို မတည့်ကြတာလား .."

'ရွှေဂဟေ' စားသောက်ဆိုင်ကို ဒီကောင်လေး ပါလာမှ ဖြစ်မှာမို့ မေးခွန်းတွေ အထပ်ထပ်မေးရင်း ခရီး မြန်မြန်ရောက်အောင် ကြိုးစားနေရ၏။

"မင်း .. ပြောပြောနေတာ ကောင်းကင်ပြာ ဆိုလားပါ .."

"ကောင်းကင်လင်း ပါ ကိုကြီးရာ .. ခုရော ဘာထူးလို့လဲ စကြာ အလင်း တဲ့ .. ကောင်းကင်ထဲကကို မဆင်းတော့ဘူး .. မှောင်ပဲ မမှောင်တော့ဘူး .. ဆုံလည်း ဆုံတတ်ပါ့ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဘေးက ထိုင်လိုက်ရင်း ရယ်နေသေးသည်။ ဒီမှာ ဘယ်လောက် စိတ်ညစ်နေရသလဲ ..၊

ရယ်နေသည့်မျက်နှာကို ရိုက် က မှုန်ကုတ်ကုတ် လှည့်ကြည့်၏။ ပြီးတော့ ခေါင်းထဲမှာ ဖျတ်ခနဲ စိတ်ကူးပေါ်သွားသည်။

မျက်နှာသည် ရှေ့ကို အော်တိုမစ်တစ် ပြန်လှည့်သွားကာ ကိုကြီး



ရဲ့ မျက်နှာကို မှန်ထဲကနေပဲ မျက်လုံးစွေ၍ အကြည့်သူခိုး လုပ်မိသည်။ ပြီးမှ ...

"ကိုကြီးက တော်တော် အူမြူးနေတဲ့ပုံပဲ .. ကိုယ့်ညီလေး မိန်းမယူရမယ့်အဖြစ်ကို .. ဘာလဲ ပျော်နေတာလား .."

"ပျော်စရာလား ညီလေးရာ မင်းကလည်း .. ဒါပေမယ့် မင်းလည်း ဒီလောက် စိတ်ညစ်စရာ မလိုပါဘူးကွ.. လေးလေးထွန်း က မိန်းကလေးအိမ်နဲ့ ရွှေလမ်းငွေလမ်းဖောက်ဖို့ကိုတောင် အခု မင်းတို့ချင်း တွေ့လို့အဆင်ပြေမှ လုပ်မှာပါ .."

"နောက်ထပ် တစ်ယောက် .. ပြီးတော့ တစ်ယောက်တွေနဲ့ တွေ့ရမှာလည်း ထည့်ပြောပါဦး .."

"ဘာဖြစ်လဲကွာ .. ဒီထဲမှာ စင်းဒရဲလားလို စွဲမက်စရာလေး ပါလာနိုင်တာပဲဟာ .."

"အစ်မ သုံးယောက်လိုမျိုး ရွေးလိုက်တိုင်း ဒါမျိုးချည်းပဲဆို ဘယ်လိုလုပ်မလဲ ..၊ ငြင်းပဲ ငြင်းနေရတော့ ကြာလာလေ ငြင်းနိုင်စွမ်း မဲ့လေ.. လေးလေးထွန်း ကိုက .. ကျွတ်!..."

စိတ်ပျက်စွာ ညည်းညူရင်း မျက်လုံးက 'ရွှေဂဟေ'ရှေ့ကို လှမ်းကြည့်မိလျက်သား ဖြစ်သွားလျှင် ...

ကောင်းကင်လင်း ..၊

ကားကို အလျှင်စလို မောင်းထွက်သွားပုံက သူ့ကိုယ်သူ ပြိုင်ကားမောင်းနေတယ် ထင်နေသလား ..၊

"ဘာကို စိတ်ဝင်စားနေတာလဲ ညီ .. အဲဒီလို ကားမောင်းတာမျိုး တွေ့ပြီး အားမကျနဲ့.. သူများအတွက်လည်း အန္တရာယ်ကြီးတယ်.. ကိုယ့်အတွက်အန္တရာယ်လည်း စိုးရိမ်ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အားကျတာ မဟုတ်ပါဘူး .. အဲဒါ ကောင်းကင်လင်း ရဲ့ကား.."

"ဟင် .."

"ထွက်သွားတဲ့ပုံက တစ်ခုခု အရေးတကြီးပဲ .."

"သူ့ကိစ္စနဲ့ သူ အရေးကြီးတာ ရှိရင် ရှိမှာပေါ့ကွ ..၊ ဘာလဲ .. ဘာလုပ်တာလဲ .."

ကားကို ရွှေဂဟော ပါကင်ထဲ မဝင်တော့ဘဲ ရပ်ပစ်လိုက်ကာ ..

"ကျွန်တော် ခဏ လိုက်ကြည့်ချင်တယ် ကိုကြီးရာ .. ခဏပဲ.."

"ဘာ!..."

"ကိုကြီးပဲ ဟိုကောင်မလေးကို ခဏ ညှိခံထားပေးပါ .."

"မဟုတ်တာ ညီရာ .. တမင်တကာ မင်းတို့နှစ်ယောက်တည်း ဆွေးနွေးလို့ရအောင် လေးလေးထွန်း စီစဉ်ပေးတာကို .."

"ပြန်လာပါ့မယ်ဆို ဗျာ .. ကိုကြီးကလည်း ဆင်းပါ .. သူ ဒီလောက် ဖြစ်သွားတာ သတင်းကိစ္စပဲ .. လုံးဝ သေချာတယ် .. ကောင်းဆိုတဲ့ မိန်းမ .. သူများထက် လက်ဦးမှုရဖို့ဆိုရင် အရှက်ကို မရှိဘူး .. အဲဒါ သူ့စတိုင်လ် .."

"မင်းကရော .."

"ကျွန်တော်က ယောက်ျားလေး .."

"လေဒီ ဖတ်(စ်)လေ .. မင်းက မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ဆိုင်လုနေတာကျတော့ သိက္ခာတွေ တော်တော်ရှိနေလို့လား .."

"ဟာ .. ကိုကြီးကလည်း တစ်မျိုး .. ကျွန်တော်တို့အလုပ်ကို ဦးစားပေးစနစ်ဆိုတာ မရှိဘူး .. များများရနိုင်လေ တော်လေ .."

"ဒါဆို .. သူ ရဖို့ သူ ကြိုးစားတာကို အရှက်မရှိဘူး ပြောတာ မင်း မှားတာပေါ့ .."





"ဟား!..."

"သူ ရနေတာကို မင်း မနာလိုဖြစ်နေတာ ထင်တယ် .."

"ကဲ .. ဟုတ်တယ် .. မနာလို ဖြစ်နေတာလို့ပဲ တည့်တည့်ပြောလိုက်ပါတော့ .. အခု လောလောဆယ် ကိုကြီး ဆင်းနေခဲ့ပေးပါဗျာ .. မမိဘဲ နေတော့မှာပဲ .."

အချိန်တွေ အများကြီး ကုန်သွားသဖြင့် ကောင်း ရဲ့ကားကို ဘယ်မှာမှ ရှာမတွေ့တော့ပေ ..၊

"ကျွတ်!..."

ကောင်း ကို မြင်လိုက်တိုင်း 'နောက် မပတ်သက်တော့ဘူး'လို့ ပြင်ဆင်ထားခဲ့သမျှ အားလုံးက ပျောက်ကွယ် ပျက်စီးသွားခဲ့လျက် ...

"ဘယ်ရောက်သွားတာလဲ ကွာ .."

ကားပေါ်က ဆင်း၍ ဟိုဒီ လှည့်ပတ်ကြည့်ရင်း မချင့်မရဲ ဖြစ်နေမိသည်။

'ရွှေဂဟော'ဆိုင်ထဲက ထွက်လာတဲ့ပုံက ဆိုင်ထဲမှာ တစ်ခုခု အလုပ်ရှိခဲ့တာ မဖြစ်နိုင်ပေ ..၊

အလုပ်ကိစ္စတစ်ခုခု ကြားလိုက်၍သာ သူမ ဒီပုံစံ ထွက်သွားတာ သေချာသည်။ ဒီနေ့ ပိတ်ရက်ကြီးမှာ တိုက်ကို သွားတာလည်း မဖြစ်နိုင် ..၊

ဖြစ်နိုင်တာတွေ .. မဖြစ်နိုင်တာတွေ ရှုပ်ယှက်ခတ်အောင် စဉ်းစားရင်း အနီးဆုံးမှာရှိသည့် ဗြူတီဆလွန်းတစ်ခုကို လှမ်းကြည့်လိုက်မိသည်။

ထိုပြင် ဟိုဘက်အစွန်မှာ ကပ်သပ်ထိုးထားသည့် ကားကို ခုမှ တွေ့လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ တော်တော် တုံးတာပဲ .. ခုလောက်ဆို ငါ့ကို အထဲကနေ မြင်နေလောက်ပြီ .."

တွေးမိလိုက်တာနှင့် အိတ်ထဲက ဖုန်းက မြည်လာသည်။ ရိုက် ထိတ်ခနဲ ဖြစ်သွားသည်။

ကြည့်လိုက်တော့ ထင်ထားသည့်အတိုင်း ကောင်း ဆီက ဖြစ်နေခဲ့ လျက် ...

"အဟမ်း .."

သေးကို မျက်လုံး မကစားမိအောင် ထိန်းလိုက်ရင်း ကိုယ့်ဘာသာ လည်ချောင်းရှင်းလိုက်ပြီးမှ ...

"ဟလို .."

"ဘယ်သူ့ကို ရှာနေတာလဲ ရိုက် ...၊ ကြည့်ရတာတော့ .. ကမ္ဘာ့ အရေးအခင်းကြီးကို တစ်ယောက်တည်း ပြေးလွှား ဖြေရှင်းနေရတဲ့ အထူးအေးဂျင့်ကြီးလိုပဲ .."

"မင်းက ဘယ်ကနေ ငါ့ကို ကြည့်နေတာလဲ .."

"'အလှမယ်' ဗြူတီဆလွန်းထဲမှာလေ .."

"အလှပြင်နေတာလား .. ကြားသား မိုးကြိုး .."

"မိန်းကလေး အလှပြင်တာပဲဟာ .. ဘာဖြစ်လို့ ကြားသားမိုးကြိုး ဖြစ်နေတာလဲ .."

သူမက ပြောပြလိုက်ပြီမို့ 'အလှမယ်'နာမည်နှင့် ဗြူတီဆလွန်းကို ပေါ်တင်ပဲ လှမ်းကြည့်လိုက်တာ ...

"မင်းလောက် ဖက်ဖက်မောအောင် ပြေးလွှားနေတာ မင်းပဲ ရှိ တာ .."

"ဟွန်း .. ကောင်းကင်လင်း ဘယ်လောက် ပြေးလွှားနေနေ အလှ



အောင် ဖရိုဖရဲ ဖြစ်လာပါတယ်ဆိုတာ ရှိခဲ့ဖူးလို့လား .."

ရိုက် က ပခုံးတွန့်၏။

"တစ်ကိုယ်ရေ သန့်ရှင်းမှုအပြင် အရောင်ဆိုးထားတဲ့ ဆံပင်တွေ ည်း အမြဲတမ်း ဂရုစိုက်နေရတာလေ .."

"အခု ဆံပင် ဝင်လုပ်နေတာလား .."

"အကုန်ပဲ .."

"ဘာ!..."

"ဩော် .. အလှပြင်ဆိုင် ရောက်မှတော့ ခေါင်းဖျားကနေ ခြေဖျား းလုံး ပြုပြင် မွမ်းမံရတာပေါ့ .. spa လေ ..၊ ရှင်ရော .. အခု မောနေတဲ့ကိစ္စ ဘယ်လိုလဲ .. ထားလိုက်လို့ရရင် ဒီမှာ ခေါင်း လေး လာလျှော်ပါလား .."

ာင်း ဆီက ဖိတ်ခေါ်မှုတွေ .. ချိုသာခြင်းတွေကို ကြားနေရတာ ပြုံနေမိသည်။ မန်နေဂျာရှေ့မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ သူ ခဲ့တဲ့ နောက်ပိုင်းမှာ လူကို မြင်ရင် မျက်နှာတောင် လွှဲသွားသေး

တော့ လျှာစောင်းထက်သလောက် စောင်းချိတ် မဲ့ရွဲ့ပြီး ကဲ့ရဲ့ရ

ကြားရတဲ့လူ ခြေလှမ်းမှားအောင် သူမပဲ တတ်နိုင်ပါ၏။

ဘာဖြစ်လို့ ခုကျမှ ချိုသာ ပျူငှာနေရတာလဲ ..၊ ခုနက ကားကို တကြီး မောင်းထွက်သွားရတဲ့ကိစ္စကရော .. ဒီကိုလာဖို့တော့ င်ဘူး ထင်သည်။

သူ့ကို လှမ်းကြည့်နေသည့် ကောင်း မှာလည်း ကိုယ့်အလုပ်ကို ိုင်ဘဲ သူနဲ့ ထပ်တူသော အတွေးများနဲ့ပဲ ဖြစ်လေသည်။

www.burmeseclassic.com



"လာလေ ညီမလေး .."

ဖုန်းပြောနေတာကို စောင့်နေရသည့် ဆံပင်ညှပ်မည့်လူက
မရှည်တော့ဘူး ထင်သည်။

ကောင်း က ခေါင်းညိတ်၍ ရိုက် ရှိရာကို လှမ်းကြည့်လိုက်
သည်။ ပြီးမှ ဖုန်းကိုင်သည့်လက်ကို သားလွှဲထားလိုက်ပြီး ...

"မာမီကျော် .. ခဏလေး နော် .."

အားနာပေမယ့် ထပ် တောင်းပန်လိုက်၍ ...

"ရိုက် .. ရှင် ပြန်သွားပြီလား .."

"မပြန်သေးပါဘူး .. လူတစ်ယောက်ကို လာရှာတာ .."

လူတစ်ယောက်ကို လာရှာတာက ဘယ်လိုလူမို့လို့လဲ ..။ သူ
ကတော့ ဝရမ်းပြေးလိုက်ဖမ်းတဲ့ စုံထောက်ကျော်ကြီးလိုပါလား ..

"မာမီကျော် .. နောက်လူ ခေါ်လိုက်တော့နော် .. ကောင်း အ
ကိစ္စ အရေးကြီးရင် ထသွားရမှာမို့လို့ .."

စောင့်နေတဲ့လူကို မစောင့်ဖို့ လှည့်ပြောလိုက်ပြီးမှ ဖုန်းကို ပြ
ကာ ...

"ကောင်း လည်း ဒီလိုပဲ .. ဒါပေမယ့် လူရှာဖို့တော့ မဟုတ်

"မင်းပုံစံကတော့ ဝရမ်းပြေး ဖမ်းသလိုပါလား .."

"ဟင် .. ဘာ!..."

သူမ အံ့ဩသွားမှ ရိုက် စကားမှားသွားတာကို ကိုယ့်ဘာ
သိလိုက်၏။

"ရှင်က ကောင်း ကို မြင်လို့လား .."

"ဘာကို မြင်ရမှာလဲ .. ကောင်းကင်လင်း ရဲ့ အမြဲတမ်း စတို
ကိုက ဗျာယီဗျာယာ စတိုင်လ်ပဲဟာ .. မင်းကို အလှပြင်ဆိုင်ထဲမှ





တောင် ယုံဖို့ ခက်နေတာ .."

တစ်ယောက်ကိုတစ်ယောက် ကျားချောင်းသလို ချောင်းနေကြ
း ခြေရိပ်ကြည့်နေကြသည့်အဖြစ်ကို သူတို့ချင်း မသိကြဘဲ တစ်
က်ကလည်း အလစ်မပေးနိုင် ..။

တစ်ယောက်ကလည်း မျက်ခြည်ပြတ် မခံနိုင်ဘဲ ဖြစ်နေကြ
တ် ..

"ကောင်း က ကိုယ့်တွက်ခြေနဲ့ ကိုယ်ပါ .. တမင် အချိန်ဖြုန်းစရာ
ဒီမှာ ဝင်နေတာ .. အလှပြင်ဖို့သက်သက် မဟုတ်ဘူး .."

မမိုး နဲ့ နေသခင် တို့ ပြောဆိုပြီးချိန်လောက်ဆို အချိန်ဖြုန်းဖို့
ပ်က ပြီးပြီ ..။

ကောင်း က စိတ်ထဲမှ အသံတိတ် ဆက်ပြောလိုက်ရင်း ...

"ရှင်လည်း လျှိုမနေပါနဲ့ .. အလုပ်နဲ့ပတ်သက်တဲ့ကိစ္စတော့
တ်ဘူးမို့လား .."

"အဟ"

ဘယ်လို ဖြေမလဲ ရိုက် ..။ မင်း စကားမှားရင်တော့ သူ့အစီအစဉ်
မင်း ခံရတဲ့အပြင် ထုံးစံအတိုင်း မင်း အိတ်ထဲကပဲ ဝင်သွားမှာ
..

ကိုယ့်ကိုယ်ကိုယ် အထပ်ထပ် သတိပေးရင်း ကိုကြီးနဲ့ စကြာ
င်း တို့ ခုလောက်ဆို တွေ့ဆုံ ပြောဆိုနေကြပြီလို့ တွက်နေမိသည်။
ထို့ကြောင့် နောက်မှ ဖြစ်ချင်ရာ ဖြစ် သူတို့ ပြောဆိုပြီးချိန်လောက်
ပြန်သွားတော့ဖို့ ဆုံးဖြတ်၍ ...

"ဟုတ်တယ် .. အလုပ်ကိစ္စနဲ့တော့ မပတ်သက်ဘူး .. ဒါပေမယ့်
နှုန်းချက်နဲ့ နှမ်းထွက် မကိုက်တော့ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ် .. မင်းနဲ့ အချိန်ဖြုန်းရရင်တော့ မဆိုးဘူးကွ ..”

“ဘာ!... ပြောတယ် ..”

“လန့်လိုက်တာကွာ .. ဖြည်းဖြည်းပေါ့ .. မင်းလိုပဲ အ ဖြုန်းဖို့ စဉ်းစားတော့ မင်းနဲ့ အတူရှိနေမှာပဲ မဟုတ်ဘူးလား .. ပြော ဆိုရင်း အချိန်ဖြုန်းတော့ အချိန်ကုန်လွယ်တာပေ့.

“စကားကို ပြောလို့ရတိုင်း မပြောနဲ့ .. အဓိပ္ပာယ်ချင်း တူပေ သက်ရောက်မှုတွေ ကွာတယ် .. ဒီထဲကို ရှင် လာလိုက်တာနဲ့ ကော နဲ့ အတူရှိနေမှာပဲလို့ ထင်ရင် ဝင်လာကြည့်လိုက် ..”

“ဟား .. ဟား .. ဟား ...”

ရိုက် က ရယ်လိုက်ရင်း ကားပေါ် ပြန်တက်၍ ...

“အိုခေ နော် .. လာပြီ .. ကားပါကင် ထိုးလိုက်ဦးမယ် ..”

“သနားစရာပဲ .. ဒီရှေ့မှာ ပါကင် မရှိတော့ဘူး ..”

“ဟုတ်လို့လား .. မင်း သနားတာကိုလည်း ခံချင်ပါတယ် .. နေမယ့် ကားနှစ်စီးစာတောင် လွတ်နေတော့ မင်း သနားခွင့် မရ ဘူး ထင်တယ် ..”

ကောင်း အသံတိတ်သွားတော့ ဖုန်းချလိုက်ပြီးမှ သူ ရယ်မိ ဒီကနေ သူမ ဘယ်လမ်းကြောင်းကို ထွက်သွားဖို့ရှိသလဲဆိုတာ စောင့်ကြည့်နေရမယ့်အစား သူမ ဆေးမှာပဲ ရှိနေလိုက်တာ အကော ဆုံး မဟုတ်ဘူးလား ..။

ကိုယ့်ဆုံးဖြတ်ချက်ကို ကျေနပ်အားရလျက် .. ကားသော့ဖြုတ် ကြော့ကြော့မော့မော့လေး လျှောက်လာခဲ့သည်။

ကောင်း ကလည်း သူ လာနေတာ မြင်မှ မှန်ရှေ့က ခုံမှာ က ကတန်း ခင်ထိုင်လိုက်တာ ...





“ဆံပင် .. ဆံပင်ညှပ်ဖို့ ပြောထားတာ .. လုပ်ပါ ..၊ ခု ညှပ်တော့ မယ် ..”

“ဟင်!...”

အထဲခန်းက ထွက်လာသည့် မာမီကျော့ ကို ဆံပင်ညှပ်ပေးနေသည့် မိန်းကလေးက ‘ဘာလုပ်ရမလဲ’ဆိုသည့် မေးခွန်းနှင့် လှမ်းကြည့်

မာမီကျော့ ကလည်း အံ့ဩသလို ဖြစ်သွားပြီးမှ ...

“ဘယ်လိုဖြစ်ရတာလဲ ကောင်း .. ခုနကပဲ ..”

“အဟွန်း .. ခု အလုပ်ကိစ္စ သွားဖို့ မလိုတော့ဘူး ..”

“သြော် .. ဖြစ်ရမယ် ..၊ ကဲ .. ကဲ .. လုပ်ပေးလိုက် .. စက်ဆွဲရမယ့် မ်းကို ဖင်မှာ ဘက် ပို့လိုက် .. သူတို့ခုံ ခဏ အားသွားပြီ ..”

“ဟုတ် .. မာမီ ..”

ကိုယ်ပေါ်မှာ အဝတ်စလေး ခြုံပေးလာတော့ ကောင်း က ပခုံး တွန့်၍ ရယ်သည်။

ထိုစဉ် ရိုက် က တံခါးဝမှာ ပေါ်လာပြီဖြစ်ကာ အထဲကို ငေ့ပတ် ကြည့်၏။

“သားလေး လာလေ .. ဘာလုပ်မှာလဲ လျှော်မှာလား .. ညှပ်မှာ ..”

“ဘာမှမလုပ်ဘူး ခင်ဗျ .. သူ့ကို လာစောင့်ပေးတာပါ ..”

ဟင်!...

မမြင်ချင်ယောင်ဆောင်၍ ခပ်တည်တည်လေးလုပ်နေသည့် ကောင်း ကိုယ်လေး မသိမသာ တောင့်သွားသည်။

ပြောလိုက်ပုံက ဘယ်လောက် လူဝါးဝလိုက်လဲ .. ကောင်းစိတ်..၊



www.burmeseclassic.com

www.burmeseclassic.com



သင်းကို ဟိုတစ်ခါ ကိစ္စတည်းက ကျေနပ်မယ်များ မှတ်လို့ -

မှန်တစ်ချပ်ထဲမှာ မျက်လုံးချင်း ဆုံသွားတော့ ပြုံးစိစိမျက်နှာ

ပစ်ပစ်နှစ်နှစ် မျက်စောင်းထိုးပစ်မိ၏။

သူများကို မေးဆတ်ပြပြီး 'သူ့ကို လာစောင့်တာပါ' ဆိုတော

တခြားလူတွေက ဘယ်လို ထင်ကုန်မလဲ ...၊

သင်း တခြားထွက်သွားမှာစိုးလို့ ဆိုင်ထဲဝင်လာအောင် တမင် လု

လိုက်တာကို ဓောက်မှန်းကမ်းမှန်း မသိဆိုးဝါးတဲ့ သတ္တဝါပါလား -

တစ်ယောက်ကိုတစ်ယောက် ကြိတ်တွေး ကြံစည်မှုများနှင့် တိ

တဆိတ် စစ်ခင်းနေခဲ့ကြပြီး ...၊

ဓား လှံ လက်နက်သံတွေတော့ မကြားရသေးဘဲ ရှိကာ ...၊



အခန်း (၁၉)

စားပွဲနံပါတ် ရှစ် ...၊

လှမ်းမြင်လိုက်တာက အဖြူရောင် နံပါတ်တုံးလေးကိုရော .. အဖြူ

င်မှာ အစိမ်းရင့်ရောင် ချိတ်ပါသော ဝတ်စုံလေးနှင့် မိန်းကလေးတစ်

ာက်ကိုပါ ပူးတွဲ၍ ဖြစ်သည်။

ကျောလယ်မကတတက အနက်ရောင်ဆံနွယ်တို့ကို ဖားလျားချ

ကာ နားသယ်စပ် ဆံစလေးတွေချည်း ကလစ်လှလှလေးနဲ့ နှစ်ဖက်

ဆောင်ထား၏။

အသားဖြူ၍ မျက်နှာပုံ့ပုံ့လေး မြင်လိုက်သဖြင့် ကင်း တစ်စုံ

ရာကို သတိရသွားသည်။ ထို့အတူ ခြေလှမ်းတွေပါ တုံ့နှေးသွား

..

"ဒီမိန်းကလေး များလား .."

အတွေးနှင့် ရှေ့ဆက်လျှောက်ခဲ့သည်။

သူမကလည်း တစ်ယောက်ယောက်ကို မျှော်ရင်း စိတ်လှုပ်ရှား

ရှိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း .."

"အမေ့!..."

ဘေးမှာ ရပ်မိကာမှ ချောင်းဟန့်လိုက်တာတောင် သူမ တုန်ခါ
ဖြစ်သွားရှာကာ ...

"ဟင်!..."

"ဩော် .."

"ရှင် .. ရှင်က .."

"မင်းပဲလို့တော့ ထင်လိုက်သား .."

မျက်လုံးချင်း ဆုံသည်နှင့် ချက်ချင်း မှတ်မိကြ၏။ ဒီနေ့ သူမ
လေးက ဖြူဖြူနုနု ယဉ်စစလေးနှင့် ပိုလှနေ၏။

ဒါပေမယ့် မမှတ်မိဖွယ် မရှိအောင် မပြောင်းလဲတာက ပြုံးလိုက်
သွားလျှင် တော်တော်နှင့် ပြန်အထာမကျဘဲ ပြုံးလျက်ပြုံးဆဲနှင့် လှ
နေနေတတ်သော သူမရဲ့ မျက်ဝန်းလေးတွေ ..။

"ဟိုနေ့က တွေ့ကြတာ နာမည်တောင် မမေးမိလိုက်ဘူး .."

ပြော၍ ထိုင်လိုက်တော့လည်း မျက်လုံးသာမကဘဲ သူမကို
လေး ကြွမတတ် ဖြစ်သွားကာ ...

"အဲ့ .. အဲ့ဒီမှာ ထိုင်မယ့်လူ ရှိတယ် .. ဟိုလေ .. အားတော့
ပါတယ်ရှင် .. ကျွန်မက .."

"မင်းက စားပွဲနံပါတ်ရှစ်မှာ ထိုင်နေတော့ စကြာအလင်း မဟုတ်
ဘူးလား .."

"ရှင်!..."

ပြုံးသွားပြန်ပြီ ဒီမျက်ဝန်း ..။

"ရှင် .. ရှင်က .. ရှင်က .. နေသခင် .."





"ကိုယ်က .. အဲ .."

မဟုတ်ဘူး ဆိုတဲ့စကားက နှုတ်ဖျားမှာပဲ ယောင်ဝါးဝါး ခြေကန်
ရပ်နေသော ကလေးပေါက်စလို ရုတ်တရက် ပြောဖို့ ကြိုးစားတာ မရ
ခဲ့ဘဲ ...

"အင်း .. ဆိုပါတော့ .."

ဒီလိုကိစ္စကိုတော့ မုသား မသုံးသင့်ပေမယ့် သူ ပထမဆုံး စိတ်ဝင်
စားခဲ့မိတဲ့ မိန်းကလေး ..။

ပြီးတော့ ..။

သူမက ညီလေး စိတ်မဝင်စားခဲ့သော စကြာအလင်း ဖြစ်နေခဲ့
ခြင်းအတွက် ...

"မင်းကရော .."

"ရှင် .."

"စကြာအလင်း ဟုတ်တယ်ဆိုရင် ကိုယ် ဒီမှာ ဆက်ထိုင်နေလို့
ရတာ သေချာပြီလားလို့ .."

"ဟုတ် .."

"ကိုယ်တို့ ပြန်ဆုံကြပုံက တော်တော် ဆန်းတယ် နော် .."

"ဟုတ် .."

"မင်းပုံစံ ကြည့်ရတာ လူစိမ်း တော်တော်ကြောက်တဲ့ပုံပဲ .."

"ရှင် .. အဲ .. ဟုတ် .."

ဟုတ် .. တာတွေချည်း ပြောနေသည့် သူမကို ကြည့်၍ ကင်း
က ပြုံးလိုက်သည်။

သူ ဘာမှ မမေးသေးဘဲ နေလိုက်တာနှင့် သူမထံမှ ဘာသံမှ ထွက်
မလာခြင်းကြောင့် အခြေအနေက ခြောက်ကပ်ကပ် စိတ်ပျက်ဖွယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့၏။

"စကြာအလင်း .."

"ရှင် .."

"ပတ်ဝန်းကျင်ဆိုတာ စိမ်းစိမ်းကျက်ကျက် ကိုယ်ပဲ ရင်ဆိုင်ရမှာ .. ကိုယ်နဲ့ တိုက်ရိုက် ပတ်သက် ဆက်ခံရဖို့ ရှိလာရင် မင်း တစ်ယောက်ယောက်ကို ပြေးခေါ်လို့ ရမလား .."

မျက်ဝန်းလေးတွေ သူ့မျက်နှာမှာ စူးစိုက်လာခဲ့သည်။ ဒါပေမယ့် ကြည့်ပြီး ချက်ချင်း ပြန်လွှဲ၏။

သူမပုံစံလေးက တော်တော်ကို ထိတ်လန့် ကြောက်ရွံ့နေပုံရှိကာ သူမ ဝတ်စားထားပုံနှင့်ဆိုတော့ တောသူ အူကြောင်ကျားလေးလိုလို ..။

ခုခေတ်မှာ မြန်မာဝတ်စုံကိုပဲ ခေတ်ဆန်ဆန် ဒီဇိုင်းလေးတွေနဲ့ အမြင်မရိုးအောင် အမျိုးမျိုး ချုပ်ဝတ်နေကြပါပြီ ..။

သူမကတော့ လည်ပင်းအကပ် လက်စကလေးကို ရင်စေ့ရိုးရိုးလေးနှင့် ...

"ကိုယ် ပြောချင်တာက ကိုယ့်အသက်အရွယ်နဲ့ ကိုယ့်နေထိုင်မှု အဆင့်အတန်းကို မင်းကိုယ်တိုင် နားလည်နေရမှာကိုပါ .."

"အခု .. အခု .. ကျွန်မက ဘယ်လိုပုံစံ ဖြစ်နေလို့လဲ ဟင် .."

"ရိုးသားရင်းနဲ့ 'အ'သွားမှာ စိုးလို့ပါ .. မင်း ဘာမှ မဖြစ်ပါဘူး.. ပြီးတော့ .."

သူက ပြုံး၍ ပြူးဝိုင်းနေသည့် မျက်ဝန်းလေးတွေကို စိုက်ကြည့်ကာ ...

"မင်းက လှပါတယ် .."

ဘုရား!...





ခုပဲ လူကြောက်တတ်တယ်လို့ တန်းခနဲ ပြောသွားသည်။

သူမ လက်ဖျားခြေဖျားအေးအောင် ရင်တွေတုန်နေတာကိုရော သိနေပြီလား ..၊

ပြီးတော့ ဘွား ပြောတုန်းက တခြား ..၊

ကောင်း ပြောတုန်းကလည်း ဒီသို့ မဟုတ်ပေ ..၊

"ကောင်း သေချာပေါက် သိတယ် .. အဲဒီလူ ကျပ်မပြည့်တဲ့လူပဲ ..၊ သူ့တူကို ပြုစုစောင့်ရှောက်ဖို့အတွက် အဆင့်မြင့်မြင့်နာနီ ငှားလိုက်တာ .. ဘယ်လောက်များ ချမ်းသာနေလို့ ဒီလိုအရူးနဲ့ ကိုယ့်မြေးကို ဆေးစားဖို့ သဘောတူနေမှန်း မသိဘူး .. ဘွားကို ကောင်း တကယ် စိတ်နာချင်လာပြီ" တဲ့ ..။

"မတွေ့ဘူး .. လုံးဝ သွားမတွေ့ဘူး .."

ကောင်း က ဤကဲ့သို့ ခါးခါးသီးသီး ဖြစ်နေခဲ့သည်။ ဒါကြောင့် သူမကိုယ်တိုင်ပဲ လူချင်းလဲပြီး လာတွေ့ပေးဖို့ ပြောမိကာ ကိုယ်ကပဲ ကောင်လေးကို အကဲခတ်မည်။

အခြေအနေကြည့်ပြီး အကျိုးအကြောင်း ပြောပြကာ ဘွားနဲ့ ကောင်း ကြားမှာ အဆင်မပြေစရာတွေ မဖြစ်အောင် ကြိုးစားပေးဖို့ လည်း ဆုံးဖြတ်ခဲ့တာလည်း သူမပဲ ဖြစ်၏။

"ဒါဆို အခု ငါ သွားတွေ့မယ် .. ဘွားကိုတော့ မပြောသေးဘူး လေ .. ဒီလူက နင် ထင်သလို တကယ် ဖြစ်နေလား မနေဘူးလားဆိုတာ သိရတာပေါ့ .. ဒါပေမယ့် ငါ့ကိုတော့ ယုံရမယ်နော် .. ငါ အကဲခတ် ခဲ့ပြီးလို့ နင် ထင်သလို မဟုတ်ဘူးဆိုရင်တော့ လုံးဝ ငြင်းဖို့ စိတ်မကူးနဲ့ .."

သူမကိုယ်တိုင် ကောင်း ကို ဒီတိုင်းပဲ ပြောခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဘယ်မှာလဲ ချာတိတ်အရွယ် ..၊

ဘယ်မှာလဲ အရွး ..။

ကိုယ့်ကိုတောင် သူက ရိုးတာ .. 'အ'တာတွေ ဝေဖန်ပြနေသေးသည်။

ပြီးတော့ အသားလတ်လတ် ကြွံနိုင်သော ကိုယ်ထည် အရစ်အမောင်းနှင့် ခန့်ခန့်ချောချော ..၊

ပြီးတော့ ပြောနေသေးသည် ..၊

'မင်းက လှပါတယ်' တဲ့ ..။





## အခန်း(၂၀)

"ဖြန်း .."

"အမေ့!..."

မျက်နှာရှေ့မှာ လက်ဝါးချင်း ရိုက်ပစ်လိုက်တာကို မိုးမြေ မျက်လုံး မှိတ်လိုက်ပြီး အော်သည်။

"ကောင်းလိုက်တာ .. အဲဒါပဲ မမမိုး လည်း ယောကျ်ားရ .. ောင်း လည်း စိတ်ချမ်းသာရ .. ဒီ့ထက်ကောင်းတာတောင် ဒီလောက် မကောင်းဘူး .."

"လွယ်လိုက်တာ ကောင်း ရယ်.. ငါလေ ကိုယ့်ကိုယ်ကိုယ် စကြာလင်း မဟုတ်ပါဘူးလို့ မငြင်းခဲ့မိတာကိုပဲ နောင်တရနေတာ .. သူက င် ထင်နေသလို အရူးမှ မဟုတ်တာ .."

"မဟုတ်တော့ .."

"မဟုတ်တော့ ကိုယ် ထင်တိုင်း လှည့်ပတ်လိမ်ညာနေလို့ မရဘူး ပေါ့ .. ဒုက္ခပါပဲဟယ် .. ဒါတွေသာ ဘွား သိသွားရင် ငါ့ကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘူး .. ဒီလောက် အသက်အရွယ်ကြီးကို ဘွားကရော ဘာဖြစ်လို့ ကောင်း နဲ့ စဉ်းစားရတာလဲ .. ဘွား ဘာတွေ လုပ်နေမှန်းကို မသိတော့ဘူး .."

"ဘယ်ကလာ ဒီလောက် အသက်အရွယ်ကြီးရမှာလဲ ညီမလေး ရယ် .. မမလောက်ပဲ ရှိသေးတာပါ ..၊ အိမ်ထောင်ဦးစီးလုပ်မယ့် ယောကျ်ားက ကိုယ်နဲ့ အသက် ဒီလောက်တော့ ကွာသင့်တာပဲဟာ .. အနည်းဆုံး တစ်နှစ်လောက်ဖြစ်ဖြစ် ကွာ .."

"ဟုတ်ပါပြီ .. ကဲပါ .. ဘွားကိစ္စကို ထားလိုက်ပါ .. ကောင်း တို့ ဖုံးထားသရွေ့ .. ဟိုဘက်ကလူ ဒါကို မသိသရွေ့ ဒီကိစ္စ ရှောင်မရှိဘူး .."

"အို .. မဖြစ်ပါဘူး ကောင်း ရယ် .. နင် ငါ့ကို သနားပါဟယ် .. နော် .. ပြီးတော့ လုံးဝ မသိတဲ့လူချင်း ညာရတာဆို တော်သေးတယ်.. ငါတို့က တွေ့ဖူးပြီးသား .."

"ဟင်!... ဘယ်လို .. မမမိုး တို့က .."

ပြောလိုက်မိပြန်ပြီဆိုသော ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်မိသည့် မျက်နှာ ရှုံ့မဲ့မဲ့လေးနှင့် မိုးမြေ က ခေါင်းကုတ်သည်။

"ညီမလေးရယ် .. နင့်ကို မမ ဟိုတစ်ခါ ပြောဖူးတယ်လေ .. ပလာဇာသွားကြတုန်းက မမ တစ်ယောက်တည်း ကားပါကင်မှာ ဝင် ထိုင်နေလို့ မရ .. ပြဿနာတွေ တက်နဲ့ .."

"အင်း .. ဟုတ်တယ် .."

"အဲဒါ ဖုန်းနဲ့ ကားလော့ခ် ဖွင့်ပေးသွားတဲ့လူ .."

"ဟင်!... ဟုတ်တယ် .."

"ဟုတ်ပါတယ် ဆို .."



"အဲ့ဒါကို မမမိုး က အခု စကြာအလင်း ဆိုပြီး ညာတော့ သူက မမမိုး နာမည်ကို .."

"မသိဘူး .. အဲ့ဒီတုန်းက နာမည်တွေဘာတွေ ပြောပြတဲ့အထိမှ မပြောဖြစ်ခဲ့တာ .. ဒါပေမယ့် အဲ့ဒါကြောင့် မမမျက်နှာကြီး ဘယ်သွား ထားရမှန်း မသိဘူး သိလား .. မျက်နှာမှာ ပိုးကောင်တွေ တရွရွ တက် နေသလိုပဲ.. ပြီးတော့ အတွင်းခံအင်္ကျီထဲမှာ ပိုးကောင်တစ်ကောင်ကောင် ဝင်နေသလိုလို .. ဘောင်းဘီထဲမှာပဲ .."

"ဟား .. ဟား .. ဟား .."

"ဟဲ့ .. ဘာရယ်တာလဲ .. အသံကြီးကလည်း မိုးကြိုးပစ်တာ ကျနေတာပဲ .."

"တော်ပါတော့ မမမိုး ရယ် .. ယားတာကို လုပ်ပြနေလိုက်တာ.. ရှက်လည်း မရှက်ဘူး .."

"နင်က ငါ့ညီမပဲဥစ္စာ .. ရှက်စရာလား ..၊ ငါ့ကို အဲ့ဒါတွေ ဆက် ဟန်ဆောင်မနိုင်းပါနဲ့တော့ .. ငါ တောင်းပန်ပါတယ် ညီမလေးရယ်.. နော် .. ငါ မျက်နှာမထားတတ်ဘူး .. တော်ကြာ အဲ့ဒီကိစ္စ ပေါ်သွားရင် ဟော ဘွားကလည်း 'ညည်း ဒီလောက်တောင် ယောကျ်ား လိုချင်နေ သလား' လို့ ပြောတော့မှာ .."

မိုးမြေ ဒါကိုပဲ ထိတ်လန့် ကြောက်ရွံ့နေရှာကာ ...

"နေသခင် သိသွားရင်လည်း သူ့ကို လိုချင်လို့ ဖြတ်ခုတ်တယ် ဘာညာတွေ .. မမ သိက္ခာ ဘယ်သွားထားရမလဲ .."

"သွားတွေ့ခါနီး ခဏလောက် ခေါင်းအုံးအောက်မှာ ထည့်ထားခဲ့ မမမိုး ရာ ..၊ သိက္ခာပဲဟာ .. သိပ်ခါမှ ကျတာပါ .. မမမိုး က မခါတော့ ဘာမှ ရော မရှိပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ကောင်း ရေ .."

"ဟင် .."

"နင် ပေါ့ပေါ့တန်တန် ပြောလှချေလား .. ဒီကိစ္စ သေးသေးလေး မဟုတ်ဘူး နော် .."

"မမမိုး ပဲ စခဲ့တာလေ .."

"ဘာ!..."

"ဟုတ်တယ် .. ကောင်း က မမမိုး ကို စကြာအလင်း အဖြစ် သွားတွေ့နိုင်းလို့လား .."

"ငါ .. ငါက .."

မိုးမြေ ရဲ့ မျက်လုံးတွေ အင်တိုက်အားတိုက် ပြူးလေသည်။ ကိုယ့် အစ်မ ရိုးသာတာကို သိနေသည်မို့ စိတ်ထဲမှာတော့ မကောင်း ..၊

ဒါပေမယ့် မျက်နှာကို မကြည့်မိအောင် ခပ်လွှဲလွှဲနေကာ...

"မမမိုး သွားတုန်းက ငါ အရင်သွားပြီး အကဲခတ်ပေးမယ် .. ဘွားကိုတော့ ညာရတော့မှာပဲတဲ့ .. မမမိုး အကဲခတ်လို့ သင့်တော်တယ် ဆိုရင်တော့ မငြင်းရဘူးတဲ့ ..၊ အခု မမမိုး တို့ချင်း တွေ့ပြီး ရင်ခုန် ဖင်တုန်တွေဖြစ်လို့ ပြောချင်ရာ ပြောကြ .. ခေါင်းညိတ်ကြ .. ခေါင်းခါ ကြနဲ့ .."

"မဟုတ်ဘူး .. မဟုတ်ဘူး .."

"ဘာ မဟုတ်တာလဲ .."

"ဟုတ်တယ်လေ .. ညီမလေး ပြောတာ မှန်တယ် .. ဒါပေမယ့် မဟုတ်ပါဘူး .."

"အေးလေ .. မဟုတ်ဘူးဆိုတာ ဘာလဲလို့ .."

"မမမိုး သူ့ကို မကြိုက်ပါဘူး .."





"မမမိုး ကို ကြိုက်နေသလားလို့လည်း မမေးရသေးပါဘူး .."

"ဟုတ်လား .."

မိုးမြေ ပါးပြင်လေးတွေ ရဲခနဲ ဖြစ်သွားသည်။

သူမကို ကြည့်ပြီးကောင်း ရယ်လည်း ရယ်ချင်သည်။ သနားလည်း သနားမိပါ၏။

"ဘာမှ တွေးမနေနဲ့ မမမိုး ရယ် .. မမမိုး အရှက်အကြောက်ကြီး ...ကောင်း သိပါတယ် .. ဒါကို တမင်တကာ ဖွင့်မပြောဘဲ မျိုသိပ်ခဲ့ ...မဟုတ်မှန်းလည်း သိတယ် .."

"သိရဲ့သားနဲ့ ငါ့ကို ဘာဖြစ်လို့ မျက်နှာတည်တည်ကြီးနဲ့ အပြစ် ...နေရတာလဲ ကောင်း ရယ် .. ငါ အဲ့ဒါမျိုး အရမ်းရှက်တာပဲ သိ ... .."

ညီအစ်မ နှစ်ယောက်တည်း ခြံထဲဆင်း ပြောနေကြတာမို့ အိမ်ကို ...နိုင်းမနေဘဲ မျက်နှာမူထားသည့် ခုံတန်းလျားမှာပဲ ထိုင်ခဲ့ကြသည်။

မိုးမြေ က စကားပြောရင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားတိုင်း ...ဆီကို လှမ်းကြည့်တတ်ကာ ...

"ငါက မဟုတ်တာ လုပ်မိ ပြောမိပြီဆို ကိုယ့်ကိုယ်ကိုယ် လုံခြုံ ...ယ်လို့ မထင်တော့ဘူး .. ကိုယ့်စကားတွေကို သူ ကြားနေပြီ .. ကိုယ့် ...နှာကို သူ ကြည့်နေပြီလို့ အဲ့လို ခံစားမိလာတာ .. မျက်နှာရှေ့မှာ ...ရတာဆို နင် စဉ်းစားကြည့် .."

"စဉ်းစားကြည့်ပြီး ပြောတာပဲလေ.. ကောင်း က မမမိုး ကို အပြစ် ...တာ မဟုတ်ဘူး .. ဒီတိုင်းပဲ ရှေ့ဆက်လိမ့်ကြမယ်လို့ တိုင်ပင်ချင် ... .."

"ဘယ်လို!..."



www.burmeseclassic.com

www.burmeseclassic.com



"မမမိုး တို့ နှစ်ယောက်ပဲ ဖူးစာမှန်နေတာ.. ဒီထက် ဘာပိုသေ မှာလဲ .."

"ဟယ် .. မဟုတ်တာ .."

"ဘာလို့ မဟုတ်ရမှာလဲ .. ဟုတ်တယ် ..၊ ကားပါကင့်မှာ ဆုံ တယ် .. နာမည်တွေ မမေးခဲ့ကြဘူး ..၊ အခု အခြေအနေတွေ အရ တိုက်ဆိုင်ပြီး ကိုယ် လက်ထပ်ရမယ့်လူတွေအဖြစ် ပြန်ဆုံကြတယ်.."

"ဟုတ်မှ မဟုတ်တာ .."

"ဟုတ်ဖို့ မဟုတ်ဖို့က ကောင်း တို့ လက်ထဲမှာပဲ ရှိတာပါ.. သ ကြောက်မနေစမ်းပါနဲ့ မမမိုး ရယ် .. လူကြီးတွေ ဆန္ဒက တစ်မျိုး မယ့် တွေ့ကြတာက လူကြီးချင်း တွေ့တာမှ မဟုတ်တာ .."

"နောက်တော့ မျက်နှာစုံညီ တွေ့ကြမှာပဲ ကောင်း ရယ် .. မ နိုင်တာတွေ မပြောပါနဲ့ ..၊ ပြီးတော့ နေသခင် ဆိုတဲ့လူက နုံအအ မဟုတ်ဘူး .. ငါတို့ ထင်သလို ရှူးကြောင်မူးကြောင် ခပ်ငယ်ငယ်ကော လေးလည်း မဟုတ်ဘူး .. ငါက နင် မဟုတ်မှန်း သိရင် .."

"မမမိုး ကို လုံးဝ စိတ်မဆိုးစေရဘူး .."

ကောင်း မျက်နှာကို မယုံနိုင်သလို ကြည့်မိသည်။

သူမက ဘာကို အကဲခတ်နိုင်ခဲ့လို့လဲ ..၊

ပြန်တွေးကြည့်မိတော့ နေသခင် ရဲ့အကြည့်တွေ .. အပြုံးတွေ နှစ်သက်လိုလားခြင်းတွေ ရှိနေမှန်းတော့ ခံစားမိသလိုလိုပါ ..။

ဒါပေမယ့် ကိုယ့်ဘက်က ဆွဲတွေးရာများ ကျနေမလား ..၊

ဒါဆို ဒီတိုင်း ဘာဖြစ်လို့ ဆွဲတွေးလိုက်မိတာလဲ .. နေသခင် သူမ တကယ်ပဲ ..၊

"မမမိုး လည်း သူနဲ့က ပထမဆုံးပဲလေ .."





"ဟင်!... ဘာ .. ဘာကို ပထမဆုံးလဲ ဟင် .."

ရှင်းတာ ရှိပြီဆိုလည်း အေးဆေး မေးရကောင်းမှန်း မသိတတ် မိုးမြေ ပါ ..၊ ကောင်း က သက်ပြင်းချလိုက်ပြီး ...

"မမမိုး မှာ ယောကျ်ားလေး သူငယ်ချင်းတောင် မရှိခဲ့ဘူးတာ .. အခု ကိုယ် လက်ထပ်ရမယ့်လူအဖြစ်နဲ့ မျက်နှာချင်းဆိုင်ရတယ်.. ပြောရတယ် .."

"အဲ့ဒီတော့ ဘာဖြစ်လို့လဲ .."

"သူ့ဘက်ကို မမမိုး ပြိုနေပါပြီ .."

"မပြိုပါဘူး .. ဘာပြိုတာလဲ .."

"မမမိုး စိတ်တွေ သူ့ဘက်ကို လုံးဝ ပြိုကျနေပြီလို့ ပြောတာ.."

"ဟယ် .. မဟုတ်တာ .."

"ဟုတ်ကို ဟုတ်တယ် .. ဟိုလူကလည်း မမမိုး လို ရိုးသားပြီး ရာကောင်းတဲ့ မိန်းကလေးကို စိတ်ဝင်စားသွားမှာပဲ .. ကောင်း ာ ပြောရဲတယ် .."

ဟန်ဆောင်မှုကင်းစွာ ဖျတ်ခနဲ ဝင်းကြည်သွားသည့် မျက်နှာလေး တ်ခမ်းလေးတွေပါ ပြုံးယောင်သမ်းသွား၏။

နေသာ 'ဟိတ် ..'လို့ လက်မောင်းကို ပုတ်ပြီး အော်ထည့်လိုက် ဖြစ်သွားမည့် မမမိုး ပုံစံကို မြင်ယောင်မိသေးသည်။

ဒါဟာ အချစ်နဲ့ စတင် သိကျွမ်းခဲ့ခြင်းကြောင့်လား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အဲလိုလည်း မဟုတ်လောက်ပါဘူး ရိုက် ရာ .. ငါ့ညီကလ
စကားစ ရလိုက်တာနဲ့ အရောက်ပို့တော့တာပဲ .."

"မဟုတ်လောက်ပါဘူးဆိုတဲ့ မျက်နှာကြီးကလည်း ကိုကြီး ကို
ကို မှန်ထဲ ပြေးကြည့်လိုက်ဦး .."

"ဟုတ်လား .. ဘယ်လိုကြီးလဲ .."

ကင်း ရဲ့မျက်နှာက ပြုံးဖြီးဖြီးကြီး ဖြစ်နေကာ ခါတိုင်း အလု
ပြန်လာတာနဲ့ ရေမိုးချိုး ခဏနားပြီး စားသောက် ..၊ ပြီးတာနဲ့ အလုပ်
တာမျိုး ..။

နေ့စဉ် သွားနေကျ သူ့ရဲ့အချိန်တွေကိုပါ မေ့နေသည် ထင်

ဒီနေ့တော့ ရိုက် ရဲ့ဘေးမှာ လာထိုင်ကာ သက်ပြင်းတွေ
သည်။ ထို့ပြင် ပြောပြီးသား စကားတွေကိုပဲ ပြန်စပြောခဲ့ပြီး ...

"သူ့အကြောင်းလေးပဲ ပြောနေရရင်ဆိုတဲ့ ရှည်းစားရကာစ
နှာမျိုး ကိုကြီး ဖြစ်နေတာ .."

"လုပ်ပြီ .."





"ဘာလဲ .. အဲ့လောက် မဟုတ်ပါဘူး ပြောမလို့လား ..၊ ကိုကြီး
စကြဝဠာမကို ငြိလာခဲ့ပြီ .. ဝန်ခံလိုက်တော့ .."

"စကြာအလင်း ပါကွာ .."

"အလင်း မပါရင် ပြီးရော .."

ကင်း က ပြုံးလိုက်ပြီး ရိုက် ရင်ခွင်ထဲက ဂီတာကို ဆွဲယူသည်။
တော့ ဘေးမှာ ချထားလိုက်ကာ ...

"ဂီတာ ထိုင်တီးပြီး စိတ်အိုက်ပါတယ်ကွာ .. လာ ကိုကြီးတို့
ထဲမှာ လမ်းလျှောက်ရအောင် .."

"ဝရန်တာကနေ အပေါ်စီးက အကုန်မြင်နေရတာပဲ ..၊ ခြံထဲဆင်း
ဒီကနေ ခုန်ချလို့လည်း ရတာ မဟုတ်ဘူး.. အထဲပြန်ဝင်.. လှေကား
နေ ဆင်း .. ပျင်းစရာကြီး .."

"ဟား .. ဟား .. ဟား ..."

"ကိုကြီးက ကျွန်တော် ပြောရင် ဘာဖြစ်လို့ ရယ်ပစ်တာလဲ ..၊
မမိုက်ဘူး နော် .."

"ရယ်မှာပေါ့ကွ .. မင်းက ယောကျ်ားလေးဖြစ်ပြီး .."

"ပျင်းတာ မဟုတ်ဘူး .. ကိုယ် စိတ်မဝင်စားတဲ့ အရာတစ်ခု
ွက် ဟန်ဆောင် မလိုက်လျောချင်တာ .."

"ညီလေးရာ .. ကမ္ဘာကြီး တိုးတက်လာခြင်းဟာ လူတွေရဲ့ ဟန်
ဆောင်တတ်မှုတွေ မြင့်မားလာခြင်းပဲလို့ ပညာရှင်တချို့က ပြောထား
ဲ .. ဒေါသကြီးပြီး ပေါက်ကွဲလွယ်တဲ့လူတွေကို သဘောထားမပြည့်
.. အဆင့်အတန်း မရှိဘူးတဲ့ ..၊ သည်းခံမျိုသိပ်နိုင်မှ သဘောထား
မြတ်ပြီး အဆင့်အတန်းရှိတဲ့လူ .."

စကားရပ်ပြီး ရိုက် ရဲ့မျက်နှာကို ကြည့်လိုက်သေးသည်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ဆောင်မှုသားလို့ ပြောရင် နှစ်သက်စရာ မဟုတ်ပေ
သည်းခံမျိုသိပ်နိုင်တာလို့ ပြောရင်တော့ ကျေနပ်စရာ မဟုတ်ဘူးလာ
ပြီ လူတော်လူကောင်း ဖြစ်ချင်ရင်တော့ ဟန်ဆောင်တတ်တဲ့ပညာ
ပူးတွဲ ကျွမ်းကျင်နေမှ ဖြစ်မှာ .."

ရိုက် က ပြုံးလိုက်သည်။

"ကိုကြီး ပြောတာ မှန်ပေမယ့် ခုတော့ အောက်ကို လိုက်ချင်
လုံးဝ မဖြစ်ဘူး .."

"အေးပါ .. ကိုကြီးကလည်း မခေါ်တော့ပါဘူး .. ကိုယ့်ဘာသာ
ဆင်းတော့မလို့ .."

"ကိုကြီး နေဦး .."

ကင်း က ထရပ်မလို ပြင်ပြီးမှ ရိုက် ဘာပြောမလို့လဲ ပြန်စောင့်

"ကိုကြီး ပြောတော့ စကြာအလင်း နဲ့ အစတည်းက တွေ့ဖူး
သား ဆို .."

"တွေ့ဖူးပြီးသားပဲ ဖြစ်ဖြစ်.. ရင်းနှီးပြီးသားဖြစ်ဖြစ် .. သူက ကို
အတွက်မှ မဟုတ်တာ .."

"ဟုတ်လိုက် ကိုကြီးရာ .. အဲ့ဒါကိုပဲ ပြောချင်တာ .."

"ရိုက် .. ဒါက လူကြီးတွေ စီစဉ်ထားကြတဲ့ကိစ္စ .."

"လူကြီးချင်း ပေါင်းလို့မရဘူး ဆိုတာတော့ သူတို့ သိပါတယ်

"ဒါပေမယ့် .."

"ပေါင်းကြရမယ့်လူချင်း ချစ်ကြဖို့ လိုတယ် .."

"သူ့ကို ကိုကြီးက ချစ်နိုင်မယ်လို့ ထင်တယ်ပေါ့ .."

"ဟုတ်တယ်.. ကျွန်တော့်နဲ့တွေ့ဖြစ်ရင် တော်တော်ဆိုးမယ့် အ
အနေက ကိုကြီးနဲ့ တွေ့လို့သာ အဆင်ပြေလာတာ .."





"မင်းနဲ့တွေ့ရင် တော်တော်ဆိုးမယ်လို့ ဘယ်သူ ပြောတာလဲ .."

"ကျွန်တော် ပြောတာ .."

ရိုက် က ဂီတာကို ပြန်ဆွဲယူပြီး ဖက်ထားလိုက်ကာ ...

"လုပ်ပါ ကိုကြီးရာ .. ကိုကြီး လူပျိုဟိုင်းကြီး မဟုတ်သေးပါဘူး..
ကြီးစတိုင်လ်နဲ့ ခန့်ညားမယ့်စကားလုံးတွေ ရွေးမနေပါနဲ့ .. အဲဒီ
ာင်မလေးကို သဘောကျတယ်မို့လား .. ကိုကြီး သဘောကျတဲ့
က်ရှင်လေးနဲ့လေ .."

ကင်း က ရယ်ကျဲကျဲနှင့် မဲ့သည်။ ခေါင်းမခါပေမယ့် လက်ကာ
...

"ကိုယ့်အတွက် မဟုတ်တဲ့ မုန့်ကို ယူစားမိသလိုကြီးကွ .. ဒါက
သမာမှုနဲ့ တူတယ် .."

"ယူစားတာမှ မဟုတ်တာ .. မစားချင်တဲ့လူက ကျေကျေနပ်နပ်
ခွင့်ပြုနေတာ .."

"အဟွန်း .."

"ဘယ်လိုလဲ .. သွားကြီး အဖြီးသားနဲ့ နော် .."

"ဟား .. ဟား .. ဟား .. ဟား ..."

"အိုခေ .. အိုခေ .. ဒါဆို ပြောဖို့ မလိုတော့ဘူး .."

ညီအစ်ကို သံပြိုင်ရယ်ရင်း လက်ဝါးချင်း ရိုက်လိုက်ကြရင်း ...
ရင်ခုန်သံနောက်ကို ခြေရာကောက်ကြဖို့အတွက်ကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"မင်းက ဘယ်ကိုလဲ .."

"ရှင်ကရော ဘယ်ကိုလဲ .."

"အံမာ .. မင်း ငါ့နောက်က ခြေရာကောက်ပြီး ပါလာတာ မ[illegible] ဘူး မှတ်နေသလား ကောင်း .."

"ရှင့်ကို ခြေရာကောက်ရအောင် ရှင်က တစ်နိုင်ငံလုံးက သူ[illegible] အိမ်တွေကို ပတ်ခိုးနေတဲ့ သူခိုးဝိဇ္ဇာလား .."

"ဘာ!..."

"ကောင်း ကရော စုံထောက်ကျော်လား .."

"မင်း နော် .. ကောင်း ကင် လင်း .."

"ဟုတ်တယ် .. ကောင်းကင်လင်း ပဲ .. ခုမှ သိတာဆိုရင် မှတ်[illegible] အောင် ကြည့်ထားလိုက် .."

ကောင်း က ဂျင်းဂျက်ကက် လက်ပြတ်ခါးတိုလေးကို ဂျင်းပင်[illegible] နဲ့ တွဲဝတ်ထားကာ နက်ပြာရောင် မှောင်လွှဲနေသည့် ဇွေကိုင်းနှင့် မျက်[illegible] မှန်လေးကို တပ်ထားသေးသည်။





ပြီးတော့ လခြမ်းပုံ အပြာရောင် နားကွင်းဝိုင်းလေး လှုပ်ခါနေလျက် ...၊ နှုတ်ခမ်းသားတို့မှာ ပန်းနုရောင် နုအိနေလေသည်။

သူမ ဒီနေ့ တော်တော်လှနေသည့်အဖြစ်ကို သတိထားမိကာ မျက်နှာလေးကအစ တင်းပြည့်သွယ်လျသော ယဉ်တစ်ကိုယ်လုံးကိုပါ ငေးခနဲ တော့ ဖြစ်သွားခဲ့သည်။

အင်္ကျီသည် ပခုံးစွန်းလေးတွေမှာ ဂျင်းသားစလေးတွေ ဖွာထွက်နေကာ ဖြူဝင်းနုမွတ်သော ဆင်စွယ်သဏ္ဌာန် လက်မောင်းသားလေးတွေက ဒီအတိုင်း ...၊

သူမနဲ့ ဆုံမိတိုင်း ရန်ဖြစ်ဖို့အကြောင်းတွေက အဆင်သင့် ရှိနေတတ်ကာ အိမ်မှာ တနုံ့နုံ့ တွေးမိတိုင်းလည်း သူ့ရဲ့ အတွေးကမ္ဘာထဲမှာ သူမက အလွန်အမင်း မုန်းတီးဖွယ်ကောင်းသည့် မိန်းဗီလိန် ...၊

ခုကျမှ သူ ဘာဖြစ်လို့ ...၊

"ဒီမှာ .."

"ဟင် .."

ဆောင့်ခေါ်လိုက်သံကြောင့် သူ ဆတ်ခနဲ ဖြစ်သွားသည်။ ပြီးတော့ မျက်နှာကိုလည်း တင်းထားပြီးသားဖြစ်လျက် ...

"ရှင် ခေါ်တောငါးရာအားနဲ့ ကြည့်နေတာကို ခံဖို့ ကျွန်မ အလှပြနေတယ် မှတ်နေလား .."

"မမှတ်ပါဘူး .. မင်းပဲ ကြည့်ထားလိုက် ဆို .."

"ဟွန်း .. ရှပ်ကြီးက .."

နှုတ်ခမ်းနီ ပန်းနုရောင်လေးနှင့် နှုတ်ခမ်းသားတို့ကို ပွင့်အံသွားအောင် မဲ့၏။ ဒါပေမယ့် သိပ်တော့ ကြည့်ရဆိုးမသွားပါ ...။

"မနက်က တိုက်မှာ ဆုံတုန်းကလည်း ကိုမျိုးကြီး တို့နဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ရှင် ကောင်း ကို လှမ်းကြည့်တာ ပြုံးစိစိနဲ့ ..."

"စကားပြောနေတာပဲ .. ပြုံးစရာ ပါလို့ ပြုံးတာပေါ့ .. မင်းကို ပြုံးပါတယ်လို့ ဘယ်သူ ပြောတာလဲ .."

"ခုလည်း ကောင်း က ချက်ချင်းကြီး ထလာလို့ .. ရှင် လိုက်လာတာ .."

"ဟား!..."

ရိုက် က ခေါင်းခါ ရှုံ့မဲ့ကာ ...

"ပြဿနာပဲ .. မင်း သွားလို့ ငါ လိုက်လာတာဆိုရင် မင်းနောက်ကပဲ ဖြစ်ရမှာပေါ့ .. အခု ငါ့နောက်မှာ မင်းလေ .. ဘယ်သူက ဘယ်သူ့နောက်ကို လိုက်နေတာလဲ .."

"ရှင့်နောက်ကို လိုက်ရအောင် ရှင်က ဘယ်လောက်များ အကွက်မြင် လာဘ်ရွှင်နေလို့လဲ ...၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေစမ်းပါနဲ့ .. ရှင် ဘယ်လောက်ပြေးနေနေ ကောင်းကင်လင်း ကို ဘယ်တော့မှ ကျော်တက်သွားနိုင်မှာ မဟုတ်ဘူးဆိုတာ သဘောပေါက် .."

ရိုက် က ကျေနပ်လက်ခံခြင်း မမည်သော ခေါင်းညိတ်ခြင်းနှင့် လှောင်သလို ရယ်နေကာ ...

"ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို မြင်လိုက်ရင်တော့ ကြောက်ဒူးတုန်သွားတာပဲမို့လား .. ဒါကြောင့် ငါ့ခြေလှမ်းတွေ ပျက်အောင် အသေအလဲကြိုးစားတာလေ .. ဟိုတစ်နေ့က အလှပြင်ဆိုင်ထဲမှာလည်း .."

"ဟုတ်တယ် .. အဲ့ဒီတော့ ရှင် ဘယ်လောက် တုံးသလဲဆိုတာ တွေးကြည့်လေ .. သမင်မွေးရင်း ကျားစားရင်း တဲ့ ...၊ ကောင်း က ရှင် ပြေးလွှားစုဆောင်းထားပြီးသားကို အဆင်သင့် ခူးခပ်စားတဲ့သူ .."

"အင်း .. စီးတဲ့ရေ ဆည်တဲ့ ကန်သင်းပေါ့ .."





"ဘာ!..."

"ကိုယ်က အဲဒီလိုတွေးပြီး ပြီးခဲ့တာတွေကို ကျေနပ်လိုက်တာ.."

"ရှင့်ကို ဘယ်သူက ကျေနပ်ပေးပါ ပြောနေလို့လဲ .."

"အားလုံးကလေ .. မင်းနဲ့ ကိုယ်က တိုက်မှာ ပေါ်ပြူလာ ဖြစ်နေတာ .. အရမ်းလှနေကြလို့ မဟုတ်ဘူး .. ရန်ဖြစ်နိုင်လွန်းလို့ .."

"အဲဒါ .. ရှင်က ယောက်ျားကြီးမတန်မယ့် အနိုင်မခံ အရှုံးမပေးတွေ လုပ်နေတာကိုး .."

"ယောက်ျားဖြစ်တာနဲ့ပဲ ဘာဖြစ်လို့ အရှုံးပေးရမှာလဲ .. လူတိုင်းမှာ ဆေါသရှိတယ် .. ချစ်စရာကောင်းမှ ချစ်မှာပေါ့ .. မင်းကို ချစ်စေချင်ရင် .."

"ရှင် နော် .. ရှင် .."

"အာ!... ဟာ ကြည့်စမ်း .."

ပခုံးကို တွန်းထည့်လိုက်တာ ပက်လက်လန် လဲတော့မလို့ နည်းနည်းပဲ လို၏။

"မင်း စကားပြောတာ လက်မပါနဲ့နော် .. ရိုက် ဆိုတဲ့ ငါ့ဘဝမှာ ခဏခဏ အရှုံးပေးနေခဲ့တာ မင်းတစ်ယောက်ပဲ ရှိသေးတယ်.. ဒီကောင်က ပျော့ရင် ဖယောင်း .. မာရင် သံချောင်းပဲ .."

ရိုက် မျက်နှာမှာ ဒေါသတွေ ပြည့်သိပ်နေပေမယ့် ဒီစကားကိုတော့ လွှတ်ခနဲ ပြောထွက်သွားတာဖြစ်သည်။ ကောင်း ကလည်း ဒါကို သတိထားမိ၏။

နှစ်ယောက်စလုံး ခပ်အမ်းအမ်းတွေ ဖြစ်သွားခဲ့ကြကာ အမှတ်တမဲ့ ငေးကြည့်နေမိကြစဉ် ...

"တိ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဟော့လူ .."

ရိုက် အသံ ဟိန်းသွားကာ ကောင်း ရဲ့ပခုံးလေးကို ဆွဲလှည့်ပစ်လိုက်၏။

"အား!..."

ကောင်း အမှတ်တမဲ့မို့ ဆွဲလိုက်တဲ့အတိုင်း ပါသွားကာ ရိုက် ရင်ခွင်ထဲ ပစ်စလက်ခတ် ရောက်သွားခဲ့၏။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ ဗျ .. ဘက်ခ်ဆုတ်တာ နောက် မကြည့်ဘဲ ဆုတ်ရလား .."

"ကြည့်တယ်ကွ .. ဟွန်းလည်း တီးတယ် .. မင်းတို့ပြဿနာ ရှင်းပြီးတဲ့အထိ ငါက စောင့်နေရမှာလား .. လူကို သဟောက်သဟမ်း လာမလုပ်နဲ့ .. ငါ မင်းအဖေလောက် ရှိတယ် .."

"ဘာဗျ!..."

"ရိုက် တော်ပါတော့ .."

ကောင်း တားပေမယ့် မရပေ ..၊

"အဖေလောက်ရှိလည်း ကျုပ်အဖေက မရှိတော့ဘူးဆိုတော့ ဒီ အချိန်ဆို ဘယ်အရွယ်လည်း မသိတော့ဘူး .."

ကားက လမ်းဘက်ကို နေရာပြန်ယူနေသဖြင့် ရိုက် အော်ပြောကာကို ဒီတိုင်း ကြားနေရမှာပဲ ဖြစ်၏။ လူကြီးက ကား နေရာမကျတာကို တည့်မတ်နေရင်း လှည့်ကြည့်နေသဖြင့် ...

"ရှင် ဘယ်လိုဖြစ်နေတာလဲလို့ .. လာ သွားမယ် .."

ကောင်း က အတင်းဆွဲခေါ်လာခဲ့ကာ ...

"ကားပွဲစားတန်းကိုများ ရှင်က ဘာမှတ်လို့လဲ .."

"ငါ့ကို မမေးနဲ့ .. မင်းကရော ဘာလိုက်လုပ်တာလဲ .."





"လာပြန်ပြီ .. ရှင့်နောက်ကို လိုက်နေတယ်လို့ ခုထိ ထင်တုန်းလား .."

ရိုက် က ဘာမှမပြောတော့ဘဲ မဲ့ချင်ချင်မျက်နှာနှင့် ကြည့်၍ လှည့်ထွက်သွား၏။ နှစ်လှမ်း သုံးလှမ်းသွားပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ဒီနေရာ အခု ကားပွဲစားတန်း မဟုတ်တော့ဘူး .."

"သိတယ် .. ရှင် သိတာတွေထက် အမြဲတမ်း ပိုသိနေတဲ့ သတင်းထောက် .."

"မှားနေပြီ အဲဒါ .. ငါ သိနေတာတွေကို အမြဲတမ်း ခိုးဖို့ ကြိုးစားနေရတဲ့ သတင်းသူခိုး .."

"ဘာ!... ပြောတယ် .."

'သတင်းသူခိုး'လို့ ခပ်တိုးတိုး ထပ်ပြောပြီးမှ လှည့်ထွက်သွားသည်။

ကောင်း မချင့်မရဲ ကျန်ရစ်ခဲ့ကာ ...

တကယ်ပါ .. သူမ သူ့နောက်ကို လိုက်ခဲ့တာ မဟုတ် ..၊

ကြ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

"နင်တို့နှစ်ယောက် ဘယ်တော့များမှ သင့်မြတ်ပါ့မလဲဟယ် .. ငါတို့တော့ ဘယ်လိုနည်းလမ်း သုံးရမှန်းကို မသိတော့ဘူး .."

"တစ်နည်းပဲ ရှိတယ် ...၊ အဲဒီနှစ်ယောက် လက်ထပ်ဖြစ်အောင် လုပ်ပေးလိုက် .."

"လုပ်ပြီ .. ကိုမျိုး ကတော့ .."

"ကိုမျိုးကြီး နော် .. အရမ်းခင်လို့ သည်းခံနေတာ .."

ကောင်း က ပီကေအိတ်ခွံကို အမှိုက်ပုံးထဲ လုံးချေထည့်ပစ်လိုက်ပြီး လှည့်မကြည့်ဘဲ ကြိမ်းသည်။

ပြီးမှ အားလုံးရဲ့နားမှာ ထိုင်ချလိုက်ကာ ...

"ကောင်း တို့က ကိုယ့်ဘာသာ နေတာ .. သူပဲ သူ့ကို ကျော်သလေး .. ဖြတ်သလေးနဲ့ လူမြင်တိုင်း မဲနေတာ .. ဟွန်း .. လက်ဦးမှုရအောင် ယူပြီဆိုတည်းက ကိုယ်ဦးဖို့ပဲ လိုတာ .. သူ ဦးချင် သူ ကြိုးစားပေါ့ .."





တိုက်ကို ရောက်ပြီဆို ပြောဖြစ်ကြရင် ဒီအကြောင်း ...၊

သူဌေးကလည်း လူငယ်တွေ ဖြစ်သလောက် ကြိုးစားနေကြတာမို့ ဘယ်သူ့ကိုမှ ပိုပြီး ဦးစားမပေးသလို ဘယ်သူ့ဘက်က ဘယ်လို အတိမ်းအစောင်းဖြစ်သွားတတ်တာ ရှိရင်တောင် တော်ရုံလောက်ဆို ခွင့်လွှတ်ပေးခဲ့တာပင် ...၊

ထို့ကြောင့် ရိုက် နဲ့ ကောင်း တို့နှစ်ယောက်၏ ရန်ဖြစ်တတ်ခြင်းတ ရာဇဝင်တွင်မယ့်ပုံ ဖြစ်နေခဲ့၏။

"ငါ့ညီမတို့က ဂျာနယ်တိုက်မှာတော့ ရန်ဖြစ်ခွင့်ပါမစ် ရနေကြတဲ့ စုံတွဲပဲဟေ့ ...၊ အလုပ်လုပ်နေရင်းနဲ့ ဖြစ်တယ် .. ဂျာကြီးရှေ့မှာဖြစ်တယ် .. အခု လမ်းပေါ်မှာလည်း ဖြစ်ခဲ့ကြပြန်ပြီ .."

"သြော် .. ငါ ပြောသားပဲ .. တစ်ယောက်ကျေးဇူး တစ်ယောက်နားလည်ရကောင်းမှန်း သိသွားအောင် သူတို့နှစ်ယောက် လက်ထပ်လိုက်ကြရင် ပြီးပြီ .."

"သူ့လို ဒေါသကြီး သဝန်တိုတတ်တဲ့လူကိုလား .. ဝေးပါသေးသယ် .. ဟွန့် .."

"မင်းကိုရော ဘယ်သူက နီးချင်ပါတယ် ပြောနေလို့လဲ .."

"ဟော .. လာပြီ .."

"လာတာ မဟုတ်ဘူး .. သွားတာ .. အဲ့ဒါမှ တကယ်ကို သွားပြီ.."

ဦးသန့်ဇော် တို့ .. မမရီ တို့တွေ ပြုံးရယ် ခေါင်းခါလျက် ထထွက်သွားကြ၏။ ကိုမျိုးကြီး နဲ့ ကေစီ တို့ကတော့ ရိုက် တို့နှ[illegible] နီးမိုးကြသည့်ပြင် သူတို့ကိုလည်း သင့်မြတ်သွားစေချင်သူတွေ [illegible] ..

"ရိုက် ရေ .. မထိုင်ရသေးဘူး ရန်စကားနဲ့ မလာနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



“လူတောင် မရောက်သေးဘူး တစ်ဖက်သတ် အတင်းတုတ်နေတာရော ဘယ်သူလဲ .. ဘယ်သူက သူ့ကို ခေါင်းထဲထည့်နေလို့လဲ ..”

“ခေါင်းထဲ ထည့်ချင်တိုင်းရော ထည့်လို့ရမယ် ထင်သလား .. ကိုယ့်အခြေအနေကိုလည်း တစ်ချက်လောက် ပြန်ကြည့်ဦး ..”

ရိုက် ကလည်း ဝင်လာတည်းက ခါးထောက်လျက်ဖြစ်ကာ ကောင်း ကလည်း ထိုင်တာမှ မကြာသေးဘဲ ဆတ်ခနဲ ပြန်ထရပ်၏။

သူတို့နှစ်ယောက်ကို မျိုးကြီး နဲ့ ကေစီ တို့က ပါးစပ်အဟောင်းသားနှင့် လိုက်မော့ကြည့်နေကြကာ ...

“ဖြစ်ရလေဟယ် .. တကယ် .. တကယ် .. သူတို့နှစ်ယောက်ကို ရန်အဖြစ်နိုင်ဆုံး စုံတွဲဆု ပေးရမှာ ..”

“ငါကတော့ ညားဖို့ သင့်တော်ဆုံး စုံတွဲလို့ ထင်တာပဲ ..”

“ကိုမျိုးကြီး ..”

“ကိုမျိုးကြီး .. ဒီတစ်ခါပြောရင် ကောင်း သည်းမခံဘူးနော် ..”

ရိုက် က အသံဗြဲနဲ့ တားဆီးသလို ကောင်း ကလည်း ဒေါသတွေနှင့် ..၊ မျိုးကြီး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်တက်သွားကာ ...

“ဆောရီးပါဟာ .. ဆောရီး ..”

နှစ်ယောက်စလုံးကို လှည့်တောင်းပန်သည်။ ပြီးတော့ ...

“ငါက လူကို မြင်လိုက်ရင် ရေစက်ဖြစ်ကို ကြိုဟောတတ်တဲ့အကျင့်ရှိလို့ပါ .. လူကိုမြင်ရုံနဲ့ နော် .. အခု မင်းတို့လို သိကျွမ်းရင်းနှီးနေတာ မဟုတ်သေးဘူး ..၊ ဟဲ .. ဟဲ .. သိနေကြတဲ့လူတွေကို ကြိုတင် ဟောကိန်းထုတ်ရရင်တော့ .. အင်း ..”

“မလိုပါဘူး .. ဗေဒင် .. ယတြာ လုံးဝ ဝါသနာမပါဘူး .. ယုံလည်း မယုံဘူး ..”





“မယုံဘူးဆိုလည်း ပြီးတာပဲဟာ .. ငါ့ဟာငါ နင်တို့နှစ်ယောက်ကို ညားမှာလို့ သေချာပေါက် ပြောနေလည်း ..”

“အဲ့ဒါကိုပဲ မပြောနဲ့လို့ ပြောနေတာ ..”

ကောင်း က ခြေဆောင့် အော်သည်။

“စကားအဖြစ်လည်း မပြောနဲ့ .. ခင်လို့လည်း မစနဲ့ .. ကောင်း စေ့စပ်ထားတဲ့လူ ရှိပြီးသား ..”

“ဟား .. ဒါဆိုရင်တော့ တူပြန်ပြီ ..”

ရိုက် က အားပါးတရ ဝင်ပါလာကာ ကောင်း ရဲ့ရှေ့နားထိ လာရပ်သည်။

“ကိုယ့်မှာလည်း စေ့စပ်ပြီးသား ရှိတယ် .. ခုမှ ကောက်ကပ်ရှိတာ မဟုတ်ဘူး နော် ..”

“ကောက်ကပ်ရှိလိုက်တာဆိုလည်း စိတ်မဝင်စားဘူး .. ဒီမှာ ..”

ကောင်း က သူ့မအိတ်ကို စားပွဲပေါ်ကနေ ဖြစ်သလို ဆွဲချလိုက်၍ ...

“ကိုယ်ပိုင်စီးပွားရေးနဲ့ .. ကျိုကျိုတက် ချမ်းသာပါတယ်ဆိုတဲ့ ဥစ္စာ ရုပ်ချော .. စေ့စပ်ပြီးသား ယောကျ်ားကိုတောင် ဒီက စိတ်ဝင်စား ရခဲ့တာ .. ရှင့်လို ပမွှားလေးကိုများ ..”

“ဟား .. ယုံလားတော့ မသိဘူး .. ကိုယ့်ကို စေ့စပ်ပေးထားတဲ့ ကလေး .. မြန်မာဆန်ဆန် မရိုင်းမယဉ် ဖြူဖြူနုနု ဖွံ့ဖွံ့ထွားထွား နဲ့ မြင်လိုက်တာနဲ့ ရင်ကို ဖိုးသိုးဖက်သပ် ဖြစ်သွားခဲ့တာနော် .. ဖြစ်ပြီး မိန်းမလို မနေတတ်ဘဲ စီခနဲဆို ရှေ့ကရောက် .. ကိုယ် နဲ့ကိုယ် နေရမှန်းလည်း မသိ .. နေရာတကာ သူချည်းပဲ ဖြစ်နေတဲ့ မျိုး ..”



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ကို မျက်ခုံးပင့် ကြည့်လိုက်ပြီးမှ ...

"အဲဒါမျိုး လုံးဝ မဟုတ်ဘူး .."

"ဩော် .. အဲဒီလို မိန်းမမျိုးကို ဖျာအောက်မှာ ထည့်သိမ်းထား ရှင်ကတော့ စိတ်မပါတဲ့အလုပ်တွေကို လုယက် တွန်းထိုး ပြိုင် ရန်ဖြစ်ပြီး မပျော်ပိုက်တဲ့အရပ်မှာ ချွေးတလုံးလုံးနဲ့ နေရရှာတာ.. အ သနားစရာပဲ .."

"ဟာ!... ဟော့ .."

"ဒုန်း .."

"ဟား .. ဟား .. ဟား ..."

ပြောချင်ရာ ပြောပြီး သူ့ပခုံးတစ်ခြမ်းကို တိုးတိုက် ထွက် တာ .. ဒီဘက်မှာ ကုလားထိုင် ကျောမှီသာ ခံမနေခဲ့ရင် သွားပြီ -

"ဟား .. ဟား .. ဟား ... ရိုက် ရာ .. မင်းချည်းပဲ .. ဟား ဟား .. ဟား ..."

ရိုက် ကိုးရိုးကားရားကြီး ပြိုလဲကျန်ခဲ့တာကို ကြည့်၍ မျိုး က တဟားဟား ရယ်သည်။ ကေစီ ကလည်း ပခုံးတွေလှုပ်အော ရယ်နေကာ ...

"ရန်သာ ဖြစ်နေတာ .. သူတို့က ငါ တကယ်ပဲ .. မပြော ချင်တော့ဘူး .."

"ငါ ပြောသားပဲ မကေ .. ဒီကောင် ကောင်း ကို ကြိုက် .."

"ဟယ်!... ကောင်း .."

ကောင်း ရဲ့အရိပ်ကို မြင်လိုက်တာနှင့် မျိုးကြီး စကားမဆ အောင် ကေစီ က အလုအယက် ခေါ်ပြလိုက်၏။

ကောင်း ကလည်း မျိုးကြီး ပြောတာကို ကြားလိုက်ပုံ မပေါ





အထဲကို ဘောက်ဆတ်ဆတ်လေး ဝင်လာပြီး သူမ ထိုင်သည့်နေရာထိ သွားကာ ...

"ဖုန်းကျန်ခဲ့လို့ .."

ကေစီ ကို လှမ်းကြည့်ပြောပြီး ဗိုင်အောက်က ဖုန်းကို ဗိုင်ကို တွန်းဖယ်ပြီး ကောက်ယူလိုက်၏။ သူမ ဒီဘက်လှည့်လိုက်တော့ ရိုက် က သူမရှေ့မှာ ခါးထောက်လျက် ...

"မင်းကို ဝမ်တိန် ပေးလိုက်မယ် .. နောက်ထပ်တစ်ခါ ဒါမျိုး ငါ့ကို ကိုယ်ထိလက်ရောက် .."

"ဒုန်း .."

"ဟာ!..."

စကားမဆုံးသေးခင် မျက်စိရှေ့ ဖျတ်ခနဲ နီးကပ်လာကာ လူတစ် ကိုယ်လုံးကို ဒုတိယမ္ဗ တွန်းတိုက် ထားပစ်ခဲ့တော့မှ ...

"သေပြီ ...၊ အား!.. တောက်!..."

"ဟား .. ဟား .. ဟား .. ဟား ..."

"ကိုမျိုးကြီး ကလည်း မရယ်ပါနဲ့ .. လာ ထူဦး .. ဒီမှာ ရိုက် ကို .."

"ရပါတယ် .. ဘာမှ မဖြစ် .. အ!..."

"ဟား .. ဟား .. ဟား .. ဆောရီးပါကွာ .. မရယ်ဘဲကို မနေနိုင် ဘာ .. ဟား .. ဟား .. ဟား ... ငင်းက ကိုယ့်ဘာသာ မနေဘဲနဲ့ သွား ကြိမ်းတာကိုးကွ .."

"မဟုတ်ဘူး .. အဲဒီကောင်မလေး မိုက်ကို မိုက်ရိုင်းတာ .."

ဆိုဖာပေါ်ကို ဖင်ထိုင်ကျလို့သာ ...၊ မဟုတ်ရင် သူ့အဖြစ်ကို မတွေး ရဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးကြီး က သူ့နားကိုတော့ ရောက်လာပေမယ့် ထူလည်းထေ

တာ မဟုတ် .. ရယ်လက်စ မျက်နှာကလည်း ပြုံးဖြီးဖြီး ရှိနေဆဲနှင့် –

"မင်းကို သူ ညှာသွားတာ သိသာတယ်နော် ရိုက် .. နောက်မှာ ဆိုဖာရှိမှန်း သိလို့ .. သူ .."

"တော်ပါတော့ ကိုမျိုးကြီး ရာ .. လူကို လုပ်သွားတာ နည်းတဲ့ အရှိန်လား .."

"ဟ .. မင်းကို ဆိုဖာပေါ် တန်းရောက်သွားအောင် တွန်းလိုက်တာ လေ .. ကြမ်းပေါ်ကျရင် ဒီအရှိန်နဲ့ လွယ်မလား .. တွေးဦး .."

ဆိုဖာပေါ် ကျရတာလည်း ဒီလောက်အရှိန်ကြီးနဲ့ ကျတာ မနာဘဲ နေမလား ..၊

"ဒေါသတွေ လျှော့ .. မေတ္တာကိုပဲ တွေး .."

ကိုမျိုးကြီး က ပြောနေတာကို မလျှော့သေးဘဲ ...

"ငါ ပြောတာ မလွဲနိုင်ပါဘူးကွာ .. မင်း စောင့်ကြည့် .." တဲ့– ဘာကို စောင့်ကြည့်ရမှာလဲ ..၊

ကောင်းကင်လင်း ဆိုတဲ့ မိန်းကလေးမျိုးနဲ့များ အနာဂတ်မှာ မပြောနဲ့ ပစ္စုပ္ပန်မှာ ကြုံဆုံရဖို့ ရေစက်ရှိနေရင်တောင် မြန်မြန် ပြေပါ စေ .. ကျေပါစေ ..။





## အခန်း (၂၄)

"ပြောကြစမ်းပါဦး အခြေအနေ .."

မနက်စာ ကော်ဖီဝိုင်းမှာ လူစုံပြီဆိုတာနှင့် ဦးကျော်ထွန်း က လိုရင်းကို တန်းစသည်။

မေးခွန်းက ပြုသူ ဖြစ်သူ မပါပေမယ့် ဘာကိုမေးမှန်း သိလိုက်ကြသဖြင့် ကင်း နဲ့ ရိုက် မျက်လုံးချင်း ဆုံသွားသည်။

"ကောင်မလေးကို ဘယ်လိုမြင်လဲ .."

"မြန်မာဆန်ဆန်လေးပါပဲ .."

"တင်း .."

"ဗျာ .."

ကိုယ့်ကို ခေါ်ပြီဆိုမှ ကိုယ်ဖြေရမယ့်မေးခွန်း မဟုတ်ဘဲ ကိုယ့်အသံ ထွက်သွားခဲ့မှန်း သိလိုက်သည်။

"မင်းကို မေးတာ မဟုတ်ဘူးလေ .."

"ဩော် .. လေးလေးထွန်း ကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ အနီရောင် သမ်းသွားပေမယ့် အရှိန်နဲ့မို့ ခပ်တည်တည် ဆက်ပြောဖို့ ကြိုးစားရင်း ...

"ကျွန်တော်လည်း ပါသွားတာပဲဟာ .."

"မင်းက သူတို့ချင်း တွေ့ကြတဲ့ နေရာထိလား .."

"မဟုတ်ဘူးလေ .. အဲ .. ဟုတ်တယ် .. ဒါပေမယ့် မဟုတ်ပါဘူး .. တွေ့ကြတဲ့နေရာထိတော့ မဟုတ်ပေမယ့် တွေ့ခဲ့တာက ဟုတ်တယ်.."

ဦးကျော်ထွန်း မျက်မှောင်ကုတ်ကြီးနဲ့ ကြည့်နေပြီးမှ ပြောကျသွားကာ ...

"မင်းကို ငါ မလိုက်သွားခိုင်းပါဘူး .. ဘာလို့ နှစ်ယောက်ပူးကြီး သွားကြတာလဲ ..၊ သူတို့ကရော နှစ်ယောက်လာတာ မို့လို့လား .."

"မဟုတ်ဘူး .. မသိဘူး .."

ဦးကျော်ထွန်း ကော်ဖီနဲ့ နှုတ်ခမ်း တေ့ထားမိကာမှ မျက်လုံးကြီး ဝင်းခနဲ ရောက်လာ၏။

ရိုက် ကို ကြည့်လိုက်တော့ ပြောနေကြတဲ့ စကားတွေက သူနဲ့ မသက်ဆိုင်သလို ..၊ ဆန်းဒဝှေ့ချ်ကို ယူပြီး ကြားထဲမှာ ညှပ်ထားသည့် ချိစ်နဲ့ အဆာပလာတွေကို သေချာ ခွာကြည့်နေ၏။

"သူ့ကိုတော့ တစ်ယောက်တည်း ထိုင်နေတာ တွေ့တာပဲ .."

ဒါကို ကင်း ကပဲ ဆက်ပြောလာသဖြင့် ရိုက် ကို ကြည့်နေသည့် မျက်လုံးတွေက ကင်း ထံ ပြန်ရောက်၏။

"အဲ့ဒါကိုရော မင်းက ဘယ်နေရာက ချောင်းကြည့်လိုက်တာ လဲ .."

"ဗျာ!..."

"မင်းတို့ ညီအစ်ကို ဘာတွေ လုပ်နေကြတာလဲ .. မိန်းကလေးနဲ့





တွေ့ပြီး ငါ့ကို အကျိုးအကြောင်း ဘယ်လိုဘာညာ ဆိုတာလည်း မပြောပြ .. မေးတော့လည်း မေးတဲ့လူက မဖြေဘဲနဲ့ မင်းက .."

"ညီ့ အကြောင်း သိလို့ ကျွန်တော်ကပဲ လေ့လာ အကဲခတ်လာ တာလေ .. သူ့အကြောင်း လေးလေးထွန်း သိရဲ့သားနဲ့ .."

"သိသိ မသိသိ .. မင်း အကဲခတ်ရအောင် မင်း ယူရမှာမှ မဟုတ် ဘ ..၊ ကဲ .. မင်းကို ငါ တည့်တည့်မေးပြီ .."

ဦးကျော်ထွန်း က ရိုက် ကို မေးဆတ်ခေါ်၍ ...

"မိန်းကလေးကို မင်း ဘယ်လိုလဲ .."

"ကျွန်တော် ကြိုက်မကြိုက် မေးတာလား .."

"ဟုတ်တယ် .."

ရိုက် က ဆန်းဒဝှေ့ချ်အချပ်တွေကို ခွဲချလိုက်ပြီးမှ အထဲက ချိစ် ကိုချည်း ပါးစပ်ထဲ ထည့်လိုက်ပြီး ...

"မကြိုက်ဘူး .."

"ဘာကို မကြိုက်တာလဲ .."

"ဘာမှကို မကြိုက်တာ .."

"ဒါပေမယ့် မင်းကို သွားကြည့်ခိုင်းရုံတင် မဟုတ်ဘူးလေ .. သူ့ သဘော ကိုယ့်သဘော ပြောဆိုကြဖို့ .."

"ဘာမှ မပြောခဲ့ရဘူး .."

"ဘာဖြစ်လို့လဲ .."

"သူလည်း ဘာမှ မပြောဘူး .. ကျွန်တော်လည်း ပြောချင်စိတ်မှ မရှိတာ .."

ဦးကျော်ထွန်း မျက်မှောင်ကုတ်သွားပြန်သည်။ ပြီးတော့ ပြန်တွေး ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးမလေးတွေကတော့ အဘွားစကားတစ်ခွန်းပဲ မောင်ထွေး ထွန်း ရေ .. ဒါပေမယ့် လူငယ်တစ်ယောက် မကြိုက်နိုင်လောက်အောင် ခပ်တုံးတုံး နုံအအ ပုံစံတွေ မဟုတ်ဘူးနော် .. အငယ်မလေးဆို သိပ်ပြီး ထက်ထက်မြက်မြက် ရှိတာ .." တဲ့ ..။

ဒေါ်မြသစ် ပြောတုန်းက တစ်မျိုးပါ ..၊ သူတောင် စိတ်ချမ်းသာ သွားခဲ့သေးသည်။ အဘွား အုပ်ထိန်းထားတာမို့ သိပ်ပြီး ရိုးစင်းလွန်း မလားလို့ပါ ..။

ရိုက် အတွက် အိမ်ထောင်ဖက်က တော်ရုံလှတာလောက်နဲ့လည်း မဖြစ်နိုင် ..၊ သူ ကြေးမများနိုင်လောက်အောင် အစစ အရာရာ ပြည့်စုံ ပြီး ဆွဲဆောင်မှုရှိနေဖို့လည်း လို၏ ..။

ဒါပေမယ့် ကြားလိုက်ရတော့ တစ်မျိုးပါလား ..၊

လူငယ်တွေ စိတ်ချင်း ရင်းနှီးစေချင်သေးသည်လို့ ခေါင်းစဉ်တပ် ပြီး လွှတ်လိုက်မိတာမို့ ခေါင်းခါလာတာကို ဘယ်လို အမိန့်နဲ့ ထပ်ပြီး ချုပ်နှောင်ရမှန်း ရုတ်တရက် အကြောင်းရှာမရ ..၊

"နေပါဦး .. မင်းနဲ့ တွေ့ခဲ့တာ အကြီးမလေးများလား .."

"မသိဘူးလေ .. သူ့ကိုယ်သူတော့ မယ်စကြာဝဠာ လို့ ပြောတာ ပဲ .."

"ဟာ!... ဒီနာမည် မဟုတ်သေးပါဘူး .."

"ညို .."

ကင်း က ရိုက် ကို ခြေထောက်နဲ့လည်း လှမ်းတို့၍ ...

"လူကြီးနဲ့ စကားပြောတာ ဘယ်လို ပြောနေတာလဲ .."

"စကြာ ကိုပဲ မှတ်ထားမိလို့ပါ .. နောက်ကဟာ မသိဘူး -"

ရိုက် တမင် ရစ်နေတာကို ကင်း ကတော့ သိသည်။





သို့သော် ဦးကျော်ထွန်း ခများလည်း မမှတ်မိရှာ ..၊

"အေး .. ငါလည်း မေ့နေတယ် .."

"စကြာအလင်း ပါ လေးလေးထွန်း ရာ .."

"အေး .. ဟုတ်တယ် .."

ဆတ်ခနဲ ခေါင်းညိတ်ပြီးသည်နှင့် အပြစ်တင်ချင်သည့် မျက်လုံး က ရိုက် ထံ တန်းခနဲ ..၊

"ရိုက် .. မင်းက ဒီကိစ္စအပေါ်မှာ မင်း ဘယ်လောက်ထိ စိတ်မဝင် စားဘူးလဲဆိုတာ လက်တွေ့ ပြနေတာလား .."

"ကျွန်တော် ဘာလုပ်နေလို့လဲ .. လေးလေးထွန်း မေးနေတာကို ဖြေနေတာပဲ .."

"အကြီးနဲ့ တွေ့လား .. အငယ်လား ဆိုတော့လည်း ဖြေပုံက .."

"ကျွန်တော် နှစ်ယောက်စလုံးကို မမြင်ဖူးဘူးလေ .. မသိလို့ မသိ ဘူး ပြောတာကို .."

ဒါပေမယ့် ဖြေပုံက လေးစားသမှု နည်းနည်းမှ မပါ ..၊ လေးနက် ဖို့ဆိုတာ ဝေး ..၊

စိတ်ထဲမှာ ဒီတိုင်း ခံစားမိနေပေမယ့် ရိုက် ပြန်မေးလိုက်တော့ လည်း ပြောရခက်တဲ့စကားမျိုးတွေ ဖြစ်နေပြန်၏။

"မင်း သူ့နာမည်လေးတောင် မှန်အောင် မပြောနိုင်ဘူး .."

"အဲ့ဒါက လူကိုတောင် မမြင်ဖူးခဲ့တာ .. နာမည်ကို စိတ်မဝင်စား လို့ မေ့တာပဲ .. လေးလေးထွန်း က ကျွန်တော့်ဆိုရင် ပြောဖို့ပဲ .."

"အံမာကွာ .. မင်းကပဲ ငါ့ကို .."

"ကဲပါ လေးလေးထွန်း ရာ .. ရိုက် ပါးစပ်ပိတ်နေစမ်း ..၊ မေးတာ ကိုပဲ ဖြေလိုက် .."



www.burmeseclassic.com

"လေးလေးထွန်း က စပြီး စွပ်စွဲတာ .."

"ကျွတ်!..."

ပြောလေ ကဲလေပါလား ..၊

ရိုက် အဲဒီမိန်းကလေးရဲ့ ဒီနာမည်ကိုပဲ တမင်ရစ်နေတာ သူ သိသည်။

'အလင်း ..'ပါတာနဲ့ပဲ ဒီနာမည် သူ့ပါးစပ်ထဲ ရောက်လာတိုင်း ပြည့်စုံမှန်ကန်စွာ ထွက်ဆိုပေးတာ တစ်ခါမှ မရှိခဲ့သေး ..။

ဘာလဲ .. ဂျာနယ်တိုက်က အဲဒီကောင်မလေးက သူနဲ့ ကမ္ဘာ့ရန်ဘက်တွေ ဖြစ်နေလို့လား ..၊

ဒီလောက်ထိ ပြောမကောင်း ဆိုမကောင်း ဖြစ်လာတော့လည်း ရိုက် ကို သူ စိတ်တိုမိလေသည်။

"ကဲ .. တော်ကြတော့ .."

ဦးကျော်ထွန်း ကတော့ အရာရာအပေါ်မှာ သည်းခံ နားလည်ရင်းနဲ့ သူ့ဘက်က ဝတ္တရားကျေဖို့သာ ဆုံးဖြတ်ထားခဲ့သည့်အတိုင်း ...

"အခု မင်း ဒီမိန်းကလေးကို ထပ်တွေ့ဖို့ စိတ်မပါတော့ဘူးဆိုရင် နောက်တစ်ယောက် ရှိသေးတယ် .."

"ဗျာ!..."

"ဟမ်!..."

နှစ်ယောက်စလုံးထံမှ သံပြိုင် ထွက်လာခဲ့လျက် ..၊ ထိုအသံကြောင့် သတိထားမိပြီး ကြည့်လိုက်တော့ ကင်း နဲ့ ရိုက် နှစ်ယောက်၏ အထိတ်တလန့် ဖြစ်သွားကြသည့် မျက်နှာတွေကလည်း တစ်ပုံစံတည်း ..၊

ဦးကျော်ထွန်း ထိုနှစ်ယောက်ကို တစ်လှည့်စီ ကြည့်ကာ ...

"ဘာဖြစ်သွားကြတာလဲ .."





"နောက်ထပ် တစ်ယောက် .."

"ဟုတ်တယ် .. ဒါပေမယ့် နောက်ထပ်တစ်ယောက်ဆိုတာ မရှိတော့ဘူး .. နှစ်ယောက်ထဲက တစ်ယောက်ကိုတော့ ရွေးကို ရွေးရမှာ .. မင်းသားရဲ့ ကြင်ရာတော်ဖြစ်ဖို့အတွက် ရွေးချယ်ခံချင်တဲ့ မိန်းကလေးတွေ အများအပြား ထပ်ရှိလာကြမှာပေမယ့် မင်းကလည်း မင်းသား မဟုတ်ဘူး .. ငါလည်း အဲဒီလောက် အချိန်မပေးနိုင်ဘူး .. ဒီတော့ .."

"အိမ်ထောင်ရေးအတွက် အချိန်ကန့်သတ်ချက်တစ်ခုနဲ့ စည်းသားထားတာတော့ မမိုက်ဘူး လေးလေးထွန်း ရာ .."

ပါးစပ်က ဝါးနေဆဲပေမယ့် ကော်ဖီပန်းကန်ကို ကိုင်ပြီး ပြန်ချသည်။ ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ပွတ်၍ ခေါင်းခါနေကာ ရိုက် ရဲ့ ဖြူနုသည့်မျက်နှာက တင်းနေ၏။

ဒါကို ကြည့်၍ ကင်း က သက်ပြင်းခိုးချ၏။ နှုတ်ခမ်းသားတို့ ပါးချင်သလိုရှိကာ မျက်ခုံးအစုံက ထူပေမယ့် ခဲဆွဲထားသလို အဖျားရှူး၍ သွယ်နေသည်။

ထို့ကြောင့် ရိုက် ရဲ့မျက်နှာက ရုပ်ဆိုးအကျည်းတန်အောင် ဘယ်လောက် တည်တင်းနေနေ .. ရုပ်လည်း ဆိုးမသွားသလို ခက်ထန်နေသည့်တိုင် ရင့်ရော်သွားတာလည်း မဖြစ် ..၊

ဒါပေမယ့် ရိုက် ကတော့ မိန်းမချော ချောတယ် ပြောရင်လည်း ကြိုက် ..၊

ကလေးဆန်တယ်ပြောတိုင်း ဒေါသပုန်ထတတ်သေးသည်။

ခုလည်း လေးလေးထွန်း ကို ဒေါကန်နေပေမယ့် မိဘကို ဆိုးနွဲ့ဆန္ဒပြနေသည့် ချာတိတ်လေးတစ်ယောက်နဲ့သာ တူနေပြီး သူ့ကို သူ ဆိုရင် ကြာကြာ စိတ်တိုလို့ကို မရခဲ့ပေ ..။

www.burmeseclassic.com



"ပြောစမ်းပါဦး မိုက်တာက ဘာလဲ ..၊ ငါ နားထောင်ပါ့မယ်.."

ဦးကျော်ထွန်း ကလည်း ရိုက် ရဲ့ မထိတထိပုံစံကို သည်းခံဖို့ ခဲယဉ်းလာသည့်မျက်နှာနှင့် ...

"မင်းက ရှေ့ကသွား ဆိုတော့လည်း မသွားဘူး .. နောက်က လည်း မလိုက်ဘူး .. ဘာဖြစ်လို့ ဘက်တိုက်နေတာလဲ .."

"အဲဒီ ဥပမာအတိုင်း ပြောရရင် ဒီခရီးသွားဖို့က ဒီလမ်းတစ်လမ်း တည်း ရှိတာမှ မဟုတ်ဘဲ .."

"လမ်းတွေက များတိုင်း သွားချင်းတိုင်း သွားဖို့ ခွင့်မပြုနိုင်လို့ပေါ့ ကွ .."

"ကျွတ်!..."

"ဘာလဲ မင်းက .. 'ကျွတ်'ဆိုတာ .."

"ကျွန်တော်နဲ့ လေးလေး အမြဲတမ်း အော့ပို့ဇစ်(ထ်) ဖြစ်နေတာ ကို တကယ် ခေါင်းစားတယ် .."

"စားစရာ မလိုဘူး ရိုက် .. မင်းကိုယ်တိုင်က စည်းဘောင်ကနား ကို မနှစ်မြို့နေတာ .. ချုပ်ကိုင် လွှမ်းမိုးမှုဆိုရင် ဓာင်ခြံပေးတာတောင် မကြိုက်ခဲ့တဲ့ ကောင် .."

စိတ်တိုတော့လည်း ပြောပစ်လိုက်မိသည်။

ဒါကြောင့် နေသခင် ဆိုတဲ့ နာမည်ကိုပါ ရိုက် လို့ ပြောင်းခေါ်ခဲ့ ကြတဲ့အထိပင် ...။

"သခင် နဲ့ ရိုက် နဲ့ အဓိပ္ပာယ် သိပ်တော့ မကွာပါဘူး .. ဒါပေမယ့် 'နေသခင်' အတွဲလိုက်ကြီးက ကလေးကို စီးလွှန်းနေတယ် တဲ့ .."

မအေလုပ်တဲ့လူက သူ့သားနှစ်ယောက်အဖြစ်ကို သတိထားမိလာ ပြီး ဗေဒင်ဆရာပေါင်းစုံအောင် လျှောက်မေးခဲ့သည်။





စကား မပီကလာအရွယ်လေးတည်းက ဒါလုပ်ဆို ဟိုဟာ လုပ် သည်။ တားရင် ပိုလုပ်တတ်တာကတော့ အသိသာဆုံးပင် ..၊

ထို့ပြင် ကင်း ကိုဆို အသေနိုင်လေသည်။

"ကျွန်တော်က သခင် .."

ဆိုပြီး လက်မလေး ထောင်ပြနေတတ်တာ ခုထိ မြင်ယောင်နေ သေးသည်။

ဒီနာမည်နဲ့ အစ်ကိုရဲ့ပခုံးပေါ် အမြဲ ခွစီးသည်။ လက်ညှိုးထိုး ခိုင်းတိုင်း မရလျှင် ခြေဆောင့်အော်၏။ ဤမျှအထိ အစ်ကိုကို နိုင်စား ခဲ့၏။

ကင်း ရဲ့ နာမည်ကလည်း အစက ဆောင်းဦးရှိန် ဖြစ်သည်။ နေသခင် ကနေ ရိုက် ဖြစ်လာခဲ့သလို ဆောင်းဦးရှိန် ကနေ ကင်း ဖြစ် လာခဲ့ကြတာ ထိုအကြောင်းများကြောင့်သာ ..။

"ရိုက် .."

"ဗျာ .."

"အမြဲတမ်း အနိုင်ရနေတဲ့လူတစ်ယောက်က အရှုံးနဲ့ ရင်ဆိုင်ရတဲ့ အခါ ဘဝကိုပါ မနှမြောတော့တဲ့အထိ တုန်လှုပ်လာတတ်တယ်..၊ မင်း ဒီနေ့ထိ အနိုင်ရနေခဲ့တော့ မင်းရဲ့စိတ် .. မင်းရဲ့ အယူအဆတွေက တစ်ယူသန်ချင်တယ် .. ဒါပေမယ့် အဲဒီ ဂျစ်ကန်ကန် အရွတ်ဆန်မှုရဲ့ အောက်မှာ ပျော့ညံ့မှုတွေနဲ့ပဲ ပြည့်သိပ်နေခဲ့တာ မင်းကိုယ်မင်း သိမှာ မဟုတ်ဘူး .."

"အဲ့ဒါတွေက ကျွန်တော် မနှစ်သက်တဲ့ မိန်းမကို မလိုချင်တဲ့ အကြောင်းနဲ့ ဘယ်လို ပတ်သက်တာလဲ .."

"ပတ်သက်တယ် .. မင်းတို့ ညီအစ်ကိုရဲ့ ပိုင်ဆိုင်မှုတွေ တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်ကြီးကို ငါက ဥစ္စာစောင့်ကြီးလို ထိုင်စောင့်နေရတာ ..”

‘မစောင့်နဲ့ပေါ့’လို့ ပြောလိုက်သည့် အမူအရာနှင့် ရိုက် က မျက်လွှာချပစ်၏။

ကင်း မျက်နှာပူနေပါပြီ ..၊

လေးလေးထွန်း သာ ကိုယ့်ဦးလေးအရင်း မဟုတ်ခဲ့ရင် ဒီလိုဆက်ဆံရေးနဲ့ ဘယ်လိုမှ မလွယ် ..။

“ပြီးတော့ ငါ့တူအရင်းတွေ ဖြစ်နေတဲ့အတွက် ပစ္စည်းတွေနဲ့ မင်းတို့ကို ငါ ဘယ်လိုမှ ပစ်စလက်ခတ် အဖြစ်မခံနိုင်ဘူး ..”

“ကျွန်တော်တို့က မိန်းမတစ်ယောက်မှ အမြန်ဆုံး မယူနိုင်ရင် ဒီပစ္စည်းတွေကို ဆက်လက် ထိန်းသိမ်းနိုင်ခွင့် မရှိတော့ဘူးပေါ့ .. ဒါမှမဟုတ် ကျွန်တော်တို့ အသုံးအစွဲမတတ်လို့ ကုန်သွားမှာမျိုးလား ..”

“မင်းက ဒီတိုင်းမေးတော့ ဟုတ်တယ် ဖြေရတော့မှာပဲ.. တကယ်က အဲဒီလိုသဘော ရှိပေမယ့် ဒီဆန္ဒကို အဲဒီလို သက်ရောက်စေချင်တာမဟုတ်ဘူး .. အိမ်ထောင်တစ်ခုဆိုတာ ဖြစ်လာရင် မိသားစုဘဝကို တောင့်တလာကြတာပဲ .. အဲ့ဒီနောက်မှာ ဆန္ဒတွေ ဖြစ်ထွန်းလာမယ်.. ရည်ရွယ်ချက်တွေ များလာမယ်.. မိသားစုဘဝ ပြည့်စုံအေးချမ်းဖို့အတွက် ဘာတွေ လိုအပ်သလဲဆိုတာတွေလည်း တွေးလာလိမ့်မယ် ..”

ဦးကျော်ထွန်း မျက်နှာမှာ ခေါသတွေ လွင့်ပါး ပျောက်ကွယ်နေခဲ့လျက် ...

“မိဘတိုင်းက သားသမီးတွေကို ဘာဖြစ်လို့ တင့်တောင့်တင့်တယ် အိမ်ထောင်ပြုကြတာကို မြင်ချင်ကြတာလဲ ..၊ ဒါကို မြင်မသွားရရင် အသေမဖြောင့်တဲ့အထိ ဘာကြောင့် ဆန္ဒပြင်းပြကြတာလဲ ..၊ အနီးစပ်ဆုံးအဖြေက အဲ့ဒါပဲကွ .. ဆင်းရဲတဲ့လူဖြစ်ဖြစ် .. ချမ်းသာတဲ့လူ





ဖြစ်ဖြစ် ကိုယ်နဲ့လက်တွဲမယ့် ရဲဘော်ရဲဘက်က မကောင်းရင် တစ်သက်လုံး ဘယ်လိုစခန်းသွားမလဲ ..”

“ရဲဘော်ရဲဘက်ဆိုတာကို လုံးဝ ထည့်မတွက်ရင်ရော မရဘူးလား ..”

“ထည့်မတွက်သရွေ့ မင်း ဒီပုံစံ ဖြစ်နေမှာပဲ ..”

“ကျွန်တော်က ..”

“စီးပွားရေးမှန်း မသိ .. လောဘသင်္ကာယ မရှိ .. ဘဝမှာ ဝါသနာတစ်ခုတည်းကို ဖောက်ချလုပ်ခဲ့တဲ့လူ ပြည့်စုံအေးချမ်းနေပါတယ်ဆိုတာ မင်း ကြားဖူးလား .. အောင်မြင်မှုတစ်ခုနဲ့ ကမ္ဘာကျော်ရင် ကျော်မယ်.. သူ့ဘဝမှာ တခြားသော လိုအပ်ချက်တွေနဲ့ အမြဲတမ်း တစ်ခြမ်းပဲ့နေမှာပဲ ..၊ ဘဝရပ်တည်ဖို့အတွက် တစ်ခုတည်းပဲ အစွန်းရောက် ဆုပ်ကိုင်ထားလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ..”

“အဲဒါတွေ ကျွန်တော် ညီကို ဖြည်းဖြည်းတော့ ပြောပြပါ့မယ် လေးလေးထွန်း ရယ် .. ခုချိန်မှာ ကျွန်တော်တို့ ဘာပြောပြော သူ နားငြီးတယ်ပဲ ဖြစ်နေမှာ ..”

ကြာကြာ ပြောနေလေ ရိုက် က ကတ်သီးကတ်သတ်တွေနဲ့ တုံ့ပြန်ပြောလေ ဖြစ်မှာ စိုးသဖြင့် ကင်း က ဝင်ပြောကြည့်၏။

ဦးကျော်ထွန်း က လက်မခံ ..၊

“မရဘူး ကင်း .. ခု နားလည်မှ ဖြစ်မှာ .. သူ ကလေး မဟုတ်တော့ဘူး ..၊ မင်းလည်း လူကြီးတစ်ယောက် မဟုတ်သေးဘူး .. မင်းညီကို ထိန်းနေရင်း မင်းကိုယ်တိုင် သူနဲ့ သူငယ်ချင်းလို ဖြစ်နေပြီ .. အဲဒါကို နားလည်ရဲ့လား ..”

ကင်း သူ့ဘက်ကို လှည့်လာတော့ ရယ်ကျဲကျဲဖြင့် မျက်လွှာချ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ထွန်း က ရိုက် ကို ပြန်ကြည့်၍ ...

"အဲဒါကို မင်း မြဲမြဲ မှတ်ထားပါ .. မင်း လက်ထပ်တဲ့ကိစ္စ မပြီး မချင်း ငါ မပြန်ဘူး .."

"လေးလေးထွန်း ကျွန်တော့်ကို ဂျာနယ်သတင်းထောက် လုပ်နေတဲ့ကိစ္စကြောင့် မိန်းမ ယူခိုင်းနေတာလား .."

"ဟုတ်တယ်ဆိုရင် မင်းက ဒါကို စွန့်လွှတ်မှာလား .."

ဘယ်သူ့ဆီကမှ တိကျရေရာသည့်အဖြေ ထွက်မလာခဲ့ဘဲ ခဏ တစ်ဖြုတ် တိတ်ကျသွားခဲ့သည်။

ကင်း ကတော့ သိပြီးသားပါ ...။

ညီ ဘက်က ဒီအလုပ်ကို စွန့်လွှတ်ချင်ရင်တောင် တစ်စုံတစ်ရာသော ဖိအားကြောင့် စွန့်လွှတ်တာမျိုးတော့ ရှိလာမှာ မဟုတ်သေ ...။

ထို့အတူ လေးလေးထွန်း ဘက်ကလည်း ဘာတွေ ဘယ်လိုရှိရှိ မလျှော့သောဇွဲနှင့် ရှေ့ဆက်ချီတက်နေမှာက ရိုက် ကို အိမ်ထောင်ချပေးဖို့ ...။





အခန်း (၂၅)

"ဈေး တစ်ခါဝယ်ရင် မပြီးတော့ဘူး မမမိုး ရာ .."

"ပြီးပြီ .. အားလုံး ပြီးသွားပြီ ...၊ ကဲ ဗိုက်ဆာပြီဆို ဘာစားမှာလဲ ..."

"တော်သေးတာပေါ့ .. စားရမယ့်အလှည့် ရောက်လာလို့ .."

"ငါ့ညီမလေးကလည်း ဆိုးပါ့ .."

"ဘာ!... ဘာရယ် .."

"အဟွန်း .."

မိုးမြေ က ကောင်း ရဲ့ နှာခေါင်းလေးကို ဆွဲညှစ်ပြီး ရယ်နေ၏။

း ချော့ပြီဆို နှာခေါင်းဆွဲ ခံရတာက တစ်မျိုး .. မိဆိုးလေးတို့ ...

လေးတို့ .. အဆိုးထဲက ဘယ်တော့မှ မထွက်ရဘဲ ရှိနေတာက

း စိတ်ညစ်ဖွယ်ပါ ...။

'ငါ့ညီမလေးက လိမ္မာတယ်' ဆိုတာက တစ်ခါတလေမှ ...၊

"ဒါလေးတွေ နည်းနည်းတော့ ကူဆွဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါ အကုန်လုံးပဲ .. မမမိုး ရဲ့ ထီးကြီးကိုပဲ သေချာ ခေါက်ထ ဦး .."

အထုပ်ပလုံးတွေကို နိုင်သမျှ အကုန်နီးပါးကို လက်ပြောင်းယူ ကောင်း က အပေါ်ထပ်ကို ဦးဆောင်၏။

မိုးမြေ က ထီးကို သေချာခေါက်နေရင်း သူ့မနောက်မှာ အလ ကွာ ကျန်ရစ်၏။ လှည့်ကြည့်ပြီး ခဏတော့ စောင့်ပေမယ့် ကော ကလည်း စိတ်ရှည်တတ်တာ မဟုတ် ..၊

"လွယ်လွယ်ကူကူ ချာလီထီးလေးပဲ ဆောင်းပါဆိုလည်း အ တော့မှ မရဘူး .. မိုးရွာ ရွာ .. နေပူပူ အဲဒီခေါက်ထီးရဲ့ဒုက္ခကို ခံနိုင်တယ် .."

အနားရောက်လာသည်နှင့် ကောင်း က ဗျစ်တောက်ဗျစ်တောက်

"မမမှ ခေါက်ထီးကြီးတွေ မကြိုက်တာ ညီမလေးရယ် .."

"ကြိုက်ကြိုက် မကြိုက်ကြိုက်လေ .. ပေါ့ပါးလွယ်ကူဖို့ ကြိုး တီထွင်နေကြတဲ့ ခေတ်မှာ .."

"အောင်မယ်လေး .. အဲဒီ ခေတ်ဆိုတာကြီးကို ထည့်ထည့်မ စမ်းပါနဲ့ မယ်ကောင်းလေး ရယ် .. ကိုယ့်ကိုယ်ကိုယ် ဘယ်ခေတ် ကျန်ခဲ့မှန်းတောင် မသိလောက်အောင်ပဲ .."

"မင်းတုန်းမင်းတရားကြီး ခေတ်လောက်မှာ ဖြစ်နိုင်တယ် မင်းကြီးက မိဖုရားတွေလည်း အများကြီးပဲတဲ့ .. မမမိုး ကတော့

"တော်ပါတော့ ဟယ် .. ငါ ခလုတ်တိုက်တော့မှာပဲ .."

"အဲ့ဒါကိုလည်း ပြောချင်တယ် .."

"ဟင်!..."

"ဟုတ်တယ်.. ခေတ်လှေကားကလည်း စက်ချို့ယွင်းခဲ့ရင် အန္တရာ



ရားတယ်တဲ့.. စက်လှေကားတွေကျတော့ ကြောက်တယ်တဲ့.. လှေကား တွက လူရှင်းလို့ အန္တရာယ်များပါတယ် .. ကောင်း က ပြောတော့ လှေကားတွေမှာပါ လူစည်တဲ့ ခပ်သေးသေး ချောင်ကျကျ ဒီလိုမျိုး.."

"တိုးတိုးပြောပါဟယ် .. ဝန်ထမ်းတွေ သွားလာနေကြတာ .. သူတို့မတ်(ထ်)အကြောင်း အတင်းပြောနေတာ ကြားသွားပါ့မယ် .."

"သူတို့အကြောင်း မဟုတ်ပါဘူး .. ကိုယ့်အစ်မအကြောင်း ကိုယ် ပြောတာ .."

ပစ္စည်းတွေ တနင့်တပိုးနဲ့ သွားကာ ပြေးလွှားရပြီဆို မမမိုး သောက် ပျော့နွဲ့တုံ့နှေးတာလည်း မရှိ ..၊ ဒါကြောင့် ဘယ်လူစိမ်းနဲ့ ရာပင်းထွက်တာမှ ကောင်း မကြိုက်ပေ ..။

မမမိုး အပြင်ထွက်ပြီဆို ကိုယ် အားတဲ့အထိ/စောင့် .. ကိုယ်တိုင် လိုက်ပို့နိုင်မှ သွားလာ ဝယ်ခြမ်းစေခဲ့၏။

ဒါပေမယ့် ခုလို ပြောရတာတွေကလည်း အမြဲတမ်းပဲ ရှိနေခဲ့ရာ...

"ပေး .. မမမိုး အထုပ် .. ထီးပါ ထည့်လိုက် .."

အပေါ်ထပ်မှာ ခင်းဆန်း(မ်) သီးသန့်ရောင်းတဲ့ဆိုင်ထဲ ဝင်လာခဲ့ သည်။ ပစ္စည်းတွေကို စားပွဲပေါ်မှာပဲ တင်ထားလိုက်ကာ ...

"ဒီမှာ ခင်းဆန်း(မ်) ရပေမယ့် အော်ရီရန်တယ်လောက် ကောင်း မလား .."

"အခု ဒီမှာ စားချင်တာလေ .. အော်ရီရန်တယ်မှ မသွားနိုင်တာ..၊ မိုး အဲ့ဒီ ဘယ်အစားဆို ဘယ်ဆိုင်ကမှ ကောင်းတယ်လို့ မှတ်ထား တွေ နည်းနည်း လျှော့ .. ရန်ကုန်မှာ လိုချင်တာ အစုံ .. စားချင်တာ တုန်ရနိုင်တာ မှန်ပေမယ့် အချိန်က လိုချင်သလောက် မရဘူး .."

မီးနူး လှန်နေရင်း ကောင်း က ဆရာကြီးလေသံနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ကားရှိတိုင်း သွားချင်တဲ့နေရာ ချက်ချင်း ရောက်အောင် မသွ
နိုင်တဲ့အတွက် ဒါလေး စားချင်ပေမယ့် ဒါလေး ရှိတဲ့အရပ်ကို သွာ
အချိန်မပေးနိုင်တော့ဘူးလေ..၊ ကားတွေက ကျပ်ရတဲ့အထဲ ဆိုင်ကယ်
တွေ ဆိုက်ကားတွေ စက်ဘီးတွေက ကားကြိုကားကြားမှာ .."

ပြောပြီး ပခုံးလေး တွန့်၍ ...

"တစ်ခါတလေ ကိုယ့်ခြေထောက်ကိုယ် အားကိုးလိုက်တာ
ပိုတောင် မြန်သေးတယ် .."

"ဟဲ့ .. နင် အဲဒီလို လုပ်ခဲ့ဖူးသလား .."

"ဟုတ်တယ် .. ကောင်း ဆင်းမယ့်နေရာကို နီးနေပြီ .. တွေ့ရ
လူကိုလည်း မြင်နေရပြီ .. ကားတွေက ကျပ်ပြီး ရွေ့တိုးမရဘူးဆေ
အဲ့ဒါနဲ့ ပြေးဆင်းသွားပြီး ကိုယ် ယူစရာရှိတာ ယူ .. ပြောစရာရှိ
လေး ပြောပေးလိုက်တယ် .. အဲ့ဒါပြီးလို့ ပြန်လာတာတောင် ကာ
နေရာ မရွေ့ရသေးဘူး .."

မိုးမြေ က မီန္နးပြပြီး မှာနေရင်း ရယ်သည်။ ထိုစဉ် ...

"ဟယ်!..."

"ဘာဖြစ်တာလဲ .."

"မေ့ကျန်ခဲ့ပြီ .."

"ဘာ မေ့ခဲ့တာလဲ .."

"ကက်ရှာမှာ .. ငါ့ .. ငါ့ဖိနပ်ထုပ် .. အိပ်မက်စိမ်းက ဝင်ဝယ်
တဲ့ ဖိနပ်နှစ်ရန် .."

ပြောနေရင်း ဖျတ်ခနဲ ထရပ်သည်။

"သွားမနေနဲ့ မရတော့ဘူး .. လူတွေများနေတဲ့ အချိန်ကြီး

"အို .. ဘာလို့ မရရမှာလဲ .. ခဏပဲ .."



"ဒါဆိုလည်း ကောင်း သွားရှာပါ့မယ် .. လာပြန်ထိုင်ပါ .."

ပြောလို့လည်း မရပေ ..၊ ခေါင်းခါပြီး ဖွတ်ထွက်သွား၏။ သူမ
က်သွားပြီး သိပ်မကြာလိုက် ..၊

"အဟမ်း .."

အငွေ့တထောင်းထောင်းနှင့် မုန့်အိုးလေးတွေ ရောက်လာလို့
းမည်ပြင်ကာ ရှိသေးသည်။ ချောင်းဟန့်သံကြောင့် မော့ကြည့်လိုက်
၏။

ရုပ်အကျီလက်ရှည် နက်ပြာရောင် .. ဘောင်းဘီရှည်အနက်နှင့်
သားကတော့ ခပ်လတ်လတ်ပါ ..။

လူပုံက သိပ်တော့မချောပေမယ့် ကြည့်ကောင်းသည့် စတိုင်လ်မျိုး
ဖြစ်၏။

"ခုနကပဲ စကြာအလင်း ကို မြင်လိုက်ပါတယ် .."

"ဟင်!..."

"မင်းနဲ့ တက်သွားတာလေ .."

"ရှင်က .."

မေးလိုက်မိပြီးမှ ဖျတ်ခနဲ တွေးမိသွားသည်။ ဒီနာမည်ရင်းတွေကို
ပြင်လူ သိထားတာ ဘယ်နှစ်ယောက် ရှိလို့လဲ ..၊

"မင်းက အလင်း ရဲ့သူငယ်ချင်း ထင်တယ် .. ကိုယ်က နေသခင်
.."

"ဟင့်အင်း .. သြော် .. ဟုတ်ကဲ့ .."

ဒီလူက နေသခင် တဲ့ ..၊

ဘယ်လိုကြံမလဲ .. မြန်မြန် ကြံစမ်း ..၊

"က .. အဲ့ .. ကျွန်မက မြမိုးမြေ ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ကောင်း လို့ ပြောနေကျအကျင့်ကြောင့် ပါးစပ်က ယောင်ချ
သေးသည်။

ပြီးတော့ မမမိုး ပြန်လာမှာ တွေးပူနေမိ၏။

မမမိုး ကြောက်တတ်ပုံနဲ့ ကြောက်ပြီဆို ဖုံးဖိမရအောင် ပြူးဝိုင်
လာတတ်တဲ့ မျက်လုံးတွေနဲ့ ...

မျက်နှာစုံညီ ညာဖို့က ဘယ်လိုမှ မဖြစ်နိုင် ...။

"မင်းက သူ့အစ်မပေါ့ .."

မဖြစ်နိုင်ဘူးလို့ ပြောချင်နေသည့် အကြည့်စူးစူးတွေကို ကောင်
လွှတ်အောင် ရှောင်၍ ခပ်တည်တည် နေလိုက်ကာ ...

"ဟုတ်တယ် .. ညီမလေးက ကျွန်မနဲ့ မတူဘူး .. အဲဒါကြော
လည်း သူ ရိုးသားလွန်းလို့ သူ့ကိုပဲ စိတ်မချဖြစ်ပြီး အိမ်ထောင်ချပေး
ဘွားက စီစဉ်တာလေ .. ဩော် .. ထိုင်ပါဦး .."

ဟန်ဆောင် ဖိတ်ခေါ်လိုက်ရင်း ဖုန်းကို စားပွဲအောက် နိမ့်ကိုင်ထ
ကိုယ့်ဖုန်း ကိုယ် ပြန်ခေါ်ခိုင်းနေရ၏။

အရေးထဲမှ ဖုန်းကို သေချာကြည့်လို့ မရဘူး ဖြစ်နေကာ ခက်ခဲ
ခဲခဲ လုပ်နေရ၏။

ကင်း က ခုံနေရာမှာ ဝင်ထိုင်လိုက်ကာ ပစ္စည်းထုပ်တွေကို ကြည့်
၍ ...

"ဈေးဝယ်လာကြတာလား .. ဒီမှာ သိပ်တော့ မစုံဘူး .."

"ဟုတ်တယ် .. ဒါပေမယ့် စိတ်ကူးလာတာတွေတော့ အတူ
ပါပါတယ် .."

"ကျွန်တော်ကတော့ မန်နေဂျာဆီ ကိစ္စနဲ့လာရင်း တွေ့လိုက်
တက်လာကြည့်တာ .. ဟိုတစ်ခါ တွေ့ပြီးတည်းက .."





"ဖုန်းလာနေလို့ ဆောရီး နော် .."

ဖုန်းက ကိုယ့်လက်ထဲမှာပေမယ့် အိတ်ထဲက နှိုက်သလို အမူအရာ
ာ လုပ်ရသေးသည်။

ပြီးမှ ဖွင့်၍ နားထောင်လိုက်ကာ ...

"ဟလို .. ဟလို .. ပြောလေ မမမိုး .. အဲ .. ဩော် .. ဟုတ်တယ်..
မိုး ပဲ .. မမမိုး ပြောနေတာ .. ကဲ .. ပြော .."

ကိုယ့်ဘာသာ လွှတ်ခနဲ စကားမှားသွားပြီး မမမိုး ချင်း မိုးမွှန်သွား
ောင် ရှုပ်ပစ်လိုက်၏။

ပြီးတော့ ဖုန်းကျသွားသလို ပြန်လုပ်၍ ...

"ကျွတ် .. ကျသွားပြီ .. ခဏနော် ကိုနေသခင် .."

"ရတယ် .. ရတယ် .. အိုခေ .."

နေရာမှ ထလာခဲ့ပြီး ဒီတစ်ခါကျမှ မမမိုး ဆီ အမှန်အကန် ခေါ်
ာ ...

"မမမိုး လုံးဝ ပြန်မတက်ခဲ့နဲ့ နော် .. ကားပါကင်ကို သွားပြီး
နားမှာလည်း ကပ်မနေနဲ့ .. ကောင်း ထွက်လာရင် အနားမှာ အဲ့ဒီလူ
ါတာ တွေ့မှ လာခဲ့ သိလား .."

သေချင်စော်နံရသည့် နေ့ပါ ..။

ဘယ်လိုမှုခင်း သတင်းတွေဖြစ်ဖြစ် ပြေးလွှား စွန့်စားပြီး လိုက်ခဲ့
သည်။ ဒါပေမယ့် ဒီလောက်ထိတော့ သည်းထိတ်ရင်ဖို မဖြစ်ခဲ့ဘူး
ဲသည်။

ခုကျမှ ဘယ်တုန်းကမှ စိတ်ကူးထဲမှာ ထည့်သွင်း စဉ်းစားမကြည့်
သော ပြဿနာက ..။

"အဲ့ဒါကြောင့် နင့်ကို ငါ ပြောတာပေါ့ ကောင်း ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရင်ဆိုင်ရတာ မဟုတ်ဘဲနဲ့တောင် မိုးမြေ က မျက်လုံး ပြူး မျက်ဆံပြူးနှင့် ရင်ဘတ်ဖိနေ၏။

"အခု ဘွားလည်း နေမကောင်းဘူး .. ဒီကြားထဲ ပြဿနာ တစ်ခု ထပ်တက်လာခဲ့ရင် .."

"အဲ့ဒါပြောတာပဲ မမမိုး .. အခု မူးတယ် မူးတယ် ဖြစ်နေတည်း က 'ငါ သေသွားရင်' ဆိုတဲ့ ပူပန်မှုတွေနဲ့ ဘွားမှာ ပြောစရာ ရှိလာပြီ.."

"ဟုတ်တယ် .. ဘွားက သိပ်စိတ်ပူတတ်တာ .. စိတ်ကလည်း မြန်ပါ့ .."

"စိတ်မြန်တာကြောင့်ပဲ .. ဒီတစ်ခါ သူ နာလန်ပြန်ထလာရင် မင်္ဂလာကိစ္စကို အပူတပြင်း ထလုပ်တော့မှာ .."

ကောင်း က တစ်ယောက်ယောက်ဆီ ဖုန်းခေါ်မလို့ လုပ်နေပြီး လက်ကို ပြန်ရုပ်၍ မွေ့ရာစပ်မှာ လာထိုင်လိုက်သည်။ ပြီးတော့ ဖုန်း မခေါ်တော့ဘဲ မိုးမြေ မျက်နှာလေးကို ကြည့်၍ ...

"ဘွားက ဒီလူတွေ အရမ်း ချမ်းသာတာကိုပဲ လက်လွှတ်မခံနိုင် ဖြစ်နေတာ .. နှစ်ယောက်ထဲကနေ ရွေးချယ်ခံရမှာကို သီသားနဲ့တောင် လက်ခံ သဘောတူနေတာကို ကြည့်ပါလား .."

"ဟိုကလည်း ဘယ်လောက်တောင် ချမ်းသာသလဲမှ မသိတာ.."

"အရေးထဲ သူက လာပြီး လောဘတက်နေပြန်ပြီ .. အဲဒါကြောင့် ပြောတာ .. ဒီသူဌေးတွေနဲ့သာ ငြိမယ်ဆိုရင် မမမိုး ဖြစ်ဖြစ် .. ကောင်း ပဲဖြစ်ဖြစ် .. ဘွား ကျေနပ်မှာပဲ .. မမမိုး နေသခင် ကို နီးစပ်ဖို့သာ ကြိုးစားစမ်းပါ .. ရှောင်မပြေးပါနဲ့ .."

"ဘာ!... ဘယ်လို .."

"မမမိုး အခု ကောင်း အဖြစ်နဲ့ သူ့ကို တွေ့ခဲ့ပြီးပြီ .. သူလည်း





သဘောကျနေပြီ .."

"လွယ်လိုက်တာ ကောင်း ရယ် .. ကလေးတွေး တွေးနေလိုက်တာ .."

"လူကြီးတွေးက ဘယ်လိုတွေးတာတုန်း ပြောပါဦး .."

"ငါက နင်မှ မဟုတ်တာ .."

"မဟုတ်ဘူးလေ .. မဟုတ်တော့ ဘာဖြစ်လဲ .. သူကလည်း ကောင်းကင်လင်း ကို မြင်ဖူးပြီး တမ်းတမ်းစွဲနေတာမှ မဟုတ်တာ .. စကြာအလင်း ကိုပဲ ကြားဖူးတာ .."

စကြာအလင်း က မွေးစာရင်းထဲက နာမည်ပါ ..၊ ဒီနာမည်က ဟိုးအတိတ်ထဲမှာ တစ်ရေးအိပ်နေခဲ့ပြီ ဖြစ်သည်။

ဘွားကလည်း ဂျာနယ်မှာ ဟိုးလေးတကျော်ကျော် ဖြစ်နေသည့် ကောင်းကင်လင်း ဆိုသည့်နာမည်ကို လှူဘီမခံချင်တာမို့ မွေးစာရင်း ထဲကနာမည်နဲ့ စေ့စပ်ဖို့ သဘောတူလိုက်တာ ကံကောင်းသွားသည်။

"သူ့အတွက်က မမမိုး က စကြာအလင်း ဖြစ်ဖြစ် .. မြမိုးမြေ ဖြစ်ဖြစ် .. မမမိုး ကိုပဲ မြင်မြင်ချင်း .."

"အို .. တော်ပါတော့ .."

"တွေ့လား .. သူ့အကြောင်းလေး စလိုက်တာနဲ့ ရှက်နေပြန်ပြီ.. အဲဒါ ရင်ခုန်တာ .."

"ကောင်း နော် .."

"မယုံရင် ကြည့်နေ .. နေသခင် ဆိုတဲ့လူ မမမိုး ဆီကို ရောက်ကို ရောက်လာမှာ .. အဲဒီအလိမ်တွေ ပေါ်သွားရင်လည်း မမမိုး သိက္ခာကျဖို့ မလိုဘူး .. အားလုံးကို ကောင်း လုပ်တာဆိုပြီး ဖြေရှင်းပေးမယ်.. ဘွား လည်း ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမယ့် အေးချမ်းသွားမှာတော့ မဟုတ်ဘူး နော် .. သူတို့မှာ သားကြီး ရှိသေးတယ် .. ဒီပုံစံ .. ဒီအရွယ်နဲ့လူကိုတောင် ကလေးဆန်လို့ .. မရင့်ကျက်လို့ ဘာညာတွေ ပြောခဲ့သေးတာ .. အစ်ကိုဆိုတဲ့လူ ဘယ်လိုပုံစံ .. ဘယ်အရွယ်ရှိမလဲ စဉ်းစားကြည့်ဦး ..”

“စဉ်းစားဖို့ မလိုဘူး မမမိုး .. အခု မမမိုး နဲ့ လက်ထပ်ဖြစ်သွားပေမယ့် ကောင်း က ကြံ့ရွယ်ခံခဲ့ပြီးပြီ .. နောက်ထပ်တစ်ကြိမ်ဆိုတာ မရှိတော့ဘူး .. ဒီတစ်ခါ ဒါမျိုး ထပ်စလာရင် ..”

“အောင်မလေး .. ဟိုဟာလုပ်မယ် .. ဒီဟာလုပ်မယ်တော့ စကားထဲ ထည့်မပြောလိုက်ပါနဲ့ ညီမလေးရယ် .. နင် ငါ မသိဘဲနဲ့ ဘာမှ မလုပ်ရဘူး နော် .. အဲ့ဒါ ကတိပေး ..”

“မပေးနိုင်ပါဘူး .. ပေးစေချင်ရင် မမမိုး လည်း နေသခင့် ကို ရှောင်မပြေးတော့ပါဘူးလို့ ကတိပေး .. မျှမျှတတပဲ ..”

မိုးမြေ မအီမလည် မျက်နှာလေးနှင့် ငြိမ်ကျသွားသည်။

ဒါကိုတော့ စဉ်းစားရဦးမှာပါ ..။





## အခန်း (၂၆)

အရေးကြီးလို့ အပူတပြင်း မောင်းနေရကာမှ လေးလေးထွန်း ဒုက္ခပေးတာက တစ်မျိုး ..။

“ပြောလေ လေးလေးထွန်း ..”

“မင်းကို ညတည်းက ပြောထားတာ ဘာလို့ ထွက်သွားတာလဲကွ ..”

“ဟုတ်တယ် .. ကျွန်တော်ကလည်း အဲ့ဒါကို မေ့ပြီး အလုပ်ကိစ္စ ချိန်းလိုက်မိတာ .. လန့်ချ် မဟုတ်လည်း ဒင်နာလုပ်လို့ ရတာပဲ လေးလေး ထွန်း ရာ ..”

“ဒင်နာရော မင်းက မီအောင် ပြန်မှာမို့လို့လား ..”

မီအောင် ပြန်နိုင်ရင်လည်း ပြန်မှာ မဟုတ်တာက သေချာပြီးသားပါ ..။ မျက်နှာစုံညီ တွေ့ကြပြီဆို လိမ်ထားတာတွေက ပေါ်ကုန်တော့မည် ..။ ခုချိန်မှာ အလိမ်ပေါ်လို့ မဖြစ်သေးပေ ..။

“ရိုက် ..”

“ဗျာ .. ဟုတ်တယ် .. အဲ့ဒါ သိပ်မသေချာလောက်ဘူး ..”

“ကျွတ် .. မင်းတို့ကောင်တွေ တော်တော် ခက်တာပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



ညည်းညည်းညူညူနှင့် ဖုန်းချသွားတော့ ကားမောင်းရင်း ပြုံးမိသည်။ ထိုစဉ် သူ့ဆေားမှာ ကားနက်လေးတစ်စီး လျှောခနဲ ကပ်ယှဉ်လာကာ ...

"တီ .."

ဟွန်းသံကြားမှ သူ လှည့်ကြည့်ဖြစ်၏။ ထိုအခါ ကားပေါ်မှာ မျက်မှန်နက်လေးနှင့် အဖြူအနက် စပ်ကျားပါသော တြိဂံပုံ နားဆွဲလေး တလှုပ်လှုပ်နှင့် မျက်နှာလေး ...။

"ကျွတ်!..."

သူကလည်း ဒီမျက်နှာကို မြင်လိုက်ရတိုင်း ကိုယ့်မျက်နှာ စပရင်တွန့် ဖြစ်သွားတတ်တာကို သတိထားဖို့ အမြဲ မေ့လေသည်။

ထို့ကြောင့် ကောင်း ကလည်း ကျေနပ်အားရစွာ ပြုံးပြီး စိန်ခေါ်လှောင်ရယ်ဖို့ အဆင်သင့် ရှိနေတတ်ကာ ...

"ဟာ .. ဟ .."

အသံ မကြားလိုက်ပေမယ့် ပခုံးတွန့်သွားပုံကို မှန်းဆကြည့်လျှင် ကြားလိုက်ရသလို ပီပြင်ပါပေ၏။ ကားကို မော့ခနဲ လွှင့်သွားအောင် အရှိန်နဲ့ ကျော်တက်သွားပုံကို မချင့်မရဲ ကြည့်လိုက်မိရင်း ...

"သူ မသိတာ ဘာရှိသေးလဲ ...၊ တောက်!... သတင်းသရဲမ .."

စိတ်တိုတိုနှင့် ကျိန်ဆဲလိုက်မိသည်။ ပြီးမှ ကိုယ့်ဘာသာ ပြန်ရှက်ကာ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လိုက်မိရင်း ...

"သူ့ထက်အရင် ရောက်အောင် သွားပြမယ် .."

လမ်းကြောင်းပြောင်း၍ ကိုယ့်ရဲ့တိုက်စစ်ကို အလံမလှဲဖို့ ဆုံးဖြတ်လိုက်သည်။ ကောင်း က ကိုယ့်ကားကိုတောင် မောင်းချင်တိုင်း မောင်းခွင့် မရဘူးဆိုတာ သူ သိထားသည်။



လူကြီးမိဘက မိန်းကလေးမို့ စိတ်မချတိုင်း အစစအရာရာမှာ အုပ်ထိန်း တားဆီးထားသည်။ ကားမောင်းထွက်သွားတာကအစ အန္တရာယ်ကြီးတာမို့ ကားနဲ့ တလျှားလျှား သွားနေတာကို မကြိုက် ...

ထို့ကြောင့် ကောင်း ကို တစ်ခါတလေ ဘတ်စ်ကားပေါ်မှာ ...

တစ်ခါတလေကျတော့ တက္ကစီနဲ့ ဖြစ်နေတတ်တာ တွေ့ရသည်။ လူကြီးတွေ ဘယ်လောက် တင်းကျပ်ပါစေ .. ကောင်း ဆိုတဲ့ ကောင်မလေးက အဲ့ဒီလို ဖောက်ထွက် စွန့်စားရတာကိုမှ နှစ်သက်တတ်ခြင်းတွေ ပိုကဲလာခဲ့သည်။

ဒါတွေက ကောင်း ရဲ့ဝါသနာနဲ့ သူမရဲ့ မိသားစုအကြောင်း တိုက်ကလူတွေ သိထားသမျှပဲ ဖြစ်သည်။ ထိုအကြောင်းများကြောင့် သူမရဲ့ နှံ့စပ်ကျွမ်းကျင်မှုက သူ့ကိုတော့ မီနိုင်မှာ မဟုတ်ပေ ...။

လမ်းသွယ် လမ်းကြေ့တွေထဲ ဖြတ်ဝင်ကျော်တက်ရင်း ကိုယ့်ရဲ့ စွမ်းပကားတွေ ပြန်တွေးကာ ရိုက် ရဲ့မျက်နှာကြီး ပြုံးဖြီးဖြီး ဖြစ်လာခဲ့၏။ သို့သော် ...

"ပြော .. ဘာလဲ .."

နောက်ထပ် ဖုန်းဝင်လာတော့ သူ့အပြုံးတွေ ပျောက်ကွယ်သွားလေသည်။

"ရိုက် .. အဲဒါ သတင်းမှားကြီးကွ .."

"ဟော့ကောင် .. မင်းပဲ အတည်ပေါက် ပြောတာနော် .."

"အေး .. ဟုတ်တယ် .. အဲဒါ မင်း မောမှာစိုးလို့ ချက်ချင်း ပြန်ဆက်တာပေါ့ .. အဲဒီ ဗိုက်ကြီးသည်က သူ့ဟာသူ စိတ်ကူးတွေများပြီး အိပ်မက် မက်တာကို ပြောပြတာ .."

"ဘာ!... ဒါဆို တကယ် မဟုတ်ဘူးပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. လုံးဝ သေချာသွားပြီ .. ပြီးတော့ အဲ့ဒီမိန်းမက စိတ်သိပ်မနှံ့ဘူး တဲ့ .."

"ဟား!... မင်းဥစ္စာကွာ .."

"ငါ့ဥစ္စာ မဟုတ်ဘူး .. သူ့ဥစ္စာက မမှန်တာ .. သူ့ဗိုက်ထဲမှာ အစွယ်ပေါက်နေတဲ့ ဘီလူးရုပ်နဲ့ အမြွာနှစ်ကောင် ရှိနေတယ်လို့ အာထရာဆောင်းမှာ ပေါ်နေတယ် ဘာညာနဲ့ .."

"ဟ .. ဘာညာ လျှောက်ပြောတာလောက်ကို မင်း ငါ့ကို ပြောတော့ မင်းကိုယ်တိုင်ပဲ ကြည့်ခဲ့ရတာ လိုလို .."

"သေချာတယ် ထင်လိုက်လို့ပေါ့ကွ .."

"ဒီနေ့ပဲ ကျူးဒိတ်ပြည့်နေပြီ .. ညက ဗိုက်နာနေပြီ မြန်မြန်သွား ဆိုပြီးတော့ .."

"ကဲပါကွာ .. မင်းကို ငါ တစ်ဝိုင်းစာ ရှယ်ကျွေးပြီး တောင်းပန်ပါ့မယ် .. အခု အဲ့ဒါတွေ မဟုတ်တော့ဘူး .. ဗိုက်ကြီးသည်ကလည်း ညတည်းက မွေးပြီးသွားပြီ .. ရိုးရိုးလူပဲ .. ဒါပဲကွာ .. မင်းဘာသာ ဆက်ပြီး ကျိန်ဆဲနေပေတော့ .."

ဆဲကို ဆဲဦးမှာ ...၊

ဖုန်းချသွားတာကို ပွစိပွစိ ရေရွတ်နေမိသေးသည်။ ဒါပေမယ့် ခဏအတွင်းမှာပဲ သွားအဖြီးသားနှင့် ရယ်ချလိုက်မိကာ ...

"ကောင်းတယ် .. ဟား .. ဟား .. ဟား .. ဟား ... ဟိုသရဲမလေး မောပြီ .. ပျော်လိုက်တာ ...၊ လမ်းကနေ အအေးဘူးနဲ့စောင့်ပြီး ဟားတိုက် ရယ်လိုက်ဦးမယ် .. ဟား .. ဟား .. ဟား ..."



## အခန်း (၂၇)

"ဟိုမှာ .. ကောင်းကင်လင်း ရဲ့ ကားပါလား .."

အထဲမှာ လူမရှိမှန်း သိတာနှင့် ကားကို အရှိန်လျှော့လိုက်ပြီး သေချာကြည့်လိုက်မိ၏။

လက်စသတ်တော့ ကားနောက်ဆီး လေပြားနေတာကိုး ...၊

ဘီးမလဲဘဲ တဏ္ဍစီ ဗွားသွားတဲ့အထိ သတင်းဦးရအောင် ပြေးရှာတာ ...၊

ပြေးလည်း ပြေးနိုင်ပါပေ့ မယ်မင်းကြီးမ ...၊

လှစ်လှစ်ပါလွန်းလို့ ယောကျ်ားဖြစ်တဲ့သူတောင် လိုက်လို့မမီ ...၊

ခေါင်းခါယမ်းမိရင်း ကရုဏာတော့ သက်သွားမိသည်။

သွားရမည့်လမ်းကြောင်းက မကောင်း ...၊

ဒဂုံမြောက်ပိုင်းရဲ့ အစွန်အဖျား ကားတွေ မသွားချင်သည့်နေရာမှာ ...၊

ကိုယ့်ကားနဲ့ကိုယ် မဟုတ်လျှင် အသွားအပြန်အတွက် သယ်လို့မှ အဆင်မပြေနိုင် ...၊ ရယ်ချင်တာတွေ ပျောက်ကုန်လျက် သူ့ရည်မှန်း ချက်တွေလည်း ဒွိဟ ဝေဝါးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ လမ်းသာ သိပြီး ဘယ်လိုနေရာ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာ သိမှာ မဟုတ်တာ သေချာ၏။

ကားကို အရှိန်ထပ်မြှင့်လိုက်ရင်း မထင်မှတ်သည့် ဆုံးဖြတ်ချက်က သူမနောက်ကို လိုက်ဖို့ ဖြစ်သွားလေသည်။

ထိုအချိန်တွင် ကောင်း ရင်ဆိုင်နေရတာကလည်း လူကောင်းသူကောင်း မဟုတ်ခဲ့ဘဲ ရှိရာ ...

"အို .. ဘယ်ဖြစ်မလဲ ..၊ ဦးလေးကို လိပ်စာပြောပြပြီးမှ ခေါ်လာတဲ့ ဥစ္စာ .. ရောက်အောင် ပို့ရမှာပဲ .."

"ညည်းပိုက်ဆံမှ ငါ မယူရသေးတာ .. ငါ့ဘက်က ပြင်ဆင်ခွင့် ရှိတာပဲ .. လမ်းကိုလည်း ကြည့်ပါဦး .."

"ငါ့ကားက ဗိုက်နိမ့်လေးရယ် .. ဒီလောက် ကဘုကထစ်ကြီးတွေ .. ဘယ်လိုလုပ် ဗိုက်လွတ်မှာလဲ .."

"ဒါပေမယ့် လမ်းက အကျယ်ကြီးပဲဟာ .. ကောင်းတဲ့ဘက်က ရှောင်မောင်းပေးပေါ့ ဦးလေးရယ် .."

ကားသမားလူကြီးရဲ့ မည်းပြောင်ပြောင် ပါးဖောင်းဖောင်းနှင့် မျက်နှာကြီးက ရှုံ့မဲ့သွားတော့ ပို၍ ကြည့်ရဆိုးလေသည်။

ပြောရရင်တော့ လမ်းကလည်း လမ်းပါပဲ ..၊

ပတ်ပတ်လည်မှာ မြေရိုင်းကွက်ကြီးတွေနှင့် ခြံခတ်ထားပေမယ့် မြက်ရိုင်းတွေ ရှည်လျားထူထပ်စွာ ရှိနေသော ခြံမြေတွေ ..၊

တချို့ကျတော့ နှစ်ထပ်တိုက်ကြီးကို ဟီးထနေအောင် ဆောက်ထားပြီး လူလည်း မနေဘဲ ခြံတစ်ခြံလုံးကလည်း မြက်ရိုင်းတွေ ဖုံးလွှမ်းနေ၏။ ထိုတိုက်မျိုးက တစ်လုံးနဲ့တစ်လုံး လှမ်းမြင်နိုင်ရုံ ပျပျလေး –

ဘီလူးလေး လွယ်ထားရသည်ဆိုသော ဗိုက်ကြီးသည်က ဒီထဲ





ရာမှာ နေသည်ဆိုမှတော့ ..၊ ဘီလူးတွေက ဒီလို လွင်တီးခေါင်မှာ နေရာချောင် ရှာမတွေ့လို့ သူ့ဗိုက်ထဲ ဝင်အောင်းရတာ ဖြစ်မည်။

ဒါ ဖြစ်နိုင်သည်ပဲ ..၊

ဒီထက် လမ်းဆိုးပြီး ချောင်းကျတဲ့နေရာဆို ထိုမိန်းမဆီ ရောက်နိုင်၏။

"ဦးလေးကို ကျွန်မ နောက်ထပ် နှစ်ထောင် ပိုပေးပါ့မယ် .."

သွားကို သွားချင်နေတာမို့ ကားခ ပိုပေးလိုက်မိ၏။ လူကြီးက ခနနေ ပြန်ပြောမည် ကြံပြီးမှ ပြုံးလိုက်သည်။

"ကောင်းပြီလေ .."

ကားကို ဟိုဘက်ကပ် .. ဒီဘက်ကပ်နှင့် ခပ်ဖြည်းဖြည်း လိမ့်ရင်း...

"ဒုန်း .."

"အ!.."

ကောင်း အသံမထွက်ဖို့ ကြိုးစားရင်းနဲ့ ထွက်သွားမိ၏။ ကားက ဘောင်ခုန်ပြီးမှ ရပ်သွားကာ ...

"မရတော့ဘူး .."

"ဟင်!..."

"ကားကို ထိသွားပြီ .."

"ဟာ .. ဦးလေးကလည်း .. ခုန ဒီထက်ကြမ်းတာတွေကိုတောင် ကျော်လာတဲ့ဟာ .."

"ဟုတ်တယ် .. အခုက ဂတ်စ်ကာက် ပျက်သွားတာ .."

"ဂတ်စ်ကာက် ပျက်တယ်ဆိုတာက ဘာဖြစ်တာလဲ .."

"ရေတိုင်ကီနဲ့ ဆိုင်တာပဲ .. ငါလည်း သိပ်မသိဘူး .. ဟိုခြံထဲမှာ ကိုက်ဆိုင် ရှိတယ် .. ရေဝင်ထည့်ပြီး မောင်းဖို့ ရသေးလား မေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ ..”

“ဟိုခြံကြီးလား ..”

နှစ်ထပ်တိုက်ကြီးတစ်လုံးပေမယ့် အသစ်အဟောင်း ပူးတွဲ သော အသွင်သဏ္ဌာန်တို့နှင့် အပေါ်ထပ် ပြတင်းပေါက်မှန် တချို့ လည်း ကွဲနေသေးသည်။

“ဒီလောက်ထိ ချုံထူနေတဲ့ထဲမှာ ရေတံကင်ရှိတာ ဦးလေး ဘယ်လိုလုပ် သိလဲ ..”

“သိရုံတင်မကဘူး ဒီလိုပဲ တစ်ခါ ဝင်ထည့်ဖူးတယ် .. ကျုပ်တို့ တက္ကစီသမားပဲ ..”

ဟုတ်သနဲ့ပဲလို့ တွေးရင်း ခြံထဲကို ကားမောင်းဝင်လာတော့လည်း ကောင်း အေးဆေး ထိုင်လိုက်လာခဲ့၏။ သို့သော် ...

အထဲမှာ ကားဝင်လို့ရတဲ့လမ်းလည်း ဆက်မရှိတော့ဘဲ ရေတံကင် ဆိုတာ ဘယ်ဆီဘယ်ဝယ်မှာ ရှိနေမှန်း ရှာကြည့်ဖို့တောင် မဖြစ်နိုင်

“ဦးလေးက ..”

“ဒုတ် .. ဒုတ် ...”

“ဟင်!...”

ပြောတာ မဆုံးသေးခင် ဘေးက လော့ခ်တွေ အားလုံး ကျသွား အန္တရာယ်ဆိုသည့်အသိမှာ ကောင်း ရဲ့လက်က အိတ်ထဲကို နှိုက်ပြ သား ...၊

“ဟဲ .. ဟဲ .. မင်းလေးက ယမင်းရုပ်လေးလောက် လှတယ် စွာလည်း စွာတော့ ကျုပ်စိတ်တွေ ဖောက်ပြန်လာတာပေါ့ ..”

“ရှင်ကြီး ဘာလုပ်တာလဲ .. ကူးမလာနဲ့နော် .. သေသွားချင် လား ..”





“မသေခိုင်းပါနဲ့ ကလေးရယ် .. ဒီလို တိတ်ဆိတ်ငြိမ်သက်တဲ့ ရာတွေက အာရုံခြောက်ပါးစလုံးကို အပြည့်အဝ ခံစားလို့ အကောင်း ပဲ ..”

“လူယုတ်မာကြီး .. ကဲဟာ ..”

“အား!...”

ရှေ့ကနေ ကျော်ခွဝင်လာသည့် ကိုယ်ကြီးကို ဘေးကို တွန်းချပစ် သည်။ လူကြီးကတော့ ဒါမျိုးကြုံစည်ဖို့သာ သတ္တိရှိနေပြီး ဒဏ်ရာ တော့ သတိလစ်မတတ် အော်သည်။

ပြီးတော့ ပေါင်ရင်းမှာ ဓားတန်းလန်းနှင့် တကယ်ပဲ သတိလစ် ခဲ့၏။

ကောင်း ရှေ့ကို ကူးသွားကာ ကိုယ့်ဘာသာ လော့ခ်တွေ ဖွင့်၍ ခြံကို ပြေးထွက်ခဲ့၏။

ပြန်ကြည့်လိုက်တော့ တက္ကစီသည် မြက်ရိုင်းရှည်ကြီးတွေ ပိတ် နေသော ခြံအဝင်လမ်းလေးမှာ အပြင်က ကြည့်ရင်တောင် ရုတ် ကို မတွေ့နိုင် ...၊

သေဟာတော် အကြံပက်စက်တဲ့ လူကြီး ...၊

လမ်းမကုန်းမြင့်ကနေ ပြန်ကြည့်နေရင်း ဒေါသက တဖြည်းဖြည်း တက်လာ၏။ ဒီဖြစ်ရပ်မှာ ကိုယ်က ပါဝင်နေခဲ့ပေမယ့် ဒီလူကြီး ညာပေးချင်သေးသည်။

ဘယ်လို ပေးရမလဲ ...၊

ဟုတ်ပြီ ...၊ ကားနဲ့ လူကြီးကို ခက်ပုံရိုက်သွားပြီး ဒီနေရာမှာ တွေ့တယ်ဆိုတာ သတင်းထည့်လိုက်တာနှင့် သူ့ပုံစံကို ကြည့်ပြီး ိုင်း သဘောပေါက်မှာပင် ...၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ရပ်ကြည့်ရင်း သေချာ ဆုံးဖြတ်သည် ..၊ ဆုံးဖြတ်ပြီး
နှင့် အိတ်ထဲက ကင်မရာကို ထုတ်၍ အသဲပြန်ဝင်ဖို့ ပြင်၏။ ထို

"ဟိတ် .. နေဦး .."

"ဟင်!..."

သူမ အံ့သြသွား၏။ ရိုက် ပါလာမှာပဲဆိုတာ တွေးမိပေမယ့်
ကျော်တက်လာခဲ့ကာမှ စိတ်လျှော့ပြီး လှည့်ပြန်သွားနိုင်သလို .. လို
လာခဲ့ရင်လည်း ကိုယ်သာ ဦးအောင် ဆက်သွားရုံ ..၊

"မင်း ဘာလုပ်နေတာလဲ .."

"ဒီမှာလေ .. တက္ကစီသမား ယုတ်မာလို့ .."

ပြောပြီး ရှေ့က ပြေးဝင်သွားတော့ ရိုက် က ထက်ကြပ်
ပါလာသည်။

"ဂတ်စ်ကက်ပျက်သွားလို့ ရေဝင်ထည့်မယ်ဆိုပြီး လူကို ညာ
လာတာ .."

"ဒါကျတော့ ညာမှန်းဘာမှန်း မင်း မသိတော့ဘူးလား .. ဂ
ကက် ပျက်သွားပြီဆို အဲဒီကားကို လိုရာမောင်းသွားလို့ ရကို မရ
ဘူး .."

ကင်မရာ ထုတ်လိုက်ပြီးမှ ကောင်း ဟင်!... ခနဲ ဖြစ်သွားသ
သူမ ငယ်ငယ်တည်းက ကားမောင်းတတ်နေခဲ့ပြီး ဒါတွေ ဘာမှ မ

"ပြီးတော့ မင်းပဲ မကြောက်မရွံ့ ဒီလောက် ချုံထူနေတဲ့ခြံထဲ
လိုက်လာရသလား .. ရေထည့်မယ်ဆိုလည်း အပြင်မှာ ဆင်းနေခဲ့

ပြောနေရင်း ကောင်း မျက်နှာကို ကြည့်၍ မဲ့ကာ ...

"မင်းကိုက စပ်စုချင်စိတ် ကြီးမားတာ .."

"ရှင်လည်း စပ်စုချင်စိတ် ကြီးမားစွာနဲ့ ဒီထိ ပါလာတာ ပေ



လား .. အခု ကိုယ့်လမ်းကိုယ်သွားလို့ ရပြီ .. သွားတော့လေ .."

"ဘာ!..."

ဒေါသတွေ တစ်လုံးကြီး ထွက်သွားပြီး ရှေ့ဆက် ဘာပြောရမှန်း
ည်း မသိ ..၊

ရင်ထဲမှာ ရေရွတ်မိတာက စေတနာနဲ့ မထိုက်တန်တဲ့ မိန်းမ ..၊
ဒါကြောင့် ဘုရားဟောခဲ့တာ 'မကျွတ်ထိုက်သူကို ချွတ်ဖို့ ကြိုး
မိရင် ငရဲမီး လိုက်တယ်' တဲ့ ..။

ကောင်းကင်လင်း ဆိုတဲ့ အဲ့ဒီလို မိန်းမမျိုးမှန်း သူ မေ့ခဲ့၏။
တိုတိုနှင့် လှည့်ထွက်လာဖို့ ခြေလှမ်းပြင်မိတဲ့အထိ..၊ ဒါပေမယ့်...

"မင်း ဘာလုပ်မလို့လဲ .."

"ဘာလုပ်လုပ်ပေါ့ .. ရှင် ဝင်လုဖို့ မကြိုးစားနဲ့နော် .. ဒါ ကျွန်မ
ကိုယ်ပိုင်သတင်း .."

"ကောင်း ကင် လင်း .."

"ဟာ!... ရှင် .. ရှင် ဘာလုပ်တာလဲ .. ပြန်ပေး .. ပြန်ပေး နော်.."

ကင်မရာကို ဆွဲလုကာ အထဲမှ ရိုက် က သူမလက်ထဲ ပြန်ပါ
သွားအောင် ရှောင်ရှားရင်း ...

"ဒီသတင်းကို မင်း ဘယ်လိုထည့်မှာလဲ .. မင်း ကိုယ့်ကိုယ်ကိုယ်
သားပြီးတော့များ ဒီလောက်တောင် .."

"လျှောက်ပြောမနေနဲ့ .. ကောင်း မပါဘဲ ကြိုက်သလို ရေးလို့
တယ် .."

"လျှောက်ပြောနေတာက မင်း ..၊ ဒီထဲကလူက သေနေတာ
တ်ဘူး .. မင်း ရေးချင်တိုင်း ရေးလို့ ရမလား ..၊ ပြီးတော့ ဒီသတင်း
ပေါ်သွားရင် .."

www.burmeseclassic.com

www.burmeseclassic.com



"မပေါ်ဘူး .. ရှင့်ပါးစပ် ပိတ်ထားရင် ရပြီ .."

"လုံးဝ မပိတ်ဘူး .. ရော့ .."

ကင်မရာကို ရှောင်မရအောင် ဝင်လုနေသဖြင့် သူမလက်ထဲ

ပြန်ထည့်ပေးလိုက်ရင်း ...

"မင်း အဲ့ဒီသတင်း ရေးလေ .. မင်းက ကိုယ့်ကိုယ်ကိုယ် ဖော

ပြီး ရေးရင် ငါက လိုက်ဖော်မယ် ..၊ သတင်းထောက် မိန်းကလေး

တစ်ဦးကို တက္ကစီသမားတစ်ယောက်က .."

"ရိုက်!..."

ကောင်း ဒေါသဖြစ်သလောက် အော်ပစ်မိကာ ...

"ရှင် စိတ်ပုတ်လှချေလား .."

"မင်းလောက် နီးပါးပဲ .."

"ရှင့်လောက် ယောက်ျားမတန်မယ့် စိတ်ပုတ်တာ ရှင်ပဲ ရှိတယ်

"မင်းနဲ့ ပေါင်းဖူးတာ ငါပဲရှိလို့ နေမှာပေါ့ .."

"လာမပြောနဲ့ .. သွား .."

ကောင်း ခြေဆောင့် လက်ခါပြီး ချာခနဲ လှည့်ထွက်သွားသည်

ရိုက် က နောက်က လိုက်သွားပြီး ...

"ဒါက ဘယ်ကိုလဲ .."

ကောင်း က ခြေစုံရပ်လိုက်ပြီး ကြီးမားသော လမ်းလယ်ခေါင်

ကျွင်းချိုင့်ကြီးရဲ့ တစ်ဖက်အစပ်မှာရှိနေသည့် ရိုက် ရဲ့ကားကို ကြည့်

"ဟွန်း .."

ကျကျနန မဲ့လိုက်ပြီးမှ လှည့်ကြည့်သည်။

"ကောင်း ရဲ့ကား လမ်းမှာပျက်နေတာကို တွေ့ပြီး ရှင် အ

ဝမ်းသာ လိုက်လာတာမို့လား .."





စွပ်စွဲလိုက်တာ တပ်အပ် သေချာစွာဖြင့် ..၊

"ဒီလမ်း ဘယ်လိုလမ်းမျိုးလဲ ဆိုတာလည်း ရှင်က ပိုသိနေမှာပေါ့..

ဘယ်တက္ကစီသမားမှ လမ်းဆုံးထိ လိုက်မပို့ဘူးဆိုတော့ ရှင် ကောင်း

ကို ကျော်သွားနိုင်မှာပဲဆိုတာ သိလို့လေ .."

"ဟုတ်တယ် .. မင်း ဒုက္ခရောက်နေမှာကို လက်ခုပ်တီးပေးဖို့

သာတာ .. ငါလည်း ကားပျက်စီးခံပြီး မသွားတော့ဘူးဆိုတော့ အခု

ပြန်လိုက်မှာလား .."

"ဟင်!..."

အံ့ဩသွားတာကိုတော့ ဟန်မဆောင်လိုက်နိုင် ..၊

ဒီထိ ရောက်လာပြီးမှ ဒီလိုပဲ ကြည့်ကျက် ထိန်းမောင်းသွားရင်

ရောက်တော့မှာပဲ မဟုတ်ဘူးလား ..၊

ကောင်း က လမ်းတစ်ဆုံးထိ မျှော်ကြည့်လိုက်ပြီးမှ သူ့မျက်နှာကို

သုခိုးဖမ်းသည့်အကြည့်နှင့် ကြည့် ၍ ...

"ရှင်က ဒီထိလာပြီးမှ ကားကြောင့် လှည့်ပြန်မယ် ဟုတ်လား ..

ယုံနိုင်စရာပဲ .."

"မယုံဘူးဆိုတော့ မင်းက ဘယ်လိုထင်လို့လဲ .."

"ဟွန်း .. သိပ်တော့ မအံ့ဩတော့ပါဘူး .. ရှင်က အစတည်းက

သိပ်လည်း ဖွဲ့မကြီးတတ်ပါဘူး .. မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ဆိုင်

နေရတာကို ဝါသနာပါတာရယ် .. တစ်နေ့နေ့ ဒီလိုအဖြစ်မျိုးတွေ ကြုံ

လာရရင် ငါနိုင်မှာပဲလို့ တွက်ထားပြီးသား ဖြစ်နေတာရယ် .. ဟွန့်.."

ဒေါသက မီးရှူးတစ်စလို ဖောင်းခနဲ ဝင်းလက်သွားသည်။

ကောင်းကင်လင်း ဆိုတဲ့မိန်းမဟာ ကျေးဇူးကန်းတတ်ခြင်း ပါရမီ

သုံးနဲ့ မွေးလာခဲ့တာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



"အခု ကောင်း ဘက်က ရှုံးမဲ ဖြစ်သွားတော့လည်း ရှင် ဒီနေ
မှာ အနိုင်ရလိုက်တာနဲ့ပဲ ကျေနပ်နိုင်သွားတယ် .. ဒါပဲမို့လား .."

"မင်း တော်တော် သူများကို အကောင်းမမြင်တတ်တဲ့ မိန်းကလေး
ပဲ .."

"မြင်စရာလား .."

"အေး ဟုတ်တယ် .. စော်ကားခံရတယ်ဆိုတာလည်း ကြားရ
သူအတွက် စုတ်သပ်ရုံထက် မပိုပေမယ့် ခံရတဲ့လူမှာတော့ ဒဏ်ရာကျ
တာပဲ .. ငါ ဘာကြောင့်ပဲ လှည့်ပြန်ပြန် .. မင်းကို တင်ခေါ်မသွား
ဆုံးဖြတ်လိုက်တာကတော့ အသေအချာပဲ .. ဘာဖြစ်လို့လဲဆိုတော
နောက်ထပ် စော်ကားမခံနိုင်လို့ .."

ပြောတဲ့အတိုင်း သူ့ဘာသာ ရှေ့က လျှောက်သွားပြီး ကားပေ
ပြန်တက်၍ ဘက်ခ်ဆုတ်သည်။ သူမ ဘယ်လို ကျန်ခဲ့ ကျန်ခဲ့ လှ
မကြည့်မိအောင် နေခဲ့သည်။

လာတဲ့အတိုင်း ပြန်လှည့်လာခဲ့တဲ့အထိ ဘက်ခ်ကြည့်မှန်ဆီ မျက်
လုံးမရောက်အောင် နေခဲ့၏။

"ဒုန်း .."

"ဒုတ် .."

ကားနဲ့ လမ်းကို ဂရုစိုက်ဖို့ မေ့လျော့သမျှ ကားသည် မြောက်ပြ
သွားလိုက် .. နိမ့်ဆင်းသွားလိုက်နှင့် သံစုံမြည်၏။ တစ်ကြိမ်တွင် –

"ဂုတ် .. ဂုတ် .. ဒုတ် .."

ပွတ်ဆောင့်သည့်မြည်သံနှင့် ကားက ထိုးရပ်သွား၏။ သူ ကား
ပေါ်က ဆင်းပြီး လမ်းနဲ့ ကားအခြေအနေကို ငုံ့ကြည့်လိုက်သည်။

ပြီးတော့ ကားပေါ်ပြန်တက်ပြီး ကမူနှင့်လွတ်အောင် သာသာလေး





ပြန်ဆုတ်သည်။ လွတ်လွတ်ခါခါ ဖြစ်သွားတော့မှ ပြန်ရပ်ထားလိုက်ပြီး
သက်ပြင်းရှည်ကြီး ချမိ၏။

ကူရှင်မှ မျက်နှာမော့ လှန်မိသည့်အခါ ချွေးစို့သည့်နေရာတိုင်းအာ
စိမ့်အေးသွား၏။ ကားထဲမှာ အဲကွန်းဖွင့်ထားလျက်နှင့် သူ ချွေးထွက်နေ
ခဲ့သည်။

အရှိန်ထပ်တင်ပြီး ပြန်မောင်းလိုက်တော့ အအေးဓာတ်က ပို၍ ပြင်းရှ
စွာ ရိုက်ပုတ်လာသည်။ ဒီလမ်း ခရီးကြမ်းလွန်းလို့ သူ ချွေးပြန်ခဲ့တာ
မဟုတ်ပါ ..။

လမ်းကို ဂရုမစိုက်မိတော့ဘဲ ဒီတိုင်း မောင်းချလာခဲ့သဖြင့် ကား
တစ်စီးလုံးက ဆီးဖြူသီးလို လိမ့်ချင်တိုင်း လိမ့်လာခဲ့တာ ဖြစ်သည်။

ဒါဆို ချွေးပြန်လောက်အောင် သူ့အပေါ်မှာ ဖိအားတစ်ခုလို သက်
ရောက် စိုးမိုးနေခဲ့တာ ဘာလဲ ..၊

မျက်လုံးတွေက ဘက်ခ်ကြည့်မှန်ဆီ ရောက်သွားသည်။ မြင်ကွင်း
ရဲ့ တစ်ဆုံးထိ ကောင်း ကို မမြင်ရသေး ..၊

"ကျွတ်!..."

ဒီနေရာမှာ ကား မရှိပေ ..၊ နောက်ထပ် သုံးမိုင်လောက်ထိလည်း
ကားနဲ့ လူနဲ့ စည်ကားသည့်နေရာမျိုး မရှိနိုင် ..၊ အိမ်ခြေတွေ လူနေ
ကိုက်တာတွေ ရှိစေဦး တက္ကစီငှားဖို့က လွယ်မလား ..။

စတီယာရင်ကို ဖိဆုပ်ထားရင်း သူ ရှေ့ဆက်လည်း မသွားနိုင် ..၊
ပြန်လှည့်သွားဖို့လည်း ခွင့်မပြုနိုင်ဘဲ ကိုယ့်စိတ်နဲ့ ကိုယ် တင်းကျပ်
ပူလောင်နေ၏။

သူမကို ဥပေက္ခာထားနိုင်ဖို့ ကြိုးစားလိုက်သည့်ခဏမှာပဲ အရာ
အားလုံးက ထိုဥပေက္ခာထဲမှာ ရောထွေး ပျောက်ဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုလည်း ဂရုမစိုက်မိ ..၊ ကျင်းတွေ ချိုင့်တွေမှာ ခုန်ပေါက်ပြီး သံစုံမြည်နေတဲ့ကားကိုလည်း ထိန်းသိမ်းဖို့ မေ့၏။

သူ ဘာဖြစ်သွားတာလဲ ..၊

သေချာတာတစ်ခုက သူ ရှေ့ဆက်မသွားနိုင်တော့ခြင်းပင် ..။

'ဒီလောက်ထိ စော်ကားခံနေရတာတောင် မင်း ညံ့လှချေလား'လို့ သူ့အဖြစ်ကို အပြစ်တင်ချင်လည်း တင်ကြပါစေတော့ ..၊

စော်ကားခံဖို့ကိုပဲ ဝါသနာကြီးနေလို့ပါ ..၊

သူ တကယ်ကို မိုက်မဲဖို့ ဆုံးဖြတ်၍ ကားကို ပြန်လှည့်လာခဲ့သည်။ လင့်န်ခံရှုဇာလို ကားမျိုးတောင် တိုက်မိခိုက်မိတဲ့အထိ ဆိုးလွန်းတဲ့လမ်းကို နောက်ထပ်တစ်ခေါက် ပြန်လှည့်လာတော့လည်း ကောင်း ကို လှမ်းမမြင်ရသေးသည့် ပူပန်မှုနှင့် ဂရုမစိုက်မိပြန် ..၊

ကောင်း ကတော့ ဘယ်လိုမှ မာန်တင်းလျှောက်လို့ မရတော့သည့် အတူတူ အရိပ်လည်းမရှိသော လမ်းဘေးက မြက်ခြောက်ဖုတ်တွေပေါ်မှာပဲ ဒီတိုင်း ထိုင်ချလိုက်သည်။

ပြီးတော့ ဖိနပ်ကို ချွတ်လိုက်တော့ ကြိုးသိုင်းအောက်က ခြေကျင်းဝတ်ချိုင့်လေးထဲမှာ ပွန်းရှပြီး သွေးစို့နေတာကို တွေ့သည်။

ပြီးတော့ ကွင်းထိုးဖိနပ် ခုံမြင့်လေးမို့ အပေါ်အုပ်နှင့် ပွတ်တိုက်ဖန်များသော ခြေသန်းလေးတွေပေါ်မှာ အရည်ခွံလန်ကာ အဆီတပြင်ပြင် ဖြစ်နေ၏။

"အား!... နာလိုက်တာ .."

ဒဏ်ရာတွေကို မြင်လိုက်ရမှ ပိုနာလာသည်မို့ ဖိနပ်ချွတ်ကြည့်လိုက်မိတာကိုပဲ ကိုယ့်ကိုယ်ကိုယ် မကျေနပ် ဖြစ်မိသည်။

ပြီးတော့ ဝမ်းနည်းခြင်းကို သူမ ခံစားတတ်ခဲ့ပြီမှန်း မျက်ရည်





ကြောင့် မျက်ဝန်းမှာ စိုစိုစွတ်စွတ် ဖြစ်လာတော့ နားလည်သွားခဲ့၏။ ထို နာကျင်မှုဟာ အသားနာတာထက် ဆိုးသည်လို့ ပြောရမလား ..။

ဘယ်လိုနေရာက ပူလောင်ပြင်းရှစွာ ထိုးနှက်နေမှန်း မသိဘဲ မျက်ရည်က အလိုအလျောက် စိုစွတ်လာခဲ့တာ ဖြစ်သည်။ ပြီးတော့ ကျန်ရစ်သည်က မခံချင်စိတ် ..၊

သူမ ရရှိခဲ့သည့် အနိုင်ယူခြင်းများစွာနဲ့ ဒီနေ့ ရှုံးနိမ့်ခဲ့သည့် တစ်ခါက မညီမျှပါလား ..၊ အရှုံးတစ်ကွက်တည်းနှင့် နိုင်ခဲ့ခြင်းများစွာကို နင်းချေ အောင်နိုင်သွားခဲ့သည်။

"ငါ့ကြောင့် ..၊ အဲ့ဒါ နင် လောဘကြီးလို့လေ .."

ကိုယ့်ခြေထောက်ကို ထု၍ တစ်ယောက်တည်း ပြောလိုက်မိစဉ် မျက်ရည်စက်က ပေါက်ခနဲ ခုန်ဆင်း၏။ ထိုအချိန်မှာ တခြားလူ နောင်ယှက်မှာကိုလည်း ဂရုမစိုက် ..။

ဟို တက္ကစီသမား ပြန်ထလာပြီး လည်ပင်းညှစ်ရင်လည်း သူသေကိုယ်သေ ပြန်ချရုံသာ ..။

သူမ တနုံ့နုံ့ ခံစားကြေကွဲမဆုံး ဖြစ်နေတာက ရိုက် ကိုပဲ ဖြစ်လေသည်။ သူ့ကို ရှုံးလိုက်ရတာကြောင့်လား .. ဒီတိုင်း ထားရက်ခဲ့တာကြောင့်လား ..။

သူမ ဘာကြောင့် အံကြိတ်ထားလျက်နှင့် မျက်ရည်ကျခဲ့ရသလဲ ဆိုလျှင် အဖြေက မရေရာ ..၊

ရှုံးလိုက်ရသည် ဆိုတာကရော မရှုံးသင့်ဘဲ ရှုံးရလို့လား ..။

ရှုံးပြီ ဆိုမှတော့ မနိုင်လို့ ရှုံးရခြင်းသာ ဖြစ်သည်။ သူလည်း ကိုယ့်ကြောင့် အကြိမ်ကြိမ် အခါခါ ရှုံးနိမ့်ခဲ့ရတာပဲ ..၊ ကိုယ် ရှုံးတည့်ရောက်ကာမှ 'ငိုကြွေးနေသည်ဆိုရင် သူများ ဝမ်းသာစရာ ဖြစ်လိမ့်မည်။



www.burmeseclassic.com

သူမမှာ ဒီလိုမာနမျိုး ရှိသည်။ ဒီ့ထက်မက မာကျောတတ်ခဲ့တာလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။

ဒါဆို သူ ထားခဲ့တာကို ရက်စက်လေခြင်းလို့ တွေးရင်း ကြေကွဲနေတာလား …၊

ကိုယ့်တုန်းကရော လှလှပပ အနိုင်ယူခဲ့ပြီဆို နှစ်ခါပြန် ကြည့်ပြီး သနားပါတယ်ဆိုတာမျိုး ရှိခဲ့လို့လား …၊

သူ ဒီလို ထားပစ်ခဲ့တာလည်း အပြန်အလှန်အားဖြင့် သဘာဝကျနေတဲ့ သဘောတစ်ခုပါ …၊ ကောင်း ကိုယ့်ဘာသာ မျက်ရည်သုတ်၍ စိတ်ကို ပြန်တင်းလိုက်သည်။

မပျော့ညံ့စမ်းနဲ့ ကောင်းကင်လင်း …၊

ကိုယ့်အလှည့်ကျမှ မနွဲ့စမ်းပါနဲ့ …၊ ကိုယ်လည်း ထုခဲ့တာပဲ ‥ 'ပေ'ဖြစ်တဲ့အလှည့်မှာတော့ တူထုတာ ခံရမှာပဲ နင် …၊

ချွတ်ထားသည့် ဖိနပ်လေးကို ပြန်ကောက်၍ မျက်နှာတစ်ဖက်စီမှာ အုပ်ကွယ်ပြိုဆင်းနေသည့် ဆံပင်တွေကို ခေါင်းမော့ ခါပစ်လိုက်၏။

နေ့လယ်စာ စားချိန်ဆို သူများထက် ဦးစွာ ဆာတတ်သည့်အကျင့်က နေမြင့်လာသည့် အပူရှိန်အောက်မှာ ဒူးတွေပါ ချောင်လာသလိုပင်…၊

ဖိနပ်ကို နှစ်ဖက်ပူးကိုင်ပြီး ဘယ်လောက်လေးသလဲ 'မ'ကြည့်လိုက်စဉ် လက်ဖျားတွေမှာပါ အင်အားဆုတ်ခန်းနေသလို ခံစားမိပြန်၏။

သေလိုက်တော့ ကောင်း …၊

နင့်မှာ မစားရရင်လည်း အငတ်လို …၊ မအိပ်ရရင်လည်း ငိုက်ကောင်တစ်ကောင်လိုပဲ …၊ ဒါပေမယ့် အဲဒါတွေကို မနားတမ်း ပြေးလွှားနေရင်တော့ နင် အောင့်နေနိုင်သားပဲ ‥ ခုလည်း အားလုံးကို မေ့ထား





လိုက်တော့ …၊ တက္ကစီ မတွေ့မချင်း ဒါမှမဟုတ် မှတ်တိုင်ထောင်ရှေ့ မရောက်မချင်း နောက်ထပ်မျက်ရည်မကျဘဲ ဆက်လျှောက်လိုက်စမ်း။

သူမရဲ့ ကောင်းသော မကောင်းသော အကျင့်ဆိုး အကျင့်ကောင်းတို့ကို ရေရွတ်ရင်း ကိုယ့်အပြစ်ပဲ ပုံချပေးလိုက်သည်။

ဘာပဲဖြစ်ဖြစ် ရင်ထဲမှာ အတော်အတန်တော့ ခံနိုင်ရည်ရှိသွားသလိုပါ …၊

ဖိနပ်ကို ကိုင်၍ နေရာမှ ထရပ်လိုက်လျှင် လူက ယိုင်ခနဲ ဖြစ်သွား၏။ ထို့အတူ မျက်ဝန်းထောင့်မှာ လူရိပ်တစ်ရိပ်ကို မြင်လိုက်ရသဖြင့် လှည့်ကြည့်လိုက်လျှင် …

"ခြေထောက်က ခိုက်မိသွားတာလား ‥"

ရိုက် က ခြေလှမ်းကျဲများနဲ့ လျှောက်လာနေကာ …

"ဖိနပ်မစီးရင် ဘယ်လိုလုပ် လျှောက် ‥ ဟင်!…"

ဖိနပ်ကိုင်ထားတာပဲ မြင်ကာ အနားရောက်မှ ကောင်း ရဲ့ ခြေထောက်အဖြစ်ကို သေချာ ငုံ့ကြည့်မိသွားသည်။

"ဟာ!… တော်တော် ထိထားတာပဲ ‥"

"ဟုတ်တယ် ‥ ရှင် နောက်ထပ် လက်ခုပ်တီးလို့ ရသွားတာပေါ့–ဒဏ်ရာ ဘယ်နှစ်ချက်လဲ သေချာကြည့်လိုက်ဦး ‥"

လှံပြန်ပြီ သူမ …၊

ဒါပေမယ့် မျက်နှာလေးကို ကြည့်လိုက်တော့ ငိုထားမှန်း သိသာနေကာ ခုလည်း ငိုချင်နေတာကို အတင်းအကျပ် အံကြိတ် ချုပ်နှိမ်ထားနေတာ ပေါ်လွင်နေလျက် …

"အါ…"

"နေဦးလေ ‥ ဒီလောက် ဆိုးဆိုးတော ‥ နေကလည်း ပူသေး



www.burmeseclassic.com

www.burmeseclassic.com



တယ် .. ဖိနပ်မပါဘဲ ဘယ်လိုလုပ် လျှောက်မလဲ .."

"ကောင်း ဘာသာ ဘယ်လို လျှောက်လျှောက်ပေါ့ .."

ပြောရင်းနဲ့ ဝိုင်သံလေး ပါသွားတော့ ရိုက် ကျွတ်ခနဲ စုတ်သပ်မိ၏။ ပြီးတော့ သူပဲ သူမနား ရောက်သွားရကာ ...

"ဒါဆို ဒီမှာပဲ ရပ်နေဦး .. ကား ဒီနားထိ မောင်းယူလာခဲ့မယ်.."

လမ်းဆိုးလွန်းလို့ အတော်ဝေးဝေးမှာ ရပ်ထားခဲ့တာ ဖြစ်သည်။ ဒီကနေ သူမကို သူလည်း ထမ်းမသွားနိုင် ...၊

ဒီတိုင်း လျှောက်သွားမယ် ဆိုတာက ဒီပုံစံနဲ့ ဘယ်လိုဖြစ်မလဲ...၊ ကိုယ်ပေါ်က ဂျာကင်ကို ချွတ်၍ ကောင်း ရဲ့ခေါင်းပေါ် တင်ပေးခဲ့ပြီး ကားဆီ သူ ပြန်ပြေးခဲ့သည်။ ကားနဲ့ လူ ယှဉ်လာတော့ ကားကိုပဲ ထိနိုက်ခံဖို့ ဆုံးဖြတ်ချက်က ပြတ်သားနေသည်။

ပြီးတော့ စိုးရိမ်ခြင်းကြောင့် သူ့စိတ်တွေကိုက ယောက်ယက်ခတ်နေလေသည်။ ကောင်း ရဲ့ခြေချောင်းတွေ ထိပ်မှာ အပူလောင်ဖုတွေနဲ့ အဆီတပြန်ပြန် ဖြစ်နေသော ဒဏ်ရာတွေက မျက်လုံးထဲက မထွက်နိုင်ဘဲ ကားမောင်းနေရတာတောင် စိတ်မရှည် ...။

"ခဏနေဦး .. ရှေ့နားမှာ လမ်းပြေတယ် .. အဲ့ဒီမှာ ဘက်ခ်ဆုတ်ပြီး ပြန်လှည့်ခဲ့မယ် .."

ကောင်း ထံမှ တုံ့ပြန်သံ တစ်စုံတစ်ရာမှ မလာခဲ့ဘဲ ဖိနပ်လေး ကိုင်လျက် ဒီတိုင်း ရပ်စောင့်နေရှာ၏။

ကားသည် ညာဘက်မှုကင်းစွာ မောင်းနှင်စေခိုင်းသည့်နောက်မှာ ခဏအတွင်းမှာပဲ ကောင်း ရဲ့ဘေးကို ရောက်လာခဲ့၏။

"အား!... နာလိုက်တာ .."

သူမ ညည်းညူရင်း ငုံ့ကြည့်နေရာကို လိုက်ကြည့်မိတော့ ခြေ



ဖနောင့်အထက် ခြေကျင်းဝတ်ခွက်လေးထဲမှာ သွေးစတွေနဲ့ ရဲနေ၏။

"အဲ့ဒါကလည်း ဖိနပ်နဲ့ ထိတာပဲလား .."

"အင်း .."

ကားက ညင်သာစွာ ထိုးရပ်သွားခဲ့၏။ ဒဏ်ရာကို ငုံ့ကြည့်နေသည့် ကောင်း မျက်နှာလေး မော့လာကာ ပါးရိုးတစ်ဖက်မှာ အုပ်ကွယ်နေသည့် ဆံစတို့ကို နားနောက်မှာ ညှပ်လိုက်၏။

"ကား ဘာဖြစ်သွားတာလဲ .."

"ဟင့်အင်း .."

ခေါင်းခါပြလိုက်ရင်း ရိုက် ရဲ့မျက်နှာက အုံ့မှိုင်းသိုမှောင်နေ...

"ငါ မင်းကို မထားခဲ့သင့်ဘူး .."

ဒါကို ပြောလာတော့ ကောင်း မျက်နှာလေး ပျက်သွားသည်။ ပြီးတော့ ပြန်ငုံ့သွား၏။ ရိုက် က သူမ ခြေထောက်ကို ကြည့်နေရာကနေ ကူရှင်မှာ မှီလိုက်၏။ ပြီးတော့ ရှေ့တည့်တည့်ကို ငေးနေခဲ့လျက် ...

"ဆောရီးပါ .. မင်းကို ငါကပဲ တောင်းပန်ပါတယ် .."

"မလိုပါဘူး .. ကောင်း ကလည်း ရှင် ထားခဲ့ချင်အောင် ပြောလိုက်တာပဲ .. ခုလည်း ကောင်း ဘယ်လိုမှ ဟန်လုပ် မာန်တင်းမနေနိုင်တော့လို့ .. နောက်ပြီး .."

ကောင်း က ကားပေါ်ကနေ ပတ်ဝန်းကျင်ကို မျက်နှာလေး ငုံ့ဆောင်းကြည့်၍ ...

"ဒီလိုနေရာမှာ မထားသင့်တဲ့ ဒေါသ မောဟတွေကို [illegible]ယ်ထားရမှာပဲဆိုတာ ကိုယ့်ဘာသာ ဆင်ခြင်မိလို့ပါ ...၊ ကောင်း [illegible] [illegible]ခ်ကမှ သူများဆီက စာနာ သနားခြင်းကို မတမ်းတဖူးဘူး – ခုချိန်

ထိ ခုလိုအခြေအနေ အကျဉ်းအကျပ်မျိုးနဲ့လည်း မကြုံခဲ့ဖူးဘူး .. ဒါကြောင့် မာနတွေနဲ့ တစ်သက်လုံး ခေါင်းမော့လာခဲ့တာလေ ..၊ ဟွန်း.. ကျွန်မ နည်းနည်းတော့ အောက်ခြေလွတ်သွားတယ် ထင်တယ် .. ဒါပေမယ့် ဒါ ပထမဆုံးနဲ့ နောက်ဆုံးပဲ .."

"မင်းရဲ့ အကြိမ်ရေတွေကို ငါ စိတ်မဝင်စားဘူး ကောင်းကင်လင်း .. ငါ ယောကျ်ားလေး .. ခုလို ဖြစ်ရပ်မျိုးမှာ ငါ ဒီလို ဆုံးဖြတ်ပြီး ထွက်သွားခဲ့တာ ငါ မှားတယ် ..၊ မင်းကို ထားခဲ့တဲ့ အချိန်အနည်းငယ်လေးအတွင်းမှာပဲ မင်း ဘာမဆို ဖြစ်သွားနိုင်တယ် .."

"ကောင်း ကတော့ ဘာမှ မဖြစ်နိုင်ဘူးလို့ ထင်တာပဲ .."

သူမထံမှ ခုချိန်ထိ ပေပြစ်ခြင်း တစ်စုံတစ်ရာမှ မလာခဲ့ပေ ..၊

"ဖြစ်လာမလားလို့လည်း မတွေးမိဘူး .. ဒီခြေထောက်တွေသာ ထောက်နိုင်နေရင် နောက်ထပ် ခရီးဝေးနေသေးတယ်ဆိုလည်း မရောက်ရောက်အောင် သွားမှာ .."

"ကောင်းကင်လင်း .. ငါ မင်းကို ကျေးဇူးတင်ခံချင်လို့ ဒီစကားတွေ ပြောနေတယ် ထင်လို့လား .."

"ဘယ်သီမှာလဲ .."

"မင်းကို ပြေလည် ငြိမ်းချမ်းဖို့ ကြိုးစားနေတယ်လို့ရော .."

"ရှင် ကြိုးစားလည်း ကောင်း လက်ခံမှ ဖြစ်တာ .."

ပြောပြီး တစ်ဖက်ကို လှည့်နေလိုက်မိသည်။ မျက်ရည်တွေ ရစ်သီလာတာကို သူ မမြင်စေချင် ..၊

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ပေ ..။

သူမ ငိုချင်နေတာ မဟုတ်ဘဲ ဘာဖြစ်လို့ လည်ချောင်းတွေ ခြောက်နာခေါင်းတွေ စပ်နဲ့ မျက်ဝန်းမှာ စိုစိုစွတ်စွတ်တွေ ဖြစ်လာရတာလဲ..၊



ယောကျ်ားတစ်ယောက်ရှေ့မှာ မျက်ရည်ခံ ထိုးရမှာလား ..၊

သူ ပိုပို သနားပြီး တောင်းပန်တာတွေကို အားပါးတရကြီး နားဆင်ရင်း နောက်များမှာ သူမ ဒီလို ဒုက္ခတွေ့ခဲ့ပါတယ်ဆိုတာ ရယ်စရာဘာသအဖြစ် ပြောကျန်ရစ်စေမှာလား ..။

ဘယ်တော့မှ မဖြစ်ရဘူး ..၊

ရိုက် ဆိုတဲ့လူနဲ့ သူမရဲ့ ပြေးလမ်းတွေက မျဉ်းပြိုင် ..၊

မျဉ်းကောက် .. မျဉ်းကွေ့တွေနဲ့ ဘယ်တော့မှ မရှိစေရ ..၊

ဒါကြောင့် သူနဲ့ သူမ ဘယ်သောအခါမှ ငြိမ်းချမ်းဖို့ မရှိနိုင်ပေ..၊

ခမြဲတမ်း ရန်ဖြစ်လိုက် .. ပြန်တည့်လိုက်နှင့် ပေါ့ပါးစွာ နေလာခဲ့ကြသော လုပ်ဖော်ကိုင်ဖက်ချင်းဆိုသည့် အသိစိတ်တွေက ဒီနေ့ကစ၍ ခြားသော ပုံဆောင်ခဲတစ်ခုသို့ ပြောင်းလဲတော့မည် ထင်သည်။

သူ့အသံကိုတောင် ကောင်း မကြားချင် ..၊

ကျ

www.burmeseclassic.com



## အခန်း (၂၈)

"ခြေငြိမ်နေလို့ အုံ့ဩနေတာ .. ဘယ်လို!... ကောင်း ဖျားနေတယ် ဟုတ်လား .."

"ဟုတ်တယ် ဘွား .. ဆရာဝန် ခေါ်မယ်ဆိုတာလည်း မရဘူး - ဆေးသောက်ပြီးတာနဲ့ အခန်းတံခါး ထပိတ်ထားတာ .."

ဖျားပြီဆိုတိုင်း ငယ်ငယ်ကတော့ အခန်းလွတ်ရှိသမျှ ဝင်ပုန်း - မလွတ်သာတာတောင် ခုတင်အောက်ဖြစ်ဖြစ် ပြားကပ်နေအောင် ဝင်ပုန်းနေတတ်တာ ကောင်း ရဲ့အကျင့် ...

ဒေါ်မြသစ် ဒီနေ့ စိတ်ကြည်လန်းဆန်းလို့ မြေးတို့ကိစ္စ မေးမယ် - ဘာတွေ ဆက်လုပ်မယ်ဆိုတာ တွေးပြီး တက်ကြွစွာ ထွက်လာခဲ့ ပါ ...။

ခုတော့ သက်ပြင်းချပြီး စားပွဲမှာ ဝင်ထိုင်လိုက်ရသည်။

"ကဲ .. ပြောစမ်းပါဦး .. ညည်းညီမနဲ့ ဟိုကောင်လေး .."

"ဟင် .. ဘယ်ကောင်လေးလဲ ဘွား .."

"ဘယ်ကောင်လေးကမှလဲ .. နေသခင် လေ .."



"ဩော် ..."

"ဘာ ဩော်.. တာလဲ .. ဟိုတစ်နေ့က မေးတော့ သူတို့ သွားတွေ့တာ ပြေလည်ခဲ့ပုံပါပဲ ဆို .."

"ဟုတ်ပါတယ် ဘွား ရဲ့ .."

ဒေါ်မြသစ် က ကျစ်ဆံမြီးလေးနှစ်ဖက် ချထားလျက် .. ရင်စေ့ တိုအင်္ကျီ အဝါရောင်လေးနှင့် ဝင်းမှုန်နေသည့် မိုးမြေ ကို ခြေဆုံး ခေါင်းဆုံး ကြည့်သည်။

ဒီမိန်းကလေး တစ်ခုခု ညာနေပြီဆို ဟန်ဆောင်မကောင်းတဲ့အပြင် ညာနေတာပါ'လို့ ကိုယ့်ဘာသာ အော်နေသလို သိသာ၏။

"ဟုတ်ပါတယ်ဆိုတော့ မဟုတ်တာက ဘာလဲ .."

"မဟုတ်ပါဘူး .. ဟုတ်ပါတယ် .."

"ဘာ!..."

"ဟင် .. ဟိုလေ .. မဟုတ်တာ မဟုတ်ဘူးလို့ .. ဟုတ်ပါတယ် "

"ဟော်ပါတော့ ... ခေါင်းမူးသက်သာလို့ အပြင်ထွက်လာပါ .. ... လည်ပြီး ဒီမှာတင် အသက်ထွက်သွားနိုင်တယ် .."

"အို .. ဘွားကလည်း .. ဖွဟဲ့ လွဲပါစေ .. ဖယ်ပါစေ .."

"ဆု ...ကောင်းမနေနဲ့ မိုးမြေ .. ညည်းတို့နဲ့ နေရတာ ခုနေ ငါ သွားရင်တောင် မကျွတ်မလွတ်တဲ့ဘဝနဲ့ ဟောဒီအိမ်မှာ သရဲဖြစ်နေ ကျိန်းသေတယ် .."

"ဘုရားရေ!..."

"ဒွက် .."

"ဟဲ့!..."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ညည်းမိတာတောင် မိုးမြေ ကော်ဖီပန်းကန် ...ကျသွားသဖြင့် ဒေါ်မြသစ် လန့်ဖျပ်သွားသည်။

ပန်းကန်က မလဲဘဲ ကော်ဖီတွေ ဖိတ်စဉ်ကုန်၏။

"ဘယ်လိုဖြစ်တာလဲ မိုးမြေ .. ပြောပဲ ပြောရသေးတယ် ...တကယ် မသေသေးပါဘူး .. ခုကျမှ ငါ သေမှာ တော်တော် ကြော...နေတယ် ဟုတ်လား .."

"သေမှာကြောက်လို့ မဟုတ်ပါဘူး .. ဘွားက မကျွတ်ရင် ...ဖြစ်နေမှာ ဆိုတော့ .."

"ဘာ!..."

"ဟိုလေ .."

"ကောင်းပါလေ့တော်.. သရဲကြောက်လို့တဲ့..၊ မွေးရ ကျေး...နပ်ပါ့ .."

"ဘွားကလည်း .. ဘွား မကျွတ်မလွတ်ဖြစ်နေမှာ စိုးရိမ်လို့..."

ဒေါ်မြသစ် က မဲ့၏။ ပြီးတော့ ကော်ဖီတစ်ငုံသောက်ပြီး ...ခြောက်လေးတစ်ခုကို ယူသည်။

"သမီးတို့က ကလေးတွေမှ မဟုတ်တော့တာ .. ဒီလော...စိတ်မချဖို့ မလိုပါဘူး .. ဘွား စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါ .. ဘာမှ...နောက်ဆံတင်းဖို့ မလို .."

"မိုး မြေ .."

"အမေ့ရေ!..."

စားပွဲကိုပါ ထုပြီး ခေါ်လိုက်သဖြင့် မိုးမြေ ကိုယ်လေး တု...ခါသွား၏။ ပခုံးလေးနှစ်ဖက် ကျုံ့ကာ မျက်လုံးတွေပါ မှိတ်ပစ်...ပြီးမှ ...





"ဘွား .. ဘွား ဘာဖြစ် .."

မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ ဒေါသထွက်နေသည့် ဘွား...နှင့် ကိုက်ရာလေးအတိုင်း နှစ်ပိုင်းကျိုးပြီး တစ်ဖွဲ့စီ ပြုတ်ကျနေ... ကိတ်ခြောက်လေးက သူမတို့ မှားယွင်းမှုကို ဖော်ပြနေလျက်...ဘွားခမျာ ပါးစပ်ထဲ ရောက်နေသည့် ကိတ်ခြောက်လေးတောင် ...ပြုတ်ကျခဲ့တာပါလား ...။

"ကန်တော့ .. ကန်တော့ပါ ဘွားရယ် .. သမီး တောင်းပန်ပါ... .. သမီးကလေ ဘွား ဘဝကူးကောင်း .. အဲ .."

"တော်ပြီ .. တော်ပြီ .. ညည်းပါးစပ်ကို ပိတ် .. အောင်မယ်လေး...တွေ မူးလိုက်တာ နော် .. ဟဲ့ သီတာ .. သီတာ လာစမ်း.. ငါ့ကို...ရည် ဖျော်လာခဲ့ .."

ဒေါ်မြသစ် ခေါင်းကို ဖိနှိပ်ရင်း တဖြည်းဖြည်း ငုံ့ကျသွားရင်း...နေလျက် ...

သူမ ဒီလောက်တောင် မှားသွားတာလား ...၊

မိုးမြေ ခုထိ နားမလည်နိုင်သေး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ဆင်စွယ်နှစ်ရောင် ခွဲယ်တာလက်ရှည် လည်ကပ်လေးနှင့် 
တွေကို နောက်မှာ မြင့်မြင့်လေး တင်စည်းထားသည်။

ပြီးတော့ ကောင်း ရဲ့ စတိုင်လ်လေးအတိုင်း ပြူးတူးပြဲတဲ့ နား
ဝိုင်းတွေ .. နားဆွဲတွေက သူမနားမှာ အမြဲ ရှိနေကျ ...၊

အဝါနုရောင်နှင့် အဖြူစပ်ကျားပါသော အသည်းပုံနှစ်ထပ် န
လေးက ဒီနေ့ အင်္ကျီရောင်နဲ့ ပို၍ လင်းနေသလိုပင် ...၊

"နေမကောင်းဘူးသာ ဆိုတယ် .. ငါတို့ ကောင်းကင်လင်း
အမြဲတမ်း လှနေတာပဲနော် .."

"ဒီနေ့ ပိုလှနေတာပါ .."

မြင်လိုက်တာနှင့် ကေစီ နဲ့ ခေါ်ရီဝင်း တို့က နှုတ်ဆက်ပြ
နှင့် ...

"သြော် .. ပြောရဦးမယ် .. နင်တို့နှစ်ယောက်က တူလိုက်
ကွယ် .. ရိုက် လည်း နေမကောင်းဖြစ်နေတာ ဒီနေ့မှ လာတာ





ကောင်း ရဲ့ ပြုံးနေသည့်မျက်နှာလေး ကွက်ခနဲ ပျက်သွားသည်။
သူ ဟိုနေ့က နေပူထဲမှာ ပြေးလွှား လှုပ်ရှားနေရသည်။

နှစ်ယောက်စလုံး နေပူထဲမှာ မောပန်းစွာ သွားလာနေခဲ့ကြပြီး
ကားထဲဝင်တော့ အဲရ်ကွန်းက အေးစိမ့်နေ၏။

ကိုယ့်ဒေါသနဲ့ ကိုယ် ဒါကို ဘယ်သူမှ သတိမထားမိကြပေ ...၊
သူလည်း ဒါကြောင့်ပဲ ဖျားတာဖြစ်မည်။ ဒါပေမယ့် ဘယ်ကိုသွားလို့..
ဘာတွေဖြစ်ခဲ့လို့ ဆိုတာတွေပါ သူ ပြောထားခဲ့သလားဆိုတာ ...၊

"ပြောပါဦး .. ဟိုတစ်ယောက်ကတော့ ရေချိုးမှားလို့ အပူရှပ်တာ
တဲ့ ...၊ ငါ့ညီမက ဘာဖြစ်တာလဲ .."

"မသိပါဘူး မမဝင်း ရယ် .. ဘာကဘယ်လို အခန့်မသင့်သွားမှန်း
ခသိဘူး .. အိပ်ရာထဲ ဝင်လိုက်တာနဲ့ မျက်နှာကြီး ပူရှိန်းထူအမ်းလာသလို
ဖြစ်ပြီး မထချင်တော့ဘူး .. နိုးလာတော့ ကိုယ့်ဖုတ်တွေ ပူနေတာပဲ .."

"ဖြစ်ရမယ် .."

စကားပြောနေကြတုန်း ဖုန်းဝင်လာ၏။ ထူးထူးဆန်းဆန်း ရိုက်
ထံမှ ဖြစ်နေသဖြင့် 'ခဏနော်'လို့ ပြောခဲ့ပြီး အားလုံးရှေ့က ထွက်လာခဲ့
လျက် ...

"ပြော .."

"ကောင်း .. မင်း အိမ်မှာလား .."

"ဘာလုပ်မလို့လဲ .."

"မင်း ကိုယ့်လိုပဲ ဖျားနေသလားလို့ပါ .."

"အဲဒါ မေးမလို့လား .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ခဏနေဦး .."

ရိုက် က ဖုန်းထဲကနေ နေရာနဲ့တကွ သတင်းတစ်ခု ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ လုံးဝ လျှို့ဝှက်တဲ့ကိစ္စ နော် .. မင်း သွားလိုက် .."

"အရမ်း အရေးကြီးနေရင် ရှင် သွားပေါ့ .. ကျွန်မက သူများခိုင်းတိုင်း မလုပ်တတ်ဘူး .. အထူးသဖြင့် ရှင် လမ်းညွှန်တာမျိုး .."

"ကောင်း .."

"ဘာလဲ ရိုက် .. ကျွန်မကို အရမ်းသနားသွားပြီး ဖွဲ့ဝေ ကျွေးတာမျိုးလား ..၊ ကောင်း က သတင်းဝါသနာပါပေမယ့် သတင်းတောင်းစားမဟုတ်ဘူး .."

"မင်း တောင်းစားတိုင်းရော ဘယ်သူက ပေးမှာမို့လို့လဲ .. ငါ မင်းကို သနားသဖြင့် ပေးနေတာ မဟုတ်ဘူး .. ငါ တစ်ယောက်တည်း နစ်ကိုယ်ခွဲ မရလို့ နော် .. တိုက်အတွက် ပြောနေတာ .. မြန်မြန်ဦးအောင် မင်း သွားမလား .. ငါ ဂျာကြီးကို ဖုန်းဆက်ပြီး တခြားတစ်ယောက် လွှတ်ဖို့ ပြောရမလား .."

ကောင်း အသံလေး တိတ်သွားသည်နှင့် ရိုက် က ဖုန်းချသွားသည်။ အင်တာနက်ပေါ်မှာ ပျံ့လွင့်နေသည့် မဟုတ်မဟတ် ပျံ့လွင့်နေသည့် သူမရဲ့ သတင်းတွေကို မင်းသမီး ချစ်ခွန်းချို က တခြား ပါဝင်သူများနှင့် အတူ တိတ်တဆိတ် ရှင်းလင်းပွဲလုပ်မည် တဲ့ ..။

မင်းသမီးက မီဒီယာသမားတွေနဲ့ တွေ့ဆုံရှင်းလင်းမှာ မဟုတ်ပေမယ့် သူမ ပြောချင်တဲ့သူကိုတော့ ရှင်းလင်းပြောပြဖို့ ဆန္ဒရှိလိမ့်မည်။

မီဒီယာအဖွဲ့တွေ အများကြီး အာရုံစိုက်လာကြရင်တော့ ဒီပွဲဖြစ်မြောက်ဖို့ မသေချာပေမယ့် အခု ဘယ်သူမှ မသိသေးဘူးဆိုတော့ ..။

"ဘယ်ပြန်သွားမလို့လဲ ကောင်း .."

"အေးလေ .. ခုနကပဲ ရောက်တယ် .."

"ဖုန်းဝင်လာလို့ မကော .. အရေးကြီးလို့ .."





သူမ နှုတ်ဆက်ပြီး ပျာယီပျာယာ ထွက်လာခဲ့လျှင် ...

"ကံကောင်းတဲ့လူတွေများ နော် .. အလုပ်ထဲ ရောက်လာတာနဲ့ ငုတ်တုတ်ထိုင် ပျင်းနေဖို့ကို အချိန်မရှိဘူး .."

နောက်မှာ ပြောကျန်ရစ်ကြ၏။ ကောင်း ကတော့ ထွက်လာတုန်းက စိတ်ဝင်တစားနဲ့ပါ ..၊

ဒါပေမယ့် သွားနေရင်း မယုံမကြည်တွေ ဖြစ်လာခဲ့၏။ သူ ဘယ်လိုစကားစတွေ ထွင်ပြီး ငြိမ်းချမ်းရေးစကားတွေ ပြောနေနေ ကိုယ်က ကောင်းကောင်းကန်းကန်း တုံ့ပြန်ခဲ့တာ မဟုတ် ..၊

ဒါကိုတင်းပြီး နောက်ထပ် လက်ဆောင်နဲ့ပေးချင်တာ ဖြစ်ခဲ့ရင် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"တောက်!..."

"ဘယ်သူမှ ယူမထားဘူး အစ်မ .. မနက်စောစောကပဲ ကလေး မွေးနေ့တစ်ခု တစ်နာရီခွဲ ယူတယ် .. နောက်ပိုင်း တစ်နေ့လယ်လုံး အားနေတာပဲ .."

ညှော်ကြိုလူရွယ်က ရှင်းပြနေသည်။ ကောင်း မျက်နှာ တစ်ဖက် လှည့်၍ တက်ခေါက်မိ၏။

အောက်ထပ် ပါကင်ထဲကနေ ကားကို ကွေ့ပတ်တက်လာခဲ့ပြီး အပေါ်ရောက်မှ ကားရပ်လိုက်ကာ ...

"ရိုက် .. ရှင် အခု ဘယ်မှာလဲ .."

ဖုန်းခေါ်နေတာကို နှစ်ခါခေါ်မှ ကိုင်၏။ စိတ်က အစွမ်းကုန် တိုတောင်းနေခဲ့ပြီဖြစ်လျက် ...

"ရှင် ကျွန်မကို ပြန်မေးမနေပါနဲ့ .. ဒီမှာ အဆင်မပြေဘူး.. ရှင့်ဆီ လာကြည့်ချင်လို့ .. ဘယ်လိုလဲ ဝင်လုမှာ စိုးလို့ မပြောပြရဲဘူးလား.."





"မဟုတ်ပါဘူးကွာ .. မင်းက တစ်မျိုး .. ဘယ်လို အဆင်မပြေတာလဲ သိချင်လို့ မေးတာ ဘာလွန်သွားလို့လဲ .."

ဟွန်း ..၊

ဖုန်းပြောရင်း ကောင်း က မဲ့၏။

ဒီမှာ ဘာမှမဟုတ်ဘဲ ရှင် လမ်းလွှဲ လွှတ်လိုက်ပေမယ့် ဘာမှ မဟုတ်တာကို ပြောလိုက်ရင် ရှင်နဲ့ ကျွန်မ ခုချက်ချင်း ရန်ထဖြစ်မှာ ပေါ့ ..။

အဲဒီလို မဖြစ်ချင်သေးဘူး ရိုက် ..၊

"အခု ကောင်း သိချင်တာပဲ ရှင် ဖြေစမ်းပါ .. မဖြေချင်ဘူးလား.. ရတယ်လေ .."

"ဟော့ .. နေဦး .."

တစ်ဖက်မှာ ရိုက် ကလည်း အလုပ်ရှုပ် ဗျာယာခတ်နေကာ ကောင်း ရဲ့လေသံတွေ တစ်မျိုးဖြစ်နေတာ သိပေမယ့် ဆက်လည်း မမေးနိုင်တော့ သလို မေးနေလည်း အပိုပဲဆိုတာ သိနေ၏။

ထို့ကြောင့် သူ ဘယ်မှာ .. ဘာအတွက် လှုပ်ရှားနေသည်ကို ပြောပြပြီး ဖုန်းချလိုက်သည်။

"ဘယ်လိုလဲဗျာ.. ကျွန်တော် စောင့်နေရတာ ကြာလှပြီ .. ခင်ဗျား တို့က တကယ် လက်ခံတွေ့မှာရော ဟုတ်ရဲ့လား .."

"ဟုတ်ပါတယ် .. သူ တွေ့မှာပါ ..၊ မပြီးခင် ခဏလေး စောင့်.."

"ဘာ မပြီးခင်လဲ ..၊ ခင်ဗျားတို့အိမ်ကို ကျွန်တော်က လာတာပဲ.. ပြီးတော့ မိန်းကလေးလည်း မဟုတ်ဘဲနဲ့ ယောကျ်ားလေးချင်း တွေ့ဖို့ ကို .."

"ဟုတ်သားပဲ ကိုဝက်ကြီး ရာ .. ကျုပ်တို့လည်း သိချင်လှပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"စာကလေးက အိပ်နေတာလား .. ရှက်လို့လည်း သူ့ကိုယ်သူ အဆုံးစီရင်သွားပါဦးမယ် .."

အိမ်နီးချင်း ခုနစ်ယောက် ရှစ်ယောက်ကလည်း သုံးပင်အိမ်လေး အဝင်ဝမှာ မိုးတိုးမတ်တတ် ဖြစ်နေကြ၏။

စာကလေး ဆိုတဲ့ ကောင်လေးက အသက် ဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်ကာ ပိန်ပိန်သေးသေး ရုပ်ဆိုး အကျည်းတန်လေး ဖြစ်၏။

ရိုက် ကင်မရာ တပြင်ပြင်နှင့် ဓာတ်ပုံကိုပဲ ထုတ်ကြည့်နေမိသည်။ ဒီဓာတ်ပုံ သူ့လက်ထဲ ရောက်လာပုံက ဘာမှ ထူးထွေဆန်းပြားခြင်းတော့ မရှိပါ ..။

သူ အိမ်ကထွက်လာပြီး လက်ဖက်ရည်ဆိုင် ထိုင်တည်းက ကောင်လေးတစ်ယောက် လာပေးသွားတာ ဖြစ်သည်။ ပြီးတော့ ကပ်ပြောတာက သူ့ကို မျက်လုံးပြူးစေ၏။

"အဲဒီကောင်လေးက ည အိပ်ရာဝင်သွားတာ အကောင်းတဲ့ ..၊ မိုးလင်းလာတော့ သူ့ကိုယ်မှာ မိန်းမအင်္ကျီတွေ စုံစုံလင်လင်ကြီး ပြောင်းသဲ တိုးပွားနေတာတဲ့ ..၊ အဲ့ဒါ မနေ့ကမှနော် .. အစ်ကိုက ဒီဆိုင်မှာ လာထိုင်နေကျမို့ အစ်ကို့ကို တမင်စောင့်ပြီး ဒီသတင်း ပေးတာ"တဲ့..။

သူ တိုက်ကို ဖုန်းပဲဆက်ပြီး ချက်ချင်း ထွက်လာခဲ့သည်။ သတင်းတွေဆိုတာကလည်း ဖက်ဖက်မောပြီး ဟုတ်ချင်မှ ဟုတ်သည်။

ဟုတ်မလိုနှင့် လက်လွတ်သွားရတာတွေလည်း ရှိ၏။ သူ အပိုင်ရသည့် သတင်းနှစ်ရပ်ကို တစ်ယောက်တည်းနဲ့ တစ်ပြိုင်တည်း မလိုက်နိုင်ပေ ..။

ထို့ကြောင့် ကောင်း နဲ့ အဆင်ပြေမယ့်နေရာကို သူ စွန့်လွှတ်၍ နေရာကို လာခဲ့ရခြင်း ဖြစ်၏။





ခုတော့ စက္ကန့် မိနစ်တွေက နာရီအဖြစ် အသွင်ပြောင်းသွားခဲ့သည်။ သူ ခုထိ အိမ်ထဲဝင်ခွင့် မရသေးပေ ..၊

"ခင်ဗျား တစ်ခုခုကို စောင့်နေတာလား .. ကျွန်တော့်ကို ပြောပြဖို့ ကို မရည်ရွယ်တာလား ..၊ နှစ်ဦးနှစ်ဖက် အချိန်ကုန် အလုပ်ရှုပ်နေမယ့် အစား တစ်ခုခုတော့ ပြောဗျာ .."

"ဟဲ .. ဟဲ ..."

အသားဖြူပေမယ့် ကြေးနီရောင်သမ်းနေသော လူဝဝကြီးရဲ့ မျက်နှာကြီးက သဘောကောင်းသလို တဟဲဟဲ ရယ်နေပေမယ့် ကျဉ်းမြောင်းသည့်မျက်လုံးတွေကတော့ ဂနာမငြိမ် ..၊

အိမ်နီးချင်းတွေကအစ အံ့သြနေကြသည့်သတင်း ဖြစ်နေသောကြောင့် ရိုက် အမျိုးမျိုး သည်းခံပြီး ဒီသတင်းကို ရဖို့ ကြိုးစားနေတာ ဖြစ်၏။ အိမ်ရှေ့မှာ လူတွေ တဖြည်းဖြည်း ပိုပိုများလာတာသာ ရှိလျက် ဦးဝက်ကြီး ဆိုသူကတော့ အိမ်ရှေ့ကပြင်မှာပဲ ရေစိမ်ထားသည့် နီးဝါးလောင်းတွေကို ရေထဲက ဆယ်လိုက် .. ထောင်လျက် တခေါက်ခေါက် စုစည်း ကိုင်ဆောင့်ပြီးမှ ရေစစ်တာလည်း မဟုတ်ဘဲ ရေထဲပဲ ပြန်ထည့်လိုက်နှင့် ...

"ကိုဝက်ကြီး .. ခင်ဗျားက ဘာလဲ ..၊ ခင်ဗျားအိမ်မှာ မျောက်ပွဲလာကြည့်ကြသလို ကပြင်ကျိုးကျတဲ့အထိ လူစုလာအောင် စောင့်တာလား .."

"ဟုတ်တယ်ကွာ .. ခုမှ မျက်လှည့်ဆရာ လေကြောရှည်သလို သူက အသံတိတ်နည်းနဲ့ အချိန်ဆွဲနေတယ် .."

လူတွေလည်း တိုးတိုးကြိတ်ကြိတ် ဖြစ်နေရပြီး ဘာမှ မခြင်ကြရသဖြင့် စိတ်မရှည်သံတွေ ထွက်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဦးလေး .. ကျွန်တော် ပွင့်ပွင့်လင်းလင်း မေးမယ်နော် .. ဦးလေး နောက်ထပ် ကျွန်တော့်လိုလူ ထပ်လာအောင် စောင့်နေတာလား .."

"ဟေ .."

ဦးဝက်ကြီး က မေးသည့်မျက်လုံးကို ပြူးလာအောင် မျက်ခုံးတွေ ပင့်ကြည့်၏။ အံ့သြသွားတာ မဟုတ်ဘဲ သူ့ရဲ့ ရည်ရွယ်ရင်းကို သိသွားသဖြင့် ဝမ်းသာသွားတာမျိုး ..၊

"ဟဲ .. ဟဲ .. ဒါကိုတော့ စိတ်မဆိုးပါနဲ့ ငါ့တူရာ .. ကျုပ်တို့က နီးလေးဖြာပြီး ရပ်ကွက်လေးတွေထဲ လိုက်ရောင်း .. စာကလေး က အမှိုက်လိုက်သိမ်းနဲ့ ဒီနေ့ထိ ဆင်းဆင်းရဲရဲ ရုန်းကန်လာကြရတာလေ.."

"အဲဒီတော့ .. ဒီသတင်းကို .."

"ကျုပ်က .."

"နေဦး .. ခင်ဗျား ဘယ်လောက် ထပ်လိုချင်တာလဲ .."

"ငါ့တူက သတင်းဦး လိုချင်တယ်ဆိုတော့ .."

"ရပြီ .. ကျွန်တော် အခု ပေးမှာထက် သုံးဆ ပေးမယ် .. ဒါပေမယ့် အကျေးတော့ မရဘူး .. အခု တစ်ဝက် ယူထား .."

ရိုက် က ပြောရင်း ပိုက်ဆံအိတ် ဖွင့်ထုတ်ပေးသည်။

"ဦးဝက်ကြီး တို့ လုပ်စားဖို့ ရသွားပြီ .."

"တစ်သက်လုံး ထုထောင်း ရိုက်ပုတ်လာခဲ့တဲ့ ကလေးက ရွှေဥ ပေးပြီပေါ့ကွာ .."

ဝေဖန်သံတွေ ပို၍ ကျယ်လာကာ ဦးဝက်ကြီး ပိုက်ဆံတွေ သိမ်းတာ မြင်သည်နှင့် လူတွေ လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။

"တွေ့ရတော့မယ်.. ဒါပေမယ့် တစ်ခုတော့ ရှိတယ် နော်.. မင်း.."



ဦးဝက်ကြီး က အထဲကို ဦးဆောင်ဝင်မလို လှမ်းပြီးမှ သူ့ကိုယ်ကြီးနဲ့ ကွယ်ထားပြီး ရိုက် ကို ပြန်လှည့်ကြည့်၍ ...

"လက်တော့ မဆော့ပါနဲ့ .. ကလေးက သူ့ဘာဝသူ ကြောက်လန့်ရှက်ရွံ့နေတာ .. ပြတာကို ကြည့်ရုံပဲ ကြည့် .. လုံးဝ မကိုင်ရဘူး .."

ရိုက် စိတ်သိပ်မရှည်တော့ပေ ..၊ ဘာကြောင့်မှန်း မသိဘဲ ဒီလူကြီးရဲ့ အပြုံးအရယ် .. အပြောအဆိုတွေအပေါ်မှာ မနှစ်မြို့သလိုကြီး ခံစားနေမိ၏။

အဆောတလျင် စိတ်ဝင်စားခဲ့သည့် သတင်းကလည်း ရောက်လာကာစလောက် မဟုတ်တော့ဘဲ စိတ်ကွဲသို့ လူကပါ ပင်ပန်းလာခဲ့တော့သည်။

"ဟော့ .. ပြတင်းတံခါးတွေ မဖွင့်နဲ့နော် .."

"ဒီလောက် မှောင်မည်းနေအောင် အုတ်စုတ်တွေနဲ့ပါ ကာထားတာ .. မဖွင့်ရင် ဘာမြင်ရမှာလဲဗျ .."

"ဟာ .. မရဘူး .. အိမ်ပတ်လည်မှာ ဒါကို ကြည့်ချင်လို့ ချောင်းနေကြတာ .. ငါ ပိုက်ဆံမရဘဲတော့ မပြနိုင်ဘူးလေ .. ပြတင်းပေါက်ဖွင့်လိုက်ရင် အားလုံး မြင်ကုန်မှာပေါ့ .."

"ပြီးရောဗျာ .. ဓာတ်ပုံရိုက်လိုက်ရင် မြင်ရမှာပဲ .. ဖြစ်တယ် .."

"ဟာ!.. ဓာတ်ပုံရိုက်မှာလား .. မင်းညစ်ကွာက မတော်တရော်ကွာ.."

မှောင်မည်းချိုတ်နေသည့် အခန်းဝမှာပဲ ဦးဝက်ကြီး က ကာဆီးထားပြီး ပြဿနာ ရှာနေ၏။

"အခုအဖြစ်က ဆန်းတယ်နော် .. ယောက်ျားလေးဘဝ [illegible] သွားတာ မဟုတ်ဘူး .. မိန်းကလေး လုံးလုံး ဖြစ်သွားတာ .. မင်း [illegible] ဘယ်နေရာတွေထိ ရိုက်ယူမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မိဒီယာသမားလေ .. စာကလေး ကလည်း ကောင်လေးပဲ .."

"အခု မိန်းမ ဖြစ်နေပြီကွ .."

"အဲ့ဒါကို တစ်နိုင်ငံလုံး သိသွားအောင် သတင်းထဲ ထည့်ဖို့ .. သေချာ နိုင်လုံမှု ရှိမှ ရမှာပေါ့ .."

"ဟော့အေး .. မရဘူး .. မင်း ကြည့်သွား .. မင်း သိရင် ပြီးတာပဲ.."

"ဦးလေးက ထရံပေါက်ကအစ အဝတ်စုတ်တွေနဲ့ ပိတ်ဆို့ထားတာ .. ကျွန်တော်ရော ဘယ်လိုလုပ် မြင်ရမှာလဲ .."

အခြေအနေကို အားလုံးပဲ မြင်နေရသည်။ အပြင်ပိုင်းမှာ ရပ်နေကြသူတွေက သူတို့ အငြင်းပွားနေကြတာကို သေချာ မကြားပေမယ့် စိတ်ဝင်တစား ဖြစ်နေကြ၏။

ဒါကို ကောင်း က ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ယူနေကာ အထဲကို ရိုက် ဝင်ခွင့်ရသွားတဲ့အထိ လူတွေကြားထဲကပဲ အေးဆေး စောင့်နေလိုက်၏။

"ညီမလေးကလည်း သတင်းထောက်ပဲလား .."

"ရှင် .. ဟုတ်ကဲ့ .. ဝင်သွားတဲ့လူနဲ့ အတူတူပါပဲ .."

အိမ်နဲ့ .. အိမ်ရှင်နဲ့ .. လူထုပုံတွေကို အမျိုးမျိုး ရိုက်ယူနေတာမို့ ဝန်ခံလိုက်ရသည်။

ရိုက် ကတော့ သူ့ပြဿနာနဲ့ သူ အပြင်ကိုလည်း မကြည့်နိုင် .. ကောင်း ရောက်လာတာကိုလည်း မသိ ..၊

"ငါတို့တော့ မယုံပါဘူး ညီမလေးရယ် .. ဦးဝက်ကြီး က လောဘသမားကြီးရယ် .. စာကလေးက သူ နှိပ်စက်လွန်းလို့ ရူးကြောင်မူးကြောင်လေးကို ဖြစ်လို့ .."





အမျိုးသမီး နှစ်ယောက်က ပြောချင်လွန်းလို့ တမင် အနားလာကြ၍ မျက်နှာတွေနှင့် တက်ကြွစွာ ပြောနေကြ၏။

"ဟုတ်တယ် .. ငါတို့ကတော့ မယုံဘူး .. မြင်ရရင်တောင် ယုံဖို့ ခက်ပဲ .."

"ဖြစ်တော့ ဖြစ်နိုင်ပါတယ် .. ဒါမျိုးက အရမ်းကို ဝဋ်ကြွေးကြီးတဲ့ တွေပဲ ဖြစ်ကြတာ.. စာကလေး က ဒီလောက် ဆင်းရဲနွံ့ချာပြီး နှိပ်စက်ခံရတာလေ .."

သူတို့ ပြောတာတွေကို နားထောင်နေတုန်း ရိုက် ပြန်ထွက်လာသည်။ မျက်နှာသည် နီရဲတင်းမာနေကာ ဦးဝက်ကြီး ဆိုတဲ့လူကြီး ထိုင်နေတဲ့နေရာ တန်းသွား၍ ...

"ခင်ဗျား!..."

"ဘာလဲ ကွ .. လွှတ်စမ်း .. ငါ့ကို .."

ထိုးမယ်ကြိတ်မယ်တွေထိ ဖြစ်ကုန်တာကို အားလုံး တအံ့တဩ ဖြစ်ကုန်ကြ၏။

ရုတ်တရက် ဘာတွေဖြစ်ကုန်မှန်းလည်း မသိတော့ဘဲ ...

"ဟော့ကောင် နေဦး .. မင်းက .. မင်းက ငါ့အိမ်ပေါ်လည်း တက်တယ် .. ငါ့ကိုလည်း ကြိမ်းမောင်းတယ် .. မင်း .. မင်း .. ငါ့တူကို ဘာလုပ်ခဲ့လဲ ပြောစမ်း .. ငါ့တူက အခု မိန်းကလေး ဖြစ်နေပြီ ..၊ မင်း သွားနဲ့ဦး .. မင်းကို ရဲလက် အပ်မယ် .."

"ဘာ!... ဗျ .."

နောက်က ခုန်ဆွဲတဲ့လူက ဆွဲ .. ရိုက် က ထိုလက်ကို လက်ပြန်ဆွဲချပြီး ဒေါသနှင့် ပြန်ရင်ဆိုင်လျှင် ..၊ ဓာတ်ပုံရိုက်ချက်သံ ရှုပ်ခနဲ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသော အမှတ်တမဲ့ ရောထွေးသည့်အသံတွေထဲမှာ ကောင်းကို ဘွားခနဲ မြင်လိုက်ရကာ ..

"တော်ပြီ .. တော်တော့ .. ရှင့်ဆီက ပိုက်ဆံကို ပြန်မတောင်းဘူး ပြုံးပြုံးပြဲပြဲ အော်ဟစ် ခြိမ်းခြောက်မနေနဲ့ .."

မိန်းကလေးတစ်ယောက် ဝင်ပါလာမှ ဦးဝက်ကြီး အသံ ငြိမ်သွားသည်။ သို့သော် အောက်ကလူတွေကို ထိန်းမရတော့ဘဲ အားလုံး အပေါ် ပြေးလွှားတက်ကုန်ကြလေသည်။

"ဟာ .. ဂျူတွေနဲ့ ဖုဖောင်း ကပ်ထားတာ .."

"ကလေးကို အတုတွေ ကပ်ပေးပြီး လုပ်စားတာဟေ့ .."

"တော်တော် တုတယ်ကွာ .. ကိုင်မကြည့်ဘဲ သိမှာကို မဟုတ်ဘူး .. ဟိုသတင်းထောက် ဘယ်လိုသိသွားတာလဲ မသိဘူး .."

"ဦးဝက်ကြီး တော်တော် လက်စောင်းထက်တာနော် .."

ကောင်း က ရိုက် ကို ခေါ်ဆင်းသွားပြီးမှ ပြန်လှည့်လာ၍ ခတ်တွေ တဖျပ်ဖျပ် ရိုက်သည်။ သူမအတွက်ကတော့ ဒါလည်း သတင်းတစ်ပဲ ဖြစ်သည်။

'သတင်းတွ လုပ်ကြံ ဖွေရှာခြင်း ..'





## အခန်း (၃၁)

"တောက်!..."

"ဟား .. ဟား .. ဟား .. ဟား ..."

ကောင်း က လက်ခုပ်တီး၍ တအား အော်ရယ်သည်။ ကိုယ့်ဒေါသနဲ့ ကိုယ် ရှက်လည်း ရှက်နေမိခဲ့သည့် ရှိုက် ခမျာ ကောင်း ရဲ့ ရယ်သံက ထပ်၍ နှောင့်ယှက်နေခဲ့လျက် ...

"တော်တော် ပျော်သွားတယ် ဟုတ်လား .."

"ဟုတ်တယ် .. ပျော်တယ်လေ .. အဲဒါပေါ့ ကိုယ့်အကုသိုလ် ကိုယ့်အကျိုးပေးတယ်ဆိုတာ .. ဟား .. ဟား .. ဟား ..."

"ဘာ အကုသိုလ်လဲ .. မင်းမှာပဲ အကုသိုလ်တွေ တိုးပွားနေတာ.."

"ဘာ!..."

ကောင်း မျက်နှာက အပြုံးအရယ်တွေအစား အေးစက် တင်းမာခြင်းတွေ ဖြစ်သွားခဲ့သည်။ ဒါပေမယ့် ပြောချင်တာတွေကိုတော့ ပြောခြင်းမသာခဲ့ဘဲ ...

"ငါ့ညီတို့က ဂျာနယ် သတင်းထောက်တွေလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!... ဟုတ်ကဲ့ .."

လူတွေရဲ့အာရုံက ဦးဝက်ကြီး ဆီမှာ မဟုတ်ဘဲ သူတို့ဘက် လှည့်လာခဲ့ကြသည်။ အိမ်နဲ့ မလှမ်းမကမ်းလေးပဲ ရှိသေးတာမို့ သူ ရန်ဖြစ်ဖို့ တာစူနေတုန်းမှာပဲ ဘေးမှာ လူတွေ ဝိုင်းဝန်း များပြားလာခဲ့ သည်။

ရိုက် က ဟိုမေး ဒီမေးတွေကို ဖြေလည်း ဖြေ .. ကောင်း ရဲ့လက် ကို ဆွဲ၍ ထိုနေရာနဲ့ ဝေးအောင်လည်း ထွက်လာခဲ့ရင်း ...

"တောက်!.. ဒီရက်ပိုင်းမှာမှ ဘာတွေ ဖြစ်နေမှန်းကို မသိဘူး .. ကြံသမျှ လွဲ .. တွေးသမျှ မမှန် .. ပြေးကြည့်လိုက်တိုင်း .."

"အမေဆိုပြီး သေဖို့ပါ ကြံဦးမှာ .. ရှင်က ကောက်ကျစ်သေ ရွဲ့ကုန်သည်လေ .."

ကောင်း က သူ ဆွဲလာသည့် လက်ကို ဆောင့်ရုန်းပစ်ကာ --

"ကောင်း ပြောတာ များသွားပြီ ထင်လို့လား .."

ရိုက် က သူမကို ဘာမှမပြောဘဲ မယုံနိုင်သလို ပြန်ကြည့်နေ ထိုမျက်နှာကို ကြည့်၍ ကောင်း က မဲ့ကာ ...

"ရှင်က ဟီးရိုးလုပ်လိုက် .. ဗီလိန်ဖြစ်သွားလိုက် .. အမျိုးမျိုးပြော ကျွမ်းကျင်ပါတယ် .. ဒါပေမယ့် ကျွန်မက ရှင် ရွှေ့မယ့် အကွက်တိုင်း ကို ကြိုသိနေတော့ .. ရှင် အောင်မြင်မှာ မဟုတ်ဘူး .."

"ပြောပါဦး .. မင်း ကြိုမြင်ထားတာတွေ .."

အေးဆေးသည့် မေးခွန်းသံက ကောင်း ရဲ့ဒေါသတွေပေါ်မှာ လွှမ်း မိုးသွားခဲ့လျက် ...

"ငါက သတိမကောင်းဘူး .. ကိုယ် လုပ်ထားတာတွေကို မေ့ တတ်တယ် .."





"ဟွန်း .."

သူ့မျက်နှာမှာ ရှာဖွေဖို့ ခဲယဉ်းသွားသည့် မရိုးသားခြင်းကို ကောင်း ဆက်လက် ရှာဖွေဖို့ မကြိုးစားတော့ဘဲ မျက်နှာလေး မော့၍ ဆံခင် ...စေကာ ...

"တကယ်ဆို ရှင် မေ့ရမှာ မဟုတ်ဘူး .. သံဝေဂ ရရမှာ .. ဘာဖြစ် ...လဲ သိလား ရိုက် .."

"မင်းပဲ ပြောပါ .."

"ရှင် ခုပဲ ကိုယ့်အကုသိုလ်နဲ့ ကိုယ် အကျိုးပေးပြီလေ .. ရှင့်ကို ...ောင်း လာပြီး ဆွဲမထုတ်ရင် ရှင် သူများအခန်းထဲ ဝင်ပြီး ဘာလုပ်ပါ ...ယ်ဆိုတာ သူများ ကြံစည်သမျှ ခံရတော့မှာ ..၊ ရှင် မှန်တာ မမှန် ...တာ နောက်မှ ရှင်းယူရမယ့်ကိစ္စလေ .. လော်လောဆယ် ရှင်းလင်း ...တွေ ဖြစ်လာရင် ရှင် မြောင်းထဲရောက်ပြီ .."

"မင်း လာဆွဲထုတ်တာကရော ကိုယ် မြောင်းထဲ ရောက်သွားမှာ ...လို့လား .."

"ရှိ .."

ကောင်း က ပြတ်သားစွာ ခေါင်းခါ၏။

"ဟီးရိုးလုပ်ပြီး စကားကြီး စကားကျယ်တွေ ပြောစရာရအောင် ...လုပ်နိုင်ခဲ့တဲ့ကိစ္စအတွက် ကျေးဇူးတင် မခံချင်လို့ ..၊ အခု ကျေပြီ.."

"မဟုတ်ဘူး .. မကျေဘူး .. မင်းအပေါ်မှာ ငါ့ကျေးဇူး ထပ်ရှိသွား ...."

"ဘယ်လို!..."

"မင်း ငါ့ကို ဘယ်တုန်းကမှလည်း ကျေးဇူးမတင်ခဲ့ဘူး .. မတင်ခဲ့ ...တဲ့ကျေးဇူးကို ခေါင်းထဲ ထည့်ထားမှာ မဟုတ်တဲ့အတွက် မင်း ငါ့ကို

www.burmeseclassic.com



လာဝင်ဆွဲတာလည်း ဒါကို ကျေချင်လို့ မဟုတ်နိုင်ဘူး ..”

“အဲ့ဒီတော့ ဘယ်လို ထင်လိုက်လဲ ..”

“ရှင်းရှင်းလေးပဲ ကောင်းကင်လင်း .. အခု မင်းအတွက် အရ

ကောင်းတဲ့သတင်းတစ်ပုဒ် ရသွားပြီ ..”

‘ရှင် သိသွားပြီလား’ဆိုသည့် မထိတထိ အပြုံးလေးနှင့် ကော

က ပခုံးတွန့်၏။

“ဒါလည်း ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲ .. ကောင်း က ရှင့်ဆီ

ချောက်တွန်းခံရတဲ့ ဖုန်းသံတစ်ချက်နဲ့ အမှတ်မရှိ ဗျာများခဲ့ရတာ

နေပါဦး .. ရှင် ဒီမှာ ဒီလိုရှိဖို့ ရှိတာကို ကောင်း က ဘာမှမသိဘဲ

ဘာဖြစ်လို့ ဟိုကို လမ်းလွှဲ လွှတ်လိုက်တာလဲ ..”

“မင်းက တကောက်ကောက် လိုက်လုတတ်လွန်းတော့ ကြော

လို့ နေမှာပေါ့ကွာ .. မင်းကို ကြောက်တယ်ဆိုတာတော့ သဘော

တယ်မို့လား ..”

ရိုက် ရွှံ့ပြောလိုက်တာကို သိသည်။ ဒါပေမယ့် ဒေါသက သူ

ပြောတာကိုလား ..၊ ကိုယ့်ကို ပြန်မေးလိုက်တာကိုလား .. ဘာကြော

ဆိုတာ ရုတ်တရက် ခွဲခြားမရ ..။

“ကောင်းကင်လင်း .. မင်းက ဘယ်လိုစိတ်ကောင်းထားကြည့်

မှ မရတဲ့ မိန်းကလေး ..၊ အဲ့ဒါကို ငါ သိတယ် .. ဒါပေမယ့် မသိချင်ဘူ

မိန်းမနဲ့ ယောကျ်ား .. သူ့နေရာနဲ့ သူ သင့်တော်မယ်ထင်လို့ မင်း

လမ်းသွား .. ငါ ဒီလမ်းသွားမယ်ဆိုတဲ့ စိတ်ကူးနဲ့ ဆုံးဖြတ်ခဲ့တာ

မင်း ဘာမှမသိတာကို တမင် ဖုန်းဆက်ပြောတဲ့ ငါက ဘာဖြစ်

ငါ့နောက်လိုက်မှာ ကြောက်ရမှာလဲ ..”

ကောင်း က မဲ့ပြီး မျက်နှာလွှဲပစ်၏။





လို မျက်နှာကို ကြည့်၍ ရိုက် မျက်နှာ စိတ်ပျက်ခြင်းများစွာဖြင့် –

“ကျွတ်!...”

မျက်လုံးတွေပါ မှိတ်ပစ်ပြီး ခါးထောက်မိ၏။ ပြီးတော့ ...

“အေး .. မင်းနဲ့ ငါက ဒီတိုင်းသွားနေကြရမယ့်လူတွေပဲ .. မင်း

သည်း ငါနဲ့ ပတ်သက်သမျှ အကောင်းမမြင်နိုင်တဲ့တာဝန် ကျေတယ်..

ါကလည်း ငါ့ဝဋ်ကြွေးနဲ့ ငါပါ ..”

“ဘာ!... ဘယ်လို!...”

ကောင်း က လက်ပိုက်မလို ပြင်ပြီးမှ ဖျတ်ခနဲ ဖြုတ်၍ တမင်

ပြုံးပြုံးပြုံ ထမေး၏။

“ရှင်က ဝဋ်ကြွေး ခံနေရတာလား .. ဘာလဲ .. ကျွန်မနဲ့ ပတ်သက်

ိုင်း ဇော်ကားခံနေရသူကြီးပါပေါ့ .. ဟုတ်လား ..”

“ဟုတ်တယ်.. ဘယ်သူ သိသိ မသိသိ မင်း သိဖို့တော့ လိုတယ်..”

“သိတော့ ..”

“ဖြစ်ခဲ့သမျှတိုင်းမှာ မင်းလိုတိုင်း ရသွားတာပဲလေ .. ဒါပေမယ့်

င်းက ရလိုက်တဲ့ ပီတိနဲ့ မနေဘူး .. ကျန်ခဲ့တဲ့လူရဲ့ ရင်ဘတ်ထဲထိ

ှင်းဆင်းလေ့လာတတ်တယ် ..၊ ကျားခြေရာမှန်း ဆိတ်ခြေရာမှန်း မခွဲ

ြားနိုင်ဘဲနဲ့လည်း မင်း ထင်သလို ခွဲခြားသတ်မှတ်တယ် .. အားလုံးက

င်းရဲ့ တွက်ကိန်းတွေထဲက ကိန်းသေတွေ မဟုတ်ဘူး ကောင်း ..”

“ရှင့်ကို ကောင်း အဲလောက်ထိ စိတ်မဝင်စားဘူး ထင်တယ် ..

ှင်နဲ့ ပတ်သက်တာတွေကို တစ်ခါမှ အဲလောက်များများ ခေါင်းထဲ

ထည့်ခဲ့ဖူးဘူး ..”

“ဘယ်ထည့်မလဲ .. မင်းက မတွက်ဘဲ အဖြေထုတ်တတ်တဲ့

ိန်းကလေးပဲ .. ဒါပေမယ့် မင်းပဲ မှန်တယ် .. သူများ မှားနေတာလေ..”



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ ခပ်ဖိဖိ စေ့၍ ရိုက် က တင်းခနဲ အံကြိတ်သည်။ ပြေးရင်းလွှားရင်း အမှတ်တမဲ့ ထိရှ ကျော်ဖြတ်ခဲ့သမျှက သူမလေးကို ဒီလိုအကျင့်လေးတွေ ရှိတာပါလို့ ဘယ်လိုမှ ဖျောက်ဖျက်ထားလို့ မရ တော့အောင် နာကျင်မှုတွေ ဖြစ်ခဲ့ပြီမို့ ...

"မင်းနဲ့ ငါ ပြိုင်နေကြတာ မဟုတ်ဘူး ကောင်း .. မင်းရင်ထဲမှာ အကြံတူ ရန်သူဆိုတဲ့စိတ် .. ပြိုင်ဘက်ဆိုတဲ့အသိတွေ ရှိထားခဲ့ရင်လည်း အဲ့ဒီ ပြေးလမ်းပေါ်မှာ မင်းတစ်ယောက်တည်းပဲ ပြေးပေတော့ .."

ပြောပြီး ရှုးခနဲ စိုက်ကြည့်သည်။ နားလည်ရခက်သော မျက်ဝန်း တို့က ရီဝေ ဖျော့ကျသွားခဲ့လျက် ...

"ငါ လိုချင်တာ ရဲဘော်ရဲဘက် .. ပြိုင်ဘက် မဟုတ်ဘူး .."

သူ့အသံတွေ နွမ်းအားမဲ့နေမှာပါ ..၊ လှည့်ထွက်လာခဲ့ရင်း တနင့်နင့် ပါလာတာက လာရင်းကိစ္စ မဖြစ်မြောက်ခဲ့ခြင်းကြောင့် မဟုတ်ဘဲ ကောင်း ရဲ့ မဲ့ပြုံးတွေပဲ ဖြစ်နေခဲ့၏။

အရင်လို ပေါ့ပေါ့ပါးပါး မေ့ပျောက်မသွားခဲ့ခြင်းနှင့် ပတ်သက် ၍ ..၊





## အခန်း (၃၂)

"ဟောတော့ .."

ခြင်းထဲ ထည့်မလို့ ကိုင်ထားသည့် ခေါက်ဆွဲခြောက်ထုပ်လေး ဘုတ်ခနဲ ပြုတ်ကျ၏။

ကျသွားကာမှ ကမန်းကတန်း ပြန်ကောက်ကာ ...

"ဒုက္ခပါပဲ .. ဒီလူနဲ့မှ ခဏ ခဏပဲနော် .. ငါ သေချင်တယ် .."

ကောက်လိုက်သည့် ခေါက်ဆွဲထုပ်ကို နီးစပ်ရာ တန်းပေါ် လှမ်း တင်လိုက်ရင်း ကိုယ့်နဖူးကို ထုမိ၏။

မဟုတ်သေးပါဘူး ..၊ ငါ ယူမယ့်ဟာကို ..၊

ခေါက်ဆွဲခြောက်ထုပ်ကို ပြန်ဆွဲယူပြီး ခြင်းထဲ ထည့်လိုက်သည်။ သူမတစ်ယောက်တည်း စကားတွေပြောရင်း ကယောင်ကတမ်း ဖြစ်နေ တာကို အနားမှာပဲ ရှိနေသည့် တခြား ကက်စတန်မာတစ်ယောက်က လှည့်ကြည့်၏။

ကိုယ့်ကို သူများ သတိထားမိအောင် ဖြစ်နေတာလည်း မိုးမြေ ဂရုမစိုက်နိုင်ပေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရောက်သွားပြီလဲ .."

နေသခင် အရိပ်ကို ခေါင်းပြူ ချောင်းမိ၏။ မြင်လိုက်တဲ့နေရာမှာ မရှိတော့ ကိုယ့်နောက်များ ရောက်နေမလား ထင်ပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ဘာကြည့်တာလဲ .. ကျွန်မကြောင့် မဟုတ်ပါဘူး .. အစတည်းက ဒီအိတ်ကြီးက ပွင့်နေတာပါ .."

"ဟမ်!..."

အလိုလိုကာမှ ကိုယ့်ကိုယ်ကိုယ် ပုန်းစရာမရှိ ဖြစ်နေရတဲ့အထဲ.. မဖမ်းရဘဲ သူခိုးမိနေသေးသည်။ အမျိုးသမီးက သူမနောက်မှာ ဖြစ်ကာ မိုးမြေ လှည့်လိုက်တာကို လန့်ဖျပ်သွားတာ ဖြစ်၏။

ပြီးမှ မျက်နှာကို ပြန်တင်းလိုက်ပြီး တဖွားဖွားနှင့် ပွင့်ကျနေသည့် သကြားထုပ်ကို ခပ်တည်တည် ပြန်ထားလိုက်၏။

ဒုက္ခ ..!

ဘာမှ မသိလိုက်ဘဲ မျက်စောင်းထိုး ခြေဆောင့်သွားတာ ခံလိုက်ရသဖြင့် မိုးမြေ ကြောင်တောင်တောင်လေး ကျန်ရစ်လေသည်။ ထိုစဉ်...

"ဟင်!..."

မျက်နှာရှေ့မှာ ဘွားခနဲ ကပ်ပေါ်လာသည့် နေသခင့် မျက်နှာ တစောင်းကြောင့် ကြောင်နေတာတွေ လန့်ဖျပ်ပြေးကုန်ကာ ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်၏။

ဘုရား!... ဘုရား ..!

နောက်ကများ ပခုံးတို့ ခေါ်လိုက်ရင် သွားပြီ..!

ထိုအချိန်မှာ ခုန်နေသည့်ရင်ခုန်သံက ရင်ဘတ်တစ်ခုလုံးကို စည်တီးနေသလို တုန်ခါနေစေ၏။





သူမ မဖြစ်ချင်သမျှ ဖြစ်ဖြစ်လာတတ်ခြင်းကို စိတ်ကုန်လှပါပြီ.. ဒါကို ကြောက်နေပြီဆို .. ဒါပဲ ဖြစ်လာတတ်သည်။ ဒါကို မတွေ့ချင်ဘူး ဆိုရင် တွေ့ဖြစ်အောင် တွေ့၏။

အထူးသဖြင့် တစ်ယောက်တည်း အရဲစွန့် ထွက်လာရသည့် ခုလို လမ်းမျိုးမှာ ..!

"ဒီမှာ .."

"အမလေး!..."

နောက်က ကပ်ခေါ်လိုက်သဖြင့် မိုးမြေ တုန်ခနဲ ဖြစ်သွားသည်။

"ဟိုဘက်ကြားက ဆွဲခြင်းက အစ်မဆွဲခြင်း မို့လား .."

မားကတ်ထဲက ဝန်ထမ်းကောင်လေးက မေတ္တာရပ်ခံတာမျိုး ပြေပြစ်စွာ ပြုံးပြ၍ ...

"ဒါဆို ကျွန်တော် အစ်မနားထိ ဆွဲလာပေးမယ် နော် .. ဟိုမှာ လမ်းပိတ်နေလို့ပါ .."

"ဟင်!... ဟုတ်တယ် .. အဲ့ဒါ .. ဟုတ်တယ် .."

ခြင်းကို လေးလို့ ချထားမိတယ်ဆိုရင်တောင် တော်သေးသည်။ ဒါပေမယ့် ခြင်းထဲမှာ မုန့်ဘူး နှစ်ဘူးနဲ့ ဟင်းရွက်စိမ်းလေး နှစ်စည်း၊ ခေါက်ဆွဲခြောက် တံဆိပ်အသစ်မို့ စမ်းစားကြည့်ဖို့ ယူထည့်ထားတာ တစ်ထုပ်တည်း ..။

ကောင်လေးက ရည်ရည်မွန်မွန်ပဲ ယူလာပေးပေမယ့် မိုးမြေ အားနာသွား၏။ မားကက်ထဲမှာ လမ်းကြားလေးတွေက ကျဉ်းသည်၊ တခိုးက လှည်းလေးတွေနဲ့ တွန်းကြတော့ ဘာပစ္စည်းမှ အပိုချထားလို့မရ ..!

ကိုယ့်ဘာသာ ကယောင်ကတမ်းတွေ ဖြစ်ကုန်တာ သူများတွေကို အနှောင့်အယှက် ဖြစ်ကုန်ပါပြီ ..။

www.burmeseclassic.com



သူမ ဘာမှ ဆက်မဝယ်ချင်တော့ပေ ...၊ ဝယ်ခြမ်းနေလည်း အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်မှာပဲဆိုတာ သေချာသည်။

"ဟင်!... ဟိုမှာ .."

ကုန်ခြောက်တန်းကို ခြေလှမ်းပြင်လိုက်ပြီးမှ အလျင်အမြန် ပြန်ဆုတ်ရသည်။ နေသခင် က ငါးပုတ်ခြောက်ထုပ်တွေကို သေချာကြည့်နေ၏။

လက်ထဲမှာ ကားသော့အပြင် ဘာခြင်းမှလည်း မပါ ...၊ လျှောက်ပတ် သွားလာနေပြီး ဘာမှ ဝယ်ခြမ်းတာလည်း မဟုတ်ဘဲနဲ့ ...

ခဏ ခဏ ပုန်းကွယ် ချောင်ကပ်နေရရင်း ဆွဲခြင်းလေးကို လက်ဆန့်ဆွဲထားရသည့်အဖြစ်ကို ပြန်ငုံ့ကြည့်၍ မိုးမြေ မျက်နှာလေး ရှုံ့မဲ့နေတော့သည်။

ပြန်ကြည့်လိုက်တော့လည်း နေသခင် က တစ်လှမ်းချင်း ခပ်လှုပ်လှုပ် ရွေ့လျားရင်း ရှိနေတုန်း ...

"ဟား.. ဟား.. ဟား ... ခစ်.. ခစ်.. ခစ်... ဟေ .. ဟေ .. ဟော့ ..."

ကလေးရယ်သံလေးက ပတ်ဝန်းကျင်မှာ စူးရှ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ကျွတ်!... ဒီအသံကလည်း .. ဟယ်!... ငါ .. ငါ့ဖုန်း .."

ဆလင်းဘက်ခ်ကို နောက်ပစ် လွယ်ထားသည့်ထဲကနေ ကမန်းကတန်း ဖြုတ်ချရင်း အကွယ်ထဲ ပြေးဝင်ရပ်လိုက်ဖို့လည်း မမေ့မလျော့လုပ်၏။

"ဟလို .."

ဖုန်းကို နားနားကပ်ပြီးမှ ခေါင်းပြူပြီး ပြန်ကြည့်လိုက်တော့ နေသခင် က ဟိုဘက်တန်းရဲ့ထိပ်မှာ ရပ်နေ၏။





"ဘာ!... ဘာရယ် ကောင်း .."

"... ... ... ..."

"ဟာ!... မရှာချင်တော့ဘူး ညီမလေးရာ .. ငါ ဒီမှာ [illegible]နံ့နေပြီ .."

စိတ်ပျက်စွာ ညည်းညူမိရင်း အသံကိုလည်း ပြန်တိုးလိုက်ရသေးသည်။ ပြီးတော့ ဖုန်းနဲ့ နှုတ်ခမ်းကို ကပ်ကာ လက်ဝါးလေးနဲ့ပါ အုပ်ကွယ်ထားလိုက်ရင်း ...

"နင် စားချင်တဲ့ ရေခဲမုန့်ကို ငါက တစ်ပတ် ပြန်ပတ်ပြီး သွားယူရမှာ .. ပြီးတော့ ဟိုကွတ်ကီးဆိုတာကိုလည်း မရှာပါရစေနဲ့ .. ငါ အခု ပြန်တော့မလို့ .."

"... ... ... ..."

နားထောင်ရင်း ရှေ့ထပ်တိုးပြီး ချောင်းကြည့်လိုက်တော့ နေသခင် ဘယ်ရောက်သွားမှန်း မသိ ...၊

"အဲ့ဒါလည်း မဖြစ်ဘူး .. ဆုံမနေပါနဲ့တော့ .. ငါ ကက်ရှာကို တန်းမသွားသေးဘူး .."

ကက်ရှာက ဈေးတန်းတွေရဲ့ထိပ်မှာမို့ လူလုံးထွက်ပြသလို ဖြစ်သွားလိမ့်မည်။ နေသခင် ပြန်သွားလောက်ပြီ ထင်တဲ့အချိန် မရောက်မချင်း သူမ ပစ္စည်းတန်းတွေကြားထဲမှာပဲ လှည့်လည်ကျက်စားဖို့ ဆုံးဖြတ်ထားပြီးသား ...။

"နေပါဦး .. အဲ့ဒါတွေ ငါ ပြောပြပါ့မယ် .."

ဘာဖြစ်လို့လဲပဲ မေးနေသဖြင့် ပြောရခက်နေတော့သည်။ နေသခင် ရှိနေလို့ပါဆိုလျှင် 'ဘာဖြစ်လဲ တွေ့လိုက်ပေါ့'လို့ ကောင်း ပြောတော့မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ဒီလိုနည်းနဲ့ သိက္ခာမဲ့ရင်နိုးရမည့်အဖြစ်ကို ရှက်သည်။ ပြီးတော့ ကောင်း ဘာတွေပြောပြော လူကြီးတွေ စီစဉ်ထားခဲ့တာက ကိုယ်နဲ့မှ မဟုတ်ဘဲ ...

ညီမအလိုကို လိုက်၍ ဒါကို ဖွင့်ချ ဝန်ခံဖို့ မဆုံးဖြတ်မိသေးပေမယ့် ရောယောင် ညာဝါးရမည့်အဖြစ်ကိုတော့ မလိုချင်တော့ပါ ..။

"သြော် .. အပြန်ကျမှ ပြောပြပါမယ်ဆိုမှ .. ဒါပဲနော် .."

"... ... ... ..."

မိုးမြေ ရှေ့ထပ်တိုး၍ ဟိုဘက် ဒီဘက် ခေါင်းလှည့် ချောင်းနေ ...

"ကဲ .. ဒါပဲဆိုမှ ညီမလေးရယ် .. ချလိုက်တော့ .."

"ဒီမှာ .. နည်းနည်းလောက် .."

နောက်ကနေ တင်ပါးကို ခြင်းနဲ့ တိုက်၍ လမ်းတောင်းနေ၏။ မိုးမြေ ပစ္စည်းစင်တွေဘက် ကပ်ပေး၍ ...

"မစောင့်ပါနဲ့ဆိုမှ .. ငါ ဒီထဲက မထွက်နိုင်သေးဘူး .. ဒါပဲ နင်မချလည်း ငါ ချပြီ .."

"နည်းနည်းလောက် ဖယ်ပေးပါ .."

"ဖယ်ထားတာပဲ ရှင် .. ဘေးက သွားလိုက်ပါလား .."

ဖုန်းပိတ်လိုက်ရင်း ပက်ခနဲ ပြန်ပြောလိုက်မိသည်။ သို့သော် ...

နေသခင် ..၊

သေစမ်း ..၊

ခေါင်းထဲမှာ အုန်းခနဲ မြည်သွားသည်။ ကျောလေး မသိမသာ ကော့တက်သွားကာ မျက်လုံးတွေ ရှေ့ကို ကျွံထွက်လာပြီလားလည်း မသိ ..။





ဒါပေမယ့် မိုးမြေ လှည့်မကြည့်ဘဲ ရှေ့ကို ခြေဖျားတွေကုပ်ပြီး တောင့်မတ်စွာ ရွေ့သည်။ ပြီးတော့ ခြေလှမ်းကျဲဖို့ ပြင်လိုက်လျှင် ...

"စကြာအလင်း .."

သေပြီ ..၊ အဲဒါ တကယ် သေပြီ ..။

မိုးမြေ ပူလောင်ကျဉ်းကျပ်သမျှ စိတ်တွေ ဒုံးဒုံးကျသွား၏။ ပြီးတော့ ကြောင်သေရုပ်လေးနှင့် တဖြည်းဖြည်း လှည့်ရင်ဆိုင်လိုက်ရင်း—

"ရှင် ဘယ်တုန်းက နောက်ရောက်နေတာလဲ .."

ရိုင်းရိုင်း နှိုင်းရလျှင် ချောင်ပိတ်မိတဲ့ ခွေးလိုမျိုး ..၊

ဒါမှမဟုတ် ကိုယ့်ဘာသာ ထိတ်လန့်လွန်းပြီး ကြောက်လို့ နှစ်ခါသေရတဲ့အဖြစ်ကြောင့် စိတ်ကုန်လက်ပန်း ကျသွားတာမျိုးလား ..။

သူ့ခိုးဖမ်းချင်သလိုလို တည်မလို ပြုံးမလို မျက်နှာကို ငေးငေးလေး မော့ကြည့်မိ၏။ ပြီးတော့ ...

"ဟင် .. ပြောလေ .. ဘေးက ရှောင်မသွားဘဲနဲ့ တမင် ကျွန်မကို .."

"ဟုတ်တယ်လေ .."

"ဘာ!..."

"မင်းကို မြင်နေကာမှ ဒီတိုင်း ရှောင်ထွက်သွားရမှာလား – ကိုယ်တို့က မခေါ်ချင်ရင် မျက်နှာလွှဲသွားရုံ သာမန်မိတ်ဆွေတွေမှ မဟုတ်ဘဲ .."

"ဟုတ်တယ်လို့ပဲ သဘောထားလိုက်ပါတော့ရှင် .. ကျွန်မက.."

"နေပါဦး .. ကိုယ်တို့ ဒီစကားတွေကို ဒီလိုနေရာမှာ ပြောရတာ မကောင်းပါဘူး .. အပြင်မှာ တစ်ခုခု .."

"အို .. မဖြစ်ပါဘူး .. ဟင့်အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အလင်း ရယ် .."

သူက နာမည်တောင် အဖျားဆွတ် ခေါ်နေပြီဖြစ်ကာ ...

"ဒီမှာ မင်း ကြောက်ရမယ့်လူတစ်ယောက်ယောက် ရှိနေလို့လား .."

"ရှင်!..."

ကိုယ့်ရဲ့ ခိုးချောင်ခိုးဝှက် အပြုအမူတွေကို ဒီလူ သေချာသိသွားပါပြီ ...၊

သူ့မျက်နှာကို မော့ကြည့်ရင်း တွေးမိကာ မိုးမြေ မျက်နှာလေး ပျက်နေတော့သည်။ နေသခင် က သူမပုံစံလေးကို ငုံ့မိုးကြည့်၍ ပြုံးလိုက်ရင်း ...

"မဟုတ်ဘူးလေ .. ဒီရှေ့မှာပဲ အတူတူ ဆိုင်ထိုင်ဖို့ ခက်ခဲနေတယ်ဆိုတော့ .. အဲ့ဒါကြောင့် မေးကြည့်တာပါ .."

"ဘယ်မှာဖြစ်ဖြစ် ယောကျာ်းလေးတစ်ယောက်နဲ့ ဆိုင်လိုက်ထိုင်ရမှာ ကျွန်မအတွက် ခက်ခဲနေမှာပဲ ကိုနေသခင် .. ကျွန်မ အဲဒီလို ထိုင်ဖူးခဲ့တာ .. ရှင်နဲ့ တွေ့ဖို့ လာခဲ့တဲ့နေ့က ပထမဆုံးပဲ .."

"ဒါဆိုလည်း ဒုတိယအကြိမ် .. တတိယအကြိမ်တွေ ထပ်တိုးခွင့်ရှိသေးတာပဲ အလင်း ရယ် .. ပြီးတော့ ကိုယ်တို့က .."

"အဲဒါတွေကို ထပ်မပြောပါနဲ့တော့ရှင် .."

မိုးမြေ ရှုံ့ရှုံ့မဲ့မဲ့လေး ပြောရင်း ရှေ့ကထွက်သွားလျှင် နေသခင် က လိုက်ပါလာ၍ ...

"ဟုတ်ပါပြီ .. ဆိုင်ထိုင်ဖို့ မခေါ်တော့ပါဘူး .. ခြင်းလေးတော့ ကိုယ် ဆွဲပေးပါရစေ .."

"အို .. မဆွဲနဲ့ .."





နေသခင် က ဆွဲသည် ...၊ မိုးမြေ က ခြင်းကို ရှောင်၏။ ဒါပေမယ့် သူ့လက်ထဲမှာ မိသွားတော့ မိုးမြေ က ထိုလက်ကို ဖယ်ချဖို့ အမှတ်တမဲ့ ကိုင်လိုက်မိလျှင် ...

"ဘာဖြစ်လို့လဲ အလင်း .. ဒါလေးတော့ ခွင့်ပြုပါ .."

"အို!..."

လက်ကောက်ဝတ်လေးကို သူ ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သဖြင့် မိုးမြေ မျက်လုံးတွေ ရာဇဝင်မပျက် ပြူးလေသည်။

ထို့ပြင် တစ်ကိုယ်လုံးသည် သူ ထိကိုင်လိုက်သည့်နေရာမှ လျှပ်စီးကြောင်းတစ်ခု တိုးတိုက် စီးဝင်လာသကဲ့သို့ ...၊

"ဆောရီး .."

ဆောရီးပြော၍ သူ လွှတ်ပေးလိုက်သည့်အချိန်မှာ သူမ လက်ထဲက ဆွဲခြင်းလည်း သူ့လက်ထဲကို ပြောင်းလဲ ရောက်ရှိသွားခဲ့ပြီ ဖြစ်၏။

မိုးမြေ တစ်ကိုယ်လုံး ပူထူ ကျဉ်ခဲနေဆဲရှိကာ သူ့မျက်နှာကို မော့ကြည့်နေရင်း ငုတ်တုတ်မေ့နေခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားလဲဆိုတာ မသိ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဘာ!... ဘယ်လို .. ဘယ်လို .."

"အဲ့ဒီလိုပဲ .. လုံးဝ သေချာတယ် .."

"ကိုကြီး မဟုတ်လောက်ဘူး နော် .. ဒီလောက်ထိ တိုက်တိုက်ဆိုင်ဆိုင် လာတူနေစရာ မရှိဘူး .."

"ဟား .. ဟား .. ဟား .. ဟား ..."

ကင်း ရဲ့ရယ်သံက ဘာကိုမှ အံ့သြ ဝေဖန်လိုခြင်း မရှိဘဲ ပေါ့ပျော်ရွှင်နေတာနဲ့တောင် တူနေသေးသည်။ ပြီးတော့ ရိုက် ရဲ့ဘေး ထိုင်ချလိုက်ပြီး ပေါင်ကို ပုတ်၍ ...

"မယုံမရှိနဲ့ ရိုက် .. သူ့ညီမကို ဖုန်းပြောနေတာ ငါ သေချာကြားတယ် .. သူတို့လည်း မင်းနဲ့ ငါလိုပဲ .."

"မဖြစ်နိုင်ဘူး ထင်တယ် .."

ရိုက် မျက်နှာက မယုံနိုင်ခြင်းထက် စိုးရိမ်ခြင်းတွေသာ ပိုကဲ တာမို့ ကင်း က စိုက်ကြည့်၍ ပြုံးသည်။ ပြီးတော့ ...

"ဘာလဲ .. လန့်သွားတာလား .."





ရိုက် ဘာမှ ပြန်မဖြေနိုင် ...၊ ကိုင်ထားသည့် ရီကော်ဒါကို ချထား ၍ပြီး မျက်ခုံးတန်းတွေ တွန့်ကုတ်နေအောင် စဉ်းစား၏။

"မင်း တွေးနေတာ ကိုကြီး သိတယ်.. မင်းနဲ့ပေးစားမယ့် ကောင်မ း လွတ်နေသေးတာကို စိုးရိမ်တာမို့လား .."

"ဒါ တစ်ခုတည်း မဟုတ်ဘူး ကိုကြီး .. ဟား .. ရှုပ်ကုန်တော့မှာပဲ ..."

ရိုက် စိတ်ပျက်စွာ ညည်းရင်း ဆိုဖာမှာ ပက်ခနဲ မှီချလိုက်၏။

"မရှုပ်ပါဘူးကွာ .. သူတို့ စီစဉ်တာ တစ်ခါလွဲသွားမှတော့ မင်းနဲ့ ပြီး ဖွတ်စီစဉ်ဦးမှာ မဟုတ်ပါဘူး .. အထူးသဖြင့် နောက်ထပ် ဦရင်တောင် ဒီကောင်မလေးနဲ့တော့ မဟုတ်တော့ဘူးကွာ .. ဒါဆို တ်မချသေးဘူးလား .."

ပြောပြီး ကင်း က ရိုက် ကို ပခုံးချင်းတိုက်၍ မျက်နှာချင်း ကပ် ...

"နောက်တစ်ခု ရှိသေးတာက တစ်နှစ်တည်း နှစ်မင်္ဂလာ မပြုရဘူး .. မင်း တစ်နှစ်လောက်တော့ နားအေးပါးအေးနေလို့ ရတယ်.."

"ဘာလဲ .. ကိုကြီးက အဲ့ဒီ မယ်ဗမာကိုပဲ .."

"ရအောင်ယူဖို့ ဆုံးဖြတ်ပြီးပြီ .."

"ဟား .. အတည်ကြီးပါလား .."

အံ့သြပေမယ့် ဝမ်းသာသွားသည့်မျက်နှာကြီးက သွားတွေ အဖြီး နှင့် ...

"ဒီလောက်တုံးတစ်နေတာကို ကိုကြီး တကယ်စိတ်ရှည်မယ်ပေါ့.."

ကင်း က ရယ်နေသည်။ သူ ပြန်ပြောပြနေတာကို ပုံဖော်ပြီး 'ယ် ာ'လို့ပဲ ခေါ်တဲ့အထိ အလင်း ရဲ့ဒီဇိုင်းက ရိုက် ရဲ့စိတ်ကူးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိးအ တုံးတစ်နေတာ ဖြစ်သည်။

ဒါပေမယ့် သူ့ရင်ထဲမှာလည်း သူမလေးကိုမှ ထူးဆန်းစွာ ..

"ငါ တကယ် ရင်ခုန်ခဲ့တာ .. ပြန်တွေးကြည့်တော့လည်း ခုန်

တာပဲ .."

"ဘယ်တုန်းကလဲ .."

"မားကက်လေးထဲမှာ သူ့မျက်နှာ ရှုံ့မဲ့သွားတာလေးကို .."

ခုန်ချင်စရာဆိုတော့ ..၊ ရိုက် နှာခေါင်းရှုံ့ပြီး တစ်ဖက်လှည့်

ကင်း က ဒါကို ကြည့်၍ ခေါင်းညိတ်နေကာ ...

"မင်းမှ မချစ်ဖူးသေးတာ ဘယ်နားလည်မလဲ ရိုက် ရာ .. အချ

စိတ်ဆိုတာ လက်ဖျစ်တစ်ခတ်လေးမှာပဲ ဖြစ်ပေါ်လာနိုင်သလို.. အကြ

တစ်ချက်လောက်နဲ့လည်း စိတ်ပျက် နာကျင်သွားစေနိုင်တယ် .. ဘ

ကြောင့်ဆိုရင် ပြစရာ မရှိပေမယ့် အသည်းစွဲအောင် ချစ်သွားကြတာ

မထင်မှတ်ဘဲ ပေါ့ပါးစွာ ပျောက်ကွယ်သွားတတ်တယ် .."

"ရပြီ .. တော်ပါပြီ .. ကိုကြီးဘာသာ စိတ်ချမ်းသာသလို ဆက်

တော့ .."

"ဒါဆိုရင် အလင်း တို့အိမ်မှာ ဝင်ထွက်သွားလာခွင့်ရဖို့ ကိုြ

မကြိုးစားတော့ဘူး .. တစ်ခါတည်း လက်ထပ်ပေးပါလို့ပဲ ဖွင့်ပြောလို

တော့မယ် .."

"ဟာ!... မလုပ်ပါနဲ့ဦး ကိုကြီးရာ .. ကျွန်တော့်မှာလည်း မိဘ

တွေနဲ့ နင့်နေတာ .. ပြီးတော့ .."

"ဘာ!... ပြောတယ် .. ပြန်ပြော .."

ထပ်မေးလိုက်တော့မှ ရိုက် က နဖူးကို ပွတ်သလိုနှင့် မျက်နှာ

ပစ်သည်။





"မင်း .. အချစ်နဲ့ တွေ့နေပြီလား .. လုပ်ပါ ..၊ မင်းကို ရည်းစား

းရလားဆိုပြီး ရိုက်မယ့်လူ မရှိပါဘူး .."

"အရိုက်ခံချင်ပါတယ်ဆိုတာတောင် ပြန်ချစ်ဖို့လမ်း မရှိဘူး ..

ာ အစ်မနေနဲ့ .."

"ဟမ် .. ဟ .. တကယ်လား .."

ကင်း တကယ် အံ့သြသွားတာ ဖြစ်သည်။ ညီ့ မျက်နှာကြည့်လိုက်

ာ့ တစ်ခုခုကို တွေ့နေရသလို ခံစားမိလျက် ...

"ဘာဖြစ်လို့လဲ ..၊ အဆင်မပြေဘူးလား .. မင်းကွာ .. မင်းသားရုပ်

ည်ညာနဲ့ ဂုဏ်ဒြပ်နဲ့ပါ .. ဘယ်နေရာမှာ အဆင်မပြေ ဖြစ်ရတာလဲ..

ာ်ဝင်စားစရာပဲ .."

"ရုပ်ရည်ဂုဏ်ဒြပ်တွေ ရှိတဲ့လူတိုင်း .. ချစ်ချင်တိုင်း ချစ်ခွင့်ရနေ

လို့လား .."

"ဘယ်ရမလဲ .. ကိုကြီးတောင်မှ အလင်း ကို မိဘအားကိုးနဲ့

ယူရမှာ .. သူက အဝါကတ်ပြထားတာကိုး .."

"ကျွန်တော်က ကိုကြီးထက် ပိုဆိုးတယ် .. အမြဲတမ်း ရန်ချည်းပဲ

နေခဲ့တာ .. ခုကျမှ ဘာမှ လုပ်မရတော့ဘူး .."

"ဟင်!..."

ကင်း မျက်မှောင်တစ်ချက်ကြုတ်၍ စဉ်းစားလိုက်တာနှင့် တန်း

တွက်မိသွား၏။

"မင်းရဲ့ သတင်းထောက် ကောင်မလေးလား .."

ရိုက် က မဖြေ ..၊

"ဟား .. ဟား .. ဟား .. ဟား..."

သူနဲ့ စကားပြောတိုင်း ရယ်မောရွှင်ပျစွာ ရှိနေတတ်တဲ့ ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက အမြဲတမ်းလည်း နူးညံ့နေတတ်တာပါ ..၊ ဒါပေမယ့် –

အချိန်တိုင်းတော့ ရယ်သံတွေတိုင်းက ပျော်ရွှင်ဖွယ် ဖြစ်မနေခဲ့
ထင်သည်။ ထိုရယ်သံကြောင့် ရိုက် က ခေါင်းကုတ်ရင်း ...

"အဲ့ဒါ ဒီလောက်တောင် ရယ်ဖို့ ကောင်းနေလို့လား .."

"ကောင်းတာပေါ့ကွ .. မုန်းလွန်းရင် ချစ်လာတတ်တယ်လို့
ကို ငါ မပြောခဲ့ဘူးလား .. မင်း မုန်းပါတယ်ဆိုတုန်းကတော့ အသ
ချင်း တူနေတာတောင် မုန်းပါတယ်ဆို.. အခု သူ့ကိုပဲချစ်နေပြီမို့လာ"

"မုန်းတယ်လို့ ကျွန်တော် မပြောခဲ့ပါဘူး .."

"ဖြစ်သွားပြန်ပြီ .."

"ဟုတ်တယ်လေ .. ကြည့်မရဘူးပဲ ပြောခဲ့တာ .."

"ခုတော့ ကြည့်လို့ ရသွားပြီပေါ့ .."

ရိုက် က မျက်နှာကို တစ်ဖက်လွှဲကြည့်နေရင်း ခံစားချက်
နင့်နေသည့်အသံနှင့် ...

"တော်တော်တော့ မုန်းဖို့ ကောင်းတယ် .."

"သြော် .."

"တစ်ခါတစ်ခါကျတော့ ရိုက်သတ်ပစ်ချင်စိတ်တောင် ပေါ်
တယ် .."

"တော်သေးတယ် .. ရိုက်သတ်ချင်လို့ .."

"ချစ်မိသွားမှန်း သိလိုက်တာက အဲဒါတွေနဲ့မှ မဆိုင်တာ –"

"အင်း .. နီးစပ်လာပြီ .."

"မနီးစပ်နိုင်ပါဘူး .. သူက ကျွန်တော့်ကို တကယ့်ရန်သူလို ဆ
ဆံနေတာ .. တည့်အောင် ပေါင်းကြည့်တာ ဘယ်လိုမှကို မရဘူး –
ကျုတ်!..."





"ဒါဒီတော့ .. မင်း ဘာလုပ်မှာလဲ .."

"ဘာလုပ်လို့မှ မရတာ .. ဘာလုပ်ဖို့ ရှိလို့လဲ .."

"မဟုတ်ဘူးလေ .. ဒီတိုင်း ငုတ်တုတ်ထိုင် မျှော်နေမှာလား – ရ
အောင် ကြိုးစားမှာလား .."

"မကြိုးစားပါဘူး .."

"ဒီရုပ်ကြီးကလား .."

"ဟုတ်တယ် .. ထိုင်နေတုန်းက အကောင်း .. ထသွားမှ ကျိုးမှာ–
တားကောင်းလေး တစ်ချက်တောင် ပြောလို့ မရတာ .. ဟိုလို ဒီလိုတွေ
သွားပြောမိရင် .."

ဆက်မပြောဘဲ ပခုံးတွန့် လက်ကာပြ၏။

"စကားကောင်း ပြောလို့တောင် မရဘူးဆိုတော့ မင်းတို့က ဘယ်
လောက်တောင် ပဋိပက္ခ ကြီးမားခဲ့လို့လဲ .."

"ကျွန်တော့်ဘက်ကတော့ ဘာမှ ကြီးမားခဲ့တာ မရှိဘူး .."

"သူ့ဘက်က ကြီးမားဖို့တွေ ရှိနိုင်မှန်း မင်း နားလည်နေတယ်
လား .. မင်းက ဘာမှမဟုတ်ပေမယ့် သူ့ဘက်က ဟုတ်သွားလောက်
ရာ ဖြစ်ခဲ့မှန်း မင်း လက်ခံနေလို့ ရှေ့မတိုးရဲတာ .."

"ဟုတ်တယ် .. ဒါပေမယ့် အခု အထင်လွဲတာတွေချည်းပဲ ..
ကျွန်တော်က သူ့ကို ထိခိုက်သွားအောင် တမင်ရည်ရွယ်ခဲ့တာ ဘာမှ
မရှိဘူး .. သတင်းသမားချင်း ဦးသူ စားကြတာပဲ .. သူကိုက နားမလည်
တာ .."

"သူ့ကို မင်းကိုက နားမလည်တာရော မဖြစ်နိုင်ဘူးလား –"

မေးခွန်းတွေက ခြေရာချင်းတိုင်းနေကြ ကလေးနှစ်ယောက်နှင့်
တူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ မေး .. ဒါပဲ ပြောမိ ..၊ ဘယ်သူကမှလည်း တိကျရေရာသေ အဖြေ မပေးနိုင် ..။

"လုပ်ပါ .. ငါ မေးတာကို ဖြေစမ်းပါ ..၊ မိန်းကလေးတွေရဲ့စိ က နားလည်ရခက်တယ်ဆိုတာ မင်း သတိထားရဲ့လား .."

"ဘာကို သတိထားရမှာလဲ .. ကိုကြီးက ဘာတွေ မေးနေမှ မသိဘူး .."

"မဟုတ်ဘူးလေ .. သူ့ကိုက နားမလည်တာဆိုရင် မင်းက သူ နားမလည်တာလည်း ဖြစ်နိုင်တာပဲ .. ဥပမာကွာ သူက ဘာကို အလို နေမှန်း မင်း မသိဘဲ ကိုယ်ထင်သလို တွေးနေတာမျိုး .."

"အဲဒါက အစတည်းက သူ့ကိုပဲ စိတ်ဝင်စားပြီး သူ့ကို နားလည် ကြိုးစားနေရတဲ့လူဆိုရင် ဟုတ်မှာပေါ့ .. ကျွန်တော်တို့က ရန်ပဲ ဖြစ် ကြတာ .."

"ရန်ပဲဖြစ်နေတာပေမယ့် မင်းက ချစ်နေတဲ့သူပဲကွ .."

"မနေ့တစ်နေ့ကထိ လုံးဝ စိတ်မဝင်စားခဲ့ဘူး .."

ရိုက် မျက်နှာက ဂျစ်တိဂျစ်ကန်ပုံ ပေါက်နေ၏။ ဒီကောင်မလေ ကို ချစ်မိသွားတဲ့အတွက် သူ့ကိုယ်သူ ပြန်ပြီး မကျေနပ် ဖြစ်နေတာမျိုး

"မဟုတ်ဘူး ငါ့ညီ .. ခုမြင် ခုချစ်သွားတာတွေက အဲ့ဒါမျိုး ဟုတ် တယ် .. ဒါပေမယ့် မင်းတို့ကျတော့ တွေ့လာခဲ့ကြတာ နှစ်နဲ့ချီနေပြီ တစ်ချိန်လုံး မသင့်မြတ်ခဲ့ကြပေမယ့် ရင်ထဲမှာ မသိစိတ်ကနေ သူ့ပုံရိပ် ကို လျှို့ဝှက်သိမ်းဆည်းထားခဲ့တာမျိုး .. ရေငွေ့ရိုက်တာလောက်နဲ့ မှန်ရဲ့ မျက်နှာပြင်ကို ပျောက်ဖျက်ပစ်လို့ မရဘူးလေ .. ရန်ဖြစ်နေကြတာ သပ်သပ် .. ချစ်စိတ်က မင်းရဲ့ငုပ်စိတ်ထဲမှာ ရှိနေတာ .."

"ကျွန်တော် မသိချင်ဘူး ကိုကြီးရာ .. ချစ်မိနေပြီကို သိလိုက်ရ





တာလည်း မကြိုက်ဘူး .. ကျွန်တော့်ဘက်မှာ ဘာတစ်ခုမှ စိတ်ချမ်းသာ ဖို့မှ မရှိတာ .."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ဗျာ .. ကိုကြီးကို ကျွန်တော် တစ်ခါတစ်ခါ တကယ် တင်းတာ နော် .."

"ဟုတ်လား .."

ပြောပြီး ကင်း က ရိုက် ရဲ့ခေါင်းကို ဖတ်ခနဲ ရိုက်၏။

"မင်း ကိုကြီးကို အမြဲ တင်းတာပါ ရိုက် ရာ .. တစ်ခါတစ်ခါမှ မဟုတ်ပါဘူး .."

"သိရင်လည်း သူများ အတည်အတံ့ ပြောနေတုန်း ရယ်တာတွေ ဆင်ခြင်ပေါ့ .."

"သူများပြောနေတာကို မဟုတ်ပါဘူး .. ကိုကြီးက ငါ့ညီလေးကိုပဲ ချစ်လို့ ရယ်တာ .."

"ကိုကြီး .."

"ပြော .."

"စကားပြောတာတွေ ပြင်စမ်းပါ .."

"ဘာဖြစ်လို့လဲ .."

"ကိုကြီးညီက ယောကျ်ားလေး နော် .. တကယ်ပဲ .. ကျွတ်!..."

ရိုက် က ရှုံ့မဲ့ညည်းသည်။ သူ ဘာတွေဖြစ်နေမှန်း သိလေ ကင်း က ရယ်လေ ..၊

"ကိုကြီး ပြောတာတွေက တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် သနပ် ခါး ပြေးလိမ်းရတော့မလား .. နှုတ်ခမ်းနီ ကောက်ဆိုးရတော့မလားပဲ.."

"ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား .."

"တွေ့ပါတယ် ညီရာ .. မင်း ဒီလောက် အရပ်အမောင်းကြီးနဲ့ ဒီရုပ် ဒီပုံစံကို နှုတ်ခမ်းနီ ပြေးဆိုးလည်း မိန်းမလျှာပုံ ပေါက်မသွားပါဘူး .. ဘာတွေ လျှောက်ပူနေတာလဲ ..၊ တကယ်ပြောတာ ကိုကြီး မှန်ပြေးယူပေးရမလား .."

ရယ်နေတာကိုပဲ ရိုက် က ကျေနပ်ပုံ မပြသေးတာ ဖြစ်သည်။

"ကဲ .. နောက် မရယ်တော့ဘူးကွာ .. ချစ်လိုက်တာလို့လည်း မပြောတော့ဘူး .. ငါ မိန်းမရသွားရင် ပိုတောင် မပြောဦးမယ် .."

ကင်း က ကလေးဆိုးကြီးလို နှုတ်ခမ်းမဲ့ပြီး ပြောနေသည်။ ဒါကျတော့လည်း ရိုက် စိတ်မကောင်းပါ ..။

ကိုကြီးနဲ့ သူက ငယ်ငယ်လေးတည်းက တခြား ညီအစ်ကိုတွေထက် ပိုချစ်ကြတာ ဖြစ်သည်။

ပြီးတော့ မိဘတွေ ဆုံးသွားသည့်နောက်ပိုင်းမှာ သူ့ကို ညီလေးလိုရော .. သားလေးလိုရော နူးညံ့ကြင်နာစွာ ဂရုစိုက် စောင့်ရှောက်ခဲ့တာတွေက ကိုကြီး ဘယ်လောက် ချစ်ခဲ့သလဲဆိုတဲ့ ပြယုဂ်တွေပဲ ဖြစ်၏။

သူ့ဘက်ကတော့ အငယ်ပီပီ ကိုကြီးအပေါ်မှာ ခုချိန်ထိ ငဲ့ညှာစာနာခဲ့တာ သိပ်မရှိခဲ့ဘူး ထင်သည်။

"ဟုတ်လား .. ကျေနပ်ပြီလား ..၊ ကိုကြီး မိန်းမယူလေ ကောင်းလေလို့ စိတ်ထဲမှာတော့ ပြောမနေနဲ့ နော် .. ပွင့်ပွင့်လင်းလင်း ပြော.."

"ကောင်းစရာလား ကိုကြီးရ .. အဲဒီလို လုံးလုံးလျားလျား ဆားရောက်သွားတာကိုတော့ ဘယ်သူက ကြိုက်မှာလဲ .."

"တရားသားပဲ .. အပွန်း .."

ကင်း က မျက်ခုံးတွေ ပင့်ပြီး ရယ်သည်။





"ဒါပေမယ့် ခုကျမှ လာတားလို့ မရဘူး နော် .. ချာတိတ်ကေ့ကို ကိုကြီးက စွဲလမ်းနေပြီး .."

"မြန်လိုက်တာ .."

"ဘယ်က မြန်ရမှာလဲ .. ဒါတောင်မှ မင်းနဲ့ သက်ဆိုင်တဲ့ဝန္ထုသို့ သတ်မှတ်ထားတဲ့စိတ် ရှိလို့ .."

"မဟုတ်ရင် မြင်မြင်ချင်း ကြားကြားချင်းပဲလား .."

"ဒါပေါ့ .. ဒါပေမယ့် ငါ့ညီ မပူနဲ့ .. ကိုကြီးက သူချစ်ကိုယ်ချစ်.. ငါ့ညီ ချစ်နိုင်မယ့်မိန်းမကို ရှာထားတာ .. သူ့ကိုမြင်ရင် မင်း သဘောကျမှာပါ .."

"သိပ်မွှန်းမနေနဲ့ .. စိတ်မနိုင်ရင် ပြန်လုဖို့ထိ ဖြစ်သွားလိမ့်မယ်.."

"မလုပ်ရဘူးလေ.. အင်း .. မဖြစ်သေးပါဘူး .. ဒီ့ထက်ပိုပြီး စိတ်ချရအောင် .. မင်းကိုပါ မိန်းမပေးစားထားမှ ဖြစ်တော့မယ် .. လေးလေးထွန်း လိုပဲ .."

"တော်တော့ .."

ရိုက် နေရာမှ ဆတ်ခနဲ ထရပ်ပြီး ကိုင်လျက်ပါလာသည့် ခေါင်းအုံးလေးကို ဆိုဖာပေါ် ပြန်ပစ်ချ၏။

ကင်း က မျက်နှာမော့၍ ရယ်လို့ မဆုံး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဘာဟင်းတွေ ချက်နေတာလဲ အမိုး .."

"စုံနေတာပဲ သမီးရေ .. ဟင်းအမျိုးပေါင်း ဆယ်မျိုးလောက် ရှိတယ် .. ဖွင့်ကြည့်ပါဦး မမကြီး ချက်ခိုင်းထားတာတွေ .. အမိုး လက်ရာ ပြည်စုံရဲ့လား .."

"ဆယ်မျိုးလောက် .."

မိုးမြေ က အမိုး ပြောတာကို စိတ်မဝင်စားတော့ဘဲ ဟင်းဆယ်မျိုးလောက်ရှိသည် ဆိုတာကိုပဲ ခေါင်းထဲမှာ ရှုပ်ထွေးသွားခဲ့လျက် ...

"ဟင်းဆယ်မျိုးလောက်ကြီး ဘာလုပ်ဖို့တဲ့လဲ.. အမိုး ကို ပြောလား"

"မပြောဘူး .. ဒါပေမယ့် ဧည့်သည်လာဖို့ရှိတာ ဖြစ်မှာပေါ့ သမီးရယ် .. ဒီအိမ်ကလူတွေ ဘယ်တုန်းက ဟင်းတွေ အများကြီး စားဖူးကြလို့လဲ .."

ဒါ မှန်တာပေါ့ ..।

မိုးမြေ ရဲ့သံသယတွေ ပိုမို ကြီးထွားသွားခဲ့၏။ ဒါပေမယ့် ကောင်း ကတော့ ကောင်းကောင်းကြီး အပြစ်တင်လေသည်။

"ဒီလောက် ရှင်းနေတာကို ဘာဖြစ်နိုင်လဲ တွေးနေရသေးလား မမမိုး ရယ် .. ဒါ .. ဒါ ဟိုကိစ္စပဲ နေမှာ .."





"ဘာကိစ္စလဲ ဟင် .."

"မမမိုး နဲ့ နေသခင့် ကိစ္စပေါ့ .."

"ဟယ် .."

ကောင်း ကလည်း အိပ်ရာထဲ အေးဆေးလှဲပြီး ဖုန်းတစ်လုံးနဲ့ အေး တိတ်နေရာကနေ ငေါက်ခနဲ ထထိုင်၏။

"ဒီနေ့ ညည်းတို့နှစ်ယောက် ဘယ်ကိုမှ မသွားရဘူးလို့ တားထား တာ ဒါကြောင့်ပဲ .."

"ဟုတ်ပါ့မလား ကောင်း ရယ် .. ဒီလူတွေ ထမင်းလာစားမှာ ဆိုရင် ငါတို့ကို ဘွားက ပြောထားမှာပေါ့ .. အနည်းဆုံး ငါတို့တွေ လှလှပပ ပြင်ဆင်ထားရမှာ မဟုတ်ဘူးလား .."

"မလိုဘူး ဟေ့ .. မလိုဘူး .."

"အယ်!..."

မိုးမြေ လန့်ဖျပ်သွားသည်။ စေ့ထားသည့်တံခါးက လျှောခနဲ ပွင့်သွားကာ တံခါးဝမှာ ဘွား က ရှားသိုရောင် စိန်ကတ္တီပါ မွေးပွတဘက်ကြီး ခြုံလျက် မားမားကြီး ရပ်နေ၏။

"ဧည့်သည်လာမှာ ပြောလိုက်ရင် ညည်းတို့တွေ လမ်းကြောင်းလွှဲပြီး အကြောင်းအမျိုးမျိုးနဲ့ အပြင်ထွက်ဖို့ သံချောင်းခေါက်ပေးလိုက်သလို ဖြစ်သွားမှာပေါ့ .. ပြင်ဆင်ထားဖို့လည်း သံချောင်း မခေါက်ဘူး ကိုယ့်ပုံစံ လှတပတလေး ရှိနေချင်ရင် ဖြီးလိမ်းပြင်ဆင်ထား .. မလိုဘူး ဆိုရင် ဒီတိုင်း ထွက်လာခဲ့ .. ဒါပဲ .."

"အဘွား .."

ဒေါ်မြသစ် ထွက်သွားမည် ပြင်လိုက်ကာမှ မိုးမြေ က တံခါးသနှုး ကို ခပ်သုတ်သုတ် လျှောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွားကလည်း ဒီလိုလူတွေ လာကြမယ့်ဟာ .. သမီးတို့ကိုတော့ ကြိုပြောသင့်ပါတယ် .."

"လာပြန်ပြီ .."

"မဟုတ်ပါဘူး.. ပြောကြည့်တာပါ .. ဟို .. အခု .. နေ .. နေသခင် ပါ ပါလာမှာလား ဟင် .."

"ဟုတ်တယ် .. ကောင်လေးကိုယ်တိုင်က ညည်းညီမကို တွေ့သွားပြီးတည်းက သဘောကျနေလို့တဲ့ .."

"ကောင်း ကို မဟုတ်ပါဘူး .."

"ဘာ!..."

ကောင်း က အထဲကနေ မပွင့်တပွင့် လှမ်းပြောကာ ခေါ်မြသစ် အသံလှိုင်းကြောင့် ပခုံးလေး မသိမသာ တွန့်၏။

"ဘာပြောလိုက်တယ် .. ကောင်း .."

"ပြောပြတာပါ .. ဒီလူ မမမိုး ကို တွေ့သွားတာပဲဟာ .. မမမိုး ကိုလည်း ကြိုက်ချင် ကြိုက်မှာပေါ့ .."

"မိုးမြေ ကို ဘာဖြစ်လို့ တွေ့ရမှာလဲ .. ငါက နှစ်ယောက်ချင်း တွေ့ပြီး ပြောဆိုကြည့်ကြဖို့ လွှတ်လိုက်တာပဲ .."

"ကောင်း မှ မသွားရဲတာ .. မမမိုး ကို အဖော်ခေါ်သွားရတာပေါ့ ဘွား ရဲ့ .."

"ဒါဆို ညည်းတို့က နှစ်ယောက်ပူး သွားတွေ့ခဲ့တာပေါ့ .. ဒါပေမယ့် ဟိုက အလင်း ကို ကြိုက်တာပါလို့ပဲ ပြောတာ .. မိုးမြေ ကို မဟုတ်ဘူး .."

ကောင်း နဲ့ မိုးမြေ အကြည့်ချင်း ဆုံသွားသည်။ မိုးမြေ က ဘွားအေ ဖြစ်သူကို ကျောခိုင်းထားလိုက်ကာ ကောင်း ကို ဆက်မပြောဖို့ မျက်ရိပ်





တွေ ပြနေတာလည်း မျက်နှာက အရေးအကြောင်းတွေ ရှိသလို ထွန်း တက် ခုန်ပေါက်နေသလား ထင်ရ၏။

ကိုယ့်အစ်မ ဒီလောက်ကြောက်နေတာကို စိတ်တော့တိုမသေ [illegible] ပြလိုက်တော့ဖို့ ပြင်ဆင်လိုက်သမျှကို ကောင်း ပြန်ရုတ်သိမ်းလိုက်၏။

"ဒီမှာ ကောင်း .. ညည်းလေးကိုပဲ စိတ်ပူနေရတာ .. ဘယ်သူ့ကို လွှဲမချန့် .. အခု နေသခင် ဆိုတဲ့ကောင်လေးက သဘောကျတယ်ဆိုတာ ကို ကျွမ်းနှစ်ပတ်လောက် ထိုးသင့်နေပြီ .."

နည်းတာပေါ့ .. ဆယ်ပတ်လောက်ဆို တော်သေးတယ် ..။

စိတ်ထဲမှာတော့ ပက်ခနဲ ပြန်ပြောပြီးသား ..။

ဒါပေမယ့် ပါးစပ်က မပြောသည့် စကားလုံးတွေကို ကောင်း ရဲ့မျက်နှာမှာ မြင်နေရသည့်အတိုင်း ခေါ်မြသစ် က စိုက်ကြည့်ပြီး ခေါင်းဆတ်ညိတ်သည်။

"ငါ ဘယ်လိုမှ စိတ်မချနိုင်တဲ့ အချိုးတွေက ညည်းမှာပဲ ရှိနေတာ ကောင်း .. အဲ့ဒါကြောင့် ညည်းပဲ ဦးဆုံး တာထွက်ရတဲ့လူ ဖြစ်သွားတာ.. ထပ်ပြီး ကလန်ကဆန်လုပ်ဖို့ စိတ်မကူးနဲ့တော့ .."

ပြောပြီး လှည့်ထွက်သွားတာက စိတ်ချသွားတာလား .. အပိုင် ချုပ်ကိုင် စီစဉ်ထားတာရှိလို့လား .. ဘာမှန်းတော့ မသိပေမယ့် ကောင်း တို့က ဒီလောက်နဲ့တော့ မကြောက်တတ်သေးပေ ..။

"ကောင်း ကို ဘာမှမပြောဖို့ မမမိုး ပဲ တားတာ နော် .."

"ကောင်း ရယ် .. ဒါလေး ပြောတာတောင် ဘွား ဘယ်လိုဖြစ် သွားလဲ မတွေ့ဘူးလား .. ဘွားက နင့်ကိုပဲ စိတ်ပူပြီး နင့်ရဲ့အိမ်ထောင် ရေးကို ဖြစ်မြောက်သွားစေချင်တာ .. မမိုက်ချင်ပါနဲ့တော့ ညီမလေးရယ် နော် .. ဘွား လည်း ခုမှ နာလန်ထစလေးပဲ ရှိသေးတာ .."

www.burmeseclassic.com



"မမမိုး ပဲ အပြောကောင်းတယ်နော် .."

"ကောင်း ရယ် .. ဒုက္ခပါပဲ .."

"ကောင်း လည်း ဘွားကို ချစ်ပါတယ် .. ဒါပေမယ့် လူကြီးမိဘ စိတ်ချမ်းသာ ကျန်းမာဖို့အတွက်နဲ့ ကိုယ် မချစ်နိုင်တာကြီးကို ယူပြီး တစ်သက်လုံး ပေးဆပ်သွားရမယ်ဆိုတာက အစွန်းရောက်သွားပြီ .. လူတစ်ယောက်အကြောင်း ပေါင်းတာတောင် မသိကြလို့ ကလေးတွေ တစ်ပြုံကြီး ရမှ ကွဲသွားကြတဲ့ အိမ်ထောင်ရေးတွေ ရှိတယ် .. လူယုံသတ်လို့ သေတယ်ဆိုတာတွေရော မရှိခဲ့လို့လား .."

"ဒါပေမယ့် မိဘ စေတနာကတော့ .."

"စေတနာထားကြတာ မှန်ပေမယ့် ရွေးချယ်ပေးတဲ့လူက အမှန်အကန် ကောင်းမွန်တဲ့လူပါလို့ ဘယ်သူမှ အတပ်မပြောနိုင်ဘူးလေ .. သားသမီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရပြီဆိုမှ မေမေ့အပြစ်တွေပါ.. ဖေဖေတို့ မှားခဲ့တာပါဆိုတဲ့ နောင်တသံတွေ ထွက်လာကြတာ .."

အောင်မယ်လေး .. စကားတွေ တတ်နေလိုက်တာနော် ..၊

မိုးမြေ ဒီ့ထက်လည်း ဆုံးမနားချဖို့ မတတ်နိုင်တော့ပါ ..၊ ကောင်း ပြောသမျှ ဘာကိုမှလည်း မဟုတ်ဘူး .. မပြောနိုင်ခဲ့ဘဲ မချင့်မရဲ ငေးကြည့်နေခဲ့ရ၏။

"ကောင်း ကတော့ ဘွားကို ချစ်တာ ဘွားကို စော်ကားချင်တဲ့စိတ်နဲ့ မဟုတ်တာ .. အဲ့ဒါတွေကို တစ်ကန့်ထားတယ် .. အိမ်ထောင်ဖက် ရွေးချယ်ဖို့ကျတော့ ကာယကံရှင်တွေ ဆုံးဖြတ်တာက အရေးကြီးဆုံး ကဏ္ဍအဖြစ် ရှိနေချင်တာ .. အဲ့ဒီအခွင့်အရေးကို လူကြီးတွေကလည်း ပေးသင့်တယ်လို့ မြင်တယ် .."

"ညီမလေးရယ် .. ဘွား တစ်ယူသန်တာ ညီမလေး သိရဲ့သားနဲ့.."





"မမမိုး ကလည်း လူကြီးတွေက တစ်ယူသန်ခွင့် ရှိနေရင် လူငယ် ..ွ တစ်ဇောက်ကန်း လုပ်တတ်တာကျမှ အပြစ်ဖြစ်စရာ ဘာလိုလို့ .."

ပြောနေရင်းနဲ့ ညဝတ်အင်္ကျီတွေကို ချွတ်၍ အစိမ်းနဲ့ အဝါအနက် ..ုပ်ကြီးတွေပါသော လက်ရှည်ခါးရှည် ရင်တွန့်နှင့် အင်္ကျီကို လဲဝတ် ..ည်။ ဂျင်းအနက် ဒူးကျလေးနဲ့ တွဲဖက်၍ ကြေးရောင်ပိုးတီကဲ့သို့ ..င်းထပ်တွေပါသော ခါးပတ်ကို လျော့ရိလျော့ရဲ ချိတ်လိုက်၏။

သူမ လုပ်ကိုင်လှုပ်ရှားနေသမျှကို မိုးမြေ က အမှတ်တမဲ့ ငေးနေ ..င်း တဖြည်းဖြည်း စိတ်ဝင်တစား ဖြစ်လာပြီး ...

"ညီမလေး နင် .. နင် အခု ဘာလုပ်မလို့လဲ ဟင် .."

"ရှူး .."

ကောင်း က ထင်သလို လုပ်နေပြီးမှ တိတ်တိတ်နေဖို့ လက်ညှိုး ..ာင်ပြသည်။ ပြီးတော့ မှန်တင်ခုံရှေ့ကို သွား၏။

လှလှပပ ပညာမှာလည်း အချိန်တိုတိုအတွင်းမှာ ရုပ်လုံးရုပ်ကြွ ..လှပပလေး ဖြစ်လာအောင် ကောင်း က တော်သည်။

ဒါပေမယ့် အရာရာမှာ သာလွန်ကောင်းမွန်သော အရည်အချင်း ..နှင့် သူမလေးက အစ်မတစ်ယောက်လုံးကို ဒီတိုင်းထားခဲ့ပြီး ပြတင်း ..က်ကနေ ကျော်ဆင်း ထွက်ခွာသွားခဲ့ခြင်းနှင့် ပတ်သက်၍ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဟင့်အင်း ပြန်မလာဘူး .. ပြန်လာလည်း ဘွား ဆူမှာပဲ .. ဆူ
တော့လည်း ဒီကိစ္စကို ဆက်လုပ်ဦးမှာပဲ .. ဒီလောက်ထိ စိတ်မချမ်း
လောက်အောင် ကောင်း က ဘာလုပ်နေလို့လဲ .."

ဖုန်းပြောရင်း ဒေါ်သက မျက်ရည်ကိုပါ ဝေ့တက်လာစေ
တစ်နေကုန် လျှောက်သွားနေခဲ့တာ ရုပ်ရှင်ကြည့် ..၊ ဟိုအကြောင်း
ကြောင်းတွေ စုံစမ်း .. နားစွင့် ..၊ ဟိုဆိုင် ထိုင် .. ဒီဆိုင် ထိုင် ..၊

တစ်နေ့လုံးဆိုသည့် အချိန်တွေက လူကို ကိုင်ပေါက် ရိုက်ဖ
ထားသလို ပင်ပန်းနေပါပြီ ..၊

အလုပ်တွေများကြီး ပြေးလွှား သွားလာနေရရင်တောင် ဒါ
ကိုယ့်လောဘနဲ့ ကိုယ် ..၊

ခုကျတော့ တစ်ယောက်တည်း အားလပ်နေရသည့်အချိန်တွေ
ရည်ရွယ်ချက်မဲ့စွာ လှမ်းနေရသည့် ခြေလှမ်းတွေက တစ်လှမ်းဆို တ
လှမ်း တန်ဖိုးကြီးနေ၏။





ထိုင်မိပြီဆို ပြန်ထရင် ဘယ်သွားမလဲ စဉ်းစားရသည်။ ထလိုက်ပြီ
ဆိုလည်း ဘယ်သွားပြီး ဘာလုပ်နေမလဲ တွေးနေရ၏။ သဘာတစ်
ယောက်ကတော့ သူငယ်ချင်းကောင်းလေး ရှိပေမယ့် သူမထလည်း
အလုပ်ရှုပ်နေတတ်တဲ့သူ ..၊

"ကောင်း .. ညီမလေး .."

"ပြောပါ .. နားထောင်နေတယ် .."

"နားပဲ ထောင်မနေနဲ့လေ .. တစ်ခုခု ပြန်ပြောဦးမှပေါ့ .. ညနေဝ
ကောင်းနေပြီ .. ပြန်လာခဲ့ပါ ညီမလေးရယ် .. ဘွားလည်း .."

နားထောင်နေပေမယ့် မမမိုး အသံ တိတ်သွားသည်။ ကောင်း
က မဲ့၍ ...

"ဒေါ်သတွေ မိုးလောက်ပြင်းထန် ကြီးမားနေတယ်မို့လား .. နေ
ဆုစေ .."

"မဟုတ်ဘူးလေ .. ဧည့်သည်တွေ ရောက်လာကြတော့ လူကြီး
တွေချည်း သုံးယောက်တောင်မှ .. နေသခင် မပါဘူး .."

"ဟင်!..."

"ဘွားကလည်း ကျေနပ်နေတာပဲ .. လူကြီးချင်းပဲ မင်္ဂလာကိစ္စ
တွေ ပြောသွားကြတယ် .. စေ့စပ်ပွဲလုပ်မယ့်ရက် သတ်မှတ်ကြတယ်.."

"မမမိုး နဲ့ မိတ်ဆက်မပေးဘူးလား .."

"ပေးတယ်လေ .. နေသခင် မှ မပါတာ .. သူတို့က နင် မရှိဘူး
လို့ပဲ ထင်သွားတာပေါ့ ..၊ ငါ .. ငါလည်း ဘာမှ မပြောရဲဘူး .. လက်တွေ
ခြေတွေတောင် တုန်နေတယ် သိလား .. ဘွားက နင့်ကို တစ်ခါပဲ
မေးတယ် .. ငါ့မျက်နှာကိုကြည့်ပြီး သိသွားတာ ထင်တယ် .. ဘာမှ
ထပ်မမေးဘူး .. ဧည့်သည်တွေ ပြန်သွားမှ .."



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ .. ကျောင်း တွေးမိပြီးသားပါ .."

"နေပါဦး ကောင်း ရယ် .. ကိုယ် အပြစ်လုပ်ရင် အဆူခံရမှာပေါ့ .. မိုးချုပ်တဲ့အထိ ပြန်မလာဘဲ နေရင် နင့်ရဲ့ဂုဏ်သိက္ခာ ဘယ်လောက်ထိ ကျဆင်းသွားမလဲ သိရဲ့လား .."

"သိတယ် .. ကောင်း အဲဒီလို လုပ်သွားမှာပဲဆိုတာ ဘွား သိပါတယ် .."

"ဒုက္ခပါပဲ ကောင်း ရယ် .."

"ခုလည်း ပြန်လာပြီး အဆူခံ .. ပြီးတော့ မြန်မြန်ဆန်ဆန် ယောက်ျားရသွားရတဲ့အဖြစ်မျိုး ရောက်ဖို့အတွက် ကောင်း က ပြန်လာပြီး နှစ်ခါ မိုက်စရာလား .."

"ကောင်း .."

"ပြန်မလာဘူး .. ဘဏ်မှာ ကောင်း လစာနဲ့ အကောင့်ထဲဖွင့်ထားတဲ့ငွေတွေ ရှိတယ် .."

"အောင်မယ်လေး .. ဒီပိုက်ဆံလေး ပိစိကွေးနဲ့ လူကြီးကို တော်လှန်ဖို့ စိတ်ကူးနေပြန်ပြီ .. မမမိုး ကို နင် မသနားတော့ဘူးလားဟင်.."

"မသနားပါဘူး .. ဘာလို့ သနားရမှာလဲ .."

"ဩော် .."

"လောလောဆယ် မိုးဖွားလေးတွေ ကျနေတယ် .. ထီးမပါဘဲ လမ်းပေါ်မှာ လျှောက်သွားနေရတာက ကောင်း ရယ် .. မမမိုး က အဲရ်ကွန်းခန်းထဲမှာ .. ဆိုဖာပေါ်မှာ ထိုင်ပြီး .."

"နောက်ဖေး လေ့ကားထစ်မှာပါ .."

"ဟုတ်လား .. သံမံတလင်းပေါ်မှာ ခြေဖဝါးတွေ ဒီတိုင်း ချထားရသေးလား ဟင် .."





"ဟင့်အင်း .. အိမ်စီးဖိနပ် ပါတယ် .."

"ကျန်းမာ ချမ်းသာပါစေ မမမိုး ရေ .."

"ဟဲ့ .. ကောင်း ရေ .. ကောင်း .."

ဖုန်းချရုံတင်မကဘဲ ခဏတော့ ပိတ်ထားလိုက်ဖို့ စိတ်ကူးလိုက်သည်။ မမမိုး ဟာ နာမည်ကသာ မြမိုးမြေ ..၊ လူကတော့ မိုးကောင်းတင်ကို အုပ်စီးနိုင်တာမျိုးလည်း မဟုတ် .. မြေပြင် မြေကြီးလို အရာရာကိုလည်းသည်းခံနိုင်စွမ်း ရှိသလားဆိုတော့လည်း မရှိ ..၊

ကြောက်တတ်သည် ..၊ သည်းခံဖို့ ဖြည့်ခံဖို့ထက် တုန်လှုပ်စရာဆိုရှိသိပ်သည်းခံနိုင်စွမ်း မဲ့လောက်အောင် ပြူးပြူးပျာပျာ ခြေတုန် လက်တုန် ..။

မမမိုး ကို တိုင်ပင် ညှိနှိုင်းဖို့ကတော့ မဖြစ်နိုင်ပေ ..၊

ဒါဆို သူမ ဘာလုပ်မလဲ ..၊

နာရီကို ကြည့်တော့ ငါးနာရီ ထိုးတော့မည် ..၊

မိုးဖွားလေးတွေ ကျနေသည်မို့ လမ်းပေါ်မှာ လူတိုင်းလိုလို ထီးလေးတွေနဲ့ဖြစ်ကာ ထီးမပါတဲ့လူတွေကတော့ လက်ထဲမှာပါသည့် အရာဝတ္ထုပစ္စည်းလေးတွေနဲ့ ခေါင်းပေါ်တင် ကာကွယ်ရင်း ခပ်သုတ်သုတ် လျှောက်နေကြ၏။

ပြေးတဲ့လူက ပြေးသွားတာလည်း ရှိပေမယ့် ကောင်း ကတော့ အနက်ရောင်မှာ ကြေးကွင်းလေးတွေနှင့် ကြိုးသိုင်းအိတ်ရှည်လေးကို လွယ်ထားကာ ခြေလှမ်းကျဲကျဲ ဘောက်ဆတ်ဆတ်လေး လျှောက်နေ၏။

ဆံပင်တွေပေါ် တင်သည့် မိုးရေစက်တို့ကို လက်နဲ့ တစ်ချက်တစ်ချက် ခါထုတ်ပစ်တတ်သည်မှ လွဲ၍ မိုးရွာနေတာကို ဂရုစိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ပုံ မရှိ ...။

"တီ .."

လမ်းကူးမလို့ ဟိုဒီကြည့်နေတုန်း ရှေ့မှာ ကားတစ်စီး ထိုးရပ်သွား၏။ ကြည့်လိုက်တော့ နေသခင် ...၊

ကောင်း ရုတ်တရက် မျက်နှာ ဘယ်လိုထားရမှန်း မသိအောင် ဖြစ်သွားကာ နှုတ်ဆက်လိုက်ရမလား .. သူ နှုတ်ဆက်တာကို စောင့်နေရမှာလားလည်း မသိ ...။

"မမိုးမြေ .. မိုးတွေ ရွာနေတယ်လေ .. ကား မပါဘူးလား .."

"မပါဘူး .. က .. အဲ .. ကျွန်မဘာသာ ကိစ္စရှိလို့ ဒီတိုင်း ထွက်လာတာပါ .."

ကောင်း က အကူအညီမလိုကြောင်းပါ တစ်ခါတည်း သိစေလိုက်ကာ ...

"ကျေးဇူးပဲနော် .."

"ခဏ .."

ကင်း က လှမ်းတားပြီးမှ သူ ဘာပြောရမယ်ဆိုတာလည်း အဆင်သင့် မရှိခဲ့သည်မို့ အားနာဟန်နှင့် ရယ်ပြကာ ...

"ကျွန်တော်တို့ ဒီနေ့လယ် လန့်ချ်စားကြဖို့ အဲဒီမှာ ချိန်းထားတာဗျ .. ဒါပေမယ့် မလာဖြစ်လိုက်ဘူးလေ .. အဲဒီအတွက် အလင်း ဘယ်လိုများ .. အဲ .. ဘာပြောသေးလဲ မသိဘူး .."

"ဘာမှ မပြောပါဘူး .. ရှင် သိချင်ရင် မေးကြည့်လိုက်လေ .. ဖုန်းဆက်လို့ ရတာပဲဟာ .."

စိတ်က မကြည်သမျှ ဒီနေ့ သူမ လမ်းပေါ်ရောက်နေရသည့်အဖြစ်ကလည်း သူ့ကြောင့်ပဲမို့ စကားသံက ပြေပြစ်မှု ရှိမနေမှာ သေချာ၏။







ဒါပေမယ့် ထိုသူ့မျက်နှာကလည်း ဒေါသဖြစ်သည့်အရိပ်အယောင် စက်စက်လေးမှ မပြဘဲ ...

"ဟုတ်ပါတယ် .. အဲ့ဒါကို သိပါတယ် .. ကျွန်တော် ပြောချင်တာ က ကျွန်တော်တို့ချင်း မသိတဲ့လူတွေမှ မဟုတ်တာ .. မိုးရွာနေတုန်း မိုးမြေ သွားမယ့်နေရာကို လိုက်ပို့ပေးရင် အဆင်ပြေပါတယ် .. စကား ဆးဘာလေး ပြောရင်းပေါ့ .."

ဒါကတော့ ပိုဆိုးသွားပြီ ဖြစ်သည်။ ကောင်း စိတ်ထဲမှာ ထောင်းခဲ ဖြစ်သွားကာ တမင် လိုက်ရှိနေဟန်နှင့်တူသည့် ခပ်ပြုံးပြုံး မျက်နှာကို စိတ်ကြည့်လိုက်မိ၏။

သို့သော် ...

"ဟေး .. ကောင်း .."

နောက်မှာ ကားတစ်စီး နောက်ထပ် ရောက်လာ၏။

သွားပြီ ...၊

ကေစီ တို့ကို မြင်လိုက်သဖြင့် ရင်ထဲမှာ ဒိန်းခနဲ မြည်သွား၏။ သူကလည်း စပ်စပ်စုစု ကြည့်နေသေးသည်မို့ ဘယ်သူ့ကို ဘယ်လို ညွှည့်ပတ် ဟန်ဆောင်ရမလဲ ...။

မဟုတ်သေးပါဘူး ...၊ ငါ့နာမည် ကောင်းကင်လင်း ကို ဒီလူ သိချင်မှ သိမှာပါ ...၊

အတွေးနှင့်အတူ ကေစီ တို့ကားဆီ အနီးကပ်ဆုံး ရောက်အောင် အမြန်ဆုံး တိုးကပ်သွားလိုက်မိ၏။

"ကောင်း ရယ် .. တစ်နေကုန် တိုက်ကို မလာဘူး နင်ကလည်း .. ဒီညနေ ခြောက်နာရီ စာရေးဆရာမ 'ညို့'က သတင်းစာ ရှင်းလင်းပွဲ လုပ်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း သိပါတယ် .."

ကိုယ်က ကပ်ပြောလိုက်တာပေမယ့် ကေစီ က ကားပေါ်
တောင် ဆင်းလိုက်သေးသည်

"ဆီဒိုးနားဟိုတယ်လ်မှာ ဆိုတာရော သိလား .. သိရင် ဘာဖြစ်
ဒီလောက်အဝေးကြီးကို ရောက်နေရတာလဲ ပြော ..၊ ရိုက် တောင်း
နင့်ကို မေးသေးတယ် .."

ကောင်း မသိမသာ လှည့်ကြည့်တာပေမယ့် ကင်း ရဲ့ မျက်လုံး
တွေနဲ့ ဆုံသွားသည်။

စူးစိုက်ကြည့်နေသော ဘက်ခ်မှန်ထဲက ကင်း ရဲ့ မျက်လုံးတို့သည်
မျက်လုံးချင်း ဆုံကာမှ ရယ်မြူးရိပ်သမ်း၏။

ပြီးတော့ လက်ထောင်ပြ၍ နှုတ်ဆက်ရင်း မောင်းထွက်သွားသေး
သည်။

ဒီလူ ဘာမှတော့ မသိနိုင်လောက်ဘူး ထင်ပါ၏။





အခန်း (၃၆)

ကွန်ဒိုရှေ့ ရောက်ကာမှ မျက်နှာချင်းဆိုင်ကနေ လျှောက်လာနေ
သည့် ရိုက် ကို မြင်လိုက်ရသည်။ ဂျင်းနဲ့ရှပ်လက်တိုနှင့် ဘောင်းဘီရှည်
အနက်ကို ဝတ်ထားကာ အိတ်ကို စလွယ်သိုင်း ချိတ်ထား၏။

ပြီးတော့ တစ်နေရာကို ဖုန်းခေါ်နေပုံပေါ်ကာ ဖုန်းနဲ့ နားနဲ့ ကပ်၍
မျက်နှာမော့လိုက်သည့်အချိန်မှာ ကောင်း ကို မြင်သွားကာ ...

"ကောင်း .."

အသံက ဒီနားထိ မရောက်ပေမယ့် ခေါ်လိုက်တာကို သိသည်။
ကောင်း ကလည်း မျက်နှာမလွှဲဘဲ စိုက်ကြည့်နေလျှင် ကွန်ဒိုရဲ့အောက်
ခြေမှာ နှစ်ယောက် ဆုံမိခဲ့ကြ၏။

"မင်း ဒီနားမှာ ဘာလုပ်နေတာလဲ .."

"ရှင် ဘာလာလုပ်တာလဲဆိုတာ အရင်ပြောလေ .."

"အလုပ်ကိစ္စနဲ့ လုံးဝ မဟုတ်ဘူးဆိုတာ သေချာတယ် .. မင်းက
ရော .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

ကောင်း က ညနေခင်းနှင့် စည်ကားနေသောလူတွေဆီ မျက်လုံးဝေ့၍ ပါးစပ်ထဲက ဝီကေကို လျှာပေါ်တင်ပြီး ကစားနေသေးသည်။ ပြီးမှ ...

"ရှင်က သေချာတယ်ဆိုပေမယ့် ကောင်း ကတော့ မထင်ပါဘူး .."

"ဘာ!..."

"ကောင်း တစ်ခုခုအတွက် လှုပ်ရှားနေတယ်ထင်ပြီး ရှင် လိုက်လာတာမို့လား .."

"ကောင်းကင်လင်း .."

"ဘာလဲ .. ဒေါသတွေ ထွက်ပြပြီး မဟုတ်ကြောင်းတရားတွေ ရှုတ်ပြမလို့လား .. ရှင်ပဲ တွက်ကြည့်လေ .. ဘယ်ကိုသွားသွား .. ရှင်နဲ့ ကောင်း ပဲ ဘာဖြစ်လို့ ဒီလောက်တောင် လာဆုံနေရတာလဲ .."

"အဲ့ဒါတွေ မသိဘူး .. အခု ငါ့ကိစ္စနဲ့ ငါ လာတာ .. လာရခြင်း အကြောင်းကိုပါ ပြောပြဦးမယ် .."

ရိုက် တကယ် ဒေါသထွက်နေတာကို အကဲခတ်မိကာ သူမ စွပ်စွဲမိပြန်ပြီဆိုတာ နားလည်လိုက်၏။

"ဒီကွန်ဒိုက ကိုးထပ်မှာ ငါ့အခေါ် ရှိတယ် .. အဲ့ဒါ သူ အရေးတကြီးခေါ်လို့ ဟိုဘက်မှာ ကားတွေ ပိတ်နေတာနဲ့ ဟိုမှာ ကားထိုးခဲ့ပြီး ခြေကျင်လျှောက်လာရတာ .. ရှင်းပြီလား ..၊ ဖယ် .. ရှေ့က .."

ရိုက် က ဒေါကန်သွားသည့်မျက်နှာနှင့် ကောင်း ရဲ့ ပခုံးစွန်းလေးကိုပါ တိုးတိုက်ပြီး အဝင်ဝဘက်ကို ထွက်သွား၏။

ကောင်း ဒီတိုင်းကျန်ခဲ့တော့လည်း အံ့သြရင်း .. အားနာရင်းနှင့်...



"သူနဲ့ ငါ သွားမယ့်အထပ်ချင်းလည်း တူနေတာပဲ .."

တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။

သူမကို ကေစီ က ကူညီခဲ့တာဖြစ်ကာ သူ့အကြောင်းတို့တော့ ဘာမှမပြောခဲ့ပေ ..၊

ဒီညနေ သတင်းစာရှင်းလင်းပွဲ ရှိတယ်ဆိုတာကို သူ မသွားဘူးလား .. သူ မသွားတာကိုရော မကေ တို့ သိကြရဲ့လား ..၊

ပြီးတော့ ဒီအလွှာမှာပဲ သူ့အခေါ် ရှိနေတယ်ဆိုတာ မကေ တို့ မသိကြလို့လား ..၊

သူ တက်သွားသည့် ဝင်ပေါက်ကို လှမ်းကြည့်ရင်း ကောင်း တစ်ယောက်တည်း မေးခွန်းတွေ များနေ၏။

သူမ အိမ်မပြန်ချင်တဲ့အကြောင်း ပြောပြီး မကေ ကို အကူအညီ တောင်းခဲ့သည်။

ပထမတော့ တအံ့တသြဖြစ်သွားပေမယ့် သူ့ယောက္ခမနဲ့ ခြောက်နှစ်သမီးလေးပဲ နေသည့် ကွန်ဒိုတိုက်ခန်းမှာ သွားနေလို့ရကြောင်း ပြောခဲ့သည်။

ပြီးတော့ ည ရှစ်နာရီလောက်ကျမှ သူမ လာခဲ့ဦးမည်လို့လည်း ပြောပြီး ကောင်း ရှေ့မှာပဲ ဖုန်းဆက်ပေးထားခဲ့သည်။

အဲ့ဒီတုန်းကတော့ မျက်နှာချင်းဆိုင်မှာ ရိုက် ရဲ့အခေါ်လည်း ရှိတယ်ဆိုတာ မပါပေ ..၊

ကိုယ့်ကိစ္စနဲ့ကိုယ် လာခဲ့ကြတာပဲလို့ တွေးရင်း ဓာတ်လှေကားဆီ ရောက်လာခဲ့လျှင် ရှေ့မှာ လူလေးငါးယောက် စုရုံးရပ်နေကြတာ ရိုက် ကိုတော့ မတွေ့ ...။

"ဓာတ်လှေကားက ဘာဖြစ်လို့လဲဟင် .."

www.burmeseclassic.com



"မီးပျက်သွားလို့တဲ့ .."

"ဟင်!..."

"ခဏပဲ .. ခဏပဲ .. သုံးမိနစ်လောက်ပါ .."

ဝန်ထမ်းလူကြီးက ပျာပျာသလဲ ထွက်လာပြီး ပြောပြသည်။ ဒါပေမယ့် ကောင်း ကတော့ အဘွား ပြောတာကိုပဲ သတိရသွားမိခဲ့၏။

"ဓာတ်လှေကား စီးရတာ အန္တရာယ်ကြီးတယ် .. ကိုယ်ကကျူး ကိုယ့်ဒူးကိုတောင် မယုံရဘူးလို့ ဆိုထားတဲ့ဟာ .. စက်ပစ္စည်းကို ဘယ်လောက် စိတ်ချရမှာလဲ ..၊ ဘယ်တော့မှ ဓာတ်လှေကားမစီးနဲ့ .. အထပ်မြင့်ကြီးတွေဆို ပိုပြီး ရှောင် .." တဲ့ ..။

ဒါဆို ရိုက် ကတော့ အပေါ် ရောက်သွားပြီလား ..၊

မဖြစ်နိုင်ပါ ..၊ ပါသွားပြီဆိုရင်လည်း ဓာတ်လှေကားနဲ့ လမ်းခုလတ်မှာပဲ ရှိလိမ့်ဦးမည်သာ ..၊

"စိတ်ညစ်လိုက်တာ .. ခုနက ဟိုကောင်လေးလို လှေကားကနေ တက်သွားရရင် ကောင်းမလား .."

အမျိုးသမီးက သူ့အမျိုးသားကို လှည့်ကြည့်ပြီး ဆန္ဒတောင်းခံ၏။ အမျိုးသားက ခေါင်းခါ၍ ...

"လှေကားက လူပြတ်တယ်ကွ .. အေးဆေး စောင့်နေစမ်းပါကွာ .."

"ဒီမှာလည်း မီးထပ်ပျက်သွားရင် ဘယ်လိုလုပ်မှာလဲ မောင်ရယ်.. ကိုယ်က ဟိုးအပေါ်ဆုံးထိ တက်ရမှာ .. ကလေးတွေက ခုလောက်ဆို မျှော်နေကြပြီ .."

"ဟုတ်ပကွာ .. ဒီကွန်ဒိုကလည်း မီး ခဏခဏ ပျက်တာတော့ မဟုတ်သေးပါဘူး .."



ညည်းညူသံတွေကို နားထောင်ခဲ့ပြီးမှ ကောင်း ဆုံးဖြတ်ချက်ချကာ လှေကားဘက်ကို ပြေးခဲ့သည်။

ဒေါက်မြင့်ဖိနပ် စီးထားသဖြင့် တိတ်ဆိတ်သည့်အမှောင်မိုက်ထဲမှာ ဖိနပ်သံက ကျယ်လောင်စွာ ထိုးဖောက် ဝင်ရောက်နေခဲ့၏။

လှေကားထိပ်တွေမှာ မီးပွင့်တွေ ရှိပေမယ့် မှောင်တော့ မှောင်နေတာပဲဖြစ်ကာ သူမ တက်လာခဲ့တာက ဟိုအမျိုးသမီး ပြောစကားအရ ရိုက် ဒီဘက်က တက်သည်ဆိုတာကို ခန့်မှန်းမိ၍ ဖြစ်သည်။

ဒါကျတော့ရော သူက သူ့နောက် လိုက်ကြည့်တယ်လို့ ထင်မှာ မဟုတ်ဘူးလား ..၊

ကိုယ့်ဘာသာ ပြန်မေးရင်း ပြုံးလိုက်မိ၏။

ဟုတ်လည်း ဟုတ်နေတာပဲမို့ ဒီတိုင်းမေးလာရင်တော့ ဟုတ်တယ်လို့ပဲ ဖြေလိုက်ရုံသာ ..၊

သူမ ဘာဖြစ်လို့ ရိုက် ကို မယုံကြည်နိုင်တာလဲ ..၊

ကိုယ့်ကို ကူညီခဲ့တာတွေလည်း ရှိခဲ့ပါလျက်နှင့် ဘာဖြစ်လို့ ကျေးဇူးမတင်ချင် ဖြစ်နေခဲ့တာလဲ ..။

လှေကားကို တက်နေရင်း စိတ်တို့က ရိုက် အကြောင်းတွေ တွေးနေမိသည်။ ထို့ပြင် တက္ကစီသမား ယုတ်မာတာကို ကြုံရသည့်နေ့က လည်း ရိုက် သာ ရောက်မလာခဲ့ရင် သူမအဖြစ်က ရင်လေးဖွယ်ပါ ..၊

ဒါပေမယ့် ရိုက် ကိုပဲ သူမ အထင်လွဲခဲ့၏။

"ဟူး .. မောလိုက်တာ .."

လှေကားက တက်လာခဲ့ရင်း တစ်ဝက်နီးပါးလောက်တွင် ခြေစုံရပ်ပြီး ညည်းညူလိုက်မိသည်။ ထိုစဉ် ...

"မင်းက ဘာဖြစ်လို့ လှေကားက တက်လာတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!…"

ကိုယ့်ရဲ့အထက်မှာ သူ ရှိနေမယ်လို့ မထင် …၊

မော့ကြည့်လိုက်တော့ ထိပ်ဆုံးမှာ သူက အကျအန ခြေချထိုင်လျက် …

"ငါ့နောက် လိုက်လာတာလား .."

"ဟုတ်တယ် .. လမ်းမသိ ခွေးနောက်လိုက် ဆိုတာမျိုးတော့ မဟုတ်ပါဘူး .. ဒါပေမယ့် လှေကားက တက်ဖို့က အဖော်ရှိတယ်ဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့ .."

"မင်းက ကြောက်တတ်သေးတယ်ဆိုတာ အံ့သြစရာပဲ .."

"မကြောက်ပါဘူး …၊ ကြောက်တယ်လို့ ဘယ်သူပြောလဲ .."

ကောင်း က လှေကားထစ်ကို ဆက်တက်လိုက်ပြီး ရိုက် ရဲ့ရှေ့မှာ ခဏရပ်၍ …

"မကြောက်တတ်တဲ့လူ အန္တရာယ် မကြုံနိုင်ဘူး ဘယ်သူ အာမခံမှာလဲ.. ကောင်း လည်း မိန်းကလေးပဲ .. ကိုယ်နဲ့ မယှဉ်သာတဲ့ အန္တရာယ်မျိုး ကြုံလာမှာတော့ ကြောက်တာပေါ့ .. ဒီလမ်းက ရှင် တက်သွားတယ်ဆိုတော့ .."

"မဆိုးပါဘူး .. ကိုယ်လည်း အဖော်ရတာပေါ့ .."

သူက ဖြတ်ပြောပြီး ရှေ့က ဆက်တက်သွားသည်။ ကောင်း နောက်က လိုက်နေရင်း သူနဲ့ ဘေးချင်းယှဉ်လျက်ဖြစ်အောင် အတင်းလုတက်၏။

ရိုက် က ပြန်ငဲ့ကြည့်ပြီး ပြုံးသည်။ မှောင်ရိပ်ကျနေသည့် လှေကားကြားထဲမှာ ဝင်းဖန့်စိုပြည်နေသော မျက်နှာလေးက လက်ရှည်ခါးရှည်ကိုယ်ကျပ်လေးနှင့် ချစ်စဖွယ်လေး ဖြစ်နေသည်။





ပြီးတော့ သူမရဲ့ ကော်ဖီရောင် ပြောင်အိနေသည့် ဆံပင်တွေက မျက်နှာလေး မော့လိုက် လှုပ်လိုက်တိုင်း လက်ခနဲ ခွဲ့ပြောင်းသွားတတ်သေးသည်။ သူမရဲ့ နှာတံကော့ကော့ချွန်ချွန်လေးနှင့်ဆိုတော့ ဘို့ချောင်လေးနှင့် တူနေ၏။

ကောင်း က အင်္ကျီစပ်ကျားလေးတွေ ဝတ်ပြီဆို လက်ဖဝါးတွေ အမျိုးမျိုးနှင့် အွဲကြိုးရှည်ကြီးတွေကို မရှီးအောင် ဆွဲတတ်၏။

ဗရုတ်ကျချင်သည့်ပုံစံလေး ပေါက်နေပေမယ့် စူးလက်နေသော မျက်ဝန်းလေးတွေကျတော့ ဘယ်သူ့ကိုမှ ဗိုလ်မထားချင်တာမျိုး —

"ကောင်း .."

"ဘာလဲ .."

"ဘယ်အထပ်ကို သွားမှာလဲ .."

"ရှင့်လိုပဲ .."

"ဟင်!… ဘာ!…"

"ရှင့်နောက်ကို လိုက်နေပြီလို့ ထင်လိုက်တာလား .."

"မထင်ပါဘူး .. ကိုယ်က အလုပ်ကိစ္စနဲ့ လာတာမှ မဟုတ်တာ.."

"အလုပ်ကိစ္စလို့ ထင်ပြီး ကျွန်မက လိုက်နေတာ မဖြစ်နိုင်ဘူးလား .."

"မဖြစ်နိုင်ပါဘူး .. မင်း ကိုယ့်ကိုတောင် ဖမ်းရမ်းပြီး စွပ်စွဲခဲ့သေးတာ .. မင်း လုပ်မယ့် အစီအစဉ်က အစတည်းက ရှိထားပြီးသားပဲ — ဒါကို ပြောင်းလဲပြီး ကိုယ့်နောက် လိုက်ရလောက်အောင် မင်းက ကိုယ့်ကို အထင်ကြီးခဲ့တာလည်း မဟုတ်ဘူး .."

"အင်း .. ရှင် ပြောတာ ပြည့်စုံသားပဲ .."

"မပြည့်စုံရင် မင်း စွပ်စွဲမယ့်ပုဒ်မတွေကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ .."

သူ့မျက်နှာက ကိုယ် ပြောဆို စော်ကားခဲ့ဖူးသမျှအပေါ်မှာ စိတ်ခု အမျက်သိုခြင်း ဘာမှမရှိခဲ့သလိုပါလား ...။

"ရှင့်ကို နည်းနည်းလောက် စပ်စုကြည့်ချင်တယ် .. ရမလား .."

"ရပါတယ် .. ဘာမေးချင်လို့လဲ .."

"ရှင်နဲ့ ကောင်း ဒီမှာ လာပြီး တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တာ ကတော့ မယုံနိုင်လောက်အောင်ပေမယ့် လှေကားကနေ တက်ဖို့ထိ.."

"အခု .. မင်းက ကိုယ့်နောက်က လိုက်လာတာ နော် .."

"ဟုတ်တယ် .. ဒါက ငယ်ငယ်တည်းက ဘွား ရိုက်သွင်းခဲ့တဲ့ ဆုံးမစကားတွေနဲ့ ဓာတ်လှေကားစီးခြင်းကို သိပ်မနှစ်သက်ခဲ့တာလည်း ပါတယ် .. ပြီးတော့ ကောင်း စွန့်စားရတာကို ဝါသနာပါတာ ရှင် သိပါတယ် .."

"အင်း .. သိတယ် .. လှေကားကနေ တက်ရင် စွန့်စားရာ ကျမယ် လို့ မင်း ထင်တယ်ပေါ့ .."

"မိုးချုပ်တော့မယ်လေ .. ခုတောင် မှောင်မိုက်နေတဲ့ဥစ္စာ .."

ကောင်း က လှေကားကို တစ်ထစ်ချင်း တက်နေရင်း ခေါင်းညိတ် သည်။

"ရှင် တက်သွားတာပဲဆိုပြီး ကျွန်မ လိုက်တက်ခဲ့တာပဲ .. ဒါပေ မယ့် ရှင် ဓာတ်လှေကား မစောင့်နိုင်လောက်အောင် ဘာကို အရေးကြီး နေသလဲဆိုတာကိုလည်း သိချင်နေတယ် .."

ရိုက် က ရယ်သည်။ ကောင်း က မျက်မှောင်ကုတ်ကြည့်၏။

"အခုကျတော့ ရှင့်ပုံစံက လှေကားကနေ အရေးတကြီး တက်ရ တဲ့ အကြောင်းရင်း ပျောက်နေသလိုပဲ .."





"ဟုတ်တယ် .. မင်းနဲ့ ကိုယ် တစ်ခါမှ ခုလို စကား အေးအေး ပြောခဲ့ရဘူးလေ .. အလုပ်ကိစ္စတွေနဲ့ ငြင်းရ .. ရန်ဖြစ်ရ .. တစ်ချိန်လုံး ပြောဖြစ်ခဲ့ကြတာတွေက တစ်ခုမှ ငြိမ်းချမ်းတာ မပါဘူး .."

"ခုလည်း ရှင့်ကို ကောင်း က မိတ်ဆွေဖွဲ့ဖို့စကားတွေ ပြောပြီး ဖော်ရှောလုပ်နေတာ မဟုတ်ဘူး နော် .."

"ဟား .. ဟား .. ဟား ..."

"ဘာ ရယ်တာလဲ .."

"မင်းဆီကလည်း ကိုယ် အဲ့လောက်ထိ မမျှော်လင့်ခဲ့ပါဘူး.. အခု ကိုယ် စိတ်တွေညစ်ပြီး လမ်းပေါ်မှာ တစ်နေကုန် လိမ့်နေတာ .. အန်တီ ဆီက မက်ဆေ့ချ်ဝင်လာလို့ ဒီဘက်လှည့်လာရင်း မင်းနဲ့ တွေ့တာလေ.."

ကောင်း မျက်နှာလေးက မကျေနပ်သလို မျက်မှောင်ကုတ်ထား ပေမယ့် တစ်ခုခုကို မကျေနပ်နေမှန်း သိသာနေကာ ...

"နေပါဦး .. တစ်နေကုန် စိတ်ညစ်နေတယ်ဆိုတာထိ တူနေတာ ကတော့ မဟုတ်တော့ဘူး .. ရှင်က ဘာတွေ စိတ်ညစ်နေစရာ ရှိလို့ လဲ .."

"ဟုတ်လား .. တူသွားပြန်ပြီလား .."

ရယ်နေသည့်မျက်နှာကို ကောင်း က စိတ်တိုနေပြန်သည်။ ဒါပေ မယ့် ကိုယ်ပဲ သိပြီး ကိုယ်တစ်ယောက်တည်း စိတ်တိုသလို ဖြစ်နေခဲ့ သည်။

တကယ်တမ်း ရိုက် မှာလည်း အပြစ်ရှိတာ မဟုတ် ...။

"ကိုယ့်ကို အိမ်က မိန်းမပေးစားမယ် ပြောလို့လေ .."

"ဘယ်လို!..."

"ပြောရုံတင် မဟုတ်ဘူးနော် .. တကယ် အတည် ခိုင်ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ .. အဲ့ဒါကြောင့် ဒီညနေ .."

ပြောမလို့ပေမယ့် ဖုန်းဝင်လာ၏။

"ဟလို .. ကိုကြီး ဘာလဲ .."

"မင်း ခု ဘယ်မှာလဲ .."

"ဒီလိုပဲ .."

"တစ်နေ့လယ်လုံး ဘယ်သွားနေလဲ ညီရာ .. အလုပ်ကိုလည်း ခဏပဲ လာတယ်တဲ့ .."

"ဒီလိုပဲ လျှောက်လိမ့်နေတာပေါ့ .."

"လေးလေးထွန်း က ထူးဆန်းတယ်ကွ .. ထမင်းစားဖိတ်တာကို မင်း ဂျိုကျောင်လုပ်ပြီး လစ်ထွက်သွားမှန်း သိတယ် .. ဒါပေမယ့် ဘာမှ မပြောဘူး .."

"မသွားဖြစ်တော့လို့လား .."

"သွားဖြစ်တယ် .. အန်ကယ်လ်မောင် တို့နဲ့ ထွက်သွားကြတာ ဓာတ်ပုံရိုက်ထားတဲ့အတိုင်းပဲ .. ပုံစံက ဘာနဲ့ တူသလဲ သိလား .. မင်းရဲ့ အိမ်ထောင်ရေးကိစ္စ မဟုတ်ဘဲ အရေးကြီး အစည်းအဝေးတစ်ခုကို မပျက်မကွက် တက်ကြတာမျိုး .."

"တက်ကြပစေပေါ့ .. ကျွန်တော် ပြန်လာရင်လည်း ကွိုင်ပူမှာပဲ.. လေးလေးထွန်း က ကျွန်တော် ပြန်လာမှ အပီအပြင် နှိပ်ကွပ်ဖို့ စောင့်နေတာ .."

"မဟုတ်လောက်ပါဘူးကွာ .. သူ ဒေါသထွက်နေရင် သိသာပါတယ် .. အခု အလုပ်ထိုင်လုပ်ရင်း ကော်ဖီသောက်နေတာ အေးဆေးပဲ.. ညစာ မစားခင် မင်း အရောက်ပြန်ခဲ့ .."

"မပြန်ဘူး .. ညဥ့်နက်မှပဲ ပြန်မယ် .."





"ရိုက် နော် .. ကိုကြီး စကားကို မင်း နားမထောင်လို့ မရဘူး .. တော့ မင်းကို ပြောစရာရှိသေးတယ်ကွ .."

"ဘာလဲ .."

ဖုန်းပြောရင်း ကောင်း ကို အားနာသလို လှမ်းကြည့်မိသေးသည်။ ာင်း ကလည်း လှေကားထစ်တွေကို နေးကွေးလေးလံစွာ တက်နေ း သူ့ကို စောင့်သွားနေ၏။

"မိုးမြေ ယောင် ဆောင်ထားတဲ့ အငယ်မလေးလေ.. အဲ့ဒီ ကောင်မ းက ဘယ်သူလဲ မင်း သိရင် အရမ်း အံ့ဩသွားမှာ .."

"ဘယ်သူ မို့လို့လဲ .."

"ငါလည်း ဒီညနေကမှ သိလိုက်တာ .. ငါတို့ တွက်ထားတာသာ ာ်တိမှန်တယ်ဆိုရင်တော့ အဲဒီချာတိတ်မက မင်း လက်ထပ်ရမယ့် တိတ်မပဲကွ .."

"ပြောမှာဖြင့်လည်း မြန်မြန် ပြောပါ ကိုကြီးရာ .. သိပြီးသားချည်း ထပ်ပြောပြီးတော့ .."

"အေးပါ .. ပြောမလို့ ဆက်လိုက်တာပါ .. ပြောပြီးရင်တော့ ချက်ချင်း ပြန်လာရမှာ သေချာတယ် .. အဲ့ဒီကောင်မလေးက နဲ့ အတူတူ .."

"ဟ!..."

"ဒုတ် .. ဒုတ် .."

"ဟယ် .. ကွဲပြီ .."

"ဆောရီး .."

လှေကားထိပ်မှာ အပေါ်ထပ်က ဆင်းလာသူနှင့် ပခုံးချင်းပြီး ၍ လက်ထဲက ဖုန်း လွတ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသည် လေ့ကားနှစ်ထစ်ကနေ ဆက်လက် ခုန်ဆင်းသွားလေ
ဖို့ အရှိန်နဲ့ပေမယ့် ကောင်း က အလျှင်အမြန် ပြေးကောက်သဖြင့် ပြ
လိုက်၏။

"တောက် .. ဘလိုင်းကြီး ဝင်ချိတ်ပြီးတော့ ဆောရီး တဲ့ .."

ကောင်း က ဒေါသထွက်ကာ အပေါ်စီးကနေ အော်ပြော၏။

"တော်တော် မိုက်ရိုင်းတဲ့လူ .."

"တော်တော့ ကောင်း .. မတော်တဆပဲ .."

"ဘာမှ မတော်တဆ မဟုတ်ဘူး .. သူ ပြေးဆင်းလာတာမှ မဟုတ်
တာ .. တမင် ဖုန်း ပြုတ်ကျအောင် တိုက်ချင်လို့ကို တိုက်တာ .."

"ဒါပေမယ့် မတော်တဆလို့ ပြောမှာပဲ .. ထားလိုက်ပါကွာ .."

ရိုက် က ဖုန်းကို ပြန်ယူပြီး ကာဘာကြွထွက်သွားတာကို ပြန်
ပိတ်သည်။ ပြီးတော့ ပြန်စမ်းကြည့်ကာ ...

"ဘာမှ မဖြစ်ပါဘူး .."

ကောင်း က သူ ဖုန်းပြောနေတာကို နားစွင့်နေတာပါ ..၊ အရော
သဖြင့် မမမိုး ကို သူမ ပြန်ပြောနေတာတွေပါ တစ်ထပ်တည်း လာ
နေသဖြင့် မိန်းမ မယူချင်လို့ ပတ်ပြေးနေရသည့်အဖြစ်တွေပါ တိုး
ဆိုင်စွာ လာတူနေတာက ...

"ရောက်ပြီ .. မင်းက ဟိုဘက်ခန်းလား .."

"အင်း .."

နှစ်ယောက်အတူတူ ဟိုဘက်ဒီဘက် လှည့်ကြည့်မိကြကာ ..

"မင်း ဘယ်အချိန်လောက် ပြန်ဆင်းမှာလဲ .."

"မဆင်းတော့ဘူး .."

"ဘာ!..."





"ဟုတ်တယ် .. ကောင်း က ဒီမှာပဲ ဒီည အိပ်မှာ .."

"ဘာဖြစ်လို့လဲ ..၊ မင်း .. မင်း အိမ်က ထွက်ပြေးလာတာလား.."

"ဆိုပါတော့ .."

"ဟာ!..."

ရိုက် အံ့ဩ စိုးရိမ်နေသည့်မျက်နှာနှင့် ကိုယ် ဝင်ရမည့်အခန်းရှေ့
ကနေ သူမဘက်ကို လှည့်၍ ...

"ဒီအိမ်က မင်းနဲ့ ဆွေမျိုးလား .."

ဒါဆိုရင်တော့ ရိုက် နဲ့ မကေ တို့ ဒီမှာ တစ်ခါမှ ဆက်စပ် သိရှိ
ခြင်း မရှိကြတာ သေချာပါပြီ ..၊

"မဟုတ်ပါဘူး .. ဒါပေမယ့် ယုံကြည်ရတဲ့လူတွေပါ .."

"မင်းကွာ .. ဟော့ .. ခဏ နေပါဦး .."

တံခါးဝက ဘဲလ်တီးဖို့ လက်လှမ်းတာကို သူက အမိအရ ခေါ်
ဘာ ...

"ဒီဘက်မှာ ကိုယ့်အဒေါ်က အထက်တန်းကျောင်းအုပ် အပျိုကြီး
ပဲ .. သူ တစ်ယောက်တည်း နေတာလေ .. တစ်ခါတလေမှ သူ့
ညည့်တွေ လာအိပ်တယ် .. သူ့မောင်ဝမ်းကွဲ လင်မယားကလည်း
သူ မကျန်းမာဖြစ်မှ တစ်ခါတလေပါပဲ .."

"အဲဒါ ဘာဖြစ်လဲ ..၊ ကျွန်မကို အဲ့ဒီမှာ အိပ်ဖို့များ ရှင်က ပြောချင်
လို့လား .."

"မပြောသင့်မှန်း ကိုယ် သိပါတယ် .. ဒါပေမယ့် ဆွေမျိုးမတော်
တဲ့သူကို မှီခိုရမှာချင်း အတူတူ အန်တီက ကျောင်းအုပ်ဆရာကြီးပဲ
ပြီးတော့ သူတစ်ယောက်တည်းရယ် .. မင်းကို ကိုယ့်မိတ်ဆွေဆိုပြီး
သေချာအပ်ပေးလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .."

"ဟင်!..."

"အား!..."

ဘယ်က အသံတွေလဲ ..၊

ကောင်း နဲ့ ရိုက် ပြောလက်စတွေ ပြတ်သွားကာ အသံတွေကြော
ဆတ်ခနဲ ဖြစ်သွားကြသည်။

"ဘာသံတွေလဲ .."

"အန်တီ့အခန်းကပဲ .."

ရိုက် မျက်နှာပျက်သွားကာ အခန်းဘက်ကို ပြေးကပ်သွားသည်
ကောင်း ပါ သူနဲ့အတူ ပါသွားကာ ...

"မလုပ်နဲ့လေ .. ဘဲလ် သွားမတီးလိုက်နဲ့ .. အထဲမှာ ပိုအဖြစ်ဆိုး
သွားလိမ့်မယ် .."

"မတီးလို့ ဘယ်လိုလုပ်မှာလဲကွ .. အထဲက ပိတ်ထားတာကို-"

"ကောင်း သော့ဖွင့်တတ်တယ် .. စမ်းကြည့်မလား .."

ကောင်း က သူမ လွယ်ထားသည့် အိတ်လေးထဲကနေ တ
တစ်ခုကို ရှာနေစဉ် ...

"ရှင်က အနီးဆုံး ရဲစခန်းကို ဖုန်းဆက်လိုက် .. အထဲမှာ တစ်
ဖြစ်နေတာ သေချာပြီ .."

"ဟုတ်တယ် .. ဒါကြောင့် ဖုန်းဆက်ခဲ့တဲ့ အန်တီက ဒီနေ့
အရေးကြီးတယ်.. အမြန်လာခဲ့ပါလို့ မက်ဆေ့ချ်ပို့လိုက်တာ .. ကျွတ်!.."

တွေးမိသမျှ ပြောပြရင်း ရိုက် က ဖုန်းခေါ်ဖို့ လုပ်သည်။

ဒါပေမယ့် ဖုန်းထဲမှာ နံပါတ်က အဆင်သင့် မရှိသဖြင့် စာအုပ်
မှာ ရှာရဦးမည်။



စာအုပ်ရှာရခြင်း .. သော့ကလောက်ထဲကို သံစလေး ထည့်၍ ဖွင့်ဖို့
ကြိုးစားနေရခြင်းနှင့် သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်၍ အလုပ်ရှုပ်နေ
ကြစဉ် ...

"ဒုတ် .. ခွပ် .."

"အား!..."

"အား!..."

ခေါင်းတွေထဲမှာ ပူထူ မီးပွင့်သွား၏။ ကောင်း ခွေခနဲ တန်းလဲ
သွားပေမယ့် ရိုက် က နောက်ပြန် မော့ကြည့်လိုက်သေးသည်။

"ခင်ဗျား!... ခင်ဗျား .."

သူ အံ့ဩရင်း ကွေးကောက် ခွေကျသွားခဲ့၏။ အာရုံထဲမှာတော့
သူ့ဖုန်း လွတ်ကျလောက်အောင် တိုက်ချပြီးမှ အောက်ဆင်းသွားခဲ့သော
ခုနက ကုတ်အင်္ကျီအနက်နှင့် လူ ..၊

ဒါဟာ အစီအစဉ်တကျ လုပ်ကြံ ဖောက်ထွင်းမှုလား – ဒါမှ
မဟုတ် ခါးပြတိုက်တာလား ..။

www.burmeseclassic.com



## အခန်း (၃၇)

"အား!... ကျွတ် .. ကျွတ် .."

ညည်းညူသံ သဲ့သဲ့လေးနှင့်အတူ လှုပ်ရှားမှုက ကိုယ့်ကို ထိခတ်လာသဖြင့် ကောင်း လည်း သတိရလာသည်။ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ သူ့အန်တီ့ အခန်းထဲမှာ ..။

"ရိုက် .. ရိုက် လား ဟင် .."

"ဟုတ်တယ် .. မင်းနဲ့ ငါ့ကို ကျောချင်းကပ်ပြီး လက်တွေ ပူးချည်ထားတာ .."

"ဘယ်သူတွေလဲ .. ဒါ .. ဒါ .. ဘယ်သူ့အိမ်လဲ ဟင် .."

"ဘယ်သူတွေမှန်းတော့ မသိဘူး .. ဒါ အန်တီ့အခန်းပဲ .."

"ဟင်!..."

ကောင်း က နံရံမှာ မှီနေရာကနေ ငုတ်တုတ်လေး ပြန်ကျုံးထကာ မီးတွေ ဖွေးနေသည့် တိုက်ခန်းကို သေချာ လိုက်ကြည့်သည်။

တိုက်ခန်းက အကျယ်ကြီးပဲဖြစ်ကာ အထဲမှာ အဖိုးတန်ပရိဘောဂ အဆောင်အယောင်တွေနှင့် ထည်ဝါနေ၏။





ထို့ပြင် စည်းကမ်းကြီးသူတစ်ယောက် နေထိုင်သွားမှန်း သိသာလောက်အောင် ကြမ်းပြင်ပါကေးတွေက မှန်သားပြင်ကဲ့သို့ ပြောင်လက်နေကြ၏။

"သူ ဘယ်ရောက်သွားတာလဲ .."

"ဘယ်လိုလုပ် သိမှာလဲကွ .. ငါလည်း ခေါင်းရိုက်ခံလိုက်ရတာ မင်းနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ နိုးလာတာကို .."

"ကောင်း တို့ကို အထဲကနေ ထွက်ရိုက်တာတော့ ဘယ်လိုမှမပြောနိုင်ဘူး .. တံခါးဖွင့်နေတာ ရမှ မရသေးတဲ့ ဥစ္စာ .."

"ငါ သိတယ် .."

ရိုက် က ပြောတော့ တစ်ယောက်မျက်နှာ တစ်ယောက် မြင်ရအောင် ကြိုးစားရင်း ဇက်ကျိုးမတတ်ပင် ..။ ခေါင်းကို ရိုက်ခဲ့ပေးမယ့် အကြီးအကျယ် သွေးထွက်သံယို မလုပ်ခဲ့တာပဲ ကျေးဇူးတင်ရဦးမယ့် အဖြစ် ..။

"သူတို့ အထဲမှာ တစ်ခုခု လုပ်ကြံနေတုန်း အပြင်မှာလည်း သူ စောင့်ချထားတာ နေမှာ .. အဲ့ဒီလူက မင်းရဲ့ ခေါက်ဖိနပ်သံနဲ့ ငါတို့ စကားပြောသံတွေကို ကြားပြီး ဆင်းလာကြည့်တာ .. သဘောထားတော့ ငါတို့ရဲ့နောက်ကို ရောက်အောင် နေရာယူလိုက်တာ .."

ရိုက် က ထိုလူကို သူ သတိမလစ်ခင်မှာ မြင်လိုက်ရတာပါ [illegible] ပြောပြကာ ...

"ငါတို့က အဲ့ဒီအခန်းကို မသွားဘဲ ဒီဘက်ခန်းကို လာကြတာ ဆိုရင် ခုလို လုပ်ချင်မှ လုပ်မှာ .. ဒါမှမဟုတ် ငါတို့ ဒီထဲက [illegible] သတိမထားဘဲ မစပ်စုခဲ့ရင်ပေါ့ ..။ အခု ငါတို့က ဒီအခန်း[illegible] တွေ ဖြစ်နေတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ရှင့်အခေါ်ကိုတော့ သိပြီး ရှင့်ကို မသိကြဘူး ထင်တယ် .."

"ဟုတ်တယ် .. ငါ့အခေါ်က အခေါ်ဝမ်းကွဲလေ .. ပြီးတော့ အခေါ်ကလည်း ချမ်းသာသလောက် ရိုးရိုးကုပ်ကုပ်နေတဲ့သူပါ .. ကျောင်းနဲ့ နီးအောင် သူ တမင် ဒီမှာ လာနေတာ ကြည့်ပါလား .."

"ဒီမှာ နေမယ့်အတူတူ ကျောင်းမှာပဲ နေလိုက်ရင် သူ့အတွက် ပိုမကောင်းဘူးလား .."

"အန်တီက အရမ်း ဖီဇာကြောင်တာ .. သူဆင်း ကိုယ်တက်နဲ့ အဖန်တလဲလဲ နေထိုင်သွားတဲ့နေရာကို သူ မနေချင်ဘူး .. သူ့ဝတ္တရားတွေ .. ရသင့်တဲ့ အခွင့်အရေးတွေကို ဆုံးရှုံးခံပြီး ဒီထဲမှာ လာနေတာ.."

အဲ့ဒီတော့ တစ်ယောက်တည်း နေကာမှတော့ ဖြစ်ပြီပေါ့ ..၊

ကောင်း ကိုက်ခဲနေဆဲ ခေါင်းကို ခါထုတ်ပစ်မိကာ ကျောင်းအုပ်ဆရာမကြီးအကြောင်းကို ဖယ်ထုတ်ပစ်လိုက်သည်။

ဆွမ်းခံရင်း ငှက်သင့်ခဲ့တာက သူမ ..၊

ဒါပေမယ့် အဲ့ဒီလိုချိုးတွေမှာ စိတ်ဝင်စားတတ်တဲ့အကျင့်ကြောင့်လည်း သူမ ဒီထဲ ဝင်ပါမိတဲ့အတွက် ဘာတွေ ဆက်ဖြစ်လာနိုင်သလဲဆိုတာကို ဂရုမစိုက်မိခဲ့ဘဲ ...

"တောက်!... ကိုယ်တိုင် ပါရတဲ့ တကယ့်ပွဲကျမှပဲ ဘာတစ်ခုမှ မရလိုက်ဘူး .."

ပြောရင်း ကြမ်းခင်းတွေကို လှည့်ပတ်ကြည့်ကာ ...

"ဟိုမှာ .. ဟိုမှာ .. ကြည့်စမ်း ရိုက် .. အခန်းထောင့်က ပန်းအိုးကြီးနားမှာ သွေးကွက်မို့လား .."

"ဟင်!..."





မီးရောင်ဖွေးဖွေးအောက်မှာ သွေးကွက်က သိပ်မကြီးသော်လည်း ခန့်ကန်လုံးလေး တစ်လုံးစာလောက်တော့ ရှိသည်။

ပြီးတော့ ဒီဘက်ထိ ဆက်ပါလာသည့် သွေးစက်တချို့လည်း ရှိ၏။

"အန်တီ တစ်ခုခုဖြစ်ပြီ ထင်တယ် .."

"အဲ့ဒါကြောင့် ပြောတာပေါ့ .. ဒီမှာ စားပြမှုကြီး သေချာပေါက်ဖြစ်သွားတာတောင် ဘာမှ မရလိုက်တဲ့အပြင် ကိုယ်ပါ ခံလိုက်ရသေးတယ် .."

"ကောင်း .."

"ဟင်!..."

ရိုက် က ဒေါသဖြစ်သလောက် မျက်နှာကို ကြည့်ပြောလို့လည်း မရဘဲ ဖြစ်နေလျက် ...

"မင်းကွာ .. သူမျှား သေရေးရှင်ရေး ဖြစ်နေတာကို .."

"သူမျှားဖြစ်တဲ့ အကြောင်းတွေကိုပဲ လိုက်စုံစမ်းရတာ သတင်းထောက်အလုပ်ပဲလေ .. ကိုယ့်ဘာသာ စိတ်ထဲရှိတဲ့အတိုင်း ပြောတာဘာဖြစ်လို့လဲ .."

"ဒါပေမယ့် မင်း ပြောနေတာ ကိုယ့်အခေါ်လေ .. ကိုယ့်ရှေ့မှာ နည်းနည်းပါးပါး အားနာဖို့တော့ ကောင်းတာပေါ့ .."

"ကောင်း မှ အားနာစိတ် မဖြစ်တာ .."

"ဘာ!..."

"ရှင့်အခေါ်လေ .. ကောင်း ရဲ့ အခေါ်မှ မဟုတ်တာ .. ပြီးတော့ ကောင်း က ဘာမဆိုင် ညာမဆိုင် ကြားညပ်ခံလိုက်ရတာ .. ဒီအခြေအနေ ရှင် တစ်ယောက်တည်း ဖြစ်တာဆိုရင် ကောင်း ...



www.burmeseclassic.com

www.burmeseclassic.com



ယူလို့ ရဦးမှာ ..”

“ကောင်း ကင် လင်း ..”

“ဘာလဲ .. ရှင်တို့ အဲဒါတွေ ခက်တာ .. စိတ်ထဲရှိသလို ပြောတာကို လက်မခံဘူး .. ကိုယ်နဲ့ မသိ .. မရင်းနှီးဖူးတဲ့ လူအတွက် ကောင်းက ဘာဖြစ်လို့ ဟန်ဆောင်ပန်ဆောင် စိုးရိမ်ပြနေရမှာလဲ ..”

“ကျွတ်!...”

မှန်တိုင်း မကောင်းဘူးဆိုတာကို ရိုက် အတိအကျ လက်ခံသွားသည်။

“ကဲ .. ထားလိုက်ကွာ .. အခု ငါတို့လက်က တုပ်နှောင်ထားတာတွေကို ဖြုတ်နိုင်ဖို့ အရေးကြီးတယ် ..”

“ကောင်း တို့ အိတ်တွေက ဟိုစားပွဲပေါ်မှာ .. ဖွတော့ ဖွထားပုံပဲ ..”

“မဖွဘဲ နေမလား .. ငါတို့ ဖုန်းတွေ .. ပစ္စည်းတွေ ဘာမှ ရှိတော့မှာ မဟုတ်ဘူး ..”

“ဟယ်!... အဲ့ဒါမှ ဒုက္ခ .. ကောင်း တို့ကို အပြင်ကနေ သော့ခတ်သွားပြီ ထင်တယ် ..”

“မထွက်စေချင်လို့ ထည့်ပိတ်ခဲ့မှတော့ သော့ခတ်သွားမှာပေါ့ .. ဒီထဲမှာ လူ ရှိမရှိဘဲ သိချင်တာ ..”

“မရှိလို့ ဘာသံမှ မကြားတာပေါ့ ..၊ အ!...”

“ဟား!... အတင်း မဆွဲနဲ့လေကွာ ..”

“ရှင်ပဲ လက်က ကြိုးပြုတ်မှ ဖြစ်မှာဆို ..”

“ခဏ နေပါဦး .. ဘယ်လို ချည်ထားသလဲ .. ဘယ်လောက် တင်းနေသလဲ ကြည့်ရဦးမှာ ..”





“ကြည့်ရအောင် ရှင့်မှာ နောက်မျက်စိ ပါလို့လား ..”

“မပါပေမယ့် ကြည့်လို့ရတယ် .. မင်း ငြိမ်ငြိမ်နေ ..”

သူ့လက်က လက်ကောက်ဝတ်က ကြိုးချည်ထားတဲ့ [illegible] ရှ စမ်းကြည့်နေသည်။

သို့သော် တရွရွသော လက်ချောင်းတွေက ကောင်း ရဲ့ [illegible] မှာမို့ ...

“ရိုက် .. ရှင် .. ရှင့်လက်ကို လွတ်လွတ်လပ်လပ် လုပ်နော် .. ဟွန်း .. မပြောလိုက်ချင်ဘူး ..”

“လွတ်လွတ်လပ်လပ် လုပ်လို့ ရရင် ဒီကြိုးဖြုတ်ဖို့ကို [illegible] တောင် မလိုဘူး .. မင်းကို ထိချင်လွန်းလို့ ထိနေတာမှ မဟုတ်တာ .. ခဏတော့ သည်းခံမှပေါ့ ..”

ရိုက် က အားတည့်တည့်မှာ ရှိနေသော မှန်ချပ်ကြီးနဲ့ [illegible] တည့်အောင် မရမက လှည့်သည်။

“မင်းခြေထောက် ရွှေ့ပြီး ငါလှည့်သလို အလိုက်သင့် လှည့် [illegible] ..”

“အား!... လှည့်မယ်လေ .. ဒီက မလှည့်ရသေးဘူး [illegible] တာလဲ ..”

“ဆောရီးပါကွာ ..”

ခြေထောက်တွေကို ကြိုးတင်းတင်း မချည်ခဲ့တာပဲ [illegible] ဦးမည်။

“မှန်ထဲမှာ ရှင် မြင်ရလား ..”

“မြင်ရတယ် .. ဒါပေမယ့် ဖြည်ဖို့ မလွယ်ဘူး .. [illegible]”

“ကောင်း လက် ကျွတ်ထွက်သွားအောင် လုပ် [illegible] .. [illegible] တော့ ခံရမှာပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"အနာခံလည်း မရဘူး လုပ်မနေနဲ့ .. မင်းနဲ့ ငါ ဒနေရာ .. ဒီမှာပဲ မိုးလင်းမှာ .."

"ဘာ!..."

"မင်းက ထွက်လာတည်းက ဒီည ပြန်ဖို့ မဟုတ်ဘူးမို့လား .."

"အဲဒါနဲ့ပဲ ဘယ်မှာရှိနေနေ ဖြစ်တယ်လို့ ရှင် ပြောချင်တာလား.."

"ဟုတ်တယ်လေ .. ကိုယ့်ကိုတော့ ခုလောက်ဆို အိမ်က စိတ်ပူနေကြပြီ .."

"ရိုက် .."

"အောင်မယ်လေး .. သေပြီ .."

လက်ကို ဆောင့်ဆွဲပစ်လိုက်သဖြင့် ရိုက် အော်သံကြီး ထွက်လာ၏။

"ရှင် စကားပြောတာ စီးပိုးလှချေလား .. အဲဒီလို အသားယူပြောရတာ တော်တော် ဝါသနာကြီးတဲ့ပုံပဲ .."

"ဟ .. ငါ့စိတ်ထဲမှာရှိတာ ပြောတာလေ .. မင်းပဲ ဟန်ဆောင်ပန်ဆောင်တွေ မပြောတတ်ဘူး ဆို .. ငါ့ဘက်က ငါ့အပိုင်းကို ပြောတာ ဘာအပြစ် ဖြစ်သွားလို့လဲ .. မိန်းကလေးဖြစ်ဖြစ် .. ယောကျ်ားလေးဖြစ်ဖြစ် မင်းအိမ်က မင်း ထွက်လာရဲတယ် .. ငါက ထွက်မလာရဲဘူး ..၊ မင်း အဲဒီလို လုပ်ခဲ့ဖူးတာတွေ ရှိရင် ရှိခဲ့မယ် .. ငါက တစ်ခါမှ အိမ်က မထွက်ဖူးဘူး .. အဲ့ဒီထဲမှာ စီးပိုးတဲ့စကားက ဘာလဲ .."

"ရှင်ဟာ ယောကျ်ားဖြစ်ပြီး အဲဒီလို ပြောတတ်တဲ့နေရာတွေမှာလည်း လိုက်မမီအောင်ပဲ ရိုက် .. ပြောပြန်ရင်လည်း ဒေါသထွက်သေးတယ် .. ဟွန်း မိန်းမကျနေတာပဲ .."

"မိန်းမ ဟုတ်လား .. မဟုတ်လား မင်း တကယ် သိချင်ရင်





မျက်နှာလေး နည်းနည်း ဒီဘက်လှည့်လေ .."

"ကဲ .."

"ခွပ် .."

"အား!..."

နောက်ကနေ ခေါင်းချင်း တိုက်ချလိုက်သဖြင့် မျက်လုံးထဲမှာ မီးပွင့်သွားသည်။ ကောင်း ကတော့ ..၊

"မင်း!... အား!... မင်း .. တော်တော် လုပ်ရက်တဲ့မိန်းမ .."

ခေါင်းကို ခါထုတ်ပစ်တာတောင် မူးနောက် ရီဝေသွားတာက ရက်တရက် ကြည်လင်မလာခဲ့ပေ ..၊

"ဒီလောက်တောင် လုပ်ရသလားကွ .. မင်း ခေါင်းက ဘာလဲ .. အုန်းသီးခေါင်းလား .. ငါ့ကို ဒီလောက် နာကျင်အောင် လုပ်ဖို့အတွက် မင်းကိုယ်မင်း .."

ပြောနေရင်း အသံတိတ်နေသည့် ကောင်း ကို သတိထားမိသွား၏။ စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခဲ့ပြီး ...

"ကောင်း!..."

"... ... ... ..."

"ကောင်း ကင် လင်း .."

ကောင်း ထံမှ မည်သည့် တုံ့ပြန်မှုမှ မကြားရဘဲ သူ လုပ်လိုက်တာနှင့် သူ့ကျောပေါ်ကို ကောင်း ရဲ့ကိုယ်လေး ကျောပြားလိုက် ဇတ်ခနဲ ကပ်မှီကျလာရာ ...

"ကောင်းတယ် .. အဲ့ဒါ သူများကို ဒုက္ခပေးချင်တာ .."

ဒေါသဖြစ်ဖြစ်နဲ့ ပြောပြီး သူ့မအတွက်လည်း စိုးရိမ်သွားသည်။

"ကောင်း .. ဟေ့ ကောင်း .."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို လှုပ်ခါပစ်လိုက်တော့ ကောင်း ရဲ့ခေါင်းလေး ဘေးတိုက် ငိုက်ကျသွားကာ တစ်ကိုယ်လုံး လဲကျမလို ဖြစ်သွား၏။

ထိုအခါ သူပဲ ဗျာများသွားရကာ ကျောပေါ် ပြန်ရောက်အောင် ကမန်းကတန်း ပြန်တင်ရ၏။ နာရီ ကြည့်လိုက်တော့ ည ဆယ့်နှစ်နာရီ ကျော်နေပြီ ဖြစ်၏။

"အန်တီ .. အန်တီလေး .. အန်တီလေး .. အခန်းထဲမှာ ရှိလား.."

မတော်လို့ ခေါင်းရိုက်ခဲ့တာ ဘာညာလောက် ဆိုလျှင်တော့ သူ့ ခေါ်သံကြောင့် သတိရလာနိုင်ကောင်းပါ၏။

"အန်တီလေး .. ကျွန်တော်တို့ ဒီထဲမှာ ရှိတယ် .. အန်တီ အထဲမှာ ရှိရင် ထပါ .. ထွက်ခဲ့ပါ .."

"ရှင် ဘာလုပ်တာလဲ .."

"ဟင်!... မင်း သတိရပြီလား .."

"ရပြီ .. အဲဒါ ရှင့်ကြောင့် .."

"ဩော် မှတ်တောင် ထားရဦးမယ် .. ဟုတ်ပါတယ် .. ကျွန်တော့် အပြစ်ပါ .."

"တော်ပါတော့ .. ရှင့်အခေါ်ကိုလည်း ဆက်ခေါ်မနေပါနဲ့ .."

"ဘာဖြစ်လို့လဲ .."

"ဟိုမှာ သွေးကွက်တွေ ရှင် မမြင်ဘူးလား .. သတ်ပြုပြီး ထားခဲ့ ရင် အဲ့ဒီလို ရှင်က ခေါ်ထုတ်နေတော့ ဝိညာဉ်က ထလာမှာပေါ့ .."

"အရေးထဲ မင်းက သရဲ လာကြောက်နေသေးတယ် .."

"ကြောက်တယ် .. လူလူချင်းက ဖက်သတ်လို့ ရသေးတယ် - သရဲက သူ ပြချင်သလို ပြုးပြဲ လုပ်ပြနေတာ .. ဘာမှလည်း ပြန်လုပ်လို့ ရတာ မဟုတ်ဘူး .. ရှင် နော် .. သေနေရင် အဲ့ဒါ အစိမ်းသေကြီး -





"မဟုတ်လောက်ပါဘူးကွာ .. ငါတော့ မထင်ပါဘူး - အန်တီ က ပစ္စည်းလိုချင်လို့ ဓားပြတိုက်သွားတာ ..၊ ပြီးတော့ ဒါ အတွင်း ပါမှ လုပ်လို့ဖြစ်မယ့်ကိစ္စ .. အန်တီက အရမ်း စေ့စပ်သေချာတာ - လူတိုင်းကို ယုံလွယ်တဲ့အကျင့် မရှိဘူး .."

"လူယုံသတ်လို့ သေတယ်ဆိုတဲ့စကားတော့ ရှင် ဘယ်သွား လဲ .."

ပြောရင်းနဲ့ ကောင်း က လက်ကို ရှန်းကြည့်နေသည်။ လက်ကို ဖြန့်လိုက် စုလိုက်နှင့် အမျိုးမျိုး လုပ်ကြည့်နေကာ မရမက ဆွဲဖြုတ်ဖို့ ကြိုးစားနေ၏။

"အ!.."

"ဖြည်းဖြည်း လုပ်လေကွာ .. လက်တွေ ပွန်းရှကုန်တော့မှာပဲ - နေဦး .. ကိုယ် လုပ်ကြည့်မယ် .."

"ဘာထူးမှာလဲ .. ယောကျ်ားလက်က ပိုကြီးတဲ့ဥစ္စာ .. ပိုဆောင့် ဦးမယ် .. အား!... သေပါပြီ .."

"ထားလိုက်ကွာ .. ဘာထူးမှာမို့လို့လဲ .. ကျွတ်!... ဒါ ပြုတ်သွား ည်း ဒီထဲက ထွက်လို့ရမှာမှ မဟုတ်တာ .."

"အို .. မသိဘူး .. ရရ မရရ တစ်ခုပြီးတစ်ခု ရှင်းရမှာပဲ -"

ကောင်း က ဖွဲ့မလျှော့ဘဲ ရွတ်လုပ်နေ၏။

"ကောင်း .."

အတင်း လိမ်ဖယ်ရုန်းနေသည့် လက်ဖဝါးလေးကို ရိုက် က ခဏ ဖမ်းဆုပ်ထားလိုက်၏။ ပြီးတော့ ကောင်း နဲ့ ကျောပြင်ချင်း ထိ ပြီး မျက်နှာလှည့်၍ ...

"မင်း ထိခိုက်ခံပြီး လုပ်မနေပါနဲ့ .. ထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ကြိုးတွေ .. ချည်ကြိုးခွေ မဟုတ်ဘူး .. ရှန်းလေ .. နာ...
ပဲ ..”

“ရှင် .. လွှတ်စမ်းပါ .. ဘာလို့ ကိုင်ထားတာလဲ ..”

“ဒီတိုင်းပဲ နေပါ ..”

“ဘာလို့ နေရမှာလဲ .. ရှင် နော် .. ပွေးကပ်နေရတယ် ဆိုပြီး ..”

“မဟုတ်ဘူး ကောင်း .. ပွေးကပ်မနေရခင် မင်းနဲ့ ရန်ပဲ ဖြစ်နေ... တည်းက ကိုယ့်ဘက်က မင်းကို အလံဖြူ ပြချင်ခဲ့တာပါ ..”

အပိုတွေ လျှောက်ပြောနေတာ ..။

ခုနကလေးအထိ သူပဲ အနိုင်မခံ အရှုံးမပေး စကားတွေ စီးစီးပိုးပိုး ပြောနေခဲ့တာ ..။

“ကောင်း ..”

“ဘာလဲ .. ဘာမှ လာပြောမနေနဲ့ ..၊ ရှင့်အဒေါ် တစ်ယောက်လုံး သေသလား .. ရှင်သလား မသိတဲ့ကိစ္စ .. သူများကို ရိသဲ့သဲ့ ပြောနိုင်သေး တယ် .. ခုနကတော့ စိတ်ပူလှချေရဲ့ ဆို ..”

“သူ ဘာဖြစ်သွားတယ်ဆိုတာလည်း မသိဘူး .. ဖြစ်သွားခဲ့တာ... လည်း ကိုယ် ပြန်ပြုပြင်လို့မှ မရနိုင်တာ .. အခု ကိုယ် မင်းနဲ့ စကားပြော... ခွင့်ရတုန်း အေးအေးဆေးဆေး ပြောချင်တယ် ..”

“နားမထောင်ချင်ဘူး ..”

“ဒါပေမယ့် မင်း ထွက်သွားလို့မှ မရဘဲ ..”

“ရှင်က အခွင့်အရေးသမားပဲ ..”

“မတတ်နိုင်ဘူးကွာ .. ဒါပေမယ့် ကိုယ် မင်းကို ဖွင့်ပြောဖို့ မရှော... ရှယ်ပါဘူး ..”

“ခုမှ ကြုံကြိုက်လို့ပေါ့ ..”





“မမျိုသိပ်နိုင်တော့တာက ခုမှ ဖြစ်လာတာ .. အဲ့ဒါကို မင်း... ကြိုက်သလို ခေါင်းစဉ်တပ်လိုက်ပါ .. ဒါပေမယ့် မင်းကို ကိုယ် ချစ်... တဲ့အကြောင်း .. ကိုယ့်အစ်ကိုကိုတောင် ဖွင့်ပြောမိသေးတယ် ..”

“ဘာ!...”

“ကိုယ်တို့မှာ ညီအစ်ကို နှစ်ယောက်ပဲ ရှိတာလေ .. ဘာဖြစ်ဖြစ် ...ရင်းတနှီး ပြောဆို တိုင်ပင်နေကျ ..”

သူ့မှာ အစ်ကိုရှိတယ်ဆိုတော့ မမမိုး ကို ပြေးသတိရမိသည်။ ...မိုး ခမျာ ညီမလေးတစ်ယောက်ရယ်လို့ သူမကို အလိုလိုက် ဂရုစိုက် ...ပါသည်။

သူမဘက်ကသာ မမမိုး အတွက် ကောင်းသော ငဲ့ညှာစာနာမှုမျိုး ...စ်စုံတစ်ရာမှ မပေးနိုင်ခဲ့တာ ဖြစ်သည်။

ခုလောက်ဆို သူမ တကယ် ပြန်မလာတော့တာကို သိပြီး မမမိုး ...ယ်လောက်ထိ စိတ်ပူနေရှာမလဲ ..၊ စည်းကမ်းကြီးလွန်းသည့် ဘွား ...စ်ယောက်ရော ဘယ်လိုနေမလဲ ..။

ဒီယောကျ်ားကိုမှ အရမယူနိုင်ရင် ဘဝပျက်တော့မလောက် ...ပြီး စီစဉ်နေတာကို လွဲရင် ပြီးရောဆိုပြီး ထင်ရာ လုပ်ခဲ့မိသည်။

တကယ်တမ်းကျတော့ အားလုံးကို ကောင်း သတိရ တမ်းတ... ...သည်။

ဘွားကိုလည်း ပြန်ပြီး ရင်ဆိုင်ရမှာ ထိတ်လန့်နေပြီ ဖြစ်...။

“ကောင်း ..”

“ဟင် ..”

“ဘာတွေ စဉ်းစားနေတာလဲ ..”

“ဟင့်အင်း ..”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို စဉ်းစားပေးပါလား ဟင် .. မင်း မကြိုက်
အပြုအမူတွေ ကိုယ် ပြုပြင်ပါ့မယ် .. နောက်ဆုံးကွာ .. စဉ်းစားပေး
ဆိုရင် ပြီးရော .. မင်းနဲ့ ကိုယ် ရန်ဖြစ်နေရတဲ့ ပဋိပက္ခတွေကို ပြောင်း
ခွင့် ရချင်တယ် .."

"ရှင့်ကို စိတ်မှ မဝင်စားတာ .."

"ဝင်စားကြည့်လိုက်ပါ .. ကိုယ် စောင့်ပါ့မယ် .. ကိုယ် အ
လျှောက်သွားနေတာလည်း တခြားမိန်းမတစ်ယောက်ကို ဘယ်
လက်မခံနိုင်လို့ပဲ .. မင်းကို ချစ်နေမိပြီဆိုတာ မသေချာခင်တည်း
ကိုယ် မင်းကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားနိုင်ခဲ့တာ .."

ကောင်း ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ သူ့ကို ယုံကြည်
စဉ်းစားနေတာ မဟုတ်ပေမယ့် ဒါ တကယ် ဖြစ်နိုင်လို့လားဆိုတဲ့အ
တော့ တွေးမိနေ၏။

တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် အနိုင်လုနေကြသ
ကာလတွေမှာ ကိုယ်ကသာ နိုင်ချင်နေတာ ဖြစ်ကာ သူက ကိုယ့်
လုယက် ကြိုးစားခဲ့ဖူးတာတော့ မရှိခဲ့ဘူး ထင်သည်။

ဒါပေမယ့် အရှုံးပေးလိုက်ရတိုင်း ဒေါသထန်နေတတ်သည့် ရ
နာကို မေ့ထားလို့တော့ မရ ..।

သူ ဒီစကားတွေ ပြောပြီး ကလဲ့စားချေချင်တာများလား ..।

"ကိုယ့်ဦးလေးကတော့ မင်္ဂလာကိစ္စကို မရမက လုပ်နေတ
သူက ကိုယ့်ကို သတင်းထောက်လုပ်နေတာ လုံးဝ မကြိုက်ဘူးလေ
ပြီးတော့ ကိုယ့်ကို မရင့်ကျက်ဘူး .. ဘဝကို အလေးအနက် မထားတ
ဘူးဆိုတဲ့ ပူပန်မှုတွေနဲ့ ကိုကြီးကို ကျော်ပြီး ကိုယ့်ကို လက်ထပ်ပေး
စီစဉ်တာ .."





တူနေခဲ့ပြန်ပြီ ..।

သူမကို အိမ်ထောင်ချပေးဖို့ ရှိလာခဲ့ရသည့် အစီကအ
လည်း ဂျာနယ်ကျော်မလေး ဖြစ်နေတာကို ဘွားက မကြိုက်
..

"ရှင်နဲ့ ကောင်း ရဲ့အဖြစ်တွေ ဒီလောက်ထိ တိုက်ဆိုင်နေတာ
တော့ ရုပ်ရှင်ထဲရောက်နေသလိုပဲ ဖြစ်နေပြီ ထင်တယ် .."

"ဟုတ်လား.. မင်းကိုလည်း ဒီအလုပ်လုပ်တာ မကြိုက်ဘူးလား"

"အင်း .."

"မင်းကို ဒါတွေ မလုပ်စေချင်တာကတော့ သဘာဝကျပါတယ်
မိန်းကလေးတစ်ယောက်နဲ့ သိပ်မှ မအပ်စပ်တာ .. ကိုယ်နဲ့ မင်း သက်
ဆိုင်သူတွေ ဖြစ်သွားကြရင်လည်း ကိုယ် ခွင့်ပြုမှာ မဟုတ်ဘူး .."

"ဘာ!..."

"စိတ်ထဲရှိတဲ့အတိုင်း ပြောတာ .."

"သိတယ် .. ရှင့်အတွက် တစ်ရန်ရှင်းသွားအောင် ကောင်း ကို
ညှိနှိုင်းနေတာမို့လား .. ဒီလိုနည်းနဲ့ ဖယ်ချပစ်ဖို့လေ .."

"ဟား .. အဲ့ဒါတော့ မင်းစိတ်ကူးတွေ အိုဗာဖြစ်သွားပြီ ကောင်း
င်း ဒီအလုပ်အပေါ်မှာ ဝါသနာကြီးသလောက် ကိုယ်ကတော့ မဟုတ်ခဲ့
ဘူး ထင်တယ် .. အခု ဒါတွေကို ရပ်ပစ်ဖို့ ကိုယ် စဉ်းစားနေတာ မင်း
သိသေးဘူး .."

"ဒါလည်း မုသား ပရိယာယ်တွေ ဖြစ်မှာပေါ့ .."

"မုသား ဟုတ်မဟုတ် မင်း ကိုယ့်ကို အခု အဖြေပေးကြည့်လိုက်
လေ .. နောက်နေ့ကစပြီး ကိုယ် ဒီအလုပ် လုံးဝ မလုပ်တော့ဘူး .."

သူက ပြောရင်း နောက်လှည့်ဖို့ပဲ ကြိုးစားနေတာ ကောင်း ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးလေးကို ဖိဆုပ်ထားခြင်းက ပို၍ တင်းကျပ်လာခဲ့၏။

"တစ်ခုရှိတာက ကိုယ့်ကို မင်းရဲ့ ချစ်သူဖြစ်ခွင့် ပေးပြီးပြီဆို မင်းကိုလည်း ဆက်လုပ်ခွင့် ကိုယ် မပေးနိုင်ဘူး .."

"ရှင် ရည်းစားစကားပြောနေတဲ့ မိန်းမကို သေသေချာချာ လာပါဦးလား ရိုက် ရယ် .. ရှင်က လိုချင်တိုင်း ရနေတဲ့လူ ထင်တယ် ဟွန်း .. တကယ်ဆို ရှင် ကောင်း အကြိုက် လိုက်ပြောရမှာ .."

"မပြောနိုင်ဘူး .. ကိုယ် မင်းကို ချစ်မိတာ ရေလိုက်ငါးလိုက် ပြောပြီး မင်းရဲ့ ကြည်ဖြူမှုလေး ရရုံလောက်ပဲ မဟုတ်ဘူး .. ကြင်နာချင်တာ ..၊ တစ်သက်လုံး ဖေးမ ကြည်ဖြူစွာ ပေါင်းသင်း တာ .."

"ရှင် နော် .."

ဒီစကားတွေကို ထဲထဲဝင်ဝင် ကြားလာရတော့ ကောင်း မရယ်နိုင် တော့ပေ ..၊

မျက်နှာချင်းဆိုင် နေရတာလည်း မဟုတ်ဘဲ မျက်နှာပြင်က ပူနွေး လာသလိုလို .. ရင်ဘတ်ထဲက လှုပ်ရှား တုန်ယင်လာသလိုလို ..၊

"ကောင်း .. ကိုယ် တကယ် ပြောနေတာပါ .. မင်းကို တို သိပ်ချစ်တယ် .."

"ဆက်မပြောနဲ့တော့ ရိုက် .. အိမ်ထောင်ပြုဖို့ရော .. ချစ်ဖို့ကြိုး တွေရော ကောင်း ဘာမှ စိတ်မဝင်စားလို့ အိမ်က သဘောတူထား လူကိုတောင် သွားမတွေ့ခဲ့ဘူး .. ကောင်း ကြောင့် ကောင်း ရဲ့အစ်မလေး ခုလောက်ဆို ဘယ်လောက်တောင် ဆူခံထိနေရပြီလဲ မသိဘူး .."

ပြောရင်းနဲ့ ခံစားချက်ထဲမှာ မမမိုး ကို ဘယ်လောက်ထိ သနား မိသလဲဆိုတာတွေ ကိုယ့်ဘာသာ နားလည်လာခဲ့၏။



"မဖြစ်မနေ တွေ့ဖြစ်အောင် သွားက စီစဉ်ပေးခဲ့တာတောင် ကောင်း က မတွေ့ချင်လို့ မမမိုး ခမျာ .."

"ဘယ်သူ .."

"ကောင်း ရဲ့အစ်မလေ .. သွား မသိအောင် ကောင်း နဲ့ တွေ့ရမယ့် လူကို သွားတွေ့ပေးခဲ့တာ .. ဟိုရောက်တော့လည်း သူ ဘာမှ ရှင်းမပြ နိုင်ခဲ့ဘဲ ဟိုလူက ကောင်း လို့ပဲ ထင်သွားတယ် .. ခုဆို ရှင်းမရအောင် ဖြစ်နေပြီ .. အဲဒါတွေတောင် ဘယ်လိုရှင်းရမယ်မှန်း မသိသေးဘူး .."

နားထောင်နေရင်း ရိုက် ရဲ့မျက်နှာ ဘာတွေ ဖြစ်ပျက် ပြောင်းလဲ သလဲဆိုတာ ကောင်း မမြင်ခဲ့ပေ ..၊

သူမ ပြောသမျှ တိတ်ဆိတ်စွာ နားထောင်နေခဲ့သည်ပဲ ထင်နေခဲ့ ချက် ...

"အခု ရှင်နဲ့ ကောင်း ဒီထဲမှာ တစ်ညလုံး ပိတ်မိနေခဲ့တာက လူများ လုပ်ကြံတာ ခံရလို့နော် .. အဲဒါကိုတော့ ထပ်ရှုပ်အောင် ရှင် လုပ်ရဘူး .."

"မလုပ်ပါဘူး .. ကိုယ့်မှာလည်း မင့်လိုပဲ ရှင်းမရတာတွေ ရှိ တယ် .."

သူက သူမ ကျောပြင်လေးကို တမင် ပူးကပ်မှီလိုက်ပြီး လည်ပင်း ကြိုးမတတ် လှည့်၍ ...

"ကိုယ်လည်း မိန်းမ မလိုချင်တာနဲ့ ကိုကြီးကို ကိုယ့်ရဲ့ကိုယ်စား လွှတ်လိုက်တာလေ .. မင်းနဲ့ ကိုယ် ဒီလောက်ထိတောင် တိုက်တိုက် ဆိုင်ဆိုင် နော် .."

"ဘာ!... ဘာပြောတယ် ရိုက် .."

"ကိုယ် ညာပြောနေတယ် ထင်လို့လား .. အဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



ခုနကတော့ အလေးအနက်ကြီး ကြွေပြနေခဲ့ပြီး ခုကျမှ ရယ်သံ
တွေ စွက်လာခဲ့ပြီး ...

"ကိုကြီးကတော့ ကိုယ့်ကောင်မလေးကို သဘောတွေ ကျနေတာ
ကွ .. သွားတုန်းက ကိုယ့်ကိုယ်စားလိုလို လူချင်းလွဲပြီး ရောက်သွားတာ
ပဲ .. ဒါပေမယ့် ကောင်မလေးက သူ အပြင်မှာ တစ်ခါတွေ့ဖူးပြီး ရ
စွဲလမ်းနေတဲ့ .."

"ရှိက် .. ရှင် .. ရှင့်အစ်ကို .."

"ကင်း လေ .."

"မဟုတ်ဘူး .. နေသခင် .."

"နေသခင် က ကိုယ်ပါ ..၊ မင်းတောင်မှ ကောင်းကင်လင်း က
စကြာအလင်း ဖြစ်နေသေးတာ .."

"ရှိက်!..."

"ဖြည်းဖြည်း လုပ်လေကွာ .. လက်တွေ ပူးချည်ထားတာ ကျ
ကုန်လိမ့်မယ် .."

"ရှင် အကြောင်းကြောင်းတွေ ပြောမနေပါနဲ့ .. ရှင် ကောင်း
သိနေတယ်ပေါ့ .. ဟုတ်လား .."

"မသိခဲ့ပါဘူး .. ခုပဲ သိသွားတာ .."

"မယုံဘူး .."

"တကယ်ပြောတာ .. မင်းအစ်မက စကြာအလင်း မဟုတ်ဘူး
တာတော့ ကိုကြီးက သိနေပြီးပြီ .. ဘာဖြစ်လို့လဲဆိုတော့ သူက အ
တည်းက မင်းအစ်မကိုပဲ စွဲလမ်းခဲ့တာဆိုတော့ ဒီလို ပတ်သက်မိလို
တာနဲ့ လိုက်အကဲခတ်နေတာကိုး .."

"ရှင်က .."



"ကိုယ်လည်း သူ သိသမျှတော့ သိတယ်လေ .. ဒါပေမယ့် အဲဒီ
အငယ်မလေးက မင်းမှန်း .. မင်းက စကြာအလင်း မှန်း နည်းနည်း
လေးမှ မရိပ်မိခဲ့ဘူး .."

"မယုံဘူး .."

"ယုံမှ ဖြစ်မှာ .. မင်းပဲ တွေးကြည့်လေ .. ဒီလောက်ထိ တိုက်ဆိုင်
မယ်လို့ မင်းရော တွေးမိခဲ့လို့လား .. ကိုယ်လည်း မတွေးမိခဲ့ဘူး ..
နည်းနည်းလောက်သာ ရိပ်မိခဲ့ရင် ကိုယ် မင်းကို .."

"ရှင့်ကို ဘယ်သူက လက်ခံပါ့မယ် ပြောနေလို့လဲ .."

"ကိုယ်ကတော့ လက်ခံတယ် .. အဖြစ်မှန်တွေကို ဝန်ခံပြီး မင်းကို
မရရအောင် တောင်းနိုင်းမယ် .. ဒီလိုကျတော့လည်း လောကကြီးက
တရားမျှတတဲ့ ခုံရုံးကြီးပဲ နော် .."

သူ့ဘာသာ ပြောပြီး သဘောတွေ ကျနေသည်။ ကောင်း ကတော့
တွေးနေဆဲပါ ..၊

ဒီလောက်ထိတောင် သူနဲ့ သူမ တိုက်ဆိုင်စွာ ဆုံစည်းခဲ့လေ
သလား ..၊

"ကောင်း .."

"လာမခေါ်စမ်းပါနဲ့ .. စိတ်ပျက်ရတဲ့အထဲ .."

"ကိုယ့်ကိုလား .."

"ဟုတ်တယ် .."

"ဒါဆိုရင်တော့ မိန်းကလေးတွေရဲ့စကားကို ဆန့်ကျင်ဘက်
တွေးနိုင်ရတယ်တဲ့ ..၊ မင်း ကိုယ့်ကို စိတ်ကူးနေတာ သေချာပြီ ..

"ရှင် .. ရှင် အရသာခံပြီး ပြောမနေနဲ့ .."

ရန်ဖြစ်ဖို့ စကားလုံးတွေက ရွေးထုတ်နေပေမဲ့ .. သူ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူ ပစ်ပေါက်ဖို့ စကားလုံးတွေ သူမမှာ ရှားပါးခဲ့တာ မရှိခဲ့ဘူးဘဲနဲ့ ...

"ကရင် .. ကရင် .."

"ဟင်!..."

"ဖုန်း .."

နှစ်ယောက်စလုံး ခေါင်းထောင်သွားကြသည်။ နာရီ ကြည့်လိုက်တော့ ညဉ့် နှစ်နာရီ ထိုးနေပြီ ...၊

"ကောင်း .. မင်းဘက်က ပိုနီးတယ်ကွ .. ခြေထောက်နဲ့ နည်းနည်း လှမ်းတိုးကြည့် ...၊ ကိုယ် အလိုက်သင့် ရွှေ့ပေးမယ် .. ဖုန်းဆီကို မင်း သွား .."

"အင်း .. ရှင် မြန်မြန်တိုး .. အသံ မတိတ်ခင် သွားမှ ဖြစ်မှာ .."

"ရတယ် .. ဖုန်းကို အန်တီ ဘယ်မှာ ရွှေ့ထားမှန်းတာ မသိတာ.. အဲ့ဒီဖုန်းက နံပါတ်ပေါ်တယ် .."

"အခန်းထဲမှာဆိုရင် သွားပြီ .."

နှစ်ယောက်တည်း စိုးရိမ်စိတ်တွေနှင့် စိတ်စောစွာ တိုးရွှေ့နေမိကြ၏။ ကံကောင်းချင်တော့ ဖုန်းက အပေါ်ထပ်ခိုးကို တက်သည့် လှေကားလေး ခြေရင်းမှာ ရှိနေခဲ့၏။

"အား!... နာလှပြီ .."

"ဆောရီးပါကွာ .. အသံတော့ ပျောက်သွားပြီ .. ဟိုစင်ပေါ်မှာပဲရှိမှာ .. ကိုယ်တို့ ထရပ်မှ ဖြစ်မယ် .."

ကံကောင်းသည်က ပါးစပ်တွေကိုတော့ တိတ်ပ်နဲ့ ပိတ်မထားခဲ့ခြင်းပင် ...၊ ဖုန်းကို မြင်သည်နှင့် ပြန်ခေါ်လို့ရအောင် ခဲယဉ်းပင်ပန်းစွာ ကြိုးစားခဲ့ရပြီး ...





"မမ .. ကျွန်တော်တို့လေယာဉ် ဆိုက်နေပြီလို့ - လာကြတဲ့ကားက ဘယ်မှာလဲ .. မမကိုယ်တိုင် ပါလာသလား .."

လက်စသတ်တော့ နိုင်ငံခြားက ပြန်ရောက်သည့်ဖုန်းသံ ...

"ဒါ ဦးချိုလေး တို့ပဲ .."

ရိုက် က ဒီမှာ ဖြစ်ပျက်နေတာတွေကို ပြောပြလိုက်ပြီး —

"မကြာခင် တံခါးလာဖွင့်ကြတော့မယ် .. စိတ်မပူနဲ့တော့ —"

ပြောပြီး နာရီကို လှမ်းကြည့်၏။

"ဒီလောက်ဆို မင်းနဲ့ ကိုယ့်အတွက် လုံလောက်ပါပြီ .."

"ဘာ!..."

"အတူတူ နှစ်ယောက်တည်း ရှိမနေသင့်တော့တဲ့အချိန်လေ —"

"အဲဒီတော့ .."

"ဘာဖြစ်ဖြစ် ကိုယ်တို့ ညားပြီ .."

"လဲသေလိုက် .."

ပခုံးချင်း တိုက်ပြီး သူက ရယ်နိုင်သေးသည်။ ကောင်းကင်ကိုကာ နှုတ်ခမ်းလေးတွေ စူပွလျက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

ပြဿနာတွေ ပြီးဆုံးသွားသည့်နောက်မှာ ကောင်း နဲ့ ရိုက် တို့ ညားကြလေသတည်းဖြင့် အဆုံးသတ်ခဲ့၏။

ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးယဉ် ကတော့ သူမနဲ့အတူတူ လာအိပ်ပေးသည့် မောင်ဝမ်းကွဲကိုယ်တိုင်က ကြဲစည်တာဖြစ်၏။

လင်မယားနှစ်ယောက် ပူးပေါင်းကြံစည်ကြတာဖြစ်ကာ ဒေါ်မျိုးမျိုးယဉ် က အသာတကြည် မပေးသောကြောင့် ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ကြ၏။

အိပ်ခန်းထဲမှာ ဝင်နေသူတွေက မျက်နှာကို အဝတ်စည်းထားကြကာ သဘာဝကျအောင် ဇနီးဖြစ်သူကိုပါ ရိုက်နှက် နှိပ်စက်ထားခဲ့သည်။

တကယ်တော့ ဒေါ်မျိုးမျိုးယဉ် နဲ့ သီတာနွဲ့ တို့ သမီးယောက်မ နှစ်ယောက်စလုံး အခန်းထဲမှာ ဒဏ်ရာကိုယ်စီနှင့် သတိလစ်နေကြတာ ရှိသည်။ နိုင်ငံခြားက ပြန်လာကြသည့် မောင်သာ အချိန်မီ ရောက်မလာလျှင် ဒေါ်မျိုးမျိုးယဉ် တို့ ဒုက္ခတွေ့သွားနိုင်၏။

"ကျွန်မ သိပါတယ် .. မျက်နှာတွေမှာ အဝတ်စည်းထားကြပေမယ့် အဲ့ဒါ ကျွန်မရဲ့မောင်ဝမ်းကွဲ ညီလွင် ပါ..၊ ကျန်တဲ့နှစ်ယောက်ကလည်း သူ့လူတွေပါရှင် .."



ဘေးမှာ ဒဏ်ရာနှင့် အတူကျန်ရစ်သည့် ယောက်မဖြစ်သူကိုပါ ဒေါ်မျိုးမျိုးယဉ် က ချန်မထား ..၊

"သူ တံခါး သွားဖွင့်ပေးတာပါ.. မမြင်လိုက်ပေမယ့် ကျွန်မ ရိပ်မိပါတယ် .. ကျွန်မ အိမ်တံခါးက သော့တုနဲ့ ဖွင့်လို့မရအောင် ကျွန်မ စီစဉ်ထားတာပါ .. အပြင်လူဖွင့်ဖို့ မလွယ်ပါဘူး .."

ဒေါ်မျိုးမျိုးယဉ် က ဒီတိုင်း အစစ်ခံခဲ့သည်။ ထို့ကြောင့် ထွက်ပြေးနေကြသည့် မောင်ဖြစ်သူနဲ့ သုံးယောက်ကိုတော့ ဆက်လက် စုံစမ်းရှာဖွေနေဆဲပါ ..၊ အိမ်ထဲက သွေးကွက်သည် ဒေါ်မျိုးမျိုးယဉ် က ကတ်ကြေးနဲ့ ပြန်ထိုးခဲ့သောကြောင့် သူခိုးတွေထဲက တစ်ယောက်မှာ ဒဏ်ရာရသွားခဲ့သည့်သွေးတွေ ဖြစ်၏။

မင်္ဂလာပွဲမှာတော့ ဒေါ်မျိုးမျိုးယဉ် နဲ့အတူ ဒါကို ပြန်ပြောဖြစ်ကြရင်း ရယ်မောစရာတွေ ဖြစ်လာခဲ့လေသည်။

"ဘာဖြစ်ဖြစ် ဒါက မားပြတွေ ရေးတဲ့ ဖူးစာဗျ .."

"ဟုတ်တယ် .. ဒါပေမယ့် နောင်ချိန်မှူးစာဆိုလည်း မှန်တာပဲ.."

"အဲ့ဒါတွေ သွားမစကြပါနဲ့ရှင် .. ကျွန်မ ညီမက ပြောလို့ရတာ မဟုတ်ဘူး .."

ကောင်း ရဲ့စိတ်ကို သူမသာ အသိဆုံး ..၊

မိုးမြေ မျက်နှာလေး ပျက်ပျက်နှင့် တားဆီးနေမိ၏။ ထင်း က သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်၍ ...

"မနက်ကလည်း လက်မှတ်ထိုးပြီးပြီ .. ခုလည်း ဧည့်ခံပွဲပဲ ပြီးတော့ ကွာ .. ဘာကို စိုးရိမ်နေတာလဲ .."

"ကိုကင်း ကလည်း .."

မိုးမြေ က လက်ကို ပြန်ရုန်းလိုက်ရင်း ဘေးက လူတွေကိုပါ ထိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိကာ ...

"သူများတွေ မြင်ကုန်တော့မှာပဲ .. အဲလို မကိုင်ပါနဲ့ .. လူတွေက အရမ်း အစသန်ကြတာ .."

"ဟား .. ဟား .. ဟား ..."

"အို .. ဘာရယ်တာလဲ .."

"မိုး ရယ် .. သူတို့က အရေးကြီးစုံတွဲ ဖြစ်သွားလို့သာ .. မဟုတ်ရင် ကိုယ်တို့ကို အရင် လက်ထပ်ပေးကြမှာလေ .. ခုလည်း ဒီပွဲမှာပဲ ကိုယ်တို့ကို စေ့စပ်ပေးပြီးပြီ ဥစ္စာ .."

"ဟင့်အင်း .. ကျွန်မ ရှက်ပါတယ် .. ဟို .. ကျွန်မတို့အဖြစ်တွေက ဘယ်လိုကြီးတွေမှန်း မသိဘူး .. လူပြောစရာကြီး နော် .. တစ်ခါတည်း တွေ့ကြ .. တစ်ခါတည်း ညားကြနဲ့ .."

"ဟား .. ဟား .. ဟား ..."

ကင်း ကတော့ သခွားရောင်ဝတ်စုံ ဖျော့ဖျော့လေးနဲ့ နောက်တွဲ ဆံထုံးလေး ထုံးထားသည့် မိုးမြေ ရဲ့ ပုံစံလေးကို မြတ်နိုးမဝ ရှိနေခဲ့လျက် .. ဘာတွေပြောပြော သဘောကျမဆုံး ...၊

"တစ်ခါတည်း တွေ့ .. တစ်ခါတည်း မညားကြပါဘူး မိုး ရယ်.. ညီတို့စုံတွဲဆို ကြည့်ပါဦး .. အတူတူ နီးကပ်နေကြပြီး တည့်ကို မတည့်ကြလို့ ညားဖို့ဆို အဝေးကြီးပဲ .. ဒီအခြေအနေတွေသာ ဖြစ်မလာရင် မင်းညီမက ညီ့ကို ရှောရှောရှူရှူ လက်ခံမယ် ထင်လို့လား .."

"မဟုတ်ပါဘူး .. ညီမလေးကိုယ်တိုင်လည်း သံယောဇဉ် ရှိနေလို့ပါ .. ဒါတော့ ကောင်း အကြောင်း ကျွန်မ သိပါတယ် .. ပြဿနာတွေ ရှုပ်ထွေးသွားတာ လူတိုင်း သိတာပဲဟာ .. သူ ရှောင်မယ်ဆို ရှောင်လို့ ရသေးတယ် .. ညီမလေးက သိပ်ခေါင်းမာတာ .."





"ဒါဆို .. ညီ့ကို သူ ချစ်တယ်ပေါ့ .."

မိုးမြေ က သူငယ်ချင်းတွေကို နှုတ်ဆက်နေသည့် ကောင်း တို့ကို လှမ်းကြည့်၍ ခေါင်းညိတ်သည်။

"ဟုတ်တယ် .. သူ ချစ်လာမှာပါ .."

"ကိုယ့်ကိုရော .."

"ဟင်!..."

ပခုံးလေးကို ဖက်လိုက်တော့ မိုးမြေ တုန်ခနဲ ဖြစ်သွားသည်။ ဖယ်ချမည်ပြင်လိုက်သည်နှင့် ကင်း က သူမ ပခုံးလေးကို ဖက်၍ ရင်ခွင်ထဲ ဆွဲယူလိုက်ကာ ...

"ကိုယ့်ကို ဘယ်တော့ ပြန်ချစ်မှာလဲ .."

"ဟင့်အင်း .. ဟင့်အင်း .. လွှတ်ပါ ..၊ တစ်ယောက်ယောက် မြင်သွားလိမ့်မယ် .. လွှတ်ပါ ကိုကင်း ရယ် .."

"မရဘူးကွာ .. ဒီနားမှာ မှောင်ရိပ်ကျနေတာ ဘယ်သူမှ မမြင်ဘူး.. ကိုယ်တို့ စေ့စပ်ပြီးပြီလေ .. မင်းဆီက ချစ်တယ်ဆိုတာကို ကိုယ် ကြားခွင့် မရှိသေးဘူးလား .."

မိုးမြေ ရဲ့ မျက်ဝန်းလေးတွေ ပြုံးဝိုင်းနေတာကို မှိတ်ကျသွားအောင် ထိုမျက်ဝန်းလေးတွေကိုပဲ နမ်းလိုက်မိသည်။ သူမအတွက် အချစ်တွေက မိုးမြေမကပါ ..။

ဒါကိုလည်း သူမ သိမှ ဖြစ်မည် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"မင်းတို့လင်မယား ကြိုက်တဲ့အိမ်မှာ နေကြ .. နှစ်အိမ်စလုံးမှာ မနေချင်ရင်လည်း မင်းတို့ ညီအစ်ကိုပိုင်တဲ့ ခြံနဲ့ တိုက်တွေမှာ ကြိုက်တဲ့ နေရာမှာ နေလို့ရတယ်.. အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာနဲ့ ရိုးမြေကျ ပေါင်းသင်းကြဖို့ပဲ .."

ဦးကျော်ထွန်း နဲ့ ရိုက် က ဒီနေ့ထိ သိပ်အဆင်မပြေ ...၊

ထို့ကြောင့် ဦးကျော်ထွန်း ကလည်း မင်္ဂလာပွဲ စီစဉ်ပေးပြီးတာနဲ့ ချက်ချင်း ပြန်ဖို့ စီစဉ်ထားတာဖြစ်သလို ရိုက် ကလည်း လေးလေးထွန်း သူ့ဘာသာ ပြန်ချင်ပြန် မပြန်ချင် နေ ...၊

"အန်တီမြ တို့ကို ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ .. ဒီကလေးတွေရဲ့ မိုက်မဲမှုကြောင့် ကျွန်တော့်ဘက်က .."

"မတောင်းပန်ရပါဘူးကွယ် .. အန်တီ့ကလေးလည်း ဆိုးခဲ့တာပဲ .."

ဒေါ်မြသစ် ကလည်း ကောင်း ကြောင့် မျက်နှာငယ်နေရသည့် အဖြစ်ကို ခွင့်မလွှတ်နိုင် ...၊





မိန်းကလေးမတန်မယ့် အိမ်က ထွက်ပြေးသွားသည်။ ရိုက် နေရာ သာ တခြားကောင်လေး ဖြစ်နေခဲ့ရင် အားလုံးရဲ့သိက္ခာတွေ ဆေးရှုံး ရပါပြီ ...၊

ဒီကြားထဲ မြမိုးမြေ ကလည်း အကြီးဖြစ်ပြီး ထော်လော်ကန့်လန့် တွေ လုပ်ထားလိုက်တာ .. လူပုံကြည့်တော့သာ ရိုးရိုးကုပ်ကုပ် ...

သူမမှာလည်း ချစ်သူနဲ့ ...၊

ထိုအဖြစ်တွေကြောင့် လူတွေ ဝိုင်းဝန်း စနောက်နေကြလေ ရှက် ယ်လိလိ ခံစားနေရလေ ...၊

ထို့ပြင် လူငယ်တွေက ချစ်လွန်းလို့ မှားမိပါတယ် .. ကြိုက်လွန်း ၍ လုပ်မိပါတယ်ဆိုရင် တစ်မျိုး ...၊

လက်ထပ်ပွဲထဲမှာလည်း တစ်ယောက်က တစ်ယောက်ကို တဆောင် ဆောင် တမြောင်မြောင် ...၊ လက်ထပ်ပြီးတော့လည်း လူကြီးတွေတို့ န်တော့နေတာတောင်မှ ဦးသုံးကြိမ် ဖြောင့်ဖြောင့်မချနိုင်ဘဲ လှည့်ပြီး က်စောင်းထိုးနေသေးသည်။

ညည်း လုပ်ထား ကောင်းကင်လင်း ရေ ...၊

"ဟဲ့ .. ဟဲ့ .. ဪ .. ဘယ်ကိုလဲ .. ဒါက .."

"ကောင်း .. မမမိုး နဲ့ အိပ်မှာ .."

လက်ကို အချိန်မီ လိုက်ဆွဲတာတောင် ကောင်း ရဲ့ လက်တစ်ဖက် ကတံခါးဖွင့်ပြီး ဖြစ်နေလျက် ...

"ကောင်း အိပ်ခန်းကို ဘာဖြစ်လို့ ဖျက်ထားတာလဲ ... ကောင်း အိပ်စရာ မရှိတာ .."

"နင်က လက်ထပ်ပြီးပြီလေ ကောင်း ရယ် .. မင်္ဂလာ[illegible] င်ပေးထားတာပဲ .. အဲဒီမှာ အိပ်ရမှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ပါဘူး .. သူနဲ့ ကောင်း အပြတ်ပြောပြီးသား .."

ကောင်း မျက်နှာလေးက မိတ်ကပ်တွေ ဖျက်ချထားပေမယ့် နီမြန်းမြန်းလေးနဲ့ လှနေဆဲဖြစ်ကာ ရဲရဲတောက် ညအိပ် ဂါဝန်လေးကို ဝတ်ထား၏။

"မမမိုး ဘာသိလို့လဲ ..၊ အဲဒီသတ္တဝါ သိပ်လူဝါးဝတာ .. ဘာ မဟုတ်ကြသေးခင်တည်းက လူကို ဒီအလုပ် မလုပ်ရဘူး ဘာညာ ကြိမ်းဝါးထားတာ .. သူနဲ့ အတူ နေကြည့်ပါလား .."

"လက်ထပ်ပြီးနေမှတော့ အတူတူ မနေလည်း နင်က သူ့ဇနီး လေ .."

"ဟာ .. မရဘူး .. ကောင်း ပြောထားပြီးသားပါ ဆိုမှ .."

"ကောင်း .."

"အယ် .."

မိုးမြေ တွန့်ခနဲ ဖြစ်သွားသည်။ ရိုက် က အဖြူဆွတ်ဆွတ် မီးခိုးရောင်ဖျော့ဖျော့ ကုတ်အင်္ကျီနှင့် အပြင်က ပြန်လာကာစပုံစံပဲ ဖြ ကာ ...

"ကောင်း .. ဒီမှာ ဘာလုပ်နေတာလဲ .."

"မတ်တတ်ရပ်နေတာ ရှင် မမြင်ဘူးလား .."

ဖြစ်ကြပြန်ပြီ ..၊

မိုးမြေ နောက်ကို ခြေလှမ်းဆုတ်လိုက်ရင်း အပေါ်ထပ်ကိုလည်း မော့ကြည့်မိသည်။ ဦးကျော်တွန်း တို့ ပြန်သွားကာမှ ဘွား အပေါ်တ သွားတာ ခုလောက်ဆို အိပ်ပျော်ဦးမှာ မဟုတ် ..၊

"ရိုက် .. ရှင့်ကို ကောင်း ပြောပြီးသား နော် .. ရှင့်ဘာသာ ကြို တဲ့နေရာ သွားအိပ် .."





"ဟဲ့ .. ကောင်း ရယ် .. ဒုက္ခပါပဲ .. ဘွား ကြားသွားတော့မှာပဲ .."

"မကြားစေချင်ရင် ဧည့်သည်က အလိုက်သိပေါ့ .."

ပြောလေ ဆိုးလေပါလား ..၊

ကောင်း ရဲ့ကိုယ်က ရလိုက်သည့် အနံ့အသက်ကြောင့် မိုးမြေ နောက်ထပ် ဆုတ်မိကာ ...

"ကဲ .. အဲဒီမှာ မင်းပဲ ပြောတော့ ရိုက် ရယ် .. ဘွား မအိပ်သေးဘူး နော် .."

မိုးမြေ က ဒါပဲပြောပြီး ကောင်း ရဲ့ လက်လေးကို ဖြုတ်ချသည်။ ပြီးတော့ အခန်းထဲ ဝင်၍ တံခါးပိတ်ပစ်လိုက်၏။

"ရှင် နော် .. ဘာလုပ်တာလဲ .. လွှတ် .. ရိုက် .. ရှင့်ကို ကောင်း ပြောနေတာ လွှတ်ဆို လွှတ် .. အား!..."

ရိုက် က ကောင်း ကို အတင်းပွေ့ချီကာ အိပ်ခန်းထဲရောက်မှ ရာပေါ် ပစ်ချပြီး တံခါးသွားပိတ်သည်။

ကောင်း က အတင်း ပြန်ထထိုင်ကာ ...

"ရှင် လူကို ထိရဲ ထိကြည့် ..၊ လက်ထပ်ဖို့ ပြောတုန်းက လူကြီး ကျေနပ်အောင်ပဲ ဆိုပြီးတော့ .."

"အခု မင်းကို ကိုယ်က ဘာအခွင့်အရေးတွေ ထပ်ပြောမိလို့လဲ.."

"ရှင် .. ကောင်း ကို လက်ဖျားနဲ့ မထိပါဘူး ဆိုတာကရော .."

"လက်ဖျားလေးနဲ့ ထိရုံနဲ့ မင်းကို ဒီအခန်းထဲ ဘယ်လိုလုပ် ခေါ် မလဲ .."

"ရှင် .. ရှင် .. လူညစ် .."

"ဟော့ .."

ရိုက် က ကုတ်အင်္ကျီချွတ်၍ တွေ့ကရာ လှမ်းပစ်လိုက်ကာ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်လွှတ်လိုက်သည့် ဖက်လုံးကို ရှောင်လိုက်သည်။

ပြီးတော့ ကောင်း ရဲ့မျက်လုံးက စားပွဲပေါ်က ပစ္စည်းပစ္စယတွေဆီ ရောက်သွားသဖြင့် ချက်ချင်း ပြေးသွားကာ ...

"ကောင်း .."

"ဟင့်အင်း .. ရှင် .. လွှတ်နော် .."

"ကောင်း ကလည်းကွာ .. ကိုယ် ရီဝေဝေ ဖြစ်လာတာလေး‌တွေ တောင် ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး .."

"သေလိုက်ပါလား .. နံစော်နေတာပဲ ဖယ်ပေး .."

"ကိုယ်ကတော့ ချစ်လိုက်ရတာ .."

"ရှင့်ကို ဘယ်တုန်းက ပြန်ချစ်ပါ့မယ် ပြောခဲ့ဖူးသလဲ.. ဟင့်အင်း လွှတ် .."

ကောင်း ရဲ့ကိုယ်လေး သူနဲ့အတူ မွေ့ရာပေါ် လဲကျသွားခဲ့၏။

ပြီးတော့ ရိုက် ရဲ့ တမ်းတမြတ်နိုးသော အနမ်းတို့သည် ...။

"မင်းကို အရမ်းချစ်တာပဲ ကောင်း ရယ် .. ဘာလဲ .. ကိုယ့်ကို တိုက်ခိုက်ဖို့ ရဲရဲတောက် ဝတ်ပြီး စောင့်နေတာလား .."

"ဟုတ်တယ် .."

လက်လေးတွေပါ မွေ့ရာမှာ ဖိကပ် ချုပ်ထားခံရမှ ကောင်း မျက်နှာလေး လွှဲလျက်နှင့် ငြိမ်ကျသွား၏။

ရိုက် ရဲ့မျက်နှာသည် သူမ မျက်နှာထက်မှာ ငုံ့မိုးနေကာ ...

"ကိုယ် မင်းကို အလိုလိုက်မှာပါ .. ကိုယ်တို့ အရင်အတိုင်း သတင်းထောက် ပြန်လုပ်ကြမယ်လေ .. ကျေနပ်ရဲ့လား .."

ကောင်း မျက်နှာလေး သူ့ကို လှည့်ကြည့်ဖော် ရလာ၏။ ရိုက် က ပြုံး၍ ...



"ဒါပေမယ့် ကိုယ့်ကိုတော့ မင်း လေးစားရမယ် .. လူတွေရှေ့မှာ ရန်မဖြစ်ရဘူး .. ကိုယ် ပြောတာ နားထောင်ရမယ် .."

"အို .. မရဘူး .. ရှင့်ကိုယ်ရှင် ခွင့်ပြုထားရသူကြီးဆိုတဲ့ ပါပါနဲ့ လူတွေရှေ့မှာ ဆရာလုပ်ချင်တာ .."

"ဟား .. ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

"ဒီနေ့က မနက်ဖြန်မှ မဟုတ်တာ .. ကိုယ်တို့ မနက်ဖြန် ရန်ဖြစ် ကြမလား .. ပြန်ချစ်ကြမလား .. ဘယ်သူ ကြိုပြောနိုင်လို့လဲ .."

"ကောင်း ပြောနိုင်တယ် .. ရှင့်ကို ချစ်စရာအကြောင်းကို မရှိ ဘူး .."

"ရတယ် .. ဒါဆိုလည်း မင်းရဲ့အချစ်ကို မရမချင်း ဒီည မင်းကို ဒုက္ခပေးမယ် .. မနက်ဖြန် မိုးလင်းတဲ့အထိ ရန်ဖြစ်နေရင်လည်း မင်းကို ဘယ်မှ မလွှတ်ဘူး .. ကိုယ်က ဒီည မင်းအချစ်ကို ရအောင်ယူဖို့ ဆုံး ဖြတ်ပြီးသား .."

"ရှင် .. ရှင်က ဒါဆို ကောင်း ကို လက်ထပ်ဖြစ်ရင် ပြီးရောဆိုပြီး ညာခဲ့တာပေါ့ .."

"လက်ထပ်ဖြစ်ရင် ပြီးရော မဟုတ်ပါဘူး .. ချစ်ခွင့်ရရင် ပြီးရော ဆိုပြီးတော့ပါ .."

"ရှင့်ကို မုန်းတယ် .."

"ကိုယ်ကတော့ ချစ်တယ် .."

"ဟင့်အင်း .. သွား .."

ကောင်း သူ့ကို မမုန်းပါ ..၊ ဒါပေမယ့် စိတ်တိုတာကတော့ ဟိုတုန်းကအတိုင်း ဘာမှ မပြောင်းလဲသေးပါလား ..။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း ဒီတိုင်း ဆက်၍ အတိုက်အခံတွေ ပြောနေမည်ဆို လျှင် ...

"ဟော .."

ဖုန်းသံ မြည်လာ၏။

ကောင်း က သူ့ကို တွန်းဖယ်ပစ်ကာ ...

"အဲ့ဒါ ကောင်း ဖုန်း .."

ကမန်းကတန်း ဖုန်းထုတ်ကိုင်လိုက်လျှင် ...

"ကောင်း ရေ .. နင်တို့လမ်းထိပ်မှာ အသက်ရှစ်ဆယ် အဘွားကြီး က သူ့မြေးလေးကို တိုက်ပေါ်က ပစ်ချမလို့တဲ့ .. ချတော့မယ် ဟဲ့ .. မြန်မြန်လာ .. ဒီမှာ ညဥ့်နက်နေလို့ ဘယ်သတင်းသမားမှ မရှိသေး ဘူး .."

"ဟင်!... လာပြီ .. ခု လာပြီ .."

"ကောင်း .."

"အို .. ဖယ်စမ်းပါ .. ကိုယ်နားမှာ ကပ်နေတာကို .."

ညဥ့်နက်ချိန်မို့ ဖုန်းထဲကအသံတွေကို ရိုက် လည်း ကြားမယ်မှန်း ကောင်း က သိသည်။

ထို့ကြောင့် သူ့ထက်ဦးအောင် သွားဖို့ ခုတင်ပေါ်က ပြေးဆင်းကာ အမြဲတမ်း အဆင်သင့် ပြည့်စုံစွာ ရှိထားပြီးသည့် အိတ်လေးကို ပြေးယူ သည်။

"ကောင်း .. အဲ့ဒါ မဟုတ်ဘူး .."

"ရှင် .. ရှင် ရှေ့က ဖယ်နော် .. ဘာလဲ .. ကောင်း ထက် ဦးချင်လို့ အကြံအဖန် လုပ်နေတာလား .."

"မဟုတ်ပါဘူးဆို ကောင်း ရာ .. အဲ့ဒါ .."





"မလိုချင်ဘူး .. ရှင့်စိတ်ကို ကောင်း သိတယ် .. ဆောင်း နောက် ကျလိမ့်မယ် ဖယ်ပေးဆို ပေး နော် .."

"မဟုတ်ဘူး .. အဲဒီလို နောက်ကျဖို့ သူတို့ တိုင်ပင်ထားကြတာ ကိုယ် သိတယ် .. မကော တို့ကွာ .. သက်သက် ဒုက္ခပေးတာ .. ကွာ ... ဟော့ .."

သူ့မှာ ကြာကြာ စိတ်ပျက်ချိန် မရဘဲ ကောင်း ခွတ်ထွက်သွားတဲ့ အတင်း ဖမ်းဆွဲထားရသေးသည်။ ထိုစဉ် သူ့ဆီက ဖုန်းမြည်လာအား ..

"ကိုမျိုးကြီး တို့ .. တော်ကြပါတော့ဗျာ .. ခင်ဗျားတို့ ဘာတယ် ချေးထုပ်တွေပဲ .."

သူ စပီကာဖွင့်ပေးလိုက်သဖြင့် ဖုန်းထဲကအုပ်စုလိုက် ရယ်သံကြီး ထွက်လာကြကာ ...

"ဟား .. ဟား .. ဟား ... ညည်းသံရှည်ကြီးအရ .. ငါ့ဆောင် ဒုက္ခများသွားတဲ့ပုံပဲ .. ဟား .. ဟား .. ဟား ... ကောင်း ရေ .. ငါ့အို တမင် နောက်တာဟေ့ .. အဲဒီကောင်ကြီးကို ဒုက္ခပေးချင်လို့ .. ဆောရီး ဆောရီး .."

လွယ်အိတ်နှင့် အပီအပြင် ကြိုးစားနေမိသဖြင့် ကောင်း 'ဟင်..' ခနဲ ဖြစ်ကာ မျက်နှာလေးလည်း ပျက်၏။

ပြီးတော့မှ ရုက်ရုက်နှင့် အိတ်ကို ဗီရိုထဲ ပစ်ထည့်၍ ...

"လူညစ်တွေ .. တွေ့မယ် .."

"ကိုယ့်ကိုတော့ စိတ်မဆိုးနဲ့ နော် .. မင်္ဂလာဦးညဆိုတာ ရန်ဖြစ် ကောင်းဘူး .."

"မသိဘူး .. ရှင် .. ရှင် သိသိနဲ့ .. ရှင်ရော ဘာကောင်းလဲ .."

"ဘာလဲကွာ .. ကိုယ် တားနေတာ မင်း နားထောင်လို့လား .."

www.burmeseclassic.com



ကောင်း အတင်းဖယ်ချ ထုနှက်နေသည့်ကြားကနေ သူမ တစ်ကိုယ်လုံးကို သိမ်းကျုံး ပွေ့ပိုက်ထားလိုက်ရင်း …

"ဆယ့်နှစ်နာရီ ထိုးတော့မယ် .. မဆူရဘူး .."

"သေလိုက်ပါလား .."

"မင်းကို ချစ်ရဦးမှာ .."

"ရိုက် နော် .. ရှင် မျက်နှာမပြောင်နဲ့ .."

"ကိုယ့်ကို ပြန်မချစ်သေးရင်တော့ ဒီ့ထက် ပြောင်ဖို့တွေလည်း ရှိသေးတယ် .."

"ရှင်နော် .. မသိဘူး သွား .."

ကောင်း မျက်နှာလေး ရှက်သွေးတို့ဖြင့် နီမြန်းနေ၏။ သူမဘာသာ ဖုန်းသံကြားတာနဲ့ ဝါသနာပိုးထပြီး သောင်းကျန်းမိတာကို တွေးမိနေသောကြောင့်လည်း ကိုယ့်အဖြစ်ကို ရယ်ချင်လာမိသည်။

ထို့ကြောင့် မျက်နှာလေးက မပြုံးတုံ့ပြုံးတုံ့နှင့် သူ့ရင်ခွင်ထဲမှာ..၊

ညသည် မောလျှသော သက်ပြင်းရှည်ကြီးကို ချခဲ့ရင်း ..၊

***ဝရိသတ်အတွက်***
***ထာဝရ***



www.burmeseclassic.com